စာပေဗိမာန်စာမူဆုရ

# ဂျိန်ဖော သွေးချင်းတို့၏ မနောပွဲ



မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)

၂၀၀၉ ခုနှစ် စာပေဗိမာန်စာမူဆု
မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ဘာသာရပ်
ပထမဆုရ

# ဂျိန်ဖော့ သွေးချင်းတို့၏ဘဝအလှ

## မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)

စီစဉ်တည်းဖြတ်သူ - ဒေါ်တင်တင်ဝင်း
စာတည်း (တာဝန်ခံ)
မျက်နှာဖုံးရှင် - မလန်ကိုင်ဂျာ
မျက်နှာဖုံးဒီဇိုင်း - ခင်ကြည်ဖြူ

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၁၁ ခုနှစ်၊ ပထမအကြိမ်

အုပ်ရေ ၂၀၀၀

တန်ဖိုး ( ၁၃၀၀ ) ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် စာတည်းမှူးချုပ်က
မှတ်ပုံတင်အမှတ် ၀၇၄၉၂ ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့် ထုတ်ဝေသည်။

**အောင်ဆန်းပုံနှိပ်စက်ရုံတွင် ပုံနှိပ်သည်။**

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး .... ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး .... ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး .... ဒို့အရေး

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မာတိကာ


- ကချင်ရိုးရာယဉ်ကျေးမှုနှင့် စာပေအဖွဲ့ချုပ်၏ အမှာစာ — က
- မနုဿကျော်ဝင်း၏ အမှာစာ — ဂ
- စာရေးသူ၏ အမှာစာ — စ

၁။ ဂျိန်ဖော့မျိုးနွယ်သမိုင်း — ၁
၂။ မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာကြပုံ — ၆
၃။ ဂျိန်ဖော့တို့ ပျံ့နှံ့နေထိုင်ခြင်း — ၁၁
၄။ ကချင်ဟူသော ဝေါဟာရ — ၁၄
၅။ ရုပ်လက္ခဏာနှင့် စိတ်နေသဘောထား — ၁၉
၆။ ဘာသာစကား — ၂၂
၇။ စာပေ — ၃၀
၈။ မြန်မာစကားနှင့် အသုံးတူသော ဂျိန်ဖော့စကားများ — ၃၅
၉။ အမည်မှည့်ခေါ်ပုံ — ၃၉
၁၀။ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု — ၄၁
၁၁။ ယုံကြည်ကိုးကွယ်မှု — ၅၅
၁၂။ ဖသားစု ဆွေမျိုးတော်စပ်ပုံ — ၆၇
၁၃။ အုပ်ချုပ်ရေးစနစ်နှင့် ဒူဝါတို့၏ အခန်းကဏ္ဍ — ၇၀
၁၄။ စီးပွားရေးလုပ်ငန်းများ — ၇၉
၁၅။ လက်မှုပညာရပ်များ — ၁၀၂
၁၆။ စကားပုံနှင့် စကားထာများ — ၁၁၂

၁၇။ ရိုးရာပုံပြင်များ ၁၁၆
၁၈။ ဆောင်ရန်နှင့် ရှောင်ရန်များ ၁၂၃
၁၉။ လူပျိုလှည့်ပုံ ၁၂၆
၂၀။ လက်ထပ်ထိမ်းမြားခြင်း ၁၃၀
၂၁။ ကောက်သစ်စားပွဲ ၁၄၄
၂၂။ အိမ်သစ်တက်ပွဲ ၁၄၈
၂၃။ မနောကွင်းနှင့် မနောတိုင်အလှ ၁၅၄
၂၄။ မနောပွဲ ၁၅၉
၂၅။ ခလှေ့ရိုးရာ အနုပညာ ၁၇၃
၂၆။ ခလှေ့ရိုးရာ မှတ်ဖွယ်မှတ်ရာ ၁၉၁
၂၇။ ရိုးရာနေအိမ် ၂၀၄
၂၈။ လင်မယား ကွာရှင်းခြင်း ၂၀၉
၂၉။ ဂျိန်ဖော့တို့၏ ရိုးရာဥပဒေ ၂၁၄
၃၀။ အကြီးလေးဆုံးသော ပြစ်မှု ၂၂၆
၃၁။ အမှုတိုင်ကြားပုံ ၂၃၄
၃၂။ အမွေဆက်ခံခြင်း ၂၃၈
၃၃။ အသုဘ အခမ်းအနား ၂၄၂
၃၄။ အမိရောဝတီကို မွေးဖွားရာ မြစ်ဆုံအလှ ၂၅၁
၃၅။ ကရိန်နော် ၂၆၀
၃၆။ မနောမြေက ဗလမင်းထင် ၂၆၃
၃၇။ ထူးချွန်ထင်ရှား ဂျိန်ဖော့တိုင်းရင်းသားများ ၂၆၇
၃၈။ နယ်ချဲ့ကို တော်လှန်ခဲ့ကြသော ဂျိန်ဖော့တိုင်းရင်းသားများ ၂၇၆
၃၉။ ဂျိန်ဖော့တို့၏ ပြည်ထောင်စုစိတ်ဓာတ် ၂၈၅
- ကိုးကားသော စာအုပ်များ ၂၉၁
- တွေ့ဆုံမေးမြန်းသူများ ၂၉၄

## ကချင်ရိုးရာယဉ်ကျေးမှုနှင့် စာပေအဖွဲ့ချုပ်၏ အမှာစာ

စာရေးဆရာ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်) ၏ **ဂျိန်ဖော့သွေးချင်းတို့၏ ဘဝအလှ** အမည်ရှိစာအုပ်သည် ဂျိန်ဖော့တိုင်းရင်းသားတို့၏ မျိုးနွယ်သမိုင်း၊ ယဉ်ကျေးမှု ဓလေ့ထုံးစံ၊ ယုံကြည်ကိုးကွယ်မှု၊ စာပေ၊ ဘာသာစကား၊ ရိုးရာပွဲတော်၊ ရိုးရာဥပဒေ၊ ရိုးရာမနောပွဲ၊ ခလှေ့ရိုးရာ အနုပညာများ၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုများနှင့် နိုင်ငံတော် တည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ပုံများ အပါအဝင် သိသင့်သိထိုက်သည့် ဂျိန်ဖော့တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဘဝပုံစံများကို ရေးသားပြုစုထားခြင်း ဖြစ်သည်။

ဆရာ၏ **ဂျိန်ဖော့သွေးချင်းတို့၏ ဘဝအလှ** စာအုပ်ကို ဖတ်ရှုရခြင်းဖြင့် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံးသည် တစ်ဦး၏ ရိုးရာယဉ်ကျေးမှုကို တစ်ဦးက သိရှိနားလည်ပြီး လေးစားမြတ်နိုးတန်ဖိုးထားသော သွေးစည်းချစ်ကြည်ရေး၊ စည်းလုံးညီညွတ်ရေးတို့အတွက် ပိုမိုအကျိုးရှိလာမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စာရေးဆရာ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်) ၏ **ဂျိန်ဖော့သွေးချင်းတို့၏ ဘဝအလှ** စာအုပ်သည် ဖတ်ရှု လေ့လာသင့်သော တိုင်းရင်းသားရိုးရာ သမိုင်းကျမ်းတစ်အုပ်ဖြစ်ကြောင်းနှင့် ကချင်ရိုးရာ ယဉ်ကျေးမှုနှင့် စာပေအဖွဲ့ချုပ်က လှိုက်လှဲစွာ ဂုဏ်ပြု ကြိုဆိုအပ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

**ဘွမ်ဝေါနံဂျာယော်**

**ဥက္ကဋ္ဌ**

**ကချင်ရိုးရာယဉ်ကျေးမှုနှင့်စာပေအဖွဲ့ချုပ်**

**ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့**



## မနုသသကျော်ဝင်း၏ အမှာစာ

လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှု *(Culture)* ဆိုသည်မှာ မွေးဖွားချိန်မှ သေဆုံးချိန်အထိ ပြုလုပ်သုံးစွဲခဲ့သော ပစ္စည်းမှန်သမျှ၊ ထိုသူတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ယုံကြည်ကိုးကွယ်မှု၊ ပြောဆိုသော ဘာသာစကား၊ လူမှုဆက်ဆံရေးစနစ်၊ အတွေးအခေါ်၊ မလေ့စရိုက်၊ ရိုးရာဓလေ့ထုံးစံများ၊ လူမှုအနုပညာနှင့် အနုသုခုမပညာတို့ ပေါင်းခြုံပေါင်းစည်းထားခြင်းပင်ဖြစ်သည်ဟု ကမ္ဘာ့မနုသဗေဒပညာရှင်များက အနက်အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ခဲ့ကြပါသည်။

ဆရာမြတ်ဝေတိုး (ပညာရေးတက္ကသိုလ်) ပြုစုသော **ဂျိန်ဖော့သွေးချင်းတို့၏ ဘဝအလှ** စာအုပ်တွင် ပြည်ထောင်စုဖွား မြန်မာ့တိုင်းရင်းသားမျိုးနွယ်ဖြစ်သော "ဂျိန်ဖော့" တို့၏ ယဉ်ကျေးမှုကဏ္ဍ အစုံအလင်ကို တွေ့မြင်ဖတ်ရှုရပါသည်။ ကမ္ဘာ့မနုသဗေဒ ပညာရှင်များ အနက်အဓိပ္ပာယ် ဖွင့်ဆိုခဲ့သည့် "ယဉ်ကျေးမှု" ဟူသော ဝေါဟာရနှင့် တစ်ထပ်တည်းကျနေကြောင်း ဆန်းစစ် အကဲဖြတ်မိရပါသည်။

တိုင်းရင်းသားမျိုးနွယ်တို့၏ ယဉ်ကျေးမှုကို လေ့လာ သုတေသန ပြုရာ၌ (က) တိုက်ရိုက်မျက်မြင်ကိုယ်တွေ့ လေ့လာနည်း *(Direct Observation)* နှင့် (ခ) တစ်ဆင့်ခံ လေ့လာနည်း *(Indirect Observation)* ဟူသော နည်းစနစ်နှစ်မျိုးကို အသုံးပြုရပါသည်။

ပထမနည်းမှာ နယ်မြေဒေသတစ်ခုသို့ မိမိရောက်ရှိနေစဉ် ဒေသခံတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုကဏ္ဍအချို့နှင့်ပတ်သက်၍ မျက်မြင်ကိုယ်တွေ့ လေ့လာသုတေသနပြုနိုင်မည်၊ မှတ်တမ်းတင်နိုင်မည်ဖြစ်သည်။ ထိုသို့ ကိုယ်တိုင်မျက်မြင် ကြုံတွေ့လေ့လာ မှတ်တမ်းတင်ခြင်းသည် 'တိုက်ရိုက်မျက်မြင်ကိုယ်တွေ့ လေ့လာ မှတ်တမ်းတင်ခြင်း' နည်းစနစ်ပင်ဖြစ်၏။

အကယ်၍ နယ်မြေဒေသ တစ်ခုသို့ မိမိ ရောက်ရှိနေခိုက် ဒေသခံ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုကဏ္ဍအချို့နှင့် ပတ်သက်၍ လက်တွေ့ဆောင်ရွက်နေပုံကို မကြုံကြိုက်လျှင် (ဥပမာ- ထိုသူတို့၏ အသုဘ ဓလေ့ကို လက်တွေ့လေ့လာလိုသော်လည်း လူသေဆုံးမှုနှင့် မကြုံကြိုက်လျှင်၊ မင်္ဂလာဆောင်ဓလေ့ကို လေ့လာလိုသော်လည်း မိမိရောက်ရှိနေခိုက် မင်္ဂလာဆောင်သူမရှိလျှင်) ဒုတိယနည်းစနစ်ဖြစ်သော တစ်ဆင့်ခံလေ့လာနည်းကို အသုံးပြုရပါသည်။ ဤနည်းမှာ ဒေသခံများထဲမှ ရှေးမီနောက်မီပုဂ္ဂိုလ်များနှင့် အတွေ့အကြုံဗဟုသုတ ပြည့်စုံသူများကို ရှာဖွေရွေးချယ်လျက် မိမိသိလိုသော မေးခွန်းများကို မေးမြန်းကာ သိရှိ၊ ရရှိသည့် အချက်အလက်များကို မှတ်တမ်းတင်ခြင်းပင် ဖြစ်၏။

ဆရာမြတ်ဝေတိုး (ပညာရေးတက္ကသိုလ်) သည် ဤနည်းစနစ် နှစ်မျိုးစလုံးကို အသုံးပြုပြီး '**ဂျိန်ဖော့သွေးချင်းတို့၏ ဘဝအလှ**' စာအုပ်ကို ပြုစုတင်ပြထားခြင်းဖြစ်ကြောင်း ဆန်းစစ် တွေ့ရှိရပါသည်။ ဆရာမြတ်ဝေတိုး (ပညာရေးတက္ကသိုလ်) သည် မနုဿဗေဒ ပညာရှင်တစ်ဦး မဟုတ်သော်လည်း မနုဿဗေဒ ဘာသာရပ်၏ ကိုင်းခွဲတစ်ခုဖြစ်သော 'တိုင်းရင်းသားမျိုးနွယ်များ လေ့လာမှုပညာ' *(Ethnography)* ဆိုင်ရာ သုတေသနစာအုပ် စာစဉ်ကောင်းများကို ပီပီပြင်ပြင် ရေးသားပြုစုနိုင်သူတစ်ဦးဖြစ်ကြောင်း ဆရာရေးသားပြုစုခဲ့သည့် စာအုပ်စာပေများက သက်သေပြ ဖော်ညွှန်းနေပါသည်။

ကချင်ပြည်နယ်သားတစ်ဦးဖြစ်သည့် ဤအမှာစာရေးသူသည် '**ဂျိန်ဖော့သွေးချင်းတို့၏ ဘဝအလှ**' စာအုပ်ကို ဖတ်ရှုရသည့်အခါ မနောမြေ၏ အလှကို ပို၍ ကြည်ကြည်လင်လင် မြင်ယောင်မိပါ၏။ ဒေသခံ သွေးချင်းတို့၏ ချစ်စရာဓလေ့များကို ပြန်ပြောင်း အောက်မေ့ကာ လွမ်းမော သတိရမိပါ၏။

ဤစာအုပ်ကို ဖတ်ရှုရသူတိုင်း ဂျိန်ဖော့သွေးချင်းတို့၏ ယဉ်ကျေးမှုနှင့် ဘဝဓလေ့ကို သိရှိနားလည်ကာ တိုင်းရင်းသားအချင်းချင်း ဆက်ဆံရေးတွင် ဆောင်စရာတို့ကို ဆောင်နိုင်ကြမည်၊ ရှောင်စရာတို့ကို ရှောင်ကြဉ်နိုင်ကြမည်ဖြစ်ရာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စု ခိုင်မြဲရေးတို့အတွက် အထောက်အကူဖြစ်စေနိုင်လိမ့်မည်ဟု အလေးအနက် ယုံကြည်မိရပါကြောင်း။

အမျိုးသားစာပေဆုရ
**ဦးကျော်ဝင်း (မနုဿကျော်ဝင်း)**
ဝိဇ္ဇာ (ဂုဏ်ထူး)၊ မဟာဝိဇ္ဇာ (မနုဿ)
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ယဉ်ကျေးမှုဝန်ကြီးဌာန

## စာရေးသူ၏ အမှာစာ

ကချင်ပြည်နယ်သည် ဗမာ၊ ဂျိန်ဖော့၊ ရဝမ်၊ လော်ဝေါ်၊ လီဆူ၊ လာချိဒ်၊ ဇိုင်ဝါး၊ (တိုင်းလုံ၊ တိုင်းလေ၊ တိုင်းလိုင်၊ တိုင်းဆာ တိုင်းခန္တီး စသည့် ရှမ်းတိုင်းရင်းသားများ) မြောက်စွန်းဒေသ နောင်မွန်မြို့နယ်ရှိ တိဗက်များ၊ ထရုံလူပုလေးများ၊ ချင်း၊ နာဂ စသည့် တိုင်းရင်းသားများနှင့် တရုတ်၊ မူဆလင်၊ ဟိန္ဒူ စသည့် နိုင်ငံခြားသားများလည်း ရှိပါသည်။ သို့ဖြစ်ပါ၍ လူမျိုးစုံ၍ ဘာသာစုံ ရောယှက်နေသော ပြည်နယ်ကြီးတစ်ခု ဖြစ်ပါသည်။

စာရေးသူသည် နိုင်ငံဝန်ထမ်းဘဝဖြင့် ကချင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူတစ်ယောက် ဖြစ်ပါသည်။ စာရေးသူသည် တိုင်းရင်းသားတို့၏ ဌာနဆိုင်ရာလုပ်ငန်းများကို အတူလက်တွဲ လုပ်ကိုင်ရခြင်း၊ ဘာသာရေးဆိုင်ရာ ပွဲတော်များ၊ သာသနာရေး၊ လူမှုရေး ကိစ္စရပ်များတွင်ပါ ပါဝင်ဆောင်ရွက်ရခြင်းမျိုးလည်း ရှိခဲ့ပါသည်။ သို့ဖြစ်၍ သူတို့၏ ဘဝ၊ သူတို့၏ အထာ၊ သူတို့၏ စကားသံ၊ သူတို့၏ လူမှုဓလေ့ထုံးစံများကို စာရေးသူ မြင်တွေ့ ကြားသိခဲ့ရပါသည်။ ဤသို့ဖြင့် သူတို့ဘဝ၊ သူတို့အကြောင်းများကို သမိုင်းမှတ်တမ်းတစ်ခုအဖြစ် မှတ်တမ်းတင်ကျန်ခဲ့လိုသော ဆန္ဒ

ဖြစ်ပေါ်လာသည်နှင့်အညီ သူတို့ဘဝ၊ သူတို့အကြောင်းများကို စာရေးသူ ရေးသား မှတ်တမ်းတင်ခဲ့ပါသည်။

ဤသို့ မှတ်တမ်းတင်ရာတွင် အချို့သော ဓလေ့ထုံးစံများ၊ အကြောင်းအရာများသည် သက်ဆိုင်ရာ ဒေသများသို့ ကိုယ်တိုင်သွားရောက်ပြီး ထိုဒေသမှ ဂျိန်ဖော့ တိုင်းရင်းသား တာဝန်ရှိပုဂ္ဂိုလ်များ၊ သက်ကြီးရွယ်အို အဘိုးအဘွားများကို တွေ့ဆုံမေးမြန်းပြီး မှတ်တမ်းတင်ခဲ့ရပါသည်။

စာရေးသူသည် နိုင်ငံ့ဝန်ထမ်းဘဝဖြင့် အခြား ပြည်နယ်/တိုင်းဒေသကြီးများ၊ မြို့ရွာဒေသများသို့ ပြောင်းရွှေ့သွားသည့်တိုင် ကချင်ပြည်နယ်ဒေသရှိ တိုင်းရင်းသား သွေးချင်းတို့၏ ရုပ်ပုံသွင်ပြင်လက္ခဏာများကိုလည်း စာရေးသူ ပြန်လည် ကြားယောင်လျက် တွေးမိမြင်မိနေပါသည်။

ဂျိန်းဖောဟု အများက သိရှိခေါ်ဝေါ် အသုံးများခဲ့သော ဂျိန်ဖော့တိုင်းရင်းသား သွေးချင်းတို့၏ ရိုးရာဇီဇလက္ခဏာများ၊ လူမှုဘဝဓလေ့များ၊ ယဉ်ကျေးမှုပုံရိပ်များ စသည့် သူတို့၏ ဘဝပုံစံများကို ရေးသားရာ၌ သူတို့၏ "အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး" ကို ဖော်ညွှန်းပြသခြင်းလည်း ဖြစ်ပေသည်။

မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)
၂၆-၁၂-၂၀၀၉



# ဂျိန်ဖော့မျိုးနွယ်သမိုင်း

ဂျိန်ဖော့တို့၏ ရိုးရာယုံကြည်မှုအရ ဖန်ဆင်းရှင် "ကျနွမ်းယန်းဝေရွှန်း" သည် နတ်၊ တိရစ္ဆာန်၊ လူများကို ဖန်ဆင်းခဲ့ရာ "နင်ဂေါန်ဝါမဂမ်" ဆိုသူ လူသားတစ်ဦးအား ပထမဦးဆုံး ဖန်ဆင်းခဲ့ပါသည်။ ၄င်းသည် လူသားတို့၏ ဖခင်ကြီးဖြစ်သည်ဟု ဂျိန်ဖော့တို့ မှတ်ယူထားကြသည်။ အဆိုပါ လူသားသည် "ဘရင်နွမ်ရော်မာဂျာကိုင်" ဆိုသူ နတ်နဂါးမနှင့် လက်ထပ် ပေါင်းသင်းရာမှ လူမျိုး ၁၀ ဆက် ပေါက်ဖွားသည်ဟု ဆိုပါသည်။ ၄င်း ၁၀ ဆက်မြောက်ဖြစ်သော "ကင်ဆိုင်းရှာဘရန်" သည် "ဖုံဒင်ကိုင်နန်" ဆိုသူ အမျိုးသမီးနှင့် အိမ်ထောင်ပြုသည်။ သားသုံးယောက် မွေးဖွားသည်။

သားကြီးမှာ "ရှန်ထဲဂွမ်" ဖြစ်ပြီး အသားညိုဝင်း၏၊ အာရှတိုက်သား ဖြစ်သည်၊ သားအလတ်မှာ "ရှန်ကျန်နော်" ဖြစ်ပြီး အသားမည်း၏၊ အာဖရိကတိုက်သားဖြစ်သည်၊ သားငယ်မှာ "ရှန်ခင်လ" ဖြစ်ပြီး အသားနီ၏၊ ဥရောပတိုက်သားဖြစ်သည် ဟူ၍ အသီးသီး ဆင်းသက်လာသည်ဟု ဆိုပါသည်။

အာရှတိုက်သား သားကြီး "ရှန့်ထဲဂွမ်" မှ သားခြောက်ယောက် မွေးဖွားသည်။ မုံဖန်ဂမ်၊ မုံခင်နော်၊ ဒဘာမ်လ၊ မုံလွန်တူး၊ ဂျပန်တန်၊ ဆွမ်ပေါင်ယော်တို့ ဖြစ်သည်။

ယင်းသားခြောက်ယောက်အနက် မုံဖန်ဂမ်မှ တရုတ်ဖြူလူမျိုးများ၊ မုံခင်နော်မှ တရုတ်နီလူမျိုးများ၊ ဒဘာမ်လမှ ရှမ်းလူမျိုးများ၊ မုံလွန်တူးမှ အာသံ ကသည်းလူမျိုးများ၊ ဂျပန်တန်မှ ဂျပန်လူမျိုးများနှင့် ဆွမ်ပေါင်ယော်မှ ကချင်လူမျိုးများ ဆင်းသက်လာကြသည်ဟု ဆိုလေသည်။

မုံဖန်ဂမ်တို့သည် ထိုင်ဝမ်ကျွန်းသို့လည်းကောင်း၊ မုံခင်နော်တို့သည် တရုတ်ပြည်မကြီးသို့လည်းကောင်း၊ ဒဘာမ်လတို့သည် မြန်မာနိုင်ငံ ရှမ်းကုန်းပြင်မြင့်ဒေသသို့လည်းကောင်း၊ မုံလွန်တူးသည် အာသံပြည်သို့လည်းကောင်း၊ ဂျပန် (ဂျပန်တန်) တို့သည် ဂျပန်ကျွန်းသို့လည်းကောင်း၊ ကချင်ဆွမ်ပေါင်ယော်သည် "မကြွယ်ရှင်ရာဘွမ်ကချီ" ခေါ် ဟိမဝန္တာတောင်သို့လည်းကောင်း အသီးသီးထွက်ခွာသွားကြသည်ဟု ဆိုပါသည်။ "မကြွယ်ရှင်ရာဘွမ်ကချီ" သည် ပြန့်ပြူးသော တောင်ထိပ်ဟု အဓိပ္ပာယ်ရပြီး တရုတ်နိုင်ငံ တိဗက်ဒေသ အရှေ့ဘက်နှင့် ဝူဂျန့်နယ် အကြား ကုန်းမြင့်ဒေသ ဖြစ်ဟန်တူသည်။

တိုင်းရင်းသား လူမျိုးအားလုံးသည် တစ်ဦးစီ၏ လူမျိုးစု ပေါ်ပေါက်လာပုံသမိုင်းများ ရှိကြသည်သာဖြစ်သည်။ သို့ဖြစ်၍ ရိုးရာ ခံယူချက်အရ ကချင်လူမျိုးများတွင် ပထမဦးဆုံး ကချင်တိုင်းရင်းသား လူမျိုးမှာ ဆွန့်ပေါင်ယော် ဖြစ်လေသည်။

ဆွန့်ပေါင်ယော်မှ ခန်းဂမ်၊ လဝမ်နော်၊ နံ့လ၊ လမွန့်တူး၊ မရူတန်၊ တိန့်လီယော် ဟူ၍ သားခြောက်ယောက် ထွန်းကားခဲ့သည်ဟုဆိုသည်။ ထိုသားခြောက်ယောက်တွင် ခန်းဂမ်မှ ချင်းတိုင်းရင်းသား၊ လဝမ်နော်မှ



ရဝမ်တိုင်းရင်းသား၊ နံ့လမှ နံ့တိုင်းရင်းသား၊ လမွန့်တူးမှ လမွန့်နံ့ တိုင်းရင်းသား၊ မရူတန်မှ မရူတိုင်းရင်းသား၊ တိန့်လီယော်မှ ဂျိန်ဖော့ တိုင်းရင်းသားများ အသီးသီး ဆင်းသက်လာသည်ဟု ဆိုပါသည်။

ဂျိန်ဖော့လူမျိုး၏ ပထမအစဖြစ်သော တိန့်လီယော်သည် မိမိ၏ အမည်အား "မရစ်ဝါရွှမ်ဂျာ" ဟု ပြောင်းလဲခေါ်ပြီးနောက် "မဒိုင် မာဂျာငါ" ဆိုသူ အမျိုးသမီးနှင့် လက်ထပ်ခဲ့သည်။ ၄င်းတို့မှ သား ငါးယောက် မွေးဖွားခဲ့သည်။ ၄င်းတို့မှာ မရစ်ဝါကွမ်ဂျားဂမ်၊ လထော် နော်လောန်၊ မဂေါင်လ၊ အင်ခွန့်တူး သို့မဟုတ် မစော်မထုမ်တူးနှင့် ယော်ပန်တန်တို့ ဖြစ်ကြသည်။

ဤသားငါးယောက်သည် နောင်အခါတွင် မရစ်ဝါကွမ်ဂျားဂမ် သည် မရစ်မျိုး၏ဖခင်၊ လထော်နော်လောန်သည် လထော်မျိုး၏ဖခင်၊ မဂေါင်လသည် မဂေါင်အမျိုး၏ဖခင်၊ အင်ခွန့်တူး သို့မဟုတ် မစော် မထုမ်တူးသည် အင်ခွန့်မျိုး၏ ဖခင်၊ ယော်ပန်တန်သည် မရမ်မျိုး၏ ဖခင် အသီးသီးဖြစ်လာသည်ဟုဆိုပါသည်။ သို့ဖြစ်၍ ဂျိန်ဖော့ တိုင်းရင်း သားများသည် တိန့်လီယော်မှ စတင်ဆင်းသက် ပေါက်ဖွားလာခဲ့သော လူမျိုးနွယ်များဖြစ်လေရာ ယခုအခါ ဂျိန်ဖော့လူမျိုးနွယ်စုများ များပြားစွာ ပေါက်ဖွားခဲ့လေသည်။

ထို့ပြင် ဂျိန်ဖော့တို့သည် မြန်မာနိုင်ငံ၌ရှိသော မျိုးရိုးကြီး နှစ်ခု အနက် တိဗက်-တရုတ်မျိုးရိုးတွင် ပါဝင်ခဲ့သော မွန်ဂိုလွိုက်များဖြစ်ကြ သည်ဟု သမိုင်းပညာရှင်များက အဆိုပြုထားကြသည်။ တိဗက်-တရုတ် မျိုးတွင် တိဗက် ဟိမဝန္တာအနွယ်၊ မြောက်ဘက် အာသံအနွယ် နှင့် အာသံ-မြန်မာအနွယ်ဟူ၍ရှိပြီး ဂျိန်ဖော့တို့သည် အာသံ-မြန်မာ အနွယ်၌ပါဝင်သော မျိုးနွယ်စုတစ်စုအဖြစ် ပါဝင်ကြောင်း သိရှိရသည်။

အာသံ-မြန်မာ အနွယ်တွင် (၁) နဂါးအစု၊ (၂) ကုကီ-ချင်းအစု၊ (၃) ဆက် (ဝါ) သက်အစု၊ (၄) ကချင် (ဝါ) ချင်းဖောအစု၊ (၅) မြန်မာအစု၊ (၆) လိုလိုအစုဟူ၍ ဖော်ပြသည်။ ကချင် (ဝါ) ချင်းဖောအစုတွင် (က) တောင်ပိုင်းကချင်၊ ဗန်းမော်၊ ဂေါင်ရီ၊ ကောင်ရီ၊ (ခ) ခခု ကချင် (စုမ်ပြဝုံ)၊ (ဂ) အာသံကချင်၊ ဆင်ဖော ဟူ၍ ဖြစ်ပါသည်။ ဂျိန်ဖော့တို့သည် နေရာဒေသကိုလိုက်၍ ခခူးဂျိန်ဖော့၊ ဒူလင်းဂျိန်ဖော့၊ ထိန်နိုင်းဂျိန်ဖော့၊ ဟူးကောင်း ဂျိန်ဖော့၊ အာသံဂျိန်ဖော့ ဟူ၍ အသီးသီး ရှိကြသည်။

မရစ်၊ လထော်၊ လဖိုင်၊ အင်ခွန်၊ မရမ် စသည့် မျိုးနွယ်စုများကို လိုက်၍လည်း လူမျိုးစုငယ်များစွာ ခွဲထွက်ခဲ့ရာ လဖိုင်နွယ်၊ အီသိနွယ်၊ လထောင်နွယ် (ဆာနကချင်)၊ မရမ်နွယ်၊ ကွိတုနွယ်၊ ထရုံနွယ်၊ ဇာရိဝမ်၊ ထလူ၊ အခူးဖိုင်၊ အနမ်းဖိုင်၊ ရမီလ်၊ လုံမီ၊ လေဇူး၊ ယိမူ၊ ပူချာဟူ၍ လူမျိုးနွယ်စုများစွာရှိကြောင်း လေ့လာ သိရှိရသည်။



**တိဗက်-တရုတ်အနွယ်ကြီး**

- **ထိုင်း-တရုတ်အနွယ်**
  - ရှမ်းအစု
  - တရုတ်အစု
- **ရှေးဦးမြန်မာစကားများ**
  - မရူ
  - လရှီ
  - အစီး
  - မိုင်းသာ
  - ဖွန်း
- **အသံကွဲမြန်မာစကားများ**
  - ခနု၊ တောင်ရိုး၊ အင်းသား
  - ဓဘိန်း၊ ယော
  - ချောင်းသား၊ ရခိုင်၊ ရမ်းဗြဲ၊ အနောက်သား
  - ထားဝယ်၊ မြိတ်
- **မြန်မာစကား**
- **တိဗက်-မြန်မာအနွယ်**
  - ပျူအစု
  - သက်အစု
  - နာဂအစု
  - ချင်းအစု
  - ကရင်အစု
  - မြန်မာအစု
  - ကချင်အစု
  - လိုလိုအစု
  - တိဗက်အစု

## မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာကြပုံ

ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများသည် မွန်ဂို အမျိုးအနွယ်မှ ဆင်းသက်လာကြောင်း သမိုင်းပညာရှင်များက လက်ခံထားကြသည်။ မွန်ဂိုလူမျိုးသည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာရာတွင် မွန်-ခမာအုပ်စု၊ တိဗက်-မြန်မာအုပ်စု၊ ထိုင်း-တရုတ် အုပ်စုဟူ၍ အုပ်စုကြီးသုံးစုခွဲကာ ဝင်ရောက်လာခဲ့ကြသည်ဟု ဆိုပါသည်။

တိဗက်-မြန်မာအုပ်စုသည် မဲခေါင်နှင့် သံလွင်မြစ်ကမ်းမှ တောင်ဘက်သို့ စုန်ဆင်းလာခဲ့ရာ လမ်းကြောင်းသုံးကြောင်းဖြင့် ဝင်ရောက်လာခဲ့ကြပါသည်။ ချင်း-ကချင်အုပ်စု၊ မြန်မာနှင့် ရှေးဦးမြန်မာအုပ်စု၊ လိုလိုမှုဆိုးအုပ်စု ဟူ၍ အုပ်စုသုံးစု ကွဲသွားကြပါသည်။

ချင်း-ကချင်အုပ်စုသည် သံလွင်နှင့် ဗြဟ္မပုတ္တရမြစ်အကြားရှိ ရေခဲတောင်များကို ဖြတ်ကျော်ရန် ခဲယဉ်းကြသောကြောင့် ထိုတံတိုင်းကြီးများကို ကွေ့ရှောင်ကာ အာသံနယ်ဘက်မှ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ ထိုအုပ်စုတို့တွင် ချင်းတို့သည် ပထမဆုံး



ဝင်ရောက်ခဲ့ကြပြီး အနောက်ရိုးမ တောင်တန်းဒေသတွင် နေထိုင်ကြလေသည်။

ကချင် (ခေါ်) ဂျိန်ဖော့တို့မှာ နှစ်ပေါင်းများစွာ နောက်ကျပြီးမှ ချင်းတို့ဝင်ရောက်ရာ လမ်းကြောင်းအတိုင်း မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာကြသည်။ ဂျိန်ဖော့တို့ ရောက်ရှိလာချိန်၌ ချင်းတို့က နေရာယူထားကြပြီးဖြစ်သဖြင့် အရှေ့ဘက်သို့လှည့်ကာ ခန္တီးမြေပြန့်ဒေသကို ဖြတ်၍ တြိဂံနယ်မြေဟု ခေါ်သော မေခနှင့် မေလိခ မြစ်နှစ်သွယ်ကြားသို့ ရောက်ရှိနေထိုင်ကြလေသည်။ ထိုအချိန်တွင် ရှမ်းတို့ကလည်း အင်အားကြီးမားစွာရှိနေသဖြင့် ဂျိန်ဖော့တို့သည် မေခနှင့် မေလိခ မြစ်နှစ်သွယ် မြစ်ဝှမ်းဒေသ ဆွမ်ပရာဘွမ်မြို့နယ် ဒေသများတွင် နှစ်ပေါင်းများစွာ နေထိုင်ကြလေသည်။ ဂျိန်ဖော့တို့သည် မိုးကောင်းနှင့် ကသာနယ်အတွင်းသို့ ရောက်ရှိကြပြီးနောက် အရှေ့ဘက်သို့ ဆက်လက်ထွက်ခွာလာရာ မြစ်ကြီးနားမြို့ အထက်ပိုင်းမှ ဖြတ်ကျော်ပြီး ဧရာဝတီမြစ်နှင့် သံလွင်မြစ်ကြားဒေသတွင်လည်း ဝင်ရောက်နေထိုင်ကြသည်။

ဂျိန်ဖော့မရစ်အမျိုးဖြစ်သော မရစ်ဝါကွမ်ဂျားဂမ် လက်ထက်၌ ဂျိန်ဖော့တို့သည် ခရန်ခူးမကြွယ်ခေါ် တြိဂံဒေသတွင် စတင်နေထိုင်ခြင်းဖြစ်သည်။ ၎င်းဒေသမှာ ယခုအခါ အင်ဂျန်းယန်မြို့နယ် ဒေသဖြစ်သည်။

ယခင်က ဂျိန်ဖော့တို့သည် ဟိမဝန္တာခေါ် မကြွယ်ရှင်ရာဘွမ်ကဂျီမှ တစ်ဆင့် 'မလိခူးမကြွယ်' ခေါ် မေလိခ မြစ်ဖျားခံရာဒေသသို့ ရောက်ရှိကြသည်။ ထိုမှတစ်ဆင့် 'ကျိုင်ခူးမကြွယ်' ခေါ် ဆွမ်ပရာဘွမ်နှင့် ပူတာအိုအကြားဒေသများသို့ ပြောင်းရွှေ့ နေထိုင်ကြပြန်သည်။

ယင်းဒေသမှတစ်ဖန် 'ခရန်ဒူးမကြွယ်'' ခေါ် တြိဂံဒေသရှိ တောင်တစ်ခုသို့ 'မရစ်ဝါကွမ်ဂျားဂမ်' က ဦးဆောင်ပြီး ပြောင်းရွှေ့လာကြသည်ဟု ဆိုပါသည်။ ယင်းဒေသများမှတစ်ဆင့် မြို့ရွာများ တည်ထောင်ကာ ဒေသအသီးသီးသို့ ပျံ့နှံ့နေထိုင်ကြသည်ဟု ဆိုသည်။

ဆရာကြီး ဦးဖေမောင်တင်၏ 'ဘာသာလောကကျမ်း' တွင်မူ ဂျိန်ဖော့တို့သည် တိဗက်-မြန်မာ မျိုးခွဲတွင် ပါဝင်ကြောင်း ဖော်ပြထားသည်။

''*တိဗက်-မြန်မာ မျိုးခွဲတွင် ပါဝင်ကြသော ဘာသာများအနက် အများအားဖြင့် ပါဠိကိုမှီ၍ စာကြီးပေကြီး ထွန်းကားသည့် မြန်မာဘာသာမှတစ်ပါး အခြားဘာသာတို့တွင် စာကြီးပေကြီးမရှိချေ။ ဤဘာသာများကို ပြောဆိုကြသော လူတို့၏ မူလဖြစ်ပွားရာအရပ်သည် ယန်စီကီယန်မြစ်နှင့် ဝှန်ဟိုမြစ်တို့ ပေါင်းဆုံရာအနီး တရုတ်ပြည်အနောက်မြောက်ပိုင်းဖြစ်ဟန်တူသည်။ ထိုသူတို့သည် ယင်းမူလအရပ်မှ ယင်းမြစ်ကြီးနှစ်ခုကို စုန်ဆင်း၍ တရုတ်ပြည်တွင်းသို့ ရောက်ကြပြီးလျှင် ဗြဟ္မပုတြမြစ်၊ ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်၊ သံလွင်မြစ်၊ မဲန်မြစ်၊ မဲခေါင်မြစ်တို့ကို စုန်ဆင်းကာ အိန္ဒိယပြည်၊ မြန်မာပြည်၊ ယိုးဒယားပြည်၊ အာသံပြည်တို့သို့ ရောက်ကြ၏။ ဤသို့ ရွှေ့ပြောင်းကြရာ၊ ယင်းလူမျိုးတို့သည် ရှေးဟောင်း မွန်ခမာလူမျိုးတို့နှင့် တွေ့ဆုံကြဟန်တူ၏။ တိဗက်-မြန်မာ မူလမျိုးရိုးမူကား တောင်တန်းကြီးများမှ ဗြဟ္မပုတြမြစ် ထွက်ပေါ်လာသော နေရာသို့ရောက်သော် သုံးစုပြား၏။ တစ်စုသည် ဗြဟ္မပုတြမြစ်ကို ဆန်တက်ပြီးလျှင် တိဗက်ဒေသသို့ရောက်၏။ ဒုတိယအစုသည် ယင်းမြစ်ကို စုန်ဆင်း၍ အာသံပြည်သို့ရောက်၏။ တတိယအစုကား ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်တို့ကို စုန်ဆင်း၍ မြန်မာပြည်သို့ ရောက်၏''*



ဟု ဖော်ပြထားသည်။ ထို့ကြောင့် ဂျိန်ဖော့တို့သည် တိဗက်-မြန်မာ မျိုးနွယ်တွင် ပါဝင်ကြောင်း သိသာထင်ရှားသည်။

ထို့ပြင် ဆရာကြီးက တိဗက်-မြန်မာမျိုးနွယ်တွင် ပါဝင်သော အာသံ-မြန်မာအနွယ်၌ ပါဝင်သည့် အစုခြောက်စုအနက် ကချင်အစုကို ဖော်ပြရာတွင် -

'*ကချင် (ဝါ) ချင်ဖောတို့သည် မြောက်ဘက် အာသံပြည်မှ ဟူးကောင်းတောင်ကြားနှင့် ဆွမ်ပရာဘွမ်ကိုဖြတ်၍ တြိဂံအထိ၊ ဤမှ အနောက်တောင်ဘက် ကသာအထိ၊ တောင်ဘက် ယူနန်နယ်စပ်ကို ဖြတ်၍ ရှမ်းပြည်နယ် မြောက်ပိုင်းအထိ ထင်ရှားကြ၏။ ကချင်တို့ မြောက်ဘက်တွင် ဒူလင်တို့ရှိ၏။ သူတို့သည် ခါမ္တီလောင် အရှေ့တောင်ဘက်၌ နေကြ၍ ဓားလုပ်သော ပန်းပဲများ ဖြစ်ကြ၏။ သူတို့ကို မြစ်ကြီးနား၊ တြိဂံ၊ ဟူးကောင်းတောင်ကြား မြောက်ဘက်တွင် ခခု (ဝါ) မြစ်ထက်ကချင်ဟုခေါ်၏။ ၁၆ ရာစုမတိုင်မီ အထက်ပိုင်း ဗြဟ္မပုတြမြစ်မှ တြိဂံသို့ ဝင်ရောက်ကြ၏။ ဤသို့ဝင်ရောက်ရခြင်းက အာသံပြည်ကို အာဟောမ်တို့ နိုင်နင်း အုပ်စိုးခြင်းကြောင့်တည်း။ ထိုအချိန်ကာလမှစ၍ ဂေါင်ရီကချင်တို့သည် ဗန်းမော် အရှေ့ဘက် ဆင်လုံကမ္ဘား လက်ဖက်တောင်တန်းဟောင်းတို့၌ နေထိုင်ကြသော ပလောင်တို့ကို ရွှေလီဖြတ်၍ တောင်ဘက်သို့ မောင်းထုတ်ကြ၏''*

ဟု ဖော်ပြထားသည်။

သို့ဖြစ်၍ ဂျိန်ဖော့တို့သည် မြန်မာနိုင်ငံကို ခရစ်နှစ် ၁၆ဝဝ၊ မြန်မာသက္ကရာဇ် ၉၆ဝ တွင် စတင် ဝင်ရောက်ခဲ့သည်ဟု ဆိုနိုင်ပါ

သည်။ ထို့ကြောင့် ဂျိန်ဖော့တို့သည် ဆွမ်ပရာဘွမ်ဒေသကို ဖြတ်၍ တိဂုံဒေသဟုခေါ်သော မေခ၊ မေလိခ မြစ်နှစ်သွယ်ကြားဒေသ မြစ်ကြီးနား၊ ဗန်းမော်အရှေ့ဘက်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာ စသည့်ဒေသများမှ စတင်ဝင်ရောက်အခြေချ နေထိုင်ကြရာ မိမိတို့လူမျိုးစုအလိုက် မြန်မာနိုင်ငံ မြို့ရွာဒေသများတွင် အခြေချနေထိုင်သည်။



# ဂျိန်ဖော့တို့ ပျံ့နှံ့နေထိုင်ခြင်း

ရိုးရာခံယူချက်အရ ဂျိန်ဖော့အုပ်စုထဲတွင် ပထမဆုံးသော ဂျိန်ဖော့မှာ ပေါင်ယောင်ဖြစ်သည်ဟု ဆိုသည်။ ပထမဆုံးဖြစ်သော ပေါင်ယောင်မှ ဂရင်၊ မဂေါင်၊ ဝါခယက်ဝါ စသည်ဖြင့် အဆင့်ဆင့် ပေါက်ဖွားလာကြရာ ငွမ်ဆာအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးသူများသည် ဝါခယက်ဝါမှ ဆင်းသက်လာသည်ဟု ခံယူကြသည်။ ဂျိန်ဖော့များသည် ပေါင်ယောင်လက်ထက်မှစ၍ ကျိုင်ခူးမဂျွယ်ဒေသတွင် အတည်အကျ ရောက်ရှိနေထိုင်ကြသည် ဆိုသည်။ ထိုကြောင့် ဂျိန်ဖော့စကားအုပ်၏ ခံယူချက်အရ ဂျိန်ဖော့တို့၏ မူရင်းဒေသမှာ ဧရာဝတီမြစ်အထက်ပိုင်း မေခနှင့် မေလိခ မြစ်တို့၏အကြား မြောက်တြိဂံနယ်မြေဖြစ်သည်ဟု ဆိုနိုင်ပေသည်။

အချို့သော ပညာရှင်များ၏ ထင်ကြေးအရဆိုလျှင် သမိုင်းမပေါ်မီကာလကပင် ဂျိန်ဖော့နွယ်တို့သည် တရုတ်နိုင်ငံ၊ မြန်မာနိုင်ငံ၊ တိဗက်ဒေသနှင့် အိန္ဒိယနိုင်ငံများသို့ ရောက်ရှိခဲ့ကြသည်။ ယင်းတို့ ထိုနေရာသို့ ရောက်လာချိန်တွင် ယင်းတို့ထက်စောသော မွန်-ခမာအုပ်စုမှာ တောင်

ဘက်သို့ ထွက်ခွာသွားနှင့်ခဲ့ပြီး ဖြစ်သည်။ ထိုဒေသတွင် နှစ်ပေါင်း ကြာရှည်စွာ အခြေစိုက်နေထိုင်ခဲ့ပြီးနောက် အေဒီ ၁၉ ရာစု အလယ်ပိုင်းသို့ရောက်မှ တောင်ဘက်သို့ ဆင်းလာကြရာ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် ဗန်းမော်၊ ကသာခရိုင်များအထိ ပျံ့နှံ့သွားသည်ဟု ဆိုသည်။

ရှေးနှစ်ပေါင်း ၃၀၀ ခန့်တွင် ကချင်ပြည်နယ် အောက်ဘက်မှ ရှမ်းများ အင်အားနည်းလာချိန်တွင်မှ တောင်ဘက် မြစ်ကြီးနား၊ ဗန်းမော်၊ ကသာဒေသများနှင့် မြန်မာနိုင်ငံ အောက်ဘက်ဒေသများသို့ ဆင်းသက်နေကြဆဲဖြစ်သည်။

ဂျိန်ဖော့သွေးချင်းတို့သည် ကချင်ပြည်နယ်အတွင်း၌ မြစ်ကြီးနား၊ ဖားကန့်၊ ဗန်းမော်၊ တနိုင်း၊ ဆွမ်ပရာဘွမ်၊ အင်ဂျန်းယန်၊ ခေါင်လန်ဖူး မြို့နယ်များတွင် များပြားစွာ နေထိုင်ပြီး ချီဖွေ၊ ဆော့လော်၊ ဝိုင်းမော်၊ မိုးကောင်း၊ မိုးညှင်း၊ ရွှေကူ၊ မံစီ၊ မိုးမောက်၊ ပူတာအို၊ နောင်မွန်းနှင့် မချမ်းဘောမြို့နယ်များတွင် အနည်းငယ်စီ ပျံ့နှံ့ နေထိုင်ကြပါသည်။ ရှမ်းပြည်နယ်တွင် လားရှိုး၊ နမ်းခမ်း၊ ကွတ်ခိုင်၊ မိုးမိတ်၊ သိန္နီ၊ မူဆယ်၊ လောက်ကိုင်၊ ကျိုင်းတုံ၊ တာချီလိတ်မြို့နယ်များ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် နန်းယွန်း၊ ဝန်းသို၊ ကသာ၊ ထီးချိုင့်၊ အင်းတော်မြို့နယ်များနှင့် မန္တလေးတိုင်းဒေသကြီးတွင် မန္တလေး၊ ပြင်ဦးလွင်၊ မိုးကုတ်မြို့နယ်များတွင် အနည်းငယ်စီ ပျံ့နှံ့နေထိုင်ကြသည်။

ထို့ပြင် ဂျိန်ဖော့တို့သည် မိမိတို့ ယုံကြည်ကိုးကွယ်ရာ ဘာသာရေး အသင်းအဖွဲ့များတွင် ပါဝင်မှုအရလည်းကောင်း၊ ဆက်သွယ်သွားလာ လွယ်ကူရာသို့ ပြောင်းရွှေ့နေလိုမှုအရလည်းကောင်း၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေများကြောင့်လည်းကောင်း၊ ခေတ်မီဖွံ့ဖြိုး တိုးတက်လာသော ယနေ့ခေတ်တွင် ရန်ကုန်၊ မန္တလေးကဲ့သို့ မြို့ကြီးများတွင် ပြောင်းရွှေ့နေထိုင်ခဲ့ကြရာမှ ဂျိန်ဖော့တိုင်းရင်းသားတို့ မြန်မာနိုင်ငံ နေရာဒေသ အနှံ့အပြားသို့ ပျံ့နှံ့နေထိုင်ကြခြင်း ဖြစ်ပေသည်။

# ကချင်ဟူသော ဝေါဟာရ

မြန်မာအဘိဓာန်တွင် ကချင်ကို တိဗက်-မြန်မာအုပ်စုဝင် ဘာသာစကားတစ်မျိုးကိုပြောသော မြန်မာတိုင်းရင်းသားတစ်မျိုး (ကချင်ပြည်နယ်၊ ကသာဒေသ၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အများအားဖြင့် နေထိုင်သည်) ဟု ဖော်ပြထားသည်။ ထို့အတူ ဂျိန်ဖော့ကိုလည်း ကချင်လူမျိုးတစ်မျိုး (ကချင်ပြည်နယ်၊ ကသာဒေသ၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အများအားဖြင့် နေထိုင်သည်) ဟု ဖော်ပြထားသည်။

ဂျိန်ဖော့ဟူသော စကား၏ အဓိပ္ပာယ်မှာ လူ ဟူ၍ဖြစ်သည်။ ဂျိန်ဖော့စကားဖြင့် "မရှ" ဟုခေါ်သည်။ "ဂျင်းဆိုင်ဖောဆိုင်" ဟုလည်း ခေါ်သည်။ အဓိပ္ပာယ်မှာ အတည်တကျဖြစ်ပြီး အမြင်ကျယ်လာသည် ဟု ဆိုသည်။ ထို့ကြောင့် ဂျိန်ဖော့ဟူသည် "အတည်တကျဖြစ်ပြီး အမြင်ကျယ်လာသူ" ဟု ဆိုနိုင်ပါသည်။

အချို့မှတ်တမ်းများတွင် ကချင်ဟူသည်မှာ ဗမာများက ခေါ်သော စကားဖြစ်သည်။ ကချင်တို့က မိမိတို့ကိုယ်ကို မိမိတို့ ဂျိန်ဖော့ဟု ဆိုပါသည်။ မြန်မာသက္ကရာဇ် ၈၀၄ ခုနှစ်တွင် ရေးထိုးသော



ညောင်ဦး ရွှေစည်းခုံဘုရား ဥည်ံနဝကျောက်စာတွင် "ကခြင်" ဟူ၍ ရေးထိုးထားသည်ကို တွေ့ရပါသည်။

ကချင်တို့သည် အဆိုအရ မိမိတို့သည် ခြင်း (ပလိုင်း) ကို အမြဲတစေ လွယ်လျက်ရှိသဖြင့် ကချင်ဟု သမုတ်ကြခြင်း ဖြစ်သည်ဟု ဆို၏။ အကြောင်းမှာ ဂျိန်ဖော့ဘာသာစကားထဲမှ "က"ကို မြန်မာဘာသာဖြင့် ပြန်ဆိုသော် "ခြင်း"ဟု အဓိပ္ပာယ်ရ၏။ ဂျိန်ဖော့နှင့် မြန်မာ နှစ်ဘာသာလုံးပေါင်းလျှင် (က+ခြင်း) ကခြင်းမှာ (က+ချင်) ကချင်ဖြစ်လာသည်ဟု ဆို၏။

သို့ရာတွင် အချို့စာရေးဆရာများကမူ ကချင်ဟု ခေါ်ဆိုရာ၌ "က"ကို ကခုန်ခြင်းဟူသော အဓိပ္ပာယ်ဖြင့်လည်းကောင်း၊ "ချင်"ကို နှစ်သက်ခြင်း အဓိပ္ပာယ်ဖြင့်လည်းကောင်း ယူဆကြသည်။ သို့ဖြစ်၍ ကခုန်ခြင်းကို နှစ်သက်သောလူမျိုး (ကခုန်ချင်သော လူမျိုး၊ ကချင်သော လူမျိုး) ဖြစ်၍ ကချင်လူမျိုးဟု ခေါ်ဆိုကြသည်။ တစ်နည်းအားဖြင့် ကချင်လူမျိုးများသည် ကချင်ဟူသော အဓိပ္ပာယ်နှင့်အညီ ကချင်ခုန်ချင် ပျော်ရွှင်စွာ နေတတ်သော လူမျိုးဟု ခေါ်ကြသည်။

ကချင်တို့သည် အောင်ပွဲခံသောအခါ၌ဖြစ်စေ၊ အိမ်သစ်တက်ပွဲ၊ မင်္ဂလာပွဲ၊ ဈာပနပွဲ၊ မနောပွဲများတွင်ဖြစ်စေ ကျွဲ၊ နွား၊ ကြက်၊ ဝက်များ သတ်ဖြတ်ကာ သက်ဆိုင်ရာ နတ်များကို ပူဇော်ကြသည်။ ရပ်ဝေးရပ်နီးမှ ဆွေမျိုးသားချင်းများ ဆုံစည်းပြီးသည်နှင့် ပွဲကျင်းပသည့်ရက်အတွင်း မနောအကကို လူတိုင်းပါဝင်ကကြသည်။ ထို့ကြောင့် ကချင်တို့သည် အသက်ရှင်နေသည့်အချိန်မှ သေသည့်အချိန်အထိ ပျော်ရွှင်စွာ နေထိုင်ကြသူများဖြစ်သည်ဟု အချို့က ထင်မြင်ယူဆကြသည်။

ကချင်ဟူသော ဝေါဟာရနှင့် ပတ်သက်၍ စာရေးဆရာအချို့က အမျိုးမျိုး ရေးသားကြသည်။ တိုင်းရင်းသား ကချင်များအား ပလောင်နှင့် ရှမ်းဘာသာစကားများဖြင့် ‘ခန့်’ ဟူ၍ ခေါ်သည်။ အဓိပ္ပာယ်မှာ ရောစပ်သော အမျိုးထဲမှ ပေါက်ဖွားလာသော လူမျိုးဟူ၍ ဖြစ်သည်။ တရုတ်ဘာသာစကားဖြင့် ‘ရီကျင်း’ သို့မဟုတ် ‘ရှန်ထူ’ ဟူ၍လည်းကောင်း၊ မြန်မာတို့က ‘ဂါးခဉ်’ ဟူ၍လည်းကောင်း အသီးသီးခေါ်ဆိုကြ၏။ မြန်မာဘာသာစကားဖြင့် ‘ဂါးခဉ်’’ ဟု ခေါ်ဆိုရာမှ ‘ဂါး’ နေရာတွင် ‘ဂ’ ကို အစားထိုး အသုံးပြုကြ၏။ သို့ရာတွင် ‘က’ နှင့် ‘ဂ’ တို့၏ အသံနေ အသံထားတို့မှာလည်း များစွာ ကွာခြားမှု မရှိချေ။ တစ်နည်းဆိုသော် ‘က’ နှင့် ‘ဂ’ တို့သည် ဝဂ်တူများဖြစ်၏။ ထို့ကြောင့် ‘ဂ’ အသံ ပျောက်ကွယ်သွားပြီး ၎င်း၏နေရာတွင် ‘က’ ကို ထည့်သွင်းပြီးနောက် ကာလရွေ့လျားသောအခါ ‘ကချင်’ (ဂါး+ခဉ် = ဂ + ခဉ် = က + ခဉ် = ကချင်) ဟု စတင်ခေါ်ဝေါ်လာခြင်း ဖြစ်သည်။

အချို့ကချင်လူကြီးများ အဆိုအရ ယခင်က ဟူးကောင်းနယ်ဘက်တွင် ‘ဂါးခဉ်’ အမည်ရှိ ကချင်ဒူဝါ အိမ်ထောင်တစ်ခုရှိသည်ဆို၏။ ဗမာများ ဟူးကောင်းနယ်သို့ ဦးစွာ ရောက်လာသောအခါ အဆိုပါ ဂါးခဉ်အိမ်ထောင်စုနှင့် တွေ့ဆုံ၍ အမည်ကို မေးမြန်းရာ၌ ဂါးခဉ်အိမ်ထောင်စု သို့မဟုတ် ဂါးခဉ်အနွယ်ဝင်များဖြစ်ကြောင်း ရှင်းပြသည်ကို ဗမာတို့အနေဖြင့် ဂါးခဉ် လူမျိုးသို့မဟုတ် ကချင်လူမျိုးဟု မှတ်ယူကြ၏။ အလားတူစွာ ခရစ်နှစ် ၁၈၃၇ ခုနှစ်တွင် မိုးကောင်းနယ်တစ်ဝိုက်၌ ဂါးခဉ်လူမျိုးများရှိခဲ့ကြောင်း ဒေါက်တာကင်းဆက်၏ စာအုပ်၌ ဖော်ပြထား၏။ သို့ရာတွင် အမေရိကန် သာသနာပြု ဆရာကြီး



အိုဟာန်ဆင် ကချင်ပြည်နယ်သို့ ရောက်လာပြီးနောက် အဆိုပါ ဂါးခဉ်လူမျိုးများသည် ကချင်လူမျိုးများဖြစ်ကြောင်း ဖော်ပြ၏။ ဂါးခဉ်ခေါ် ကချင်လူမျိုးတို့သည် ယခင်က တစ်ရပ်တစ်ဒေသတွင် စုပေါင်းနေထိုင်ခဲ့ကြသည်။ ထိုသို့ စုပေါင်းနေထိုင်ခြင်းကို ဂျိန်ဖော့ဘာသာစကားဖြင့် ‘ဂါးခဉ်’သည်ဟု ခေါ်ဆိုခြင်းကို မြန်မာတို့က ‘ဂါးခဉ်’ လူမျိုးဟု ခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။

ဆရာဦးမင်းနိုင်၏ ‘သွေးချင်းတို့ ပျော်သည့်မြေ’ စာအုပ် စာမျက်နှာ ၃၈ တွင် -

*‘ကချင် ဟူသော ဝေါဟာရမှာ မြေပြန့်မြန်မာများက ခေါ်ဝေါ်သော အမည်ဖြစ်သည်။ ကချင်လူမျိုးများကမူ ယင်းတို့ကိုယ်ကို ယင်းတို့ ‘ဂျိန်ဖော့’ ဟူ၍ ခေါ်ဝေါ်သုံးစွဲကြသည်။ တရုတ်များကမူ ‘ယေကျင်’ ဟူ၍ ခေါ်ဆိုကြသည်။ မြန်မာရာဇဝင်သမိုင်းများတွင် ‘သိမ်းဖော့’ ဟူ၍ ခေါ်ဝေါ်သည်။ အာသံနယ်ဘက်တွင် ကချင်အနွယ်ဝင်တို့ကို ‘စင်ဖိုး’ ဟူ၍ ခေါ်ဝေါ်သည်။ ရှမ်းများက ကချင်အနွယ်ဝင်တို့ကို ‘ခန့်ဂ’ ဟူ၍ ခေါ်ဆိုကြသည်။ လူအများစုက ဂျိန်ဖော့များကို ‘ကချင်’ လူမျိုးဟူ၍ သိရှိနားလည်ထားကြသည်’*
ဟု ဖော်ပြပါရှိသည်။

ဆရာဦးဖေမောင်တင်ကမူ မြန်မာနိုင်ငံတွင် ဘာသာမျိုးရိုးကြီးနှစ်ခုရှိကြောင်း၊ ၎င်းတို့မှာ ဩစထရစ်မျိုးရိုးနှင့် တိဗက်-တရုတ်မျိုးရိုးတို့ဖြစ်ကြောင်း၊ ကချင်တိုင်းရင်းသားများသည် တိဗက်-တရုတ် မျိုးရိုးတွင် ပါဝင်ကြောင်း ဖော်ပြသည်။ ဆရာက တိဗက်-တရုတ်မျိုးရိုးတွင် (၁) တိဗက် ဟိမဝန္တာအနွယ်၊ (၂) မြောက်ဘက်အာသံအနွယ်၊ (၃) အာသံ-မြန်မာအနွယ်တို့ ပါဝင်ကြောင်း၊ အာသံ-မြန်မာအနွယ်တွင်

ကချင်တို့ ပါဝင်ကြောင်း 'ဘာသာလောကကျမ်း' တွင် ဖော်ပြထားသည်။

တိဗက်-မြန်မာ မျိုးကွဲအုပ်စု၌ မြန်မာအစု၊ လိုလိုအစု၊ နွန် (မြစ်ကြီးနား) အစု၊ ကုကီ ချင်းအစု၊ ကရင်အစု၊ သက်အစု၊ ကချင် (ဝါ) ချင်းဖောအစုနှင့် နာဂါအစုဟူ၍ ခွဲခြားဖော်ပြထားကြောင်းလည်း တွေ့ရသည်။ ကချင် (ဝါ) ချင်းဖောအစုတွင် -

(၁) တောင်ပိုင်းကချင် (ဗန်းမော်)၊ ဂေါင်ရီ၊ ကောင်ရီ၊
(၂) ခခူးကချင် (စုမ်ပြဗုံ)၊
(၃) အာသံကချင်၊ ဆင်ဖော ဟူ၍ ဖော်ပြထားပါသည်။

သို့ဖြစ်၍ ကချင်ခေါ် ဂျိန်ဖောတို့သည် ဖော်ပြပါ အထောက်အထားများအရ တိဗက်-မြန်မာအနွယ်ဖွားများဖြစ်ပြီး မြန်မာသွေးချင်းသားချင်းများသာဖြစ်သည်ဟု ဆိုရမည် ဖြစ်ပါသည်။

ကချင်ခေါ် ဂျိန်ဖောတို့ကို အချို့တိုင်းရင်းသားများက မိမိတို့ဘာသာစကား အသုံးအနှုန်းများ ခေါ်ဆိုကြရာ၌ဖြစ်စေ၊ ဒေသိယသုံးစကားဖြင့်ဖြစ်စေ ဂျိန်းဖော၊ သိမ်းဖော၊ ဂျင်းဖော၊ ချင်းဖော၊ ဆင်ဖော ဟူ၍ အမျိုးမျိုး ခေါ်ဆိုကြသည်ကိုလည်း တွေ့ရသည်။ အမှန်မှာ ဂျိန်ဖော ဟူသော တိုင်းရင်းသား တစ်မျိုးတည်းသာ ဖြစ်သည်။

မြန်မာအဘိဓာန်တွင် ဂျိန်ဖော၊ လောဝေါ်၊ ဇိုင်ဝါး၊ လာချိဒ်၊ ရဝမ်၊ လီဆူတို့ကို ကချင်လူမျိုးတစ်မျိုးဟု ဖော်ပြထားသည်ကို ထောက်ဆ၍လည်းကောင်း၊ ဒေသအလိုက်ခေါ်ဝေါ်သည့် ဂေါင်ရီ၊ ကောင်ရီ၊ ခခူး၊ ဒူလင်းဂျိန်ဖော၊ ထိန်နိုင်းဂျိန်ဖော၊ ဟူးကောင်း ဂျိန်ဖော၊ အာသံကချင်၊ တောင်ပိုင်းကချင်ဟူ၍ ခေါ်ဆိုသည်ကို ထောက်ဆ၍လည်းကောင်း အထက်ဖော်ပြပါ ကချင်မျိုးနွယ်စုဝင်အားလုံးကို ကချင်ဟူ၍ ခေါ်ဆိုသတ်မှတ်လေသည်။



# ရုပ်လက္ခဏာနှင့် စိတ်နေသဘောထား

တိုင်းရင်းသား ဂျိန်ဖောသွေးချင်းများသည် မွန်ဂိုမျိုးနွယ်တွင် ပါဝင်ပြီး တိဗက်-မြန်မာ အုပ်စုဝင်များ ဖြစ်ကြသည်။ ၎င်းတို့၏ ရုပ်ပိုင်းသွင်ပြင်များသည် မွန်ဂိုလွိုက်မျိုးနွယ်တို့၏ ရုပ်ပိုင်းသွင်ပြင် လက္ခဏာများပင် ဖြစ်သည်။

မျက်နှာပုံပန်းသွင်ပြင်တွင် မျက်လုံးပေါက် ကျဉ်းသည်။ အများစုမှာ မျက်ရစ်ပါသည်။ တရုတ်နိုင်ငံနှင့် နီးသောသူတို့မှာ မျက်ရစ်ထင်ထင်ရှားရှား မရှိပေ။ မျက်လုံးအရောင် ညိုသည်။ မျက်ခုံး ပါးပြီးအနည်းငယ်ကောက်သည်။ နှာတံမှာဖြောင့်၍ တိုပြီးနိမ့်သည်။ နှုတ်ခမ်းပါး၏။ ပါးရိုးကားပြီး မြင့်၏။ မေးရိုးမှာ မကျဉ်းမကျယ် အနေအထားရှိသည်။ ဆံပင်ဖြောင့်သည်။ ဆံပင်အရောင်မှာ အညိုရောင်၊ အနက်ရောင်တို့ ဖြစ်သည်။ အသားရောင်မှာ ပျမ်းမျှ အသားဝါ၊ အသားလတ်များ ဖြစ်သည်။ တရုတ်နိုင်ငံနယ်စပ်နှင့်နီးသည့် တောင်တန်းဒေသများတွင် နေထိုင်သော ဂျိန်ဖောများမှာ အသားဖြူကြသည်။

အရပ်အမောင်းတွင် အမျိုးသားများသည် ပျမ်းမျှ ငါးပေ ငါးလက်မခန့်နှင့် အမျိုးသမီးများမှာ ငါးပေနှစ်လက်မခန့်ရှိကြသည်။ ကိုယ်ထည်ပိုင်းနှင့် ခြေရှိုး၊ လက်ရိုး၊ ခြေဆစ်၊ လက်ဆစ် အသင့်အတင့် ပြေပြစ်မှု ရှိကြသည်။ ကိုယ်ခန္ဓာ အချိုးအစားနှင့် သန်မာထွားကျိုင်းမှုတွင် ဗမာများနှင့် မခြားနားလှပေ။

ဂျိန်ဖော့ တိုင်းရင်းသား လူမျိုးများ၏ စိတ်နေသဘောထားမှာ များသောအားဖြင့် ရောင့်ရဲတင်းတိမ်မှု ရှိသည်။ လုံ့လဝီရိယလည်းရှိသည်။ ရိုးသားဖြောင့်မတ်သည်။ ဧည့်ဝတ်ကျေပွန်မှု ရှိသည်။ ပင်ကိုပကာတိစိတ်ထား ဖြူစင်ကြသည်။ ကတိကဝတ်ကို တန်ဖိုးထားတတ်ကြသည်။ ကတိပျက်ကွက်သူကို မနှစ်မြို့တတ်ပေ။ မိမိတို့အိမ်သို့လာသော ဧည့်သည်များကို ပျူငှာဖော်ရွေစွာ နှုတ်ဆက်၍ နေရာထိုင်ခင်းပေးခြင်း၊ အစားအစာဖြင့် တည်ခင်းကျွေးမွေးခြင်း စသည်ဖြင့် မိမိတို့တတ်နိုင်သမျှ ဧည့်ဝတ်ဖြည့်သည်။ အားပါးတရ စကားပြောတတ်ကြသည်။ အဘိုးအို၊ အဘွားအိုများမှာလည်း ဗမာအဘိုးအို၊ အဘွားအိုများကဲ့သို့ပင် ဆေးလိပ်သောက်ရင်း၊ ရေနွေးကြမ်းသောက်ရင်း၊ ကွမ်းမြုံ့ရင်းဖြင့် စိတ်ရောကိုယ်ပါ အားတက်သရော ပြောဆိုတတ်ကြသည်။ မရှင်းလင်းသည်များကို မေးလျှင်လည်း စိတ်ရှည်စွာ ရှင်းလင်းပြသည်။

ထို့ပြင် ဂျိန်ဖော့သွေးချင်းများသည် ရဲစွမ်းသတ္တိလည်း ရှိကြသည်။ မြန်မာနိုင်ငံကို နယ်ချဲ့ အင်္ဂလိပ်များ မတရား ကျူးကျော်သိမ်းပိုက်စဉ်က ဂျိန်ဖော့တိုင်းရင်းသားများသည် ကချင်ပြည်နယ် ဒေသအနှံ့အပြားမှ တူမီးသေနတ်၊ တုတ်၊ ဓား၊ လှံ၊ ဒူးလေး၊ မြား၊ ဝါးချွန် စသည့်လက်နက်များဖြင့် နယ်ချဲ့တို့ကို သူ့ကျွန်မခံ တွန်းလှန်



ခဲ့ကြသူများဖြစ်သည်။ သို့ဖြစ်၍ တိုင်းပြည်နှင့် လူမျိုးကို ထိပါးလျှင် ခေါင်းငုံ့မခံတတ်သော ဝံသာနု ရက္ခိတ စိတ်ဓာတ်မျိုးရှိသည်။

နယ်ချဲ့တို့ကို တွန်းလှန်တိုက်ခိုက်ရာတွင် ရှမ်း၊ ဗမာနှင့် အခြားကချင်မျိုးနွယ်စုဝင်များနှင့် ပူးပေါင်း လက်တွဲကာ တော်လှန်ခဲ့ကြသည်ကို ကြည့်လျှင် ဂျိန်ဖော့တို့သည် အရေးကြီးလျှင် သွေးနီးသည့်စိတ်ဓာတ်၊ အရေးကြုံလျှင် သွေးဆုံသည့် စိတ်ဓာတ်မျိုး ရှိကြသည်ကို လေ့လာတွေ့ရှိရသည်။ အခြားသော တိုင်းရင်းသားများကို မိတ်ဆွေရင်းချာကဲ့သို့ ရင်းနှီးချစ်ခင်လိုစိတ်၊ လေးစားစိတ်များ ရှိကြသည်။ ထို့ပြင် မိမိတို့မျိုးနွယ် ဖွံ့ဖြိုး တိုးတက်လိုသော စိတ်ဓာတ်များလည်း ရှိကြသည်။

# ဘာသာစကား

လူ့အဖွဲ့အစည်းတွင် စကားသည် လူတစ်ဦး၏ အတွေးနှင့် အလုပ်ကို အခြားသူတစ်ဦးအား သိရှိစေရန် ဝေမျှရာ၌ဖြစ်စေ၊ ဖလှယ်ရာ၌ဖြစ်စေ အဓိကကျသော ဆက်သွယ်ရေးပစ္စည်း ဖြစ်သည်။ စကားသည် လူအချင်းချင်း ဆက်ဆံရာတွင် အလွန်အရေးပါသည့်အတွက် ဘာသာစကားတစ်ခုကို နားလည်တတ်ကျွမ်းသူ အချင်းချင်းသည် လူ့ဘောင်အဖွဲ့အစည်း အခြေအနေဖြင့် ပြောဆိုဆက်သွယ် ပေါင်းစပ်ဆက်ဆံ၍ အဆင်ပြေ လွယ်ကူစေသည်။

ကချင်ပြည်နယ်တွင် ဂျိန်ဖော့စကားမှာ အများဆုံး အသုံးပြုသော စကားဖြစ်သည်။ ကချင်ပြည်နယ်ရှိ တိုင်းရင်းသား ခြောက်မျိုးစလုံး လိုလို ဂျိန်ဖော့စကားကို တတ်မြောက်မှုရှိသည်။ တစ်မျိုးနှင့် တစ်မျိုး ခေါ်ပြောဆက်ဆံရာတွင် ဂျိန်ဖော့စကားဖြင့်သာ ခေါ်ပြော ဆက်ဆံရလေသည်။

၁၈၉၅ ခုနှစ်တွင် အိုဟင်ဆန် ဆိုသူ အမေရိကန် သာသနာပြုဆရာကြီးက ရောမအက္ခရာကို အသုံးပြု၍ ဂျိန်ဖော့စာကို တီထွင်ခဲ့



သည်။ ထိုစဉ်က ဂျိန်ဖော့မျိုးနွယ်စုဝင်များသည် စာပေမရှိသေးသဖြင့် ဂျိန်ဖော့စာတတ်သူများ ပေါ်များလာကာ ဂျိန်ဖော့စာကို သင်ယူရာမှ ဂျိန်ဖော့စကားကို လူအများ အသုံးပြုလာခဲ့ခြင်း ဖြစ်သည်။ စာသင်ကျောင်းများတွင် သင်ကြားပို့ချသည့် ဂျိန်ဖော့စကားများသည် အသုံးများသော စကားဖြစ်သည်။

မြန်မာစာဂုဏ်ရည်နယ်၌ ဗိုလ်မှူးဘရှင်၏ မြန်မာအစုဝင် စကားများ ဆောင်းပါးတွင် -

*"ဘာသာစကားများနှင့် ဘာသာစကားအစုများကို လေ့လာရာ၌ လူမျိုးစုဆိုင်ရာ ပညာနောက်ခံနှင့် လူမျိုးစုတို့၏ သမိုင်းနောက်ခံတို့အပေါ်တွင် မူတည်ရန် လိုအပ်၏။ အမှန်အားဖြင့်ဆိုသော် တိုင်းရင်းသားတို့၏ ဘာသာစကားများကို လေ့လာခြင်း၏ ရည်ရွယ်ချက်တစ်ခုမှာ ဆိုင်ရာ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုနှင့် သမိုင်းအစဉ်ကို ဖော်ထုတ်ပေးရခြင်းပင်ဖြစ်သည်"* ဟု ဖော်ပြထားသည်။

ဂျိန်ဖော့စကားများအနက် ခရူးဂျိန်ဖော့စကားမှာ မေခ၊ မလိခ မြစ်ဝှမ်းအရပ်တွင် အသုံးများသည်။ ဂျိန်ဖော့စကားနှင့် ခရူးစကားမှာ များစွာထူးခြားမှုမရှိပါ။ တူညီမှုရှိသည်ဟု ဆိုနိုင်သည်။ ခရူးစကားမှာ ဂျိန်ဖော့တို့၏ ပင်ရင်းစကားဖြစ်သည်။

ဂေါ်ရီစကားသည်လည်း ဂျိန်ဖော့စကား ဖြစ်သည်။ ဂေါ်ရီစကားတွင် အဓိးခေါ် ဖိုင်ဝါးတို့၏ ဝေါဟာရများပါဝင်သည်။ စကားသံ ဝဲသည်။ လဖိုင်နွယ် ဂျိန်ဖော့များသာ သုံးသောစကားဖြစ်သည်။

ဟူးကောင်း ဂျိန်ဖော့စကားမှာ ဂေါ်ရီဂျိန်ဖော့စကားကဲ့သို့ပင် နီးစပ်ရာ အိမ်နီးချင်းတို့၏ စကားများ ရောယှက်ကာ သုံးစွဲသော ဝေါဟာရများပါ ပါဝင်မှုရှိသည်။ ကူကီးချင်းတိုင်းရင်းသားတို့ သုံးသော

စကားများ၊ နာဂတိုင်းရင်းသားများ သုံးစွဲသော ဝေါဟာရများ ပါဝင်မှု ရှိသည်။ သာမန် ဂျိန်ဖော့စကားနှင့် လေယူလေသိမ်း ကွဲပြား ခြားနားသည်။

ဒူးလင်း ဂျိန်ဖော့စကားမှာ အသံထွက်ရာ၌ အာလေးလျှာလေး ရှိသည်။ ဒေသန္တရသုံး စကားဖြစ်သည်။ မည်သည့်နေရာ၌မဆို သုံးစွဲသည်။ အခြားဘာသာစကား ရောယှက်မှုလည်း နည်းပါးသည်။

ထိန်နိုင်း ဂျိန်ဖော့စကားမှာ မြန်မာစကား၊ ရှမ်း-မြန်မာစကားများ အတန်ငယ် ရောယှက်လျက်ရှိသည်။ ဗန်းမော်၊ မြစ်ကြီးနားနှင့် ရွှေကူမြို့နယ်များတွင် ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ ဂျိန်ဖော့တိုင်းရင်းသားမိသားစု ဂျိန်ဖော့လူမျိုးများ သုံးစွဲသည့် စကားဖြစ်သည်။

သို့သော် ဂျိန်ဖော့စကားများသည် ပင်မမှ ဂျိန်ဖော့တို့ မျိုးနွယ်သမိုင်း ဆင်းသက်ရာ တိဗက်-မြန်မာ အနွယ်ဝင်တို့၏ ဘာသာစကားနှင့် ဆက်စပ်လျှင် အသုံးအနှုန်း ကွဲပြားသော်လည်း မူလ တိဗက်-တရုတ် အနွယ်ဝင်ပါဝင်သော စကားဖြစ်ကြောင်း လေ့လာသိရှိရသည်။

ဂျိန်ဖော့စကားသည် ကချင်ပြည်နယ်တွင် လူအများဆုံး အသုံးပြုသော စကားဖြစ်ရာ တိုင်းရင်းသား လူအများစု တတ်မြောက်ကြလေသည်။ သို့ဖြစ်၍ ဂျိန်ဖော့ စကားပြောသူဦးရေ တိုးပွားများပြားလာသည်။ လူမျိုးတစ်မျိုးနှင့် တစ်မျိုး ပြောဆိုရာတွင် အဓိကသုံးသော စကားဖြစ်၍ လူသုံးများကြသည်။

ဂျိန်ဖော့သွေးချင်းများသည် အခြားသော ကချင်မျိုးနွယ်စုဝင် တိုင်းရင်းသားတို့၏ စကားအသုံးအနှုန်းများကို ခင်မင်ရင်းနှီးမှုအရ ပြောင်းလဲ သုံးစွဲလေ့ရှိသကဲ့သို့ မိမိတို့ပြောဆို သုံးနှုန်းသည့် ဂျိန်ဖော့



စကားကိုမှု မိမိတို့ တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းသည့်အနေဖြင့် သုံးစွဲလေ့ရှိသည်။

ဂျိန်ဖော့တို့သည် အခြားသော ကချင်မျိုးနွယ်စုဝင်များနှင့် စကားအသုံးအနှုန်း ကွဲပြားမှုရှိသော်လည်း လက်ထပ်ထိမ်းမြားမှုတွင် တစ်ဦးနှင့် တစ်ဦး သွေးနှောမှုကို အဆီးအတားမပြုသည့်အပြင် တစ်ဦးနှင့်တစ်ဦး သွေးသားတော်စပ်လာကြသော်လည်း စကားအသုံးအနှုန်းကိုမူ မိရိုးဖလာ သုံးနှုန်းသည့်စကား၊ အခြားကချင်မျိုးနွယ်တို့ ပြောဆိုသော စကားဟူ၍ ခွဲခြားမှု ရှိသည်။ စကားအသုံးအနှုန်းသည် သွေးသားတော်စပ်မှုနှင့်လည်း သက်ဆိုင်မှု မရှိကြောင်း တွေ့ရသည်။ ရဝမ်၊ လီဆူ စသည့် တိုင်းရင်းသားများနှင့် သွေးချင်းနှောကာ နေထိုင်ကြသော်လည်း မိမိတို့၏ ဂျိန်ဖော့စကားကိုမူ ပျောက်ပျက်မသွားအောင် ထိန်းသိမ်း လက်ခံခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်လေသည်။ တစ်ခါတစ်ရံတွင် ဂျိန်ဖော့စကားကို သုံးစွဲခြင်းထက် သွေးနှောမှုအရ အခြားမျိုးနွယ်တို့၏ စကားကို ပြောင်းလဲသုံးစွဲမှု ရှိတတ်ပြန်ရာ ဘိုးဘွားအမွေအဖြစ် လက်ဆင့်ကမ်း ထိန်းသိမ်းထားသည်မျိုးလည်း မရှိပြန်ချေ။

ခြုံ၍ဆိုရပါလျှင် ဂျိန်ဖော့တို့သည် မိမိတို့၏ လူမှုရေးစနစ်၌ ရိုးရာယဉ်ကျေးမှု၊ ရိုးရာအနွယ်များ မပျောက်ပျက်စေရန် ထိန်းသိမ်းသကဲ့သို့ ရိုးရာအလိုက်၊ ဒေသအလိုက်၊ စကားအုပ်စုအလိုက်လည်း သုံးစွဲသော စကားကိုလည်း ထိန်းသိမ်းကြသည်။

တစ်ဖက်တွင် လူမှုဆက်ဆံရေးအရ အနွယ်တူစု တစ်စုနှင့်တစ်စု ဆက်ဆံရေး၊ စကားအုပ်စု တစ်စုနှင့်တစ်စု ဆက်သွယ်ရေးတို့တွင် ဒေသအလိုက် မိရိုးဖလာ ခံယူချက်များ တူညီခြင်း၊ မတူညီခြင်းမျိုးကို မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာပုံများနှင့် ပတ်သက်၍ ခံယူချက်များ ထားရှိကြလေသည်။

## ဂျိန်ဖော့တိုင်းရင်းသားများ ဆင်းသက်လာပုံ

ကျုန္ဓမ်းယန်းဝေရှမ်း (ဖန်ဆင်းရှင်)

|

နင်ဂေါန်ဝါမဂမ် (လူတစ်ပိုင်း နတ်တစ်ပိုင်း) + ဘရင်နွမ်ရော်မာဂျာကိုင် (နဂါးမ)

|

ကင်ဆိုင်းရှာဘရန် (လူသားမျိုးနွယ်) + ဖုံဒင်ကိုင်နန်

ရှန်ထဲဂွမ် (အာရှ) ရှန်ကျန်နော် (အာဖရိက) ရှန်ခင်လ (ဥရောပ)

မုံဖန်ဂမ် (တရုတ်ဖြူ) မုံခင်နော် (တရုတ်နီ) ဒဘာမ်လ (ရှမ်း) မုံလွန်တူး (အာသံ) ဂျပန်တန် (ဂျပန်) ဆွမ်ပေါင်ယော် (ကချင်)

ခန်းဂမ် (ချင်း) လဖမ်နော် (ရဝမ်) နုံလ (နုံ) လမွမ်တူး (လမွမ်နုံ) မရူတန် (မရူ) တိန်လီယော် (ဂျိန်ဖော့) (မရစ်ဝါရှမ်ဂျာ) + မဒိုင်မာဂျာငါ

မရစ်ဝါကွမ်ဂျားဂမ် (မရစ်မျိုး၏ဖခင်) လထော်နော်လောန် (လထော်မျိုး၏ဖခင်) မဂေါင်လ (မဂေါင်မျိုး၏ဖခင်) အင်ခွန်တူး သို့မဟုတ် မဇော်မထုမ်တူး (အင်ခွန်မျိုး၏ဖခင်) ယော်ပန်တန် (မရစ်မျိုး၏ဖခင်)

(အထက်ပါ မရစ်၊ လထော်၊ မဂေါင်၊ အင်ခွန်၊ မရမ်မျိုးတို့မှ ဂျိန်ဖော့မျိုးနွယ်ဆက်များ ဆက်လက်ပေါက်ဖွားလာသည်။)



ထို့ကြောင့် ဗိုလ်မှူးဘရှင်က *"လူမျိုး မနုဿဗေဒ နည်းအရ ဆန်းစစ်ကြည့်သောအခါ အားလုံးလောက်ပင် လူမျိုးအနွယ် တစ်ခုတည်းမှ ပေါက်ဖွားလာသူ မွန်ဂိုလွိုက်များ ဖြစ်ကြသည်။ တစ်ဖန် တိဗက်-မြန်မာအနွယ် (သက်၊ ချင်း၊ နာဂ၊ ကချင်၊ လီဆူ၊ ကရင်၊ မြန်မာ စသည်) နှင့် ထိုင်း-တရုတ်အနွယ် (ရှမ်း၊ ဂုံ၊ လော၊ ယွန်း စသည်) ဟု အနွယ်နှစ်ခုတွင် ပါဝင်သူများ ရှိလင့်ကစား ယင်းလူမျိုးစုတို့မှာ တိဗက်-တရုတ်အနွယ်ကြီးတွင် ပါဝင်နေကြသော တစ်မိပေါက်သားများသာဖြစ်ကြောင်း ဘာသာဗေဒနည်းအရ ခိုင်လုံစွာ ဖော်ထုတ်ပေးနိုင်သည်သာ ဖြစ်ပေသည်"* ဟု ဖော်ပြထားပါသည်။

သို့ဖြစ်၍ ကချင်စကားခေါ် ဂျိန်ဖော့စကားသည် ရှေးဟောင်း တိဗက်စကားမှ ပေါက်ဖွားလာသည်။ ကချင်စကားသည် လေယူလေသိမ်း အခွဲအငင်တို့မှာ တိဗက်ပြောဟန် ဖြစ်နေသည်ဟု ဆိုကြသည်။ ကချင်စကားနှင့် မြန်မာစကားတို့သည် စကားသံပိုင်း၊ အသုံးအနှုန်းပိုင်း၊ သဒ္ဒါပိုင်းတို့တွင် မြန်မာစကားနှင့် နီးစပ်နေသဖြင့် မူလဘာသာမျိုးကွဲမှ ဆင်းသက်လာခဲ့ကြသည်ဟု သုတေသီတို့က ယူဆခဲ့ကြသည်။

ဤအဆိုကို ဆရာကြီး ဦးဖေမောင်တင်၏ "ဘာသာလောကကျမ်း" တွင် တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် ဩစတာရစ်မျိုးရိုးနှင့် တိဗက်-တရုတ်မျိုးရိုးဟူ၍ ဘာသာစကားမျိုးရိုးကြီး နှစ်ခုရှိသည်။ ဩစတာရစ်မျိုးရိုးတွင် -

(၁) မော်ကင် (ဝါ) ဆလုံ (တောင်ဘက်အစွန်းရှိ ကျွန်းများ)၊

(၂) မွန် (တောင်ပိုင်း)၊

(၃) ပလောင်၊ ရိအန်၊ လဝ၊ တဲလှိုင်၊ အဲန်၊ ခမုက်၊ ဒနော (ရှမ်းပြည်နယ်အနောက်မြောက်၊ တောင်၊ အရှေ့မြောက်)။

တိဗက်တရုတ်မျိုးရိုးတွင် -

(၁) မွန်၊

(၂) ကရင်၊

(၃) ရှမ်းတရုတ် (ဝါ) ယိုးဒယားတရုတ်၊

(၄) တိဗက်-မြန်မာ၏ အာသံ-မြန်မာအနွယ် ဟူ၍ ဖော်ပြထားသည်။

အဆိုပါ ဖော်ပြချက်အရ တိဗက်-မြန်မာ၏ အာသံ-မြန်မာ အနွယ်တွင် -

- နဂါးအစု
 (နဂကို ခေါ်ခြင်းဖြစ်သည်)
- ကုကီချင်းအစု
 [သာဒိုး၊ ကံပောင်၊ စုက္ကတဲ၊ စုဂျင်၊ လဲ၊ လူရှေ (ဝါ) ဝှဲလငို]
- ဆက် (သက်) အစု
 (လွီ၊ တမန်၊ မလင်၊ အင်ကျယ်၊ ကဏန်း၊ ကန္တူး)
- မြန်မာအစု
 [မရု (ဝါ) လောင်းဝေါ၊ လရှိ (ဝါ) လချီကွော၊ အတ်စိ (ဝါ) တဇိ (ဝါ) တဆဲ (ဝါ) မိုင်သာ (ဝါ) အချန်၊ ဖွန်၊ ဓနု၊ အင်းသား၊ ထားဝယ်၊ ရခိုင်၊ တောင်ရိုး (ဝါ) တိုရု]
- လိုလိုအစု
 [လီစု၊ လီဆော၊ လီစို၊ နွန် (ရဝန်)၊ လဟုန၊ လဟုဆိ၊ အခ (ဝါ) အီကော၊ အခိုးပျင်] ဟု ပါရှိပါသည်။



သို့ဖြစ်၍ မြစ်ကြီးနား မြောက်ဘက်တွင် တိဗက်လူမျိုး ၁၆၀ ရှိသည်ဟု ဖော်ပြထားရာ တိဗက်-မြန်မာ၊ အာသံ-မြန်မာ အနွယ်တွင် ကချင်ခေါ် ဂျိန်ဖော့တို့ ပါဝင်ကြောင်း ဖော်ပြချက်သည် တိကျခိုင်လုံ သေချာလှပါသည်။

ထို့ကြောင့် ကချင် ခေါ် ဂျိန်ဖော့တိုင်းရင်းသားတို့၏ ဘာသာစကားအသုံးအနှုန်းသည် တိဗက်-တရုတ်မျိုးနွယ်တွင် ပါဝင်သဖြင့် အထက်ဖော်ပြပါ တိုင်းရင်းသားတို့၏ ဘာသာစကား အသုံးအနှုန်းများနှင့် တစ်မျိုးတစ်နွယ်တည်းမှ ဆင်းသက်လာကြောင်း လက်ခံရမည်သာ ဖြစ်ပါသည်။

# စာပေ

၁၈၉၅ ခုနှစ်တွင် အမေရိကန် သာသနာပြု ဆရာကြီး အိုဟင်ဆန်ဆိုသူက ရောမအက္ခရာများကို အသုံးပြု၍ ဂျိန်ဖော့စာပေကို တီထွင်ခဲ့သည်။

အခြား စာပေမရှိသေးသော ကချင်မျိုးနွယ်ဝင်များသည်လည်း ဂျိန်ဖော့စာပေကို လေ့လာသင်ကြားကြလေသည်။ သာမန် ဂျိန်ဖော့၊ ခရူးဂျိန်ဖော့၊ ဟူးကောင်းဂျိန်ဖော့၊ ဒူးလင်းဂျိန်ဖော့၊ ထိန်နိုင်းဂျိန်ဖော့ဟူ၍ ဒေသအလိုက် ဂျိန်ဖော့သွေးချင်းတို့ကို ခေါ်ဝေါ်သတ်မှတ်ချက်လည်း ရှိလေသည်။

## ဗျည်းများနှင့် အသံထွက်

| | |
|---|---|
| B, b | ဘ-ဗ |
| CHY, chy | ကျ |
| D, d | ဒ-ဓ |
| G, g | ဂ |
| GY, gy | ဂယ (တစ်သံတည်းထွက်သည်) |
| H, h | ဟ |
| HP, hp | ဖ |
| HPY, hpy | ဖြ |
| J, j | ဂျ-ကြ |
| K, k | က |
| KY, ky | ဂယ (တစ်သံတည်းထွက်သည်) |
| HK, hk | ခ |
| HKR, hkr | ခရ (တစ်သံတည်းထွက်သည်) |
| HKY, hky | ခယ (တစ်သံတည်းထွက်သည်) |
| L, l | လ |
| M, m | မ |
| N, n | န-ဏ |
| NG, ng | င |
| NY, ny | ည-ငြ |
| P,p | ပ |
| R, r | ရ |
| S,s | ဆ |
| SH, sh | ရှ |
| T, t | တ |
| TS, ts | စ |
| HT, ht | ထ-ဋ |
| W, w | ဝ |

| | |
|---|---|
| Y, y | ယ |
| Z, z | ဇ-ဈ |

## သရများနှင့် အသံထွက်

| | |
|---|---|
| A, a | အ အာ အား |
| AI, ai | အိုင် အိုင့် အိုင်း |
| E, e | အဲ အေ အဲ့ |
| AU, au | အောင် အောင့် အောင်း |
| I, i | အိ အီ အီး |
| AW, aw | အော အော် အော့ |
| U, u | အု/ဥ အူ/ဦ အူး/ဦး |
| O, o | အို အို့ အိုး |

## ဗျည်းနောက်ဆက်များ

| | |
|---|---|
| K | ပ်(က်)၊ က်(က်) |
| im | အိမ်(မ) ကမ် |
| in | အင် |
| n | န် |
| ip | အိပ်(ပ) |
| ng | န် (င်) |
| it | အစ် (တ) |
| p | င်(မ်) |
| uk | အုတ် (က) |



| | |
|---|---|
| t | တ်၊ ခ် (တ်) |
| um | အွမ် |
| ak | အပ်(က)၊ အတ်(က) |
| un | အွန် |
| am | အမ် |
| up | အုပ် (ဖ) |
| an | အန် |
| ut | အွတ် |
| ang | အန် (င) |
| awk | အွတ် |
| ap | အပ်(ဗ) |
| awm | အောမ် |
| at | အတ် |
| awn | အောန် |
| ek | အက် |
| awp | အောပ် |
| em | အေမ် |
| awt | အောက်တ် |
| en | အေန်၊ အဲန် |
| uk | အုပ် (က) |
| eng | အေန်(င)၊ အဲန်(င) |
| um | အွမ် |
| ep | အက်(ပ) |

| | |
|---|---|
| un | အွန် |
| et | အက် |
| aik | အိုက် (က) |
| ik | အိတ် |
| auk | အောက် |

ဂျိန်ဖော့တိုင်းရင်းသား သွေးချင်းများသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာချိန်တွင် အခြားကချင်မျိုးနွယ်ဝင်စုဝင်များထက် စောခြင်း၊ စာပေကို ဦးစွာရရှိခြင်းတို့ကြောင့် ဂျိန်ဖော့တို့၏ စာပေကို အခြားသော ကချင်မျိုးနွယ်စုဝင်များဖြစ်ကြသည့် လော်ဝေါ်၊ ဇိုင်ဝါး၊ လာချိဒ်၊ ရဝမ်၊ လီဆူ စသော တိုင်းရင်းသားများလည်း အသုံးပြုကြသည်။ သို့ဖြစ်၍ ဂျိန်ဖော့စာပေကို ကချင်စာပေ၊ ဂျိန်ဖော့တို့ ဘာသာစကားကို ကချင်စကားဟူ၍ ကချင်မျိုးနွယ်စုဝင် တိုင်းရင်းသားများက လက်ခံအသုံးပြုလျက် ရှိကြသည်။



# မြန်မာစကားနှင့် အသုံးတူသော ဂျိန်ဖော့စကားများ

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား သွေးချင်းတို့သည် များသောအားဖြင့် ကိုယ်ပိုင်ဘာသာစကား ရှိကြသည်။ ဂျိန်ဖော့သွေးချင်းတို့သည်လည်း ကိုယ်ပိုင် စာပေ၊ ကိုယ်ပိုင် ဘာသာစကား ရှိခဲ့ကြသည်။ ဘာသာစကားမျိုးရိုးတွင် ဂျိန်ဖော့တို့သည် တိဗက်-တရုတ် မျိုးရိုးတွင် ပါဝင်သဖြင့် တိဗက်-တရုတ်အနွယ် ဘာသာစကားများတွင် ကချင်စကားဟူ၍ သီးခြားရှိပါသည်။

သို့သော် ဂျိန်ဖော့တို့သည် အာသံ-မြန်မာအနွယ်တွင် ပါဝင်သော အစုဝင် တိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်သည့်အတွက် ဘာသာစကား ပြောဆို သုံးနှုန်းမှုတွင် မြန်မာစကားနှင့် တူညီသော စကားများကို တွေ့ရသည်။

| **မြန်မာ** | **ဂျိန်ဖော့** |
|---|---|
| မဏ္ဍပ် | မန်ဒတ် |

| မြန်မာ | ဂျိန်ဖော့ |
|---|---|
| ဓာတ်ပွဲ | ဓာတ်ပွဲ |
| ဗီဒီယို | ဗီဒီယို |
| ငါး | ငါး |
| မှုန့် | မှုတ် |
| ဂျာကင် | ဂျာကင် |
| ပေါင်ဒါ | ပေါင်တာ |
| နီလာ | နီလာ |
| မြ | မြ |
| ပုလဲ | ပုလဲ |
| မိုင် | မိုင် |
| ကိုက် | ကိုက် |
| ပေ | ပေ |
| လက်မ | လက်မ |
| ဆပ်ပြာ | ဆပ်ဗျာ |
| ဗီရို | ဗီယို |
| နာရီ | နာယီ |
| ဖယောင်းတိုင် | ဖယောင်းဒိုင် |
| နား | နာ |
| ကပြား | ကဗျား |
| ပတ္တမြား | ပတ်တများ |
| စွပ်ကျယ် | ဆွတ်ကျယ် |



| မြန်မာ | ဂျိန်ဖော့ |
|---|---|
| အလှူ | အလှူ |
| ဂီတ | ဂီတား |
| တိုဟူး | တိုဖူး |
| ပုလင်း | ပုလင်း |
| ဆရာ | ဆရာ |
| ဘုရား | ဖရား |
| နတ် | နတ် |
| တိုးနရားအက | တိုးနရားကာ |
| ရှုံးပိတ်ရက် | ရှုံးပိတ်အင်တွဲ |
| နံ့သာရောင် | နံ့သာအင်ဆန်း |
| စတိုးဆိုင် | စတိုင်းဆဲင် |
| ပိုက်လုံး | ပိုက် |
| ပျော်သည် | ပျော်အိုင် |
| ခါးသည် | ခါးအိုင် |
| ဆွေမျိုး | ဆွေမျူး |
| ကျေးဇူး | ကျေးဂျူး |
| ဝက် | ဝါ့ |
| မနေ့ | မနီး |
| ဒီနေ့ | ဒိုင်နီး |
| မျက်စိ | မြီ |
| မျက်ခုံးမွေး | မြီကော်မွှန် * |

| မြန်မာ | ဂျိန်ဖော့ |
|---|---|
| နေရာ | ရှရာ |
| ပွဲလမ်းသဘင် | ပွဲရှိန်ရာ |
| အရိုး | အင်ရာ |
| ဓာတ်ဆီ | ဓာတ်ဆား |
| ရေပုံး | ခပုံး |
| ငါးခြောက် | ငါးကျခရော |
| ရှမ်းခေါက်ဆွဲ | ဆန်းခေါက်ဆွဲ |
| ဝင်းခြံ | ဝမ်း |
| ဘူး | ဘူး |
| ခုနစ် | ဆနစ် |
| အဖြူ | အဖရော |
| အနီ | အခရင် |
| အစိမ်း | အစစ် |
| အဝါ | အထွဲ |
| အနက် | အကျန် |
| အညို | အမွတ် |
| ခွေး | ဂွီ |

ဂျိန်ဖော့တို့၏ အထက်ဖော်ပြပါ စကားအသုံးအနှုန်းများသည် မြန်မာစကားနှင့် တူညီမှု ရှိနေသည်မှာ ဂျိန်ဖော့နှင့် မြန်မာတို့သည် သမိုင်းပညာရှင်များ၏အဆိုအရ မွန်ဂိုလွိုက် လူမျိုးများမှ ဆင်းသက်လာခဲ့ကြသော ဘိုးဘေးတူများ၊ ဆွေမျိုးရင်းချာများ ဖြစ်ခဲ့ကြခြင်းကြောင့်သာဖြစ်ကြောင်း လက်ခံရမည် ဖြစ်ပါသည်။



# အမည်မှည့်ခေါ်ပုံ

ဂျိန်ဖော့တိုင်းရင်းသားများသည် မရမ်၊ မရစ်၊ လထော်၊ လဘန်၊ အင်ခွန်၊ လဖိုင်၊ ဒါရှီ၊ မဂေါင်၊ ဒူးလင်း၊ ဆွမ်လွတ်၊ ဇခေါင်ဟူသော အနွယ်များရှိကြသည်။ ထိုအနွယ်ထဲမှ မွေးဖွားလာသည့် သားသမီးများကို အမည်မှည့်ခေါ်ရာတွင် လွယ်ကူမှုရှိသည်ကို တွေ့ရှိရသည်။ ဥပမာအားဖြင့် -

| စဉ် | သား | သမီး |
|---|---|---|
| ပထမ | ကမ် | ကော့ |
| ဒုတိယ | နော် (နောင်) | လု |
| တတိယ | လ | ရွယ် |
| စတုတ္ထ | တူး | ထု |
| ပဥ္စမ | တန် | ကိုင် |
| ဆဋ္ဌမ | ယော် (ယောင်) | ခါ |
| သတ္တမ | ခါး | ပရီ |

| စဉ် | သား | သမီး |
| --- | --- | --- |
| အဌမ | ရှုရှယ် | ယွန် |
| နဝမ | ယွန်း | ကြိမ် |
| ဒသမ | ကျင် | ကြိမ်နန်း |
| ဧကာဒသမ | ကျင်နန်း | ကြိမ်ထန်း |
| ဒွါဒသမ | ကျင်ထန်း | ကော့ထန်း |

ဂျိန်ဖော့တို့သည် ယောကျ်ားအမျိုးသည်သာ ပဓာနဖြစ်သော ဖမျိုးယူစနစ်ကို အခြေခံသည့်အတွက် တစ်သက်လုံးအမည် မှည့်ခေါ်ရာတွင် အမည်ကောင်းရန် မလိုပေ။ မိန်းမများကမူ အိမ်ထောင်ပြုသည့်နေ့မှစ၍ မူလနာမည် ပျောက်လေသည်။

သို့ဖြစ်၍ မရစ်မျိုးက မွေးဖွားသော ပထမသားကို မရစ်ကမ်၊ ဒုတိယသားကို မရစ်နော်၊ တတိယသားကို မရစ်လ၊ ပထမသမီးကို မရစ်ကော့၊ ဒုတိယသမီးကို မရစ်လု၊ တတိယသမီးကို မရစ်ရှယ်ဟု ခေါ်ဆိုသည်။

ထို့အတူ လဖိုင်မျိုးက မွေးဖွားလာပါကလည်း ပထမသားကို လဖိုင်ကမ်၊ ဒုတိယသားကို လဖိုင်နော်၊ တတိယသားကို လဖိုင်လ၊ ပထမသမီး လဖိုင်ကော့၊ ဒုတိယသမီးကို လဖိုင်လူ၊ တတိယသမီးကို လဖိုင်ရှယ်ဟု ခေါ်ဆိုသည်။ သို့ဖြစ်၍ သားယောကျ်ားများနည်းတူ သမီးမိန်းကလေးများကိုလည်း သမီးကြီး၊ လတ်၊ ငယ် ဟူ၍ သိရှိနိုင်သည်။

ဤသို့ အမည်မှည့်ခေါ်ပုံကို ကြည့်ခြင်းအားဖြင့် ဂျိန်ဖော့တို့၏ အမည်ပေးပုံ၊ အမည်မှည့်ခေါ်ပုံ သတ်မှတ်ချက်များမှာ အမျိုးအနွယ်ကို သိရှုံမျှနှင့်ပင် စိတ်ဝင်စားဖွယ် ကောင်းလှသည်။



# ဝတ်စားဆင်ယင်ထုံးဖွဲ့မှု

ဂျိန်ဖော့ တိုင်းရင်းသားများ၏ မူလအခြေခံဝတ်စုံမှာ "ခရူး" ဝတ်စုံဖြစ်သည်။ ခရူးခေါ် ကချင်တိုင်းရင်းသားကို ပူတာအို၊ မချမ်းဘော၊ နောင်မွန်း၊ ဆွမ်ပရာဘွမ်မြို့နယ်များတွင် တွေ့ရှိရပြီး ဗန်းမော်၊ မြစ်ကြီးနားနှင့် ကချင်ပြည်နယ် မြို့ရွာဒေသများတွင် ခရူးဟူ၍ မခေါ်တော့ဘဲ ဂျိန်ဖော့ဟူ၍သာ ခေါ်ကြသည်။ အမှန်အားဖြင့် ခရူးသည် ဂျိန်ဖော့တိုင်းရင်းသားဖြစ်ပြီး မြစ်ဖျားပိုင်းနေ ဂျိန်ဖော့တိုင်းရင်းသား ဖြစ်ပေသည်။ ထူးခြားသည်မှာ ခရူးဂျိန်ဖော့များသည် ခရူးဝတ်စုံဟူ၍ သီးခြားရှိနေခြင်းဖြစ်သည်။ သို့ဖြစ်၍ မြစ်ဖျားပိုင်းဒေသ ဂျိန်ဖော့တို့၏ ဝတ်စုံကို ခရူးဝတ်စုံဟူ၍ ခေါ်ဝေါ်ခြင်းဖြစ်သည်။

အမျိုးသားများသည် ငယ်စဉ်က "တန်ပိုင်" ခေါ် ကွင်းမဆက်သည့် လုံချည်ကို ဝတ်ဆင်ကြသည်။ အလျား ခြောက်တောင်ခန့်ရှည်ပြီး အလျားလိုက်၊ ပြန့်လိုက် လုံချည် ဖြစ်သည်။ ယနေ့ခေတ်တွင် "ဘူကရောင်"ခေါ် ကွင်းလုံချည်များကိုသာ ဝတ်ဆင်ကြသည်။ ယနေ့

ကချင်လုံချည်၊ ကချင်ပုဆိုးဟူ၍ အများသုံးစွဲနေကြ၊ သိနားလည်နေကြသည့် လုံချည်များ၊ ပုဆိုးများမှာ ခရူးလုံချည်နှင့် ခရူးပုဆိုးများဖြစ်သည်။

အမျိုးသားများသည် အနက်ရောင် အောက်ခံတွင် "ရှစစ်" ခေါ် အစိမ်းရောင်၊ "ဖောင်း" ခေါ် ခရမ်းရင့်ရောင်များကို အကွက်ဖော်ရက်လုပ်ထားသည့် ပုဆိုးများကို ဝတ်ဆင်ကြသည်။ ယင်းပုဆိုးများသည် ရိုးရာလုံချည်ဖြစ်သည်။

အင်္ကျီမှာ "ပလောင်ဂျဖရော" ခေါ် အဖြူရောင် လက်ရှည်ကော်လာကတုံး အင်္ကျီဖြစ်သည်။ ၎င်းအင်္ကျီပေါ်တွင် "ဒပုံလောင်" ခေါ် တိုက်ပုံအင်္ကျီ မီးခိုးရောင် သို့မဟုတ် အနက်ရောင်ကိုထပ်၍ ဝတ်ဆင်ကြသည်။ ခေါင်းပေါင်းကို လက်ယာရစ် ပတ်ပေါင်း ပေါင်းကြသည်။ ၎င်းခေါင်းပေါင်းမှာ ခြောက်တောင်ခန့်ရှည်လျားပြီး အနံမှာ တစ်ပေခန့်ရှိသည်။

ခရူးအမျိုးသားများ၏ ဝတ်စားဆင်ယင်မှုသည် ဗမာအမျိုးသားများ၏ ဝတ်စုံနှင့် ခပ်ဆင်ဆင်တူညီသည်။ ခေါင်းပေါင်းလွယ်အိတ်နှင့် ဓားလွယ်တို့ ပါရှိသည့်အခါမှသာ ဗမာအမျိုးသားဝတ်စုံနှင့် ကွဲပြားခြားနားမှုရှိကြောင်း တွေ့ရသည်။ ဓားလွယ်မှာ အင်ထိုခေါ် ဓားအရှည်မျိုးဖြစ်သည်။ ဓားလက်ကိုင်ရိုးမှာ သစ်သားလက်ကိုင်ရိုးဖြစ်ပြီး ကြိမ်ဖြင့်ကွပ်ထားသည်။ သဘော်ဆေးအနီများ သုတ်လိမ်းထားသည်။ လက်ကိုင်ရိုးနောက်ပိတ်ကို "မကွေဂေါ်" ခေါ် ဆင်စွယ်ဖြင့် ကွပ်ထားသည်။ ဆင်စွယ်မရပါက "အင်ရာ" ခေါ် အရိုးတစ်မျိုးမျိုးနှင့် စနစ်တကျကွပ်ထားသည်။ "ဖွန့်ပြန်အင်ဂါး" ခေါ် သစ်သားဓားအိမ်တွင် ထည့်၍ လွယ်ကြခြင်းဖြစ်သည်။



သစ်သားဓားအိမ်မှာ အလျားတစ်တောင့်ထွာ၊ အနံ ငါးလက်မ၊ အထူ တစ်လက်မ သစ်သားကို နှစ်ဖက် လိုင်းဖော်ပြီး ထွင်းထားသည်။ ပြီးလျှင် ဓားလွယ်ကြိုးဖြင့် တွဲကွပ်ကာ ဓားအိမ်နှင့် အတူတကွရှိစေရန် ထိုးကွပ်ပြုလုပ်ထားသော ဓားလွယ်ကြိုးဖြင့် လွယ်ရသည်။ အနီရောင် ဆေးသုတ်ထားသော "ဒွမ်ဖ" ခေါ် ဓားအိမ်နှင့် ဓားလွယ်ကြိုးမှာ တစ်ဆက်တည်း ကွင်းပုံသဏ္ဌာန်ပြုလုပ်ထားရာတွင် လွယ်လျှင်အသင့်အနေအထားပုံ ရရှိလေသည်။

ခရူးအမျိုးသမီးများ၏ ဝတ်စုံဆင်ယင်မှုတွင် အမျိုးအစားအားဖြင့် သုံးမျိုး ကွဲပြားခြားနားကြောင်း တွေ့ရသည်။ အရွယ်မရောက်သေးသော



ခရူးအမျိုးသမီး
ဝတ်စားဆင်ယင်ပုံ
ကလေးအရွယ် (ဝဲ)၊
အပျိုအရွယ် (လယ်)၊
အိမ်ထောင်သည်
(ယာ)

လူငယ်မိန်းကလေးများ ဝတ်စုံ၊ အပျိုအရွယ် မိန်းကလေးများ ဝတ်စုံ၊ အိမ်ထောင်ကျပြီးသော လူကြီးပိုင်းဝတ်စုံဟူ၍ ရှိပေသည်။

အရွယ်မရောက်သေးသော လူငယ်မိန်းကလေးများသည် ပိုးချည် သို့မဟုတ် ဝါချည်များဖြင့် ရက်လုပ်ထားသော အဖြူရောင် ခေါင်းပေါင်းကို ပေါင်းကြသည်။ အရှည် လေးတောင်၊ အကျယ် ၁၀ ပေခန့်ရှိသော အဖြူရောင်ခေါင်းပေါင်းကို လက်ယာရစ် အချွန်းပုံသဏ္ဌာန် ပေါင်းကြသည်။ ခေါင်းပေါင်းစကို ဦးခေါင်း၏ လက်ဝဲဘက်နောက်တွင် ချထားသည်။ ခေါင်းပေါင်းကို မပေါင်းမီ ဆံပင်ကို လှပသေသပ်စွာ ဖြီးလိမ်း၍ ဆံထုံးကို ထုံးဖွဲ့ရသည်။ "အင်ဂျော့" ခေါ် ဆံထုံးတွင် "ပွန်ဖော့ဂျော့ဂန်" ခေါ် ငွေဆံထိုးဖြင့် သေချာစွာ ထိုးစိုက်ထုံးဖွဲ့ထားသည်။

အရွယ်ရောက်သူ အပျိုမိန်းကလေးများနှင့် အိမ်ထောင်သည်များ၏ ခေါင်းပေါင်းမှာ ခရမ်းရောင် သို့မဟုတ် နီညိုရောင်အောက်ခံဖြစ်ပြီး အနက်၊ အစိမ်း၊ အနီရောင်များဖြင့် အကွက်ဖော် ရက်လုပ်ထားသော ပိုးချည်ခေါင်းပေါင်းဖြစ်သည်။ အရွယ်ရောက်သူ မိန်းမပျိုကလေးများသည် ခေါင်းပေါင်းကို အချွန်းပုံသဏ္ဌာန်မျိုး မဟုတ်ဘဲ လက်ယာရစ်ပတ်၍ ပေါင်းကြသည်။ နားတွင် ရွှေငွေတို့ဖြင့် ပြုလုပ်ထားသော "နာလကန့်" ခေါ် နားကပ်များကိုလည်း ပန်ဆင်ကြသည်။ လည်ပင်းတွင် "ရှဝါနာ"ခေါ် ရိုးရာပုတီးများကို ဆွဲထားကြသည်။ ၎င်းပုတီးမှာ အနီနှင့် အဝါရောင် သန္တာပုတီးများနှင့် အခြား သဘာဝပုတီးများပင် ဖြစ်သည်။ ပုတီးများအပြင် "ဂရစ်" ခေါ် ငွေကွင်းများကိုလည်း ဆွဲထားကြသည်။

အရွယ်မရောက်သေးသော မိန်းကလေးများနှင့် အပျိုအရွယ် မိန်းကလေးများသည် "ပလောင်ဂျဖရော" ခေါ် အဖြူရောင် လက်ရှည် အင်္ကျီကို အောက်ခံအင်္ကျီအဖြစ် ဝတ်ဆင်ပြီး အပေါ်တွင် "ရှကျန်" ခေါ် အနက်ရောင် ကတ္တီပါဖျင်အင်္ကျီ သို့မဟုတ် ပိုးချည်ဖျင်အင်္ကျီကို ထပ်မံဝတ်ဆင်သည်။ အဆိုပါအင်္ကျီတွင် ငါးမူးစေ့အဝိုင်းအရွယ်ရှိ "အုပ်ဂေါန်"ခေါ် ငွေမောင်းများ၊ "ရှန်ရှီ" ခေါ် ငွေဆွဲပြားများ တွဲကပ်သီချုပ်၍ အလှဆင်ထားသည်။ ငွေမောင်းများ၊ ငွေဆွဲပြားများသည် အင်္ကျီ၏ အရှေ့ပိုင်းနှင့် နောက်ကျော ကုပ်ပိုး အပေါ်ပိုင်းများတွင် ပါရှိသည်။

အိမ်ထောင်သည် အမျိုးသမီးများနှင့် အသက်ကြီးပိုင်း အမျိုးသမီးများသည်လည်း အဖြူရောင်လက်ရှည်အင်္ကျီကို အတွင်းအောက်ခံအဖြစ် ဝတ်ဆင်သည်။ ယင်းအပေါ်တွင် အညိုရောင်နှင့် ခရမ်းရောင်အောက်ခံထားလျက် အနက်၊ အစိမ်း၊ အနီရောင်ကွက်များ ဖော်၍ ရက်လုပ်ထား

ဂျိန်ဖော့အမျိုးသမီးကြီးတစ်ဦး ရိုးရာဂျပ်ခုတ်ရက်ကန်း ရက်လုပ်နေစဉ်



သော "နိမ်ဝတ်" ခေါ် ရင်စည်းဖျင်ကို ကိုယ်တွင်ပတ်၍ဝတ်ဆင်သည်။ ၄င်းနိမ်ဝတ်မှာ ချိုင်းအောက်မှ ခါးအထိ ပတ်၍ထားခြင်းဖြစ်သည်။ လက်တွင် ငွေလက်ကောက်ကွင်းကြီးများကို ဝတ်ဆင်ကြသည်။

လုံချည်မှာ အရွယ်မရောက်သေးသူ မိန်းကလေးငယ်များသည် "ဘူကန်" ခေါ် ကွင်းဆက်လုံချည်များကို ဝတ်ဆင်ကြသည်။ အရွယ်ရောက်သူ အပျိုအရွယ် မိန်းကလေးများနှင့် အိမ်ထောင်ကျပြီးသူ လူကြီးပိုင်း အမျိုးသမီးများမှာ ကွင်းမဆက်သည့် "ဘူထန်" ခေါ် လုံချည်မျိုးကို ဝတ်ဆင်ကြသည်။ ယင်းလုံချည်မှာ နှစ်နံစပ်လုံချည်မျိုးဖြစ်၍ အလျား ခြောက်တောင်ခန့်ရှိသည်။ အနံမှာ အရပ်အမောင်းနှင့် ကိုက်ညီသော အတိုင်းအတာမျိုးဖြစ်သည်။ ဗမာအမျိုးသမီးများ၏ လုံချည်ကဲ့သို့ အထက်ဆင်ဟူ၍ မပါရှိပေ။

ဤသို့ အင်္ကျီနှင့် လုံချည်များကို ဝတ်ဆင်ပြီးပါက "ရှိန်ကစ်" ခေါ် ချည်ခါးပတ်ကို အပေါ်မှထပ်၍ ပတ်ထားသည်။ အဖြူရောင် အောက်ခံတွင် အညိုရောင်၊ အနီရောင် ရိုးရာကွက်များကို ရှစ်လက်မ စီခြား၍ တစ်ရစ်စီ တစ်ရစ်စီ ရက်လုပ်ထားသော အလျား ခြောက်တောင်ခန့်ရှည်သည့် ပိုးချည်ခါးပတ်ဖြစ်သည်။

လုံချည်ကို ဝတ်ရာတွင် ရိုးရာအကွက်အစင်းများဖော်၍ ရက်လုပ်ထားသော အမြိတ်စွန်းအစကို ဝဲဘက်တွင် ချထားပြီး ခါးပတ်၏ အစွန်းစ နှစ်စကို ယာဘက်တွင် ချထားသည်။ ထိုသို့ဝတ်ဆင်ပြီးပါက ခါးတွင် "ဆွမ်ဘန်" ခေါ် ကြိမ်ကွင်းများကို ဝတ်ဆင်ရသည်။ ကြိမ်ကွင်းများမှာ "ဖွန်ဒန်" ခေါ် အနီနှင့် အနက်ရောင် ရောထားသော ကြိမ်ကွင်းများဖြစ်သည်။ ၄င်းကြိမ်ကွင်းများမှာ တစ်ကွင်းစီ သီးခြားဖြစ်သော်လည်း လိမ်ယှက်တွဲထားသည်။ ကြိမ်ကွင်းရေ ၄၀ မှ ၅၀ ထိ ဝတ်ဆင်ကြကြောင်း တွေ့ရသည်။



"လဖြဲ့" ခေါ် ဖိနပ်ကိုမူ မိမိတို့ နှစ်သက်ရာ ခြေညှပ်ဖိနပ်၊ ခုံမြင့်ဖိနပ်၊ ကွင်းစွပ်ဖိနပ် စသည်ဖြင့် ဝတ်ဆင်ကြသည်။ ဤဖိနပ်များမှာ ရိုးရာဖိနပ်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ခရူးတို့သည် ရှေးအခါက တောတောင်များထဲတွင်သာ နေလာကြပြီး ဖိနပ်စီးသွားသော အလေ့အထမရှိ၍ ရိုးရာဖိနပ်ဟူ၍လည်း မရှိခဲ့ပေ။

ခရူးအမျိုးသား၊ အမျိုးသမီးများသည် ခေါင်းပေါင်းပေါင်းခြင်း၊ လုံချည်ဝတ်ခြင်း၊ ခါးပတ်ဝတ်ဆင်ခြင်း စသည်တို့တွင် လက်ယာရစ်ရစ်ပတ်၍ ဝတ်ဆင်ကြသည်။ ၄င်းတို့၏ ဝတ်ဆင်မှုမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ နွယ်ပင်များ၏ သဘာဝ လက်ယာရစ်ဟူသော ဝတ်စားဆင်ယင်မှုမျိုးကိုသာ သုံးစွဲခြင်းဖြစ်သည်ဟု ဆိုပါသည်။

ဗန်းမော်နယ် ဂျိန်ဖော့အမျိုးသားများ၏ ဝတ်စားဆင်ယင်မှုတွင် အမျိုးသားများသည် အဖြူရောင် ရှပ်အင်္ကျီလက်ရှည်ကို ဝတ်ဆင်ပြီး အဝါရောင် တိုက်ပုံအင်္ကျီကို ဝတ်ဆင်သည်။ အဝါရောင် ခေါင်းပေါင်းကို ပေါင်းကြသည်။ ဤခေါင်းပေါင်းမှာ ပတ်ပေါင်းရသော ခေါင်းပေါင်းမျိုး မဟုတ်ဘဲ ပုံစံချုပြုလုပ်ထားသော ခေါင်းပေါင်းမျိုးဖြစ်သည်။ မြန်မာတို့၏ မောင့်ကျက်သရေခေါင်းပေါင်းနှင့် ဆင်တူရိုးမှားဖြစ်သည်။ သို့သော် မောင့်ကျက်သရေခေါင်းပေါင်းကဲ့သို့ ခေါင်းထိပ်ပိုင်းတစ်ခုလုံး လုံခြုံအောင် အုပ်ထားခြင်းမျိုးမဟုတ်ဘဲ ဘေးပတ်လည်တွင်သာ ရှိပြီး ခေါင်းပေါင်းစကို ယာဘက်တွင် ချထားသည်။ အဆိုပါ ခေါင်းပေါင်းမှာ ကြိမ်ကို နန်းဆွဲ အချောသတ်ပြီး ကွင်းငယ်များသဏ္ဍာန် လိမ်ယှက် ရက်လုပ်ထားသည်။

ဗန်းမော်နယ် ဂျိန်ဖော့ အမျိုးသားများသည် "ဆန်ဂန်းဘိုခရ" ခေါ် အဝါရောင် ဘောင်းဘီရှည်ကို ဝတ်ဆင်ကြသည်။ ဖိနပ်ကိုမူ

ကင်းဘာတ်ဖိနပ်၊ ဘွတ်ဖိနပ်၊ ရှူးဖိနပ်၊ ခြေညှပ်ဖိနပ် စသည်ဖြင့် နှစ်သက်ရာ ဝတ်ဆင်ကြသည်။

ဓားကို လွယ်ရာတွင် ငွေဓားလွယ်ကို လွယ်ကြသည်။ ဓားမှာ အဖြောင့်ဖြစ်၍ ဓားအိမ်မှာ ငွေဓားအိမ်ဖြစ်သည်။ ဓားလက်ကိုင်ရိုးမှာလည်း ငွေလက်ကိုင်ရိုးဖြစ်၍ ဓားနောက်ပိတ်မှာ ကြယ်ပွင့်ပုံ အလုံးပုံ သဏ္ဌာန် ဖော်ထားသော 'ငွေဓားခွေး' ဖြစ်သည်။ ဗမာလူမျိုးများ ကိုင်တွယ်သော ဓားဖြောင့်ဓားချွန်နှင့် ထိပ်တုံးဓားမျိုးဖြစ်သည်။ ၄င်းဓားကို ဓားအိမ်တွင်ထည့်ပြီး ဓားလွယ်ကြိုးဖြင့် ယာဘက်ပခုံးတွင် လွယ်ပိုးသည်။ ငွေမောင်းများ တပ်ဆင်ထားသော အနက်ရောင်ကြိုး ပါရှိသော အနီရောင် လွယ်အိတ်ကိုလည်း ယာဘက်ပခုံးတွင် ဓားနှင့် တစ်ဖက်တည်း လွယ်လေ့ရှိသည်။

ငွေဓားအိမ်ကို အလှအပ ပန်းကွက် ပန်းပြောက်များဖြင့် ပုံဖော်ပြုလုပ်ထားသည်။ အချို့ငွေဓားအိမ်များတွင် အနီ၊ အစိမ်း၊ အဝါ၊ အပြာ စသည့်အရောင်များ ထည့်သွင်း၍ ပန်းကွက် ပန်းပြောက်များ ပုံဖော်ထားသည်ကို အဆန်းတကြယ်တွေ့မြင်နိုင်သေးသည်။



ခနုးဂျိန်ဖော့အမျိုးသားများလွယ်သည့် ရိုးရာဓား (သစ်သားနှင့် ကြိမ်ဓားအိမ်)၊ မြစ်ကြီးနား ဗန်းမော် ဂျိန်ဖော့ အမျိုးသားများ လွယ်သည့် ရိုးရာဓား (အဖြောင့်ပုံ)



ထို့နောက် ခြေစွပ်ကို စွပ်ကြသည်။ ၄င်းခြေစွပ်မှာ ဒူးအောက်နားစပ်မှာ ခြေချင်းဝတ်အထိရှိသည်။ ခြေသလုံးတစ်လျှောက် ဝတ်ဆင်ထားခြင်းဖြစ်သည်။ အနီရောင် ပိုးချည်ဖြင့် ရက်လုပ်ကွင်းကွင်းထားပြီး ခြေစွပ်ထက်အောက်နားများတွင် ပန်းဖွားများ တပ်ဆင်ထားကြသည်။ ဒူးအောက်နား ခြေစွပ်အထက်ပိုင်းတွင် ချည်ကြိုးပါရှိသည်။ ခြေစွပ်ကို ကျွတ်ထွက်မသွားစေရန် ဝတ်ဆင်ပြီးသည်နှင့် ချည်ကြိုးဖြင့် တင်းကျပ်စွာ ချည်နှောင်စည်းထားရသည်။

ဖိနပ်ကိုမူ နှစ်သက်ရာ ဝတ်ဆင်ကြသည်။ ဂျိန်ဖော့တို့သည် ရှေးအခါက တောတောင်ထဲ ဖိနပ်ဟူ၍ ဝတ်ဆင်ခြင်း မပြုကြပေ။ ဖိနပ်ဟူ၍ မပါရှိဘဲ ယခုခေတ်မှသာ ဆင်ယင်ထုံးဖွဲ့မှုနှင့် ထပ်မံဝတ်ဆင်လာသော ခေတ်သစ် ဝတ်စားဆင်ယင်မှုတစ်ခုအဖြစ် တွေ့မြင်ရခြင်းဖြစ်သည်။

ဗန်းမော်နယ် ဂျိန်ဖော့အမျိုးသမီးများသည် ရိုးရာဝတ်စုံကို ရိုးရာပွဲလမ်းသဘင်များ၊ ရိုးရာအခမ်းအနားများ၊ နိုင်ငံတော်မှ ကြီးမှူး ကျင်းပသည့် အခမ်းအနားများတွင် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်း ဖော်ထုတ်သည့်အနေဖြင့် ဝတ်ဆင်ကြသည့် မြစ်ကြီးနားနယ် ဝတ်စား ဆင်ယင် ထုံးဖွဲ့ပင် ဖြစ်ပေသည်။

ဂျိန်ဖော့ အမျိုးသားများ၏ ဝတ်စား ဆင်ယင်မှုသည် အဆင် အပြင် အရောင်အသွေးမှာ ကွဲပြား ခြားနားမှုရှိသည်။ အမျိုးသားများသည် အဖြူရောင် ရှပ်အင်္ကျီလက်ရှည်၊ အနက်ရောင် ရှမ်းဘောင်းဘီ တို့ကို ဝတ်ဆင်ကြသည်။ ခေါင်းပေါင်းကိုပေါင်း၍ ဓားနှင့် လွယ်အိတ်ကို လွယ်ကြသည်။ ဝတ်စားဆင်ယင်မှုတွင် ဗမာအမျိုးသားများ၏ ဝတ်စုံတစ်ပိုင်းနှင့် ရှမ်းအမျိုးသားများ၏ ဝတ်စုံတစ်ပိုင်းကို တွေ့ရသည်။



ဂျိန်ဖော့ အမျိုးသား၊
အမျိုးသမီး ဝတ်စားဆင်ယင်ပုံ

အမျိုးသားများသည် ခေါင်းပေါင်းကို ပေါင်းထားသည်။ ခရမ်းရောင်အကွက် ခေါင်းပေါင်းဖြစ်သည်။ အလျားမှာ နှစ်ကိုက်ရှည်လျားပြီး အနံမှာ ၁၀ လက်မမှ ၁၅ လက်မအထိရှိသည်။ အနံကို နှစ်ခေါက် သုံးခေါက် ခေါက်၍လည်းကောင်း၊ လက်ယာရစ် ရစ်ပတ် ပေါင်းကြသည်။ နှစ်ခေါက်ခေါက်ပါက ဒုတိယခေါက်ချိုးနှင့် ကျန် ခေါက်စနှစ်ဖက်ကို အပေါ်ဘက်တွင် ထားရသည်။ ခေါင်းပေါင်းစကို ထိုးညှပ်ရာတွင် ခေါင်းပေါင်းစ အမြိတ်စွန်းနှင့် အပိုစွန်းတို့ကို ထား၍ လွယ်ကူစေသည်။ အရှည် သုံးလက်မမှ လေးလက်မရှိ ခေါင်းပေါင်းစကို ယာဘက်တွင် ချသည်။

မြစ်ကြီးနားနယ် ဂျိန်ဖော့ အမျိုးသားများ၏ ရိုးရာ အင်္ကျီမှာ ရှပ်အင်္ကျီ အဖြူရောင်လက်ရှည် ဖြစ်သည်။ တိုက်ပုံအင်္ကျီကို ဝတ်ဆင်ပြီး တိုက်ပုံအင်္ကျီအရောင်မှာ အဖြူရောင် သို့မဟုတ် အနက်ရောင်



ဖြစ်သည်။ များသောအားဖြင့် အဖြူရောင်ကို သုံးကြသည်။ ဘောင်းဘီကို ဝတ်ဆင်ကြသည်။ ဘောင်းဘီမှာ အနက်ရောင် ရှမ်းဘောင်းဘီပင်ဖြစ်သည်။ ရှမ်းတို့သည် ကချင်ပြည်နယ်တွင် ဂျိန်ဖော့များထက်စောစွာ ဝင်ရောက်နေထိုင်ကြသော အထောက်အထားများရှိရာ ဝတ်စားဆင်ယင်မှုများ ကူးလူးဆက်နွှယ်လာသည်ဟု ယူဆရပေသည်။ အဘယ်ကြောင့်ဆိုသော် ဂျိန်ဖော့အမျိုးသားများကိုယ်တိုင်က ရှမ်းဘောင်းဘီဟူသော စကားကို တွင်တွင်ကျယ်ကျယ် လက်ခံ သုံးစွဲမှု ပြုကြသောကြောင့် ဖြစ်သည်။

ဗန်းမော်နယ် ဂျိန်ဖော့အမျိုးသမီးများမှာ ဆံပင်ကို လှပသေသပ်စွာ ထုံးဖွဲ့ထားသည်။ 'ဘောမ်ခေါ့' ခေါ် အနီ၊ အဝါ၊ အပြာ၊ လိမ္မော်ရောင် စသည့် ရောင်စုံသိုးမွေးချည်များဖြင့် လှပဆန်းကြယ်စွာ ရက်လုပ်ထားရာ အလွန်ထူထပ်လှသည်။ ဒေါင်လိုက် လိုင်းစင်းများဖော်ပြီး ပန်းပွင့်ပုံ လိုင်းတွန့်ပုံများ ဖော်၍ ရက်လုပ်ထားသော ခေါင်းပေါင်း ဦးထုပ်မျိုးဖြစ်သည်။ အလျား ခြောက်တောင်ထွာရှိပြီး အနံမှာ ရှစ်လက်မှ ၁၀ လက်မအထိရှိသည်။ မျက်နှာကို အလှအပများ လိမ်းခြယ်ကြသည်။

အမျိုးသမီးကြီးများသည် ရှေးယခင်က နားတွင် 'နာကလန့်' ခေါ် နားကပ်အဖြစ် အလျား သုံးလက်မရှည်ပြီး တစ်မူးလုံးအရွယ်ရှိ ပယင်းတောင့်များကို ပန်ဆင်ကြသည်။ ယခုခေတ် 'နာဝါ' ခေါ် ရွှေနားဆွဲများ၊ ရွှေနားကွင်း၊ 'ငွန်ဖော်နာဝါ' ခေါ် ငွေနားဆွဲများ၊ ငွေနားကွင်းများကို ပန်ဆင်ကြသည်။ 'ဂျာကင်ကျိး' ခေါ် ရွှေလည်ဆွဲများ၊ ရွှေပုတီးများ၊ 'လုံဆဲ' ခေါ် ကျောက်စိမ်းလည်ဆွဲများ၊ ကျောက်စိမ်းပုတီးများကို ဆင်မြန်းကြသည်။

အင်္ကျီမှာ အဖြူရောင် အောက်ခံအင်္ကျီကို ဦးစွာ ဝတ်ဆင်ပြီး အပေါ်တွင် အနက်ရောင် ကတ္တီပါ လက်ရှည်အင်္ကျီကို ဝတ်ဆင်ကြသည်။ ၎င်းအင်္ကျီပေါ်တွင် "ဆွယ်ပလောင်" ခေါ် ငွေမောင်း၊ ငွေကွင်းများ၊ ငွေဆွဲပြားများကို တွဲကပ်သီချုပ်ထားသည်။ အင်္ကျီ ရှေ့ရင်ဖုံးတွင် ငွေဆွဲပြားကို ငါးခုမှ ခြောက်ခုအထိဆွဲပြီး နောက်ကျောတွင် အလားတူ ငွေဆွဲပြားကြီးများကို ဆွဲထားသည်။ ငွေမောင်း၊ ငွေကွင်း၊ ငွေဆွဲပြားများမှာ အင်္ကျီအရွယ်အစားကိုလိုက်၍ အရေအတွက် အနည်းငယ်ကွဲပြားခြားနားမှု ရှိပေသည်။

ငွေလက်ကောက်ကွင်းကြီးများကို တစ်ဖက်တစ်ကွင်း ဝတ်ဆင်ကြသည်။ ယခုခေတ်တွင် ကျောက်စိမ်းလက်ကောက်များကိုလည်း ဝတ်ဆင်လာကြသည်။ ဗန်းမော်နယ် ဂျိန်ဖော့အမျိုးသမီးများ၏ လုံချည်မှာ အနီရောင် ပိုးချည်မျှင်ဖြင့် ရက်လုပ်ထားသည်။ ကွင်းလုံချည်မဟုတ်ဘဲ ကွင်းမဆက်သည့် ပြန့်လုံချည်ဖြစ်သည်။ အလျား ခြောက်တောင်ရှည်ပြီး အနံမှာ ဝတ်ဆင်သူ၏ အရပ်အမောင်းနှင့်ကိုက်ညီသော အတိုင်းအတာ ဖြစ်သည်။ လုံချည်ကို အကွက်များ၊ လိုင်စင်းများ၊ ပန်းပွင့်များ ဖော်၍ ရက်လုပ်ထားသည်။ များသောအားဖြင့် လေးထောင့်ပုံသဏ္ဌာန် အကွက်မျိုးဖော်၍ ရက်လုပ်ဝတ်ဆင်ကြသည်။ ၎င်းလုံချည်ကို အနီရောင် အောက်ခံတစ်မျိုးတည်းဖြင့် ရက်လုပ်ပြီး အကွက်များနှင့်လိုင်းစင်းများကိုမူ အဝါရောင်၊ အဖြူရောင်၊ ပန်းရောင်၊ လိမ္မော်ရောင်များဖြင့် ရက်လုပ်ထားခြင်းဖြစ်သည်။ အထူးသဖြင့် အကွက်ငယ်များတွင် ပန်းပွင့်များကို ပုံဖော် ရက်လုပ် ဝတ်ဆင်ကြသည့် လုံချည်မျိုးဖြစ်သည်။

ယင်းလုံချည်ကို လက်ယာရစ် ပတ်ပြီးနောက် ယာဘက်တွင် လုံချည်၏ အစွန်းကို ခေါက်ချိုးပုံစံ တွဲလျား ချထားသည်။ လုံချည်



ဝတ်ပြီးသည်နှင့် ဖျင်ခါးပတ်ကို ပတ်၍ ဝတ်သည်။ ၎င်းခါးပတ်မှာ အနက်ရောင် သို့မဟုတ် အဖြူရောင်ခါးပတ်ဖြစ်ပြီး ဝဲဘက်တွင် ခါးပတ်အောက် ခါးတစ်ပတ်လည်တွင် ကွင်းများကို ဝတ်ဆင်ကြသည်။ ထိုကြိမ်ကွင်းများမှာ ကွင်းရေ ၅၀ မှ ၆၀ အထိရှိပြီး ကြိမ်ကွင်းများမှာ တစ်ကွင်းစီ သီးသန့်ဖြစ်၍ အားလုံးကို တွဲ၍ချည်နှောင်ထားခြင်းဖြစ်သည်။

ဓားနှင့် လွယ်အိတ်မှာ မပါမပြီး မရှိမဖြစ်သည့် အရာဖြစ်သည်။ ဓားကိုလွယ်ခြင်းမှာ ရန်သူကို ကာကွယ်ရန်နှင့် တောင်ယာလုပ်ငန်းတွင် ဓားကို အားကိုးပြီး လုပ်ကိုင်နေရသောကြောင့်ဖြစ်သည်။ သစ်သားဓားအိမ်တွင်ထည့်၍ ကြိမ်ဖြင့် ထိုးကွပ်ထားသည့် ဓားလွယ်ကြိုးနှင့် တွဲကာ တစ်ပါတည်း ပြုလုပ်ထားသည်။ ဓားလွယ်ကြိုးနှင့် ဓားအိမ်

ခရူးနှင့် ဂျိန်ဖော့ တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့်
စာရေးသူ အမှတ်တရ



ကြိုးကို အနီရောင်ဆေးဖြင့် သုတ်လိမ်းထားသည်။ မြစ်ကြီးနားနယ် ဂျိန်ဖော့အမျိုးသားများ၏ ဓားမှာ ခရူးအမျိုးသားများ၏ ဓားပုံစံအတိုင်း ဖြစ်သည်။

ဂျိန်ဖော့အမျိုးသားများ၏ ရိုးရာဝတ်စားဆင်ယင်မှုတွင် ဓားနှင့်အတူ 'အင်ဖြဲ' ခေါ် လွယ်အိတ်ကိုလည်း လွယ်လေ့ရှိသည်။ ဓားနှင့် လွယ်အိတ်ကို ယာဘက်ပခုံး တစ်ဖက်တည်းတွင်လည်းကောင်း၊ ဓား တစ်ဖက်၊ လွယ်အိတ်တစ်ဖက်ထား၍လည်းကောင်း လွယ်ကြသည်။ ဓားကို လက်ဝဲဘက်တွင်ထားကာ ဓားလွယ်ကြိုးကို လက်ယာပခုံးတွင် လွယ်လေ့ရှိသည်။ အရေးကြုံက ဓားလက်ကိုင်ရိုးကို ယာလက်ဖြင့် ထုတ်ယူနိုင်ရန် ဤသို့လွယ်ထားခြင်းဖြစ်သည်ဟု ဆိုပါသည်။

ဂျိန်ဖော့အမျိုးသားများ၏ လွယ်အိတ်ကို 'ဂွန်ဖော်ဂင်ရစ်' ခေါ် ငွေကွင်းကြီးများ ဝတ်ဆင်ထားသည်။ ရှေးယခင်က ဂျိန်ဖော့ရိုးရာ လွယ်အိတ်မှာ ချည်ဖြင့် ရက်လုပ်ထားပြီး ဒူဝါကြီးများ၊ ဂုဏ်သရေရှိ လူကြီးများသာ လွယ်ကြသော်လည်း ယခုအခါ အမျိုးသားရိုးရာဝတ်စုံတွင် လွယ်အိတ်များ မပါမဖြစ် ပါဝင်လာခဲ့သည်။ မြစ်ကြီးနားနယ် ဂျိန်ဖော့ အမျိုးသားများသည် ခြေညှပ်ဖိနပ်များကိုသာ အသုံးများကြသည်။

မြစ်ကြီးနားနယ် ဂျိန်ဖော့အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုမှာမူ ဗန်းမော်နယ် ဂျိန်ဖော့အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုနှင့် အတူတူပင် ဖြစ်သည်။



# ယုံကြည်ကိုးကွယ်မှု

## နတ်များကို ပူဇော်ပသခြင်း

ဂျိန်ဖော့လူမျိုးအများစုသည် ရှေးယခင်က တောတောင်ထဲတွင် နေထိုင်ကြသည်ဖြစ်ရာ နတ်များကို ပူဇော် ပသကြသည်။ နတ်များကသာ လူတို့ ကောင်းကျိုးဆိုးပြစ်ကို ဖန်တီးနိုင်သည်ဟု ယုံကြည်ကြသည်။ သို့ဖြစ်၍ နတ်တို့ကို ရိုသေရမည်၊ ပူဇော်ပသရမည်၊ သို့မှသာ စီးပွား တိုးတက်ပြီး ကျန်းမာမည်၊ အန္တရာယ်ကင်းမည်ဟု ယုံကြည်ကြသဖြင့် နတ်ပူဇော်ပသမှုကို မိရိုးဖလာ လုပ်ကိုင် ဆောင်ရွက်လာကြလေသည်။

ဂျိန်ဖော့တို့ အပါအဝင် ကချင်မျိုးနွယ်စုဝင်များ အားလုံးတို့သည် နတ်ကိုးကွယ်မှုနှင့် လွှမ်းခြုံလျက် ရှိသည်။ ဘဝရပ်တည်မှု ခိုင်မြဲရေး၊ ဥစ္စာစီးပွား တိုးတက်ရေး၊ အန္တရာယ် ကင်းရှင်းရေးနှင့် အနာရောဂါ ကင်းရှင်းရေးတို့အတွက် မွေးဖွားသည်မှ ကွယ်လွန်ချိန်အထိ နတ်ကိုး ကွယ်ခြင်း၊ နတ်ပူဇော်ခြင်း၊ နတ်ဟောခြင်း စသည့် လုပ်ငန်းများ များပြားလျက် ရှိပါသည်။ သို့ဖြစ်၍ နတ်ပူဇော်ပသမှုကို ကျွမ်းကျင်သူ များက ဆောင်ရွက်ကြရလေသည်။

ဂျိန်ဖော့တို့ ကိုးကွယ်သည့်နတ်များမှာ အလွန်များပြားလှသည်ဖြစ်ရာ နတ်ပူဇော် ပသမှုကို ဆောင်ရွက်ပါက မိမိသဘောဖြင့် ဆောင်ရွက်၍ မရပေ။ နတ်ပူဇော်ပသမှု ကျွမ်းကျင်သူများကို ပင့်ဖိတ် ဆောင်ရွက်ရသည်။ ဆောင်ရွက်နိုင်သူများမှာ ဂျိုင်ဝါ၊ ဒွမ်ဆာ၊ ခင်ဂျောင်၊ ဖုန်လွမ်း၊ နင်ဝေါ့ဒ်၊ မြီထွယ် ဟူ၍ ရှိလေသည်။

ဂျိုင်ဝါမှာ အကြီးဆုံး နတ်ဆရာဖြစ်သည်။ မနောပွဲများ၊ မင်္ဂလာပွဲများတွင် ဆောင်ရွက်သူဖြစ်သည်။ အများအားဖြင့် ဂျိုင်ဝါများသည် အသက်အရွယ်ကြီးရင့်ပြီး အတွေ့အကြုံဗဟုသုတ ကြွယ်ဝသူများဖြစ်၍ နတ်၏ သမိုင်းစဉ်ကို သိကျွမ်းနားလည်သူများ ဖြစ်သည်။ ဒွမ်ဆာမှာ နတ်ဆရာဖြစ်သည်။ ဒွမ်ဆာကို ကောင်းကင်နတ်နှင့် မြေနတ်များကို ပူဇော်ခွင့်ရှိသူ ပထမတန်း ဂါးဒွမ်ဆာအဆင့်၊ ရိုးရာနတ်များကိုသာ ပူဇော်ခွင့်ရှိသူ ဒုတိယတန်း စုဒွမ်ဆာအဆင့်နှင့် သာမန်အသေးအဖွဲ့ကိစ္စများကို ပူဇော်ခွင့် ဆောင်ရွက်နိုင်သော တတိယတန်း ဒွမ်ဆာဝါဟူ၍ သတ်မှတ်ထားသည်။

ဒွမ်ဆာ၏ အောက်တွင် ယဇ်ကောင်များကို ခုတ်ထစ်ပေးရသော ခင်ဂျောင်နှင့် ခင်ဂျောင်အား ကူညီရန် နတ်ပူဇော်သော ယဇ်ကောင်များကို လှံဖြင့်ထိုး၍ဖြစ်စေ၊ ဓားဖြင့်ခုတ်၍ဖြစ်စေ သတ်ဖြတ်ပေးရသော ဖုန်လွမ်းတို့ ရှိလေသည်။

ထို့ပြင် နတ်ပူဇော်ရာ၌ နင်ဝေါ့ဒ်ခေါ် နတ်ဟောဆရာလည်း ရှိသေးသည်။ နင်ဝေါ့ဒ်သည် အိမ်ဆောက်ခြင်း၊ ပစ္စည်းပျောက်ခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ဖျားနာသူများအား ကျန်းမာစေရန် မည်သည့်နတ်ကို ပူဇော်ရမည် စသည်တို့ကို နတ်များထံမှ အဖြေစုံစမ်း သိရှိနိုင်သည့် ပုဂ္ဂိုလ်မျိုးဖြစ်သည်။ မြီထွယ် ခေါ် နတ်ဝင်သည်မှာ



တောနတ်၊ တောင်နတ်၊ ရိုးရာနတ်များကို ပူးကပ်ပြီး သိလိုသမျှကို နတ်စကားဖြင့် ပြောသော နတ်ရေးနတ်ရာတွင် ဩဇာရှိသူ၊ ရွာသူရွာသားများက ကြည်ညိုမှုရှိသူဖြစ်ရာ မြီထွယ်၏ နတ်ပူး၍ ပြောသမျှကို လိုက်နာ ဆောင်ရွက်ကြရလေသည်။

ဂျိန်ဖော့တို့၏ ရိုးရာယုံကြည်မှုကို ခြုံ၍ကြည့်ပါက နတ်တို့ ကျေနပ်မှုရှိရန်မှာ အဓိကဖြစ်သည်ကို သိရသည်။ နတ်တို့ကို မပူဇော်ပါက၊ နတ်ဆိုင်ရာ ပုဂ္ဂိုလ်များ၏ ပြောကြားချက်ကို မဆောင်ရွက်ပါက ဆိုးကျိုးဒုက္ခကို ရင်ဆိုင်ရတတ်သည်ဟု အယူအဆရှိသဖြင့် နတ်ပူဇော် ပသမှုကို အရေးထား ဆောင်ရွက်ကြရပေသည်။

## ရိုးရာနတ်များ

***မြေနတ်။*** ရှဒစ်နတ်ဖြစ်၍ အကြီးဆုံးနတ် ဖြစ်သည်။ ဖန်နင်းဆန်ကြေးနင်းဆန်၏ အစီအမံအတိုင်း ကမ္ဘာမြေကြီးကို ပုံသွင်းသူဖြစ်သည်။ သက်ရှိ သက်မဲ့များကို ဖန်ဆင်းခဲ့သော ကျွန္မ်း ဝေရှန်း ပြန်လည်ဝင်စားသော နတ်ဖြစ်သည်။

***ကောင်းကင်နတ်။*** အင်စာနတ်ဟု ခေါ်သည်။ ဂျိန်ဖော့တို့ ကိုးကွယ်သော နတ်များအနက် ကောင်းကင်နတ်များ၏ အကြီးအကဲနတ်ဖြစ်သည်။ ထိုနတ်များအားလုံးသည် ရှဒစ်နတ်မှ မွေးဖွားလာသော နတ်များဖြစ်၍ အငယ်ဆုံးမှာ မဒိုင်နတ်ဖြစ်သည်။

***မဒိုင်နတ်။*** ကောင်းကင်နတ်များထဲတွင် အကြီးဆုံးနတ် ဖြစ်သည်။

***မိုးကြိုးနတ်။*** ယောက္ခမမျိုးဖြစ်သည့် နတ်ဖြစ်သည်။

***မုနတ်။*** မိုးနတ်

***မုရှဲ၊ ဆင်လပ်နှင့် အင်ဘုံနတ်။*** လေနတ်

***ရိုးရာနတ်။*** ဖသားစုဆိုင်ရာ နတ်များဖြစ်သည်။ အဖနှင့် ဆိုင်သော နတ်ဖြစ်သည်။ အမိအဖနှစ်ပါး၏ အဘိုးအဘေးများသာဖြစ်သည်။ ထို့ကြောင့် ကိုယ်ရေးကိုယ်တာနတ်များဟု ခေါ်ဆိုသည်။

***ဥမနတ်။*** ရိုးရာ မဒိုင်နတ်၏ သမက်မျိုး နတ်ဖြစ်သည်။

***ဖုံးနတ်။*** နယ်စောင့်နတ်ဖြစ်သည်။

***ဒိန်နူနတ်၊ ဒိန်ဝါနတ်။*** မနောပွဲ၌ ပသသော နတ်ဖြစ်သည်။

ငှင်းအပြင် ဂျိန်ဖော့တို့ ကိုးကွယ်သော နတ်များမှာ -

| | |
|---|---|
| ၁။ အိမ်နတ် | ၂။ မုနတ် |
| ၃။ ဆင်လပ်နတ် | ၄။ မဒိုင်နတ် |
| ၅။ ကျွမ္ဗန်ဆပေါ့နတ် | ၆။ ဆနော်ပွတ်နတ် |
| ၇။ မရောနတ် | ၈။ ဆွမ်းနတ် |
| ၉။ ဂျထုံနတ် | ၁၀။ နင်းဆွမ်နတ် |
| ၁၁။ လမြွန်းနတ် | ၁၂။ နွမ်းရှမ်နတ် |
| ၁၃။ ရှင်ဂရမ်နတ် | ၁၄။ နေနတ် |
| ၁၅။ လနတ် | ၁၆။ ရိုးရာနတ် |
| ၁၇။ လေနတ် | ၁၈။ မြေနတ် |

ဟူ၍ ရှိသေးသည်။

ကချင်ရိုးရာ ကိုးကွယ်မှုမှာ နတ်ကိုးကွယ်မှု ဖြစ်သည်။ ရေ၊ မြေ၊ လေ၊ တော၊ တောင်၊ လမ်း၊ သစ်ပင်တို့ကို စောင့်သောနတ်၊ ကမ္ဘာကြီးကို စိုးမိုးသောနတ်၊ လေကိုပိုင်သောနတ်၊ မြေကိုပိုင် သောနတ်၊ အာကာသကို ပိုင်သောနတ် စသည်ဖြင့် အမျိုးမျိုးရှိသည်။



ထို့ပြင် ကွယ်လွန်သူ မိဘများ၊ အဘိုးအဘွားများကိုလည်း နတ်အဖြစ် ရည်မှန်း ပူဇော်လေ့ရှိသည်။ သက်ရှိသက်မဲ့ အားလုံးကို နတ်ကသာ ဖန်ဆင်းနိုင်သည်၊ ပြုပြင်နိုင်သည်၊ စောင့်ရှောက်နိုင်သည်၊ ဖျက်ဆီးနိုင်သည်ဟူသော ရှေးအယူအဆများအရ ဂျိန်ဖော့တို့သည် နတ်တို့ကို အထူးလေးစားကြသည်။ နတ်များကိုကိုးကွယ်ရမှ တင်းတိမ် ကျေနပ်ခြင်းသဘောကို တွေ့ရှိရသည်။

တောင်တစ်လုံးရှိလျှင် နတ်တစ်ပါး ရှိသည်။ သစ်ပင်တစ်ပင် ရှိလျှင် နတ်တစ်ပါးရှိသည်။ ချောင်းတစ်ခုရှိလျှင် နတ်တစ်ပါး ရှိသည်ဟု ယူဆသည်။ ထို့အတူ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ စိမ့်၊ စမ်း၊ ရေတံခွန်၊ ကျောက်တုံး၊ ကျောက်ဆောင်၊ တော၊ တောင်၊ လမ်း၊ စခန်း၊ လယ်ယာ၊ ဆန်စပါး၊ မိုး၊ မြေ၊ လေ၊ ရေ၊ မီး၊ ကြယ်၊ နေ၊ လ၊ နက္ခတ်၊ ကောင်းကင်၊ ကျွန်းများတွင် နတ်တစ်ပါးစီရှိကြသည်ဟု ယုံကြည်လက်ခံထားကြသည်။ သို့ဖြစ်၍လည်း ဂျိန်ဖော့တို့သည် နတ် အများဆုံးရှိသည့် လူမျိုးစုများဟု ယူဆသည်။

နတ်အမျိုးအစားများကို နေရာအလိုက် ခွဲထားသည်။

၁။ ကောင်းကင်ဘုံမှ ဘုံဗိမာန်ကို အစိုးရသောနတ်၊

၂။ နယ်မြေဝတ္ထုပိုင်ဆိုင်သူ အာကာသစိုး မဒိုင်နတ်၊

| | | |
|---|---|---|
| လ | - | ရှတာနတ်၊ |
| မူရှန် | - | မိုးကြိုးစောင့်နတ်၊ |
| ဘုံဖွဲ | - | မုန်တိုင်းဖန်ဆင်းသောနတ်၊ |
| အင်ဘုံ | - | လေကို အစိုးရသောနတ်၊ |
| ဘွမ်ဇွေ | - | မိုးတိမ်ကို အစိုးရသောနတ်၊ |
| မရှောရှီ | - | လျှပ်စီးစောင့်နတ်၊ |

မရန်း - မိုးကို ပိုင်စိုးသောနတ်၊

ဂျန် - နေကို အစိုးရသောနတ်များ ဖြစ်ကြသည်။

ဂါး - မြေကြီးစောင့်နတ်၊

ဘွန် - မြစ်စောင့်နတ်

အဘိုးအဘွားနတ်များ ဖြစ်ကြသည်။

## ဘွန်နှင့် ဂျထုန် ခေါ် နတ်ဆိုးများ

ဂျာတောင် - တံငါ၊ မုဆိုးများကို နှောင့်ယှက်ဖျက်ဆီးသော နတ်များ၊

ဆောန်း - မိန်းမများ မီးဖွားရာ၌ နှောင့်ယှက်ဖျက်ဆီးသော နတ်များ၊

စာဝါ - ထိခိုက်ဒဏ်ရာရစေ၊ သေစေသော နတ်များ။

***ကြမ္မာနတ်။*** ဤနတ်များမှာ အရေအတွက်အားဖြင့် အလွန်များပြားသည်။ ကြမ္မာနတ်များသည် မနာလိုဝန်တိုခြင်းရှိသောကြောင့် သူတို့အန္တရာယ်မှ ကင်းဝေးအောင် နေကြရသည်။ လူတစ်ယောက် စီးပွားတက်လာလျှင် အင်ဆု ခေါ် ဝန်တိုမိစ္ဆာ နတ်များက စီးပွားပျက်အောင် ဖျက်တတ်သည်ဟုဆိုသည်။ စေ့စပ်ကြောင်းလမ်းမှုများ အောင်မြင်ပြီးမှ ကြမ္မာနတ်များ ဖျက်ဆီး၍လည်း စေ့စပ်ရေးပျက်တတ်သည်ဟုဆိုသည်။ ထိုနတ်များမှာ လူမှုရေးကိစ္စအဝဝတွင် ဝင်ရောက်ဖျက်ဆီးနိုင်သဖြင့် သူ့အန္တရာယ်မှ ကာကွယ်ရန် အိမ်စောင့်နတ်ကို ပူဇော်သည့်အခါ အလုပ်၌ အနှောင့်အယှက်မပေးစေဖို့ ကြမ္မာ



နတ်ကို ပူဇော်ရသည်။ မီးဖွားခြင်းကြမ္မာ၊ သေခြင်းကြမ္မာ၊ မနောကြမ္မာ၊ အခမ်းအနားကြမ္မာ၊ ကောက်သိမ်းပွဲကြမ္မာ စသည်ဖြင့် အသီးသီးရှိရာ ကြမ္မာမဝင်စေရန် သက်ဆိုင်ရာ ကြမ္မာနတ်အား ဝက်၊ နွား၊ ကြက် စသည်တို့ဖြင့် ပူဇော်နိုင်သည်။

***စုန်းနတ်။*** ကချင်တိုင်းရင်းသားတို့၏ ယုံကြည်မှုတွင် စုန်းနတ်သည် လူသာမန်တစ်ဦးကို ဝင်ရောက် ပူးကပ်နိုင်သည် ဟူ၍ အယူရှိသည်။ လူတစ်ယောက်သည် တစ်ခါတစ်ရံ မိမိအား စုန်းပူးခြင်းကိုပင် မသိစွမ်းနိုင်ဟု ယုံကြည်သည်။ ထိုစုန်းနတ်သည် ကလေးများ လေထိုးစေရန်နှင့် ဗိုက်နာစေရန် တတ်နိုင်သည်ဟု အယူရှိသည်။ ထိုအခါမျိုးတွင် ခေါ်စာပစ်၍ စုန်းနတ်ကို အစာကျွေးရသည်။ အစာကျွေးရာတွင် အရိုးအရင်းများ၊ ကြက်ဥအခွံများ၊ ငရုတ်သီး၊ ထမင်းခဲ၊ ပြာတို့ကို ဆန်ကောထဲတွင် ဖက်နှင့်ထည့်၍ ဖက်ထုပ်ကို ညမှောင်သော နေရာတွင် သွားရောက်ချထားရသည်။ ယင်းသို့မထားမီ "စုန်းနတ်များ ယခုကျွေးသော အစာကိုစား၍ ကိုယ့်အိမ် ကိုယ့်အရပ်သို့ ပြန်ပါ၊ မပြန်လျှင် ဓားနှင့်ခုတ်သတ်ရပါမည်၊ လျှာကိုဖြတ်ရပါမည်၊ ဦးခေါင်းကို ခွဲပစ်ရပါမည်၊ စားစရာကို စားပြီးလျှင် မိမိအရပ်သို့ ပြန်ပါ" ဟူ၍ ခြိမ်းခြောက်မောင်းနှင်ထုတ်ရသည်။ ထို့အပြင် အိမ်ထောင်တစ်ခုခုတွင် စုန်းနတ်ရှိသည်ဟု အများက သိသောအခါ စုန်းနတ်ရှိသော အိမ်ထောင်သို့ သွားရောက်၍ စုန်းနတ်ကို တော်လှန်ပစ်ရန် တိုက်တွန်းရသည်။ ဤသို့ တိုက်တွန်းပြီးနောက် မြီထွယ် ခေါ် နတ်ပူးဆရာကြီး အကူအညီဖြင့် စုန်းနတ်ကို တော်လှန်ပစ်ခြင်းဖြင့် လူသစ်ဖြစ်နိုင်သည်။

## ခရစ်ယာန်ဘာသာဝင်များ ဖြစ်လာခြင်း

ရှေးယခင်က ဂျိန်ဖော့သွေးချင်းတို့သည် တောတောင်ထဲတွင်သာ အနေများခဲ့ကြသည်။ တောင်ယာစိုက်ပျိုးခြင်း၊ အမဲလိုက်ခြင်းများဖြင့် နေလာခဲ့ကြသည်။ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ကောင်းကင်နတ်၊ မြေနတ်၊ လေနတ်များကို ကိုးကွယ်ခဲ့ကြသည်။ နတ်များကသာ လူတို့၏ ကောင်းကျိုး၊ ဆိုးကျိုးကို ဖန်တီးနိုင်သည်ဟု ယုံကြည်မှုရှိခဲ့ကြသည်။ ထို့ကြောင့်လည်း အဘိုးအဘေး လက်ထက်မှစ၍ ကိုးကွယ်ပူဇော် ပသခဲ့သော ရိုးရာနတ်များကိုသာ ယုံကြည်အားကိုးကြသည်။ မိရိုးဖလာအတိုင်းသာ ကာလများစွာ နေထိုင်လုပ်ကိုင်ကြသည်။

လူတို့နေထိုင်ရာ ပတ်ဝန်းကျင်သည် လူတို့ကို အနည်းနှင့်အများ ပြုပြင်လေ့ရှိသည်။ လူ၏ သဘာဝသည် ပတ်ဝန်းကျင်၏ ဆွဲဆောင်ရာ၊ ပြုပြင်ပြောင်းလဲမှုများကို လိုက်ပါဆောင်ရွက်လေ့ ရှိတတ်ကြသည်။ စားဝတ်နေရေးကို ဖန်တီး ရင်ဆိုင်နေရခြင်းသည် လက်ရှိ လူ့ဘဝ ရပ်တည်မှုအတွက် အဓိက ပြဿနာ အကြောင်းခံ ဖြစ်လေသည်။ ထို့ကြောင့် စားဝတ်နေရေးကို ယုံကြည်ကိုးကွယ်မှု ရိုးရာ အယူအဆများအရ အယူအဆဟောင်းကို စွန့်ပစ်ဖို့ရန် အလွန်ခဲယဉ်းလှပေသည်။ အဘိုးအဘေး လက်ထက်က နတ်ကိုးကွယ်မှု၊ ပူဇော်ပသမှု၊ ယုံကြည်မှု ဖြစ်၍လည်း လွယ်လင့်တကူ စွန့်ပစ်ဖို့ရန် မဖြစ်နိုင်ဟု သဘောပေါက်လာကြလေသည်။

သို့ဖြစ်၍ နတ်ဟောဆရာများ၏ အစီအမံအတိုင်း လိုက်နာဆောင်ရွက် လုပ်ကိုင်မှုများကြောင့် နတ်တို့ကသာ အရာရာကို လွှမ်းမိုးမှုများ ရှိခဲ့လေသည်။ ထို့ကြောင့်လည်း စီးပွားရေး၊ လူမှုရေး၊ ကျန်းမာ



ရေးတို့မှာ အစစ အရာရာ နောက်ကျခဲ့ကြသည်။ ထို့ကြောင့် နတ်များ၏ လွှမ်းမိုးမှုမှ လွတ်မြောက်ရန် လိုလာကြသည်။

ပြည်မနှင့် ဝေးလံခေါင်သီသော တောင်ပေါ်ဒေသများသို့ ပြည်ပမှ ခရစ်ယာန် သာသနာပြုများ ရောက်ရှိလာကြ၏။ ၁၈၅၆ ခုနှစ်တွင် ကာသိုလစ် သာသနာပြု ဂိုဏ်းထောက်ဆရာ ပေါလ်ဘီဂင်ဒတ်သည် မင်းတုန်းမင်း၏ ခွင့်ပြုချက်အရ သာသနာပြုခဲ့သည်။ ဗန်းမော်မြို့၌ ကာသိုလစ်အဖွဲ့မှ ခမ်းနားသော ဘုရားရှိခိုးကျောင်း ဆောက်လုပ်ခဲ့သည်။ နှစ်ခြင်းသာသနာပြုအဖွဲ့မှ အယ်လဘတ်သည် ၁၈၇၄ ခုနှစ်တွင် ဗန်းမော်၌ သာသနာပြုခဲ့ပြီး ဘုရားကျောင်း ဆောက်လုပ်ခဲ့သည်။ မြစ်ကြီးနားမြို့၌လည်း ခရစ်ယာန် ဘာသာရေး အသင်းအဖွဲ့များစွာ ရှိလေသည်။ တိုင်းရင်းခရစ်ယာန်အသင်း၊ ခရစ်တော်အသင်း၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်၊ ကချင် နှစ်ခြင်း ခရစ်ယာန်အသင်းတော်၊ ဘုရားသခင်အသင်းတော်၊ ပေါ့ချန် ခရစ်ယာန်အသင်းတော်၊ သတ္တမနေ့ ဥပုသ်အသင်း၊ ကာသိုလိပ်အသင်းတော်၊ အေဂျီ ခရစ်ယာန်အသင်းတော်တို့ ရှိပါသည်။

ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ သံလွင်တောင်ထိပ်၌ ကမ္ဘာပေါ်တွင် အကြီးဆုံးသော ကျောက်စိမ်းလက်ဝါးကပ်တိုင်ကြီး ဆောက်လုပ်ထားရှိသည်။ လေးလက်မ ပတ်လည် ကျောက်စိမ်းကျောက်ပြားပေါင်း ၁၆၄၃ ပြားဖြင့် ပြုလုပ်ထားသည်။ ထို့ပြင် ဂျိန်ဖော့တို့ ပျံ့နှံ့နေထိုင်ရာ ဒေသများ၌ ခရစ်ယာန် ဘုရားရှိခိုးကျောင်းများ များပြားစွာရှိလေသည်။

ခရစ်ယာန် သာသနာပြုများသည် စာပေမရှိသေးသော တိုင်းရင်းသားများကို စကားနှင့် စာပေ သင်ပေး၏။ ဓမ္မတေးနှင့် စာပေကို

အစည်းအဝေးများ၌ သီဆိုပေး၏။ ဘုရားသခင်၏ အကြောင်းများကို ဟောပြော၏။ တစ်ကြိမ်မှ နှစ်ကြိမ် ကြိမ်ဖန်များစွာ ပြုလုပ်ပြီးနောက် ကျေးရွာ တောင်ကုန်းမြင့်များပေါ်၌ ဘုရားရှိခိုးကျောင်းများကို ဆောက်လုပ်ပေးကြသည်။ ကချင် တောင်တန်း ဒေသများသည် ပြည်မမှ သွားလာဆက်သွယ်ရေး ခက်ခဲခြင်း၊ နယ်မြေဒေသ မငြိမ်းချမ်းခြင်း စသည့် အကြောင်းများကြောင့် ထိုအချိန်က ဗုဒ္ဓဘာသာ တောင်တန်း သာသနာပြုများလည်း ထိုဒေသသို့ အရောက်အပေါက် နည်းပါးခဲ့ကြသည်။

ရော်ဘွမ်မျှော်စင်



ထိုအချိန်၌ ခရစ်ယာန် သာသနာပြုများက ဝင်ရောက် သာသနာ ပြုရာမှ ခရစ်ယာန် ဘာသာဝင်များ ဖြစ်လာကြကြောင်း လေ့လာ သိရှိရသည်။ ယခုဆိုလျှင် ကချင် ပြည်နယ် တောင်တန်းဒေသများရှိ ကချင်တိုင်းရင်းသား အများစုမှာ ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြရာ ခရစ်ယာန် ဘာသာဝင်ခဲ့ရာ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ဖြင့် ရော်ဘွမ် မျှော်စင်ကြီးကိုပင် ဆောက်လုပ်ထားပေးသည်။



သို့ဖြစ်ရာ ယခုအခါ ဂျိန်ဖော့တို့သည် နှစ်ခြင်းခရစ်ယာန် အသင်းတော်များကို ဝင်ရောက်လျက်ရှိရာ အချို့နေရာများတွင် ခရစ်ယာန် အသင်းဝင်ခဲ့သည့် ကာလကိုလိုက်၍ နှစ် (၅၀) ရွှေရတုပွဲ၊ (၇၅) နှစ်ပြည့် စိန်ရတုပွဲ၊ နှစ် (၁၀၀) ပြည့်ပွဲများကိုပင် ကျင်းပနိုင်ခဲ့ပြီး ဖြစ်လေသည်။ ရိုးရာပွဲများတွင် သင်းအုပ်ဆရာသည် သက်သေခံခြင်း၊ ကျမ်းစာဟောခြင်း၊ ကျမ်းစာဖတ်ခြင်းများကို ပြုလုပ်ပေးသည်။ ဂျိန်ဖော့တို့သည် မိသားစုလိုက်၊ ဆွေမျိုးစုအလိုက်၊ ရွာလုံးကျွတ်အလိုက် ခရစ်ယာန်ဘာသာသို့ ပြောင်းကြခြင်း ဖြစ်သည်။ ယခုအခါ ခရစ်ယာန် ဘာသာဝင်များ ဖြစ်လာကြပြီး ခရစ်ယာန်ဘာသာ၏ အဆုံးအမ အတိုင်းပင် လိုက်နာ ဆောင်ရွက်ကြလေသည်။

ယခင် နတ်စားဘာသာဝင်များဖြစ်စဉ်က လက်ခံကျင့်သုံးခဲ့သည့် အတွေးအခေါ် အယူအဆများ၊ ပြုမူလုပ်ကိုင် ဆောင်ရွက်ချက်များကို စွန့်လွှတ်ပြီး ခရစ်ယာန်ဘာသာဝင်များအဖြစ် ခံယူကြကာ ယုံကြည် သက်ဝင်နေကြပြီ ဖြစ်သည်။

သို့သော် နယ်စွန်နယ်ဖျားဒေသများ၊ အချို့ ကျေးလက်တောရွာများတွင်မူ မိရိုးဖလာအရ နတ်ပူဇော်ခြင်းများ ရှိနေသေးသည်။ နတ်များကို ယုံကြည်သော နတ်စား ဘာသာဝင်များ ရှိနေကြသေးသည်ကို လေ့လာ သိရှိရသည်။

## ကချင် ဗုဒ္ဓဘာသာအဖွဲ့

ဂျိန်ဖော့တိုင်းရင်းသား သွေးချင်းများသည် ရှေးယခင်က နတ်များကို ကိုးကွယ်ပူဇော်ပသမှုများ ရှိခဲ့ကြသည်။ ခရစ်ယာန် သာသနာပြုများ၏ သာသနာပြုမှုကြောင့် ကချင်ပြည်နယ် တောင်တန်းဒေသများသည်

ခရစ်ယာန်ဘာသာဝင်များ ဖြစ်ခဲ့ကြသည်။ ဂျိန်ဖော့ သွေးချင်းတို့သည် များသောအားဖြင့် ခရစ်ယာန် ဘာသာဝင်များ ဖြစ်သည်။ လမ်းပန်း ဆက်သွယ်မှု ဝေးလံခေါင်သီသော နယ်စွန်နယ်ဖျား ဒေသများတွင်မူ ရှေးဘိုးဘေးတို့၏ ရိုးရာယုံကြည်မှုအရ နတ်ကိုးကွယ်မှု၊ ပူဇော်ပသမှု များလည်း ရှိနေသေးသည်။

သို့သော် အချို့သော ဂျိန်ဖော့တိုင်းရင်းသားများသည် မိမိတို့၏ ယုံကြည်မှုအရ ဗုဒ္ဓဘာသာကို ပြောင်းလဲယုံကြည် ကိုးကွယ်မှု ရှိကြ သည်ကိုတွေ့ရသည်။ ကချင်တိုင်းရင်းသား လူငယ်အချို့ ရှင်သာမဏေ ဝတ်ခြင်း၊ သီလရှင်ဝတ်ခြင်းများဖြင့် ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြ သည်ကို လေ့လာတွေ့ရှိရသည်။ ယခုအခါ လူကြီးများပင်လျှင် ဗုဒ္ဓ ဘာသာဝင်အဖြစ် ကိုးကွယ်သူများ တွေ့ရှိရသည်။ ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားမြို့တွင် ကချင်ဗုဒ္ဓဘာသာအဖွဲ့ဟူ၍ ဘာသာရေး အသင်းအဖွဲ့ကြီး တစ်ဖွဲ့ ရှိသည်။ ဂျိန်ဖော့တိုင်းရင်းသားများနှင့် အခြား ကချင်မျိုးနွယ်ဝင်များ ပါဝင်သည်။ မြစ်ကြီးနားမြို့တွင် ကချင် ဗုဒ္ဓ ဘာသာအဖွဲ့ကို ဦးဆောင်သူမှာ ဂျိန်ဖော့အမျိုးသမီးကြီး ဒေါ်ဂျပ်ကော့ ဖြစ်သည်။ ထို့အတူ ဝိုင်းမော်မြို့တွင်လည်း ကချင်ဗုဒ္ဓဘာသာအဖွဲ့ ရှိပါသည်။ ဝိုင်းမော်မြို့ ကချင်ဗုဒ္ဓဘာသာအဖွဲ့ကို ဦးဆောင်သူမှာ ဂျိန်ဖော့ အမျိုးသမီးကြီး ဒေါ်ဂျာတောင် ဖြစ်သည်။

သို့ဖြစ်၍ ကချင်ဗုဒ္ဓဘာသာအဖွဲ့များမှ ဂျိန်ဖော့တိုင်းရင်းသား၊ တိုင်းရင်းသူများသည် ဘာသာတရား၏ ယုံကြည်ကိုးကွယ်မှုအရ ဗုဒ္ဓ၏ လမ်းစဉ်၊ ဗုဒ္ဓ၏ အဆုံးအမတိုင်း လိုက်နာကျင့်ကြံလျက်ရှိပါသည်။



# ဖသားစု ဆွေမျိုးတော်စပ်ပုံ

အိမ်ထောင်စု တစ်စုနှင့် ဖသားတစ်စု သွေးသားတော်စပ်မှု၊ ဆွေမျိုး တော်စပ်မှုတွင် မျိုးရိုးတူညီမှုကိုသာမက လူမှုဆက်ဆံရေးကိုပါ အခြေ ခံသည်။ ဆွေမျိုး တော်စပ်နိုင်ဖွယ်ရှိသော အနွယ်သုံးမျိုး ရှိသည်။ ၎င်းတို့မှာ -

(၁) ညီအစ်ကိုမျိုး၊

(၂) ယောက္ခမမျိုး၊

(၃) သမက်မျိုးတို့ဖြစ်သည်။

ညီအစ်ကိုမျိုးကို ဂျိန်ဖော့စကားဖြင့် ခထူးခနောနိ သို့မဟုတ် ဖူးနောနိဟုခေါ်သည်။ ညီအစ်ကိုမျိုး ဆိုသည်မှာ အဖ၊ အဘိုး၊ အဘေး စသော ပုဂ္ဂိုလ်တစ်ဦးတည်းမှပေါက်ဖွားလာသူများဖြစ်သော ယောကျ်ား၊ မိန်းမ အားလုံးကို ညီအစ်ကိုမျိုးဟု ခေါ်သည်။

ယောက္ခမမျိုးကို ဂျိန်ဖော့စကားဖြင့် မယူနိဟုခေါ်သည်။ ကချင် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ မိခင်ဘက်မှ အမျိုးများ၊ အဘွားဘက်မှ

အမျိုးများ၊ အဘိုး၏ မိခင်ဘက်မှ အမျိုးများ အားလုံးကို ယောက္ခမမျိုးဟုခေါ်သည်။

သမက်မျိုးကို ဂျိန်ဖော့စကားဖြင့် ဓာမနိဟုခေါ်သည်။ မိမိအနွယ်ထဲမှ အမျိုးသမီးများနှင့် လက်ထပ်သော ယောကျ်ား၏ အမျိုးအနွယ်များကို သမက်မျိုးဟုခေါ်သည်။ မိမိနှမနှင့် လက်ထပ်သူ၏ အမျိုးများ၊ ဖခင်၏နှမ၊ အစ်မများနှင့် လက်ထပ်သူ၏အမျိုးများ၊ အဘိုးဖြစ်သူ၏နှမ၊ အစ်မများနှင့် လက်ထပ်သူ၏ အမျိုးများကို သမက်မျိုးဟု ခေါ်သည်။

ညီအစ်ကိုမျိုး၊ သမက်မျိုးနှင့် ယောက္ခမမျိုးတို့ တစ်မျိုးနှင့်တစ်မျိုး ဆက်ဆံရေးတွင် လိုက်နာရမည့် စည်းမျဉ်းများရှိပေရာ ဂျိန်ဖော့အနွယ်ဝင် အားလုံးတို့သည် ဤစည်းမျဉ်းအားလုံးကို လိုက်နာကျင့်သုံးကြသည်။ ဂျိန်ဖော့အမျိုးသားတစ်ဦးသည် မိမိ၏ သမက်မျိုး (ဓာမမျိုး) ထဲမှ မည်သည့်မိန်းကလေးနှင့်မျှ အိမ်ထောင်ဖက်ခြင်း၊ တရားဝင်လက်ထပ်ခြင်းမပြုသည့်နည်းတူ ဂျိန်ဖော့အမျိုးသမီးသည်လည်း မိမိ၏ မယူမျိုးခေါ် ယောက္ခမမျိုးထဲမှ မည်သည့်ယောကျ်ားနှင့်မျှ လက်ထပ်နိုင်ခွင့်မရှိချေ။ ထို့ပြင်လည်း ဂျိန်ဖော့အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ မိမိ၏ ညီအစ်ကိုမျိုးထဲမှ မည်သူနှင့်မျှ လက်ထပ်နိုင်ခွင့်မရှိချေ။

ဂျိန်ဖော့ တိုင်းရင်းသားလူမျိုး ဖသားစုတစ်စုတွင် သမက်မျိုးများရှိသည့်နည်းတူ တစ်ဖက်တွင် ယောက္ခမမျိုးများလည်းရှိနေရာ မိမိ၏ ညီအစ်ကိုမျိုးမှလွဲလျှင် သမက်မျိုးနှင့် ယောက္ခမမျိုးတို့မှာ ရင်းနှီးသော ဆွေမျိုးများဖြစ်ခြင်းကြောင့် တစ်ဦးနှင့်တစ်ဦး အကြောင်း တစ်စုံတစ်ရာရှိလျှင် အင်တိုက်အားတိုက်ကူညီကြသည်။ ရင်းနှီးမှုတွင်လည်း သမက်မျိုးထက် ယောက္ခမမျိုးက ပို၍ရင်းနှီးကြသည်။ လူမှုဆက်ဆံရေးအရဆိုလျှင် သမက်မျိုးက ယောက္ခမမျိုးကို လေးစားစွာ ဆက်ဆံရသည်။



ဖသားစု တစ်စုတွင် အိမ်ထောင်ရှင် ယောကျ်ား တစ်ဦးသည် အိမ်ထောင်ဦးစီးဖြစ်သည်။ ဂျိန်ဖော့ ဖသားစုတစ်စုတွင် စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် စီးပွားရေးလုပ်ငန်းများ၊ မိမိတို့၏ အိမ်တွင်းရေးကိစ္စများ၊ လူမှုရေး၊ ရပ်ရေးရွာရေးကိစ္စများတွင် ညီအစ်ကိုမျိုးများ၏ အကြံပေးချက်များကို အလေးထား လက်ခံ ဆောင်ရွက်ရလေသည်။ မိမိ၏ သားဖြစ်သူအား လက်ထပ် ထိမ်းမြားပေးလိုသောအခါဖြစ်စေ၊ သမီးဖြစ်သူအား တစ်စုံတစ်ယောက်က လာရောက်စေ့စပ်သည့်အခါဖြစ်စေ ဖခင်သည် မိမိ၏ ညီအစ်ကိုမျိုးထဲမှ ဦးကြီး ဦးလေးများကို ပထမဦးဆုံး ဆွေးနွေး၍ အကြံဉာဏ်များ တောင်းခံပြီးမှ ဇနီးအား ဖွင့်ဟပြောပြလေ့ရှိသည်။ ဇနီးမှလည်း လင်ယောကျ်ား၏ အဆုံးအဖြတ်နှင့် အစီအမံများကို လိုက်နာဆောင်ရွက်ရသည်။ သို့ဖြစ်၍ ဂျိန်ဖော့တို့၏ လူမှုရေး ဖသားစုရေးတွင် ဖခင်ကသာ ဦးဆောင်ဦးရွက်ပြုရသော ဆွေမျိုးတော်စပ်ပုံ စနစ်မျိုးဖြစ်သည်။

# အုပ်ချုပ်ရေးစနစ်နှင့် ဒူဝါတို့၏ အခန်းကဏ္ဍ

ဂျိန်ဖော့လူမျိုးတို့သည် အုပ်ချုပ်ရေး အာဏာပိုင်ဆိုင်မှုစနစ်တို့ ထွန်းကားခဲ့သည်။ ရှေးအကျဆုံးမှာ ဂွမ်ရောင်ဂွမ်စ အုပ်ချုပ်ရေးစနစ်၊ ဂွမ်ဆာ မြေရှင်ပဒေသရာဇ် အုပ်ချုပ်ရေးစနစ်နှင့် ဂွမ်လောင် ခေါ် မြေရှင်ပဒေသရာဇ်စနစ်ကို တိုက်ဖျက်သော အုပ်ချုပ်ရေးစနစ်တို့ ဖြစ်သည်။

ဂွမ်ရောင်ဂွမ်စ စနစ်သည် ကချင်ပြည်နယ် မြောက်ပိုင်းဒေသများတွင် ထွန်းကားခဲ့သည်။ ၎င်းစနစ်၌ လူတန်းစား ခွဲခြားမှုမရှိ၊ အများဆန္ဒဖြင့် အုပ်ချုပ်သည်။ ဂွမ်ရောင် ဟူသည် လွတ်လပ်မှုဟူ၍ ဖြစ်ပြီး ဂွမ်စမှာ လူအများဖြစ်၍ ဂွမ်ရောင်ဂွမ်စမှာ လူအများ လွတ်လပ်စွာ နေထိုင်နိုင်သော စနစ်ဖြစ်သည်။ တစ်နည်းအားဖြင့် အုပ်ချုပ်သူ လူတန်းစား၊ အုပ်ချုပ်ခံ လူတန်းစားဟူ၍ မရှိဘဲ အများဆန္ဒဖြင့် အုပ်ချုပ်သော စနစ် ဖြစ်သည်။

ထိုစနစ်မှာ လူတစ်ဦးတစ်ယောက်တွင် အုပ်ချုပ်မှုအာဏာ မရှိဘဲ ကျေးရွာသားတို့၏ လက်တွင်သာ အုပ်ချုပ်မှုအာဏာ တည်ရှိသည်ဟု



ဆိုပါသည်။ ကျေးရွာသားများက မိမိတို့ထံမှ တစ်ဦးတစ်ယောက်ကို ခေါင်းဆောင်မှု အရည်အချင်းအလိုက် အားကိုးအားထား ပြုခြင်း၊ စွမ်းရည်လေးစားခြင်းတို့ကို အကြောင်းပြု၍ ခေါင်းဆောင်စေခဲ့ရာမှ ထိုပုဂ္ဂိုလ်များမှာ ကျေးရွာ၏ အုပ်ချုပ်သူ အကြီးအကဲ ဖြစ်လာသည်။

ထိုပုဂ္ဂိုလ်သည် ကျေးရွာသားတို့၏ အားကိုးယုံကြည်မှု ရရှိနေသမျှ ကာလပတ်လုံး ကျေးရွာအုပ်ချုပ်သူ အကြီးအကဲဖြစ်ပြီး ကျေးရွာသားတို့မှ ယုံကြည် လေးစားမှု မခံရတော့သည့်အခါ ထိုလူမျိုးကို အုပ်ချုပ်ရေးမှ လျှော့ချရလေသည်။

အချို့ ကျေးရွာများတွင် အုပ်ချုပ်သူ အကြီးအကဲ ခန့်အပ်တင်မြှောက်မရ၍ လေးနှစ် ငါးနှစ်ကြာ အုပ်ချုပ်သူ အကြီးအကဲမရှိ ဖြစ်နေတတ်သည်။ ထိုအခါမျိုးတွင် ကျေးရွာသားထဲများမှ အမြင်ကျယ်သူများ၊ ဗဟုသုတရှိသူများ လေးငါးဦး စုပေါင်း၍ ကျေးရွာကိစ္စများကို ဆောင်ရွက်ရလေသည်။

သို့ဖြစ်၍ ကျေးရွာအကြီးအကဲမှာ သားစဉ်မြေးဆက် ဆက်လက်ခံစားပိုင်ခွင့်မရှိပေ။ ထို့အတူ အစိုးရက ကျေးရွာအကြီးအကဲ ခန့်အပ်သော်လည်း ကျေးရွာအကြီးအကဲ ဖြစ်မလာနိုင်ပေ။

ဂွမ်ရောင်ဂွမ်စ စနစ်ကျင့်သုံးသော ဒေသများတွင် အုပ်ချုပ်သူ အကြီးအကဲမရှိပါက သက်ဆိုင်ရာ တောင်အုပ်များက မိမိတို့ သင့်တော်၍ တင်ထားသူအား ခန့်စာဖြင့် အကြီးခန့်လေ့ရှိသည်။

သို့သော် ထိုအကြီးဟူသောပုဂ္ဂိုလ်မှာ ကျေးရွာသားတို့က လက်ခံနိုင်သော အရည်အချင်း ရှိမှသာ အကြီးအကဲဖြစ်ပြီး ကျေးရွာက လက်မခံနိုင်ပါက အစိုးရနှင့်ဆိုင်သော ကိစ္စများတွင်သာ အာဏာရှိပြီး ရပ်ရေးရွာရေးကိစ္စများတွင် ဦးဆောင် ဆောင်ရွက်ခွင့်မရနိုင်ပေ။ အမှု

အခင်း ဖြစ်လျှင်လည်း ၎င်းအစိုးရခန့် အကြီးအကဲတွင် မတိုင်ကြားဘဲ မိမိတို့ ယုံကြည်အားကိုးသူများထံ၌သာ အမှုငယ်များကို ဆုံးဖြတ်ရလေ့ ရှိသည်။ ထို့ကြောင့်လည်း အစိုးရက ကျေးရွာတစ်ရွာတွင် အကြီးအကဲ ခန့်ပါက ၎င်းကျေးရွာက လက်ခံနိုင်သောသူများကိုသာ အကြီးအကဲ ခန့်အပ်ရပေသည်။

ဥမ်ရောင်ဥမ်စ စနစ်ကျင့်သုံးသော နယ်မြေများရှိ ကျေးရွာများ တွင် အမြော်အမြင်ရှိသည့် သက်ကြီးရွယ်အို ပုဂ္ဂိုလ်များနှင့် တိုင်ပင် ညှိနှိုင်း၍ ဆောင်ရွက်လေ့ရှိသည်။

ဥမ်ရောင်ဥမ်စ စနစ်ကျင့်သုံးသည့် ဒေသများ၌ မြေပိုင်ဆိုင်သူမှာ ယင်းဒေသသို့ ပထမဆုံးလာရောက် နေထိုင်သူဖြစ်သည်။ ၎င်းမြေပိုင် ရှင်ကို ဂျိန်ဖော့စကား 'လမူဂါမဒူ' ဟု ခေါ်သည်။ ထိုလမူဂါမဒူသည် မြေရှင်သာဖြစ်ပြီး ကျေးရွာအုပ်ချုပ်သူ မဟုတ်ပေ။ သို့သော် ထိုကျေးရွာ များ၌ ၎င်းတို့၏ ရိုးသား ဖြောင့်မတ်မှု၊ ခေါင်းဆောင်မှုတို့ကြောင့် မြေရှင်များသည် ကျေးရွာအကြီးအကဲ ဖြစ်ကြသည်။

ဥမ်ရောင်ဥမ်စ စနစ်သည် အထက်တွင်ဆိုခဲ့သည့်အတိုင်း မြေယာ ပိုင်ဆိုင်မှုနှင့် ကျေးရွာအုပ်ချုပ်မှု မည်သို့မျှ မသက်ဆိုင်သော်လည်း ၎င်းတို့ မြေယာပိုင်ဆိုင်သူ ကျေးရွာအုပ်ချုပ်သူ အကြီးအကဲ ဖြစ်လာမည့် အခါတွင် အုပ်ချုပ်ရေးအာဏာနှင့် မြေယာ ပိုင်ဆိုင်မှုများ ရှိနေသဖြင့် ၎င်းအား ကျေးရွာသားများက လွန်စွာလေးစား အားထားရလေသည်။

ထို့ပြင် ကျေးရွာသားများအားလုံးသည် မြေယာမရှိပါက မြေရှင် အား မောင်း၊ ပုတီး၊ တောင်ရှည်ပုဆိုး စသော လက်ဆောင်များ ပေးခြင်း၊ မြေရှင်က မိမိမြေပေးသူအား မီးခတ်တစ်ခု၊ ပုဆိန်တစ်လက် ပေးခြင်းဖြင့် မိမိကျေးရွာသားတို့တွင် မြေယာရရှိလာနိုင်သည်။ ဤကဲ့ သို့ ဥမ်ရောင်ဥမ်စ ကျင့်သုံးသော ဒေသများနှင့် ကျေးရွာအားလုံးတွင် မြေယာများ ကိုယ်စီရှိကြသဖြင့် စိုက်ပျိုး လုပ်ကိုင် စားသောက်ကြ လေသည်။



ဂျိန်ဖော့တို့ နေထိုင်ရာ ဒေသများတွင် ဥမ်ရောင်ဥမ်စ စနစ် သုံးမျိုးလုံး တွေ့ရလေသည်။

## ဥမ်ဆာခေါ် မြေရှင်ပဒေသရာဇ်စနစ်

ဥမ်ဆာခေါ် မြေရှင်ပဒေသရာဇ်စနစ် ထွန်းကားရာဒေသများတွင် ဒူဝါ များသည် အုပ်ချုပ်ရေး အာဏာပိုင်များ ဖြစ်ကြသည်။ ထိုအာဏာ ပိုင်ဆိုင်မှုသည် မြေယာပိုင်ဆိုင်မှုပေါ်တွင် အခြေတည်သည့်မြေ၌ ဒူဝါ နှစ်မျိုးရှိပြီး တစ်မျိုးက မဂျီရှာအီဒူခေါ် ပေါင်စားဒူဝါ ငယ်မျိုးဖြစ်သည်။ မိမိပိုင်နက်အတွင်း မည်သူ့ကိုမျှ မှီခိုအားထားခြင်းမပြုဘဲ ကိုယ့်ကိုယ် ကိုသာ အားကိုးနေသူများ ဖြစ်ကြသည်။ နယ်မြေ ဒေသများကိုသာ ပိုင်ဆိုင်လိုသူများဖြစ်သည်။ မိမိနယ်မြေအတွင်း အုပ်ချုပ်ပိုင်ခွင့် အာဏာ ရှိပြီး မိမိပိုင်နယ်မြေအတွင်းသာ နေထိုင်မည့် လူတန်းစားဖြစ်သည်။

ထိုဒူဝါများသည် မိမိနှင့်အနွယ်တူ ကျေးရွာများထံမှလွဲ၍ ကျန် ကျေးရွာများထံမှ ခြေလေးချောင်း သတ္တဝါတစ်ကောင်ကို သတ်တိုင်း အမဲပေါင် တစ်ပေါင် ရပိုင်ခွင့်ရှိသည်။ ထို့ကြောင့် ပေါင်းစာဒူဝါဟု လည်း ခေါ်သည်။ ထိုသူများအား ကျေးရွာသားများက လာရောက် လုပ်ကိုင်ပေးရသည်။ ကျေးရွာသားများထံမှလည်း နှစ်စဉ် စပါး တစ်တင်း သို့မဟုတ် နှစ်တင်းကျစီ ရပိုင်ခွင့်ရှိသည်။ အချို့ကျေးရွာ များတွင် ရွာသူကြီးများသည် မိမိတို့၏ မျိုးရိုးကို အစွဲပြု၍ ဒူဝါဟူသော ဘွဲ့ကို ခံယူရရှိကြပေသည်။ သို့ဖြစ်၍ မိမိတို့ နယ်မြေအတွင်း မြေယာ

အားလုံးကို ပိုင်ဆိုင်ကာ အုပ်ချုပ်ရေးအာဏာ ရရှိနေခြင်းကို တွေ့ရှိရသည်။ ရိုးရာယုံကြည်မှုအရ ဒူဝါလူတန်းစားသည် ကမ္ဘာတည်စ "ခါအမ်းဒူဝါ" လက်ထက်မှစ၍ မြေယာကို ပိုင်ဆိုင်လာသူများဖြစ်သည်ဟု ယူဆလေသည်။

ကျေးရွာသားတစ်ဦးသည် မိမိစိုက်ပျိုးခွင့် ရထားသော မြေယာအား အခြားသူ တစ်ဦးဦးသို့ လွှဲပြောင်းလိုလျှင် ဒူဝါ၏ ခွင့်ပြုချက်ကို ရယူရသည်။ ထိုသို့ ခွင့်ပြုချက်ရယူရန် ဒူဝါအား ဖဂါတစ်ခုခု ပေးရလေသည်။ ကျေးရွာသားတစ်ဦးသည် အခြားနေရာသို့ ပြောင်းရွှေ့လိုပါက ဒူဝါ၏ နယ်မြေမှ ထွက်ခွာသွားသည်ဖြစ်၍ မြေယာကို လက်လွှဲခဲ့ရသည်။ သို့ဖြစ်၍ ဒူဝါတို့၏ အာဏာသည် မြေယာ ပိုင်ဆိုင်မှုပေါ်တွင် မူတည်သည်ဟု ဆိုခြင်းဖြစ်သည်။

ဌမ်ဆာစနစ်တွင် ဒူဝါတို့ အုပ်ချုပ်မှုအာဏာ ရရှိလာခြင်းမှာ ရိုးရာယုံကြည်မှုကြောင့်ပင်ဖြစ်သည်။ အဓိက စီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်၍ စပါးသီးနှံများ အထွက်တိုးစေရန် မိုးလေဝသနှင့် မြေကြီးကို အားကိုးရလေရာ မိုးပိုမိုရရှိရန်နှင့် မြေကြီးကို ကောင်းစေရန် နယ်မြေစောင့်နတ်တို့ ကျေနပ်မှသာ ပိုကောင်းမည်ဟု ယုံကြည်သည်။ ထို့ကြောင့် မြေစောင့်နတ်များကို ပူဇော်ပသရန် လိုအပ်သည်ဟု ယုံကြည်ကြသည်။ ထိုသို့ပူဇော်ပသရာတွင် ကျေးရွာသားများက ပူဇော်ပသခွင့် မရှိပေ။ နတ်ဆရာများကသာ ပူဇော်ပသခွင့်ရှိသည်ဟု ယုံကြည်ကြလေသည်။

ဒူဝါများအနက် အချို့သည် ကျေးရွာတစ်ရွာကိုသာ ပိုင်ဆိုင်သည်။ အချို့မှာ ကျေးရွာအုပ်စု အများစု ပိုင်ဆိုင်သည်ဟူ၍ အဆင့်အတန်း ကွဲပြားသည်။



ကျေးရွာတစ်ရွာတည်းသာ ပိုင်သော ဒူဝါ၌ ရွာသူကြီး အဆင့်မျိုးဖြင့် မည်သူ့လက်အောက်ခံမျှ မဟုတ်သကဲ့သို့ မည်သူ့ကိုမျှလည်း မှီခိုခြင်းမရှိပေ။ ကျေးရွာများကို ပိုင်ဆိုင်သော ဒူဝါမှာ ထိုကျေးရွာအုပ်စု၏ အကြီးအကဲဖြစ်၍ ကျေးရွာတို့၏ ဆလန်ဝါခေါ် လက်အောက်ခံရွာသူကြီးများလည်း ရှိကြသည်။ ကျေးရွာအုပ်စုအများကို ပိုင်ဆိုင်သော ဒူဝါကြီးများတွင်လည်း ဆလန်ဝါ၊ အဂျိဝါနှင့် ဒူဝါငယ်များ ထားရှိသည်။ ဒူဝါကြီး၏ အမိန့်ညွှန်ကြားအတိုင်း လိုက်နာရသည်။

တောင်ယာခုတ်ကိစ္စ၊ စိုက်ပျိုးရေးဆောင်ရွက်ချက်ကိစ္စ၊ ဘာသာရေး၊ သာသနာရေးကိစ္စများကအစ ဒူဝါ၌ တာဝန်အရှိဆုံး ဖြစ်လေသည်။ ဒူဝါကသာ အကြီးအကဲဖြစ်၍ စီမံကွပ်ကဲရသည်။ အစိုးရက ခန့်ထားသည့် တောအုပ်များ၊ တောင်တန်းဝန်ထောက်များ၏ ညွှန်ကြားချက်များကိုလည်း ဒူဝါကပင် ဦးဆောင်လုပ်ကိုင်ရသည်။

အမှုအခင်းဖြစ်ပါက ဒူဝါ ခေါင်းဆောင်သော ကျေးရွာလူကြီးများပါဝင်သည့် သမာဓိအဖွဲ့က နှစ်ဦးနှစ်ဖက် ကျေနပ်စေရန် ဖြေရှင်းပေးရသည်။ ဆုံးဖြတ်ပေးရသည်။ အမှုကို ဘက်မလိုက်ဘဲ ဖျန်ဖြေရေး၊ တရားမျှတမှုရှိရေးတွင်လည်း ဒူဝါများအပေါ်တွင် မူတည်လေသည်။ ဒူဝါကသာ ဦးစီးစိစစ်ရသည်။ သို့ဖြစ်၍ ဒူဝါသည်သာ အရေးပါအရာရောက်သူ ဖြစ်လေသည်။ ဒူဝါစနစ်ကို သားစဉ်မြေးဆက် ဆက်ခံသည်။

ဆလန်ဝါ ခေါ် ကျေးရွာလူကြီးများ၊ အဂျိဝါ ခေါ် သူကြီးများ ရှိသည်။ အဂျိဝါမှာ ရပ်ရွာက ပြန်၍ သူကြီးအဖြစ် တင်မြှောက်ကာ သက်ဆိုင်ရာ တောင်တန်းဝန်ထောက်များက ခန့်စာဖြင့် ခန့်အပ်သည်။ ဆလန်ဝါမှာ ဒူဝါ၏ ကိုယ်စားလှယ်ဖြစ်၍ အစိုးရခန့်သူကြီးနှင့် တွဲ၍

ရပ်ရွာလူကြီးအဖြစ် ဆောင်ရွက်ရသည်။ ဆလန်ဝါများ၊ အကျီဝါများ နုတ်ထွက်လျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ အသစ်တစ်ဖန် ရွေးချယ်ရလေသည်။

**ဂွမ်လောင်အုပ်ချုပ်ရေးစနစ်**

ဒူဝါတို့၏ မြေရှင်ပဒေသရာဇ်စနစ်ကို တိုက်ဖျက်၍ အာဏာကိုလည်း လူထုထဲမှ ရယူသော စနစ်ဖြစ်သည်။

ဒူဝါများ၏ ဖိနှိပ်မှုကို မခံနိုင်၍ လူပေါင်း ၃၀၀ ကျော် ၄၀၀ ခန့်က နယ်ရှင်ဒူဝါများကို တော်လှန်၍ ဒူဝါအုပ်ချုပ်ရေးကို ဖျက်သိမ်းကာ ဂွမ်လောင်စနစ်ကို ထူထောင်ကြခြင်းဖြစ်သည်။

ထို့အတူ လွန်ခဲ့သည့် နှစ်ပေါင်း ၁၅၀ ခန့်ကလည်း ဒူးလင်း ဂျိန်ဖော့တို့၏ ဒေသဖြစ်သော မေခနှင့် မေလိခမြစ်ဝှမ်း အရပ်တွင်လည်းကောင်း၊ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ခန့်က ဂျိန်ဖော့တို့ နေထိုင်ရာ တြိဂံနယ်မြေအတွင်းတွင်လည်းကောင်း ဆင်နွှဲခဲ့ကြသည်။

ဂွမ်လောင်အုပ်ချုပ်ရေးစနစ်တွင် ကျေးရွာအကြီးကို လူထုဆန္ဒအရ တင်မြှောက်ခဲ့ကြသည်။ ဂွမ်ဆာစနစ်ကဲ့သို့ မြေယာပိုင်ဆိုင်မှုပေါ်တွင် အခြေခံထားဘဲ လူထုဆန္ဒပေါ်တွင်သာ အခြေခံထား တင်မြှောက်သော စနစ်ဖြစ်သည်။

အမှုအခင်းများ ဖြစ်ပွားပါက ကျေးရွာတွင် နေထိုင်ကြသော အနွယ်အသီးသီး၏ အကြီးအကဲများက ခုံသမာဓိအဖွဲ့ကို ဖွဲ့၍ ဆောင်ရွက်ကြသည်။ ကျေးရွာလူကြီးများလည်း ပါဝင်သည်။ တောင်ယာစိုက်ပျိုးရန်၊ တောင်ယာခုတ်ထွင်ရန်၊ ကျေးရွာလုံခြုံရေး၊ သာရေးနာရေး လုပ်ငန်းများကို ဆောင်ရွက်ရန် နုတ်ပူဇော်ခြင်းများကိုပါ ခုံသမာဓိ



လူကြီးများက ဆောင်ရွက်ကြလေသည်။ ထိုသူတို့၏ ထူးခြားချက်မှာ လူတန်းစား မခွဲခြားခြင်းဖြစ်သည်။

မြေရှင်ပဒေသရာဇ် အုပ်ချုပ်ရေးစနစ်တွင် ဒူဝါများသည် အုပ်ချုပ်သူ လူတန်းစားဖြစ်၍ ကျေးရွာသားများမှာ သာမန်လူတန်းစားများ ဖြစ်သည်။ ဂွမ်လောင်စနစ်တွင်မူ မည်သည့်အနွယ်က အုပ်ချုပ်သူ လူတန်းစား၊ မည်သည့်အနွယ်က လက်အောက်ခံ လူတန်းစားဟူ၍ ခွဲခြားမထားဘဲ တန်းတူပင်ထားသည်။ ထို့ကြောင့် ကျေးရွာလူကြီးများမှာ ကျေးရွာသားများထက် လူမှုရေး အဆင့်အတန်း မြင့်မားရန်ဟူသော ခံယူချက် မရှိပေ။

ကျေးရွာ အာဏာပိုင်များ ကျေးရွာ၏ တာဝန်ကို လိုက်နာဆောင်ရွက်ရခြင်း၊ အုပ်ချုပ်ရေးနှင့် လူမှုရေးလုပ်ငန်းများတွင် ဦးဆောင်ရခြင်းမှလွဲ၍ မည်သည့်အခွင့်အရေးမျှ မရှိကြပေ။ မိမိတို့နေအိမ် ပြုပြင်ခြင်း၊ အိမ်ဆောက်လုပ်ခြင်းတွင်လည်း ရွာသားများ၏ လုပ်အားကို တောင်းခံပိုင်ခွင့် မရှိ။ ကျေးရွာသားများထံမှ အမဲပေါင် တစ်ပေါင် တောင်းခံခွင့်နှင့် ကောက်ဦးကောက်နှံများ၊ လက်ဆောင်များ ရပိုင်ခွင့် မရှိပေ။

ဂွမ်လောင်အုပ်ချုပ်ရေးစနစ်မှာ ဗြိတိသျှအောက်တွင် တိမ်ကောသွားခဲ့သည်။ ဗြိတိသျှ အာဏာပိုင်များက ထိုသူတို့ကို အားမပေးဘဲ ပျောက်ပျက်သွားရန် ဆောင်ရွက်ခဲ့ကြသည်။ ကျေးရွာသူကြီးများအား မြေရှင်များအဖြစ် အသိအမှတ်ပြုကာ ခန့်စာများ ရောက်ခဲ့သည်။ ဗြိတိသျှ တောင်တန်း ဝန်ထောက်များက တိုင်းရင်းသား တောင်အုပ်များမှတစ်ဆင့် ကျေးရွာအာဏာပိုင်များကို မိမိတို့ ညွှန်ကြားသည့်အတိုင်း ကျင့်သုံးစေသည်။ ထို့ကြောင့် ဂွမ်လောင် ကျေးရွာလူကြီးများသည်

တစ်စတစ်စ မြေရှင်ဒူဝါများဘက်သို့ ပြောင်းလဲကာ မိမိတို့ကိုယ်တိုင် လူထုတင်မြှောက်သည်ဟု မခံယူတော့ဘဲ ဒူဝါများအဖြစ်သာ ဆောင်ရွက်ကြတော့သည်။



## စီးပွားရေးလုပ်ငန်းများ

ဂျိန်ဖော့သွေးချင်းတို့သည် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိလာသည်မှစ၍ ယင်းတို့နေထိုင်ရာ နေရာဒေသများတွင် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ မိမိတို့ အခြေချ နေထိုင်ရာဒေသများသည် မေခ၊ မလိခ မြစ်နှစ်သွယ်အကြား တြိဂံဒေသများ၊ မြစ်ကြီးနား၊ ဗန်းမော်၊ တနိုင်း၊ အင်ဂျန်းယန်၊ ဆွမ်ပရာဘွမ်၊ မချမ်းဘော၊ ဝိုင်းမော်မြို့နယ်များ၏ ကျေးလက်တော ရွာဒေသများနှင့် မြင့်မားသော တောင်ကုန်း၊ တောင်တန်း၊ တောင်ဆွယ်များ၊ လျှိုမြောင်များ၊ မတ်စောက်သော ကမ်းပါးကြီးများနှင့် သစ်တောကြီးများ ထူထပ်သည့် ဒေသများဖြစ်သည်။

သို့ဖြစ်ရာ နေရာဒေသ အခြေအနေကိုလိုက်၍ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြသည်။ ဂျိန်ဖော့တို့၏ စီးပွားရေးလုပ်ငန်းများကို လေ့လာကြည့်လျှင် -

(က) စိုက်ပျိုးရေး၊

(ခ) မွေးမြူရေး၊

(ဂ) ကူးသန်းရောင်းဝယ်ရေး၊
(ဃ) အမဲလိုက်ခြင်း၊
(င) တံငါလုပ်ခြင်း၊
(စ) အခြားစီးပွားရေး လုပ်ငန်းများဟူ၍ လေ့လာတွေ့ရှိရသည်။

## စိုက်ပျိုးရေး

စိုက်ပျိုးရေးသည် ဂျိန်ဖော့တိုင်းရင်းသားတို့၏ အဓိက စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်သည်။ ကချင်မျိုးနွယ်စုဝင် ဂျိန်ဖော့ တိုင်းရင်းသား မိသားစုများ၏ ပင်မ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလည်းဖြစ်သည်။ စိုက်ပျိုးရေးတွင် လယ်ယာစိုက်ပျိုးရေး၊ တောင်ယာစိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံစိုက်ပျိုးရေးဟူ၍ တွေ့ရှိရသည်။

***လယ်ယာစိုက်ပျိုးရေး။*** ကချင်ပြည်နယ်သည် များသောအားဖြင့် တောင်ကုန်းတောင်တန်းများ ထူထပ် များပြားသော ဒေသတစ်ခုဖြစ်သည်။ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်ရန် မြေပြန့်လွင်ပြင်ဒေသများ နည်းပါးသည်။ အထူးသဖြင့် ဂျိန်ဖော့တို့ ပျံ့နှံ့နေထိုင်ရာဒေသများသည် လယ်ယာစိုက်ပျိုးရန် မြေပြန့်ဒေသများ အသင့်အတင့်သာရှိသည်။ ဧရာဝတီ မြစ်မကြီး၏ ကမ်းပေါ်တွင် တည်ရှိသည့် မြစ်ကြီးနားမြို့နှင့် ဗိုင်းမော်မြို့နယ်များအတွင်းရှိ အချို့ကျေးရွာများတွင်သာ စိုက်ပျိုးရန် ကောင်းမွန်သော မြေများရှိသည်။ မိုးကောင်း၊ မိုးညှင်း မြို့နယ်များအတွင်းရှိ ရထားလမ်းဘေး ဝဲယာတစ်လျှောက် အချို့ကျေးရွာများတွင်လည်း လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းများကို တွေ့ရှိရသည်။



ဂျိန်ဖော့ သွေးချင်းတို့သည် ယခင်က စပါးကို တစ်နှစ်လျှင် တစ်ကြိမ်သာ တစ်သီးစားအဖြစ် စိုက်ပျိုးခဲ့ကြသည်။ ခေတ်မီ ဖွံ့ဖြိုး တိုးတက်လာသော ယနေ့ခေတ်တွင် စပါးကို နွေစပါး၊ မိုးစပါးဟူ၍ နှစ်သီးစား နှစ်ကြိမ် စိုက်ပျိုးလာကြပြီဖြစ်သည်။ ယခင်က မိုးရေကို အားထား၍လည်းကောင်း၊ တောင်ကျရေများကို မြောင်းသွယ်ယူ၍ လည်းကောင်း စိုက်ပျိုးခဲ့သည်။ ယခုအခါ ဧရာဝတီမြစ်၊ မေခမြစ်၊ မေလိခမြစ်တို့မှ ရေစုပ်စက်များဖြင့် ရေကို ရယူ စိုက်ပျိုးနိုင်ကြပြီ ဖြစ်သည်။ ထို့ပြင် ဗိုင်းမော်မြို့နယ်ရှိ ဝါရှောင်ဆည်ကြီးသည်လည်း လယ်ယာစိုက်ပျိုးရေးကို အဓိက အထောက်အကူပေးသော ဆည်ကြီး ဖြစ်ပေသည်။ ၎င်းဆည်ကြီးသည် ဗိုင်းမော်မြို့မှအရှေ့ဘက် ၁၂ မိုင် ကွာဝေးသည့် ဝါရှောင်ရွာတွင် တည်ရှိသည်။ ၁၉၆၂ ခုနှစ်မှစ၍

စိုက်ပျိုးရေးအတွက် အားထားရာ ဝါရှောင်ဆည်ကြီး



ယူဂိုဆလားဗီးယားနိုင်ငံ အဲလက်ထရို ပရောဂျက် အင်ဂျင်နီယာကြီး နှစ်ဦးနှင့် မြန်မာအင်ဂျင်နီယာကြီးများ ပူးပေါင်း၍ ခုနစ်နှစ်ကြာ တည်ဆောက်ရသည်။ ရေဆင်းဧရိယာ ၁၅၈ စတုရန်းမိုင် ကျယ်ဝန်းပြီး စိုက်ပျိုးမြေဧက ၃၃၃၅၀ ကို ရေပေးနိုင်သည်။ ထို့ကြောင့် ပြည်နယ်အတွက် ဆန်စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာ အသက်သွေးကြောတစ်ခုအဖြစ် အရေးပါလှသည်။

ကချင်တောင်တန်းဒေသများသည် စိုက်ပျိုးရန်မြေ နည်းပါးခြင်း၊ လမ်းပန်းဆက်သွယ်သွားလာမှု ခက်ခဲခြင်းများရှိသည့်နည်းတူ ယခင်က ခေတ်မီတိုးတက်သော နည်းပညာများ အသုံးချနိုင်မှုမရှိခြင်း၊ နယ်မြေဒေသ အေးချမ်းမှုမရှိခြင်းတို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းမှအစ အခြားစီးပွားရေး၊ လူမှုရေးလုပ်ငန်းများပါ တိုးတက်မှု အရှိန်အဟုန် နှေးကွေးခဲ့သည်။ ယခုအခါ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာပြီး ငြိမ်းချမ်းသော ကာလဖြစ်၍ ဂျိန်ဖော့သွေးချင်းများ အပါအဝင် ကချင်ပြည်နယ်ရှိ တိုင်းရင်းသားအားလုံးတို့က နိုင်ငံတော် အကြီးအကဲများ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ ဌာနများ၏ နည်းပညာများကို မိမိတို့ စွမ်းအားများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းများကြောင့် စိုက်ပျိုးရေး လုပ်ငန်းများတွင် အချိန်နှင့် တစ်ပြေးညီ အောင်မြင်မှုများ ရရှိနေပြီဖြစ်သည်။

***တောင်ယာစိုက်ပျိုးရေး။*** တောင်ယာလုပ်ငန်းသည် တောင်တန်းဒေသတွင် နေထိုင်ကြသည့် ဂျိန်ဖော့တို့၏ ရှေးဘိုးဘွားစဉ်ဆက် သမားရိုးကျ စိုက်ပျိုးသော လုပ်ငန်းဖြစ်သည်။ တောင်ယာစပါးသည် တောင်ပေါ်သား ဂျိန်ဖော့တို့၏ အဓိကရိက္ခာဖြစ်သည်။ တောင်ယာထွက် သီးနှံများကိုလည်း အိမ်နှင့်ဝေးသော ဒေသများတွင် တောင်ယာခင်းရှိရာသို့ ရွှေ့ပြောင်း လုပ်ကိုင်ကြသည်။ တောင်ယာလုပ်ငန်းကို တောင်ကမ်းပါးယံများတွင် စိုက်ပျိုးလေ့ရှိသည်။

တောင်ယာကို နှစ်စဉ် ဖေဖော်ဝါရီလနှင့် မတ်လများတွင် စတင်ခုတ်ထွင်ရှင်းလင်းသည်။ ခြောက်သွေ့သည့်အခါ မီးရှို့သည်။ မီးသွေးပြာများကို မြေဩဇာအဖြစ် အသုံးပြုကာ စိုက်ပျိုးမည့် မြေနေရာကို ထယ်ဖြင့် သမအောင်မွေသည်။ အချို့နေရာများတွင် ထယ်ကိုလက်ဖြင့်ဆွဲ၍ အသုံးပြုသည်။

တောင်ယာစိုက်ပျိုးရေးကို ဂျိန်ဖော့ခေါ် ကချင်တိုင်းရင်းသားတို့သည် အိမ်ထောင်စုအလိုက်၊ မိသားစုအလိုက် လုပ်ကိုင်ဆောင်ရွက်လေ့ရှိကြသည်။ မိမိတို့ပိုင်ဆိုင်သော တောင်ယာမြေ နယ်နိမိတ်ကို ချောင်းရိုးများ၊ ကျောက်ဆောင်များ၊ သစ်ပင်များနှင့် မှတ်တိုင်များဖြင့်သတ်မှတ်ထားလေ့ရှိကြသည်။

ဇွန်လတွင် စိုက်ပျိုးသည်။ စိုက်ပျိုးသော သီးနှံများမှာ တောင်ယာစပါး၊ လူး၊ ဆတ်၊ ပြောင်း၊ ဝါ၊ ပဲအမျိုးမျိုး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်၊ ချင်း၊ အာလူး၊ ပိန်းဥ၊ မုန်ညင်း၊ ကျောက်ဖရုံနှင့် ရွှေဖရုံတို့ဖြစ်သည်။

တောင်ယာသည် ရွာနှင့်ဖြစ်စေ၊ မိမိတို့နေထိုင်ရာဒေသနှင့်ဖြစ်စေ အလှမ်းဝေးပါက တောင်ယာတဲပြုလုပ်ပြီး ပြောင်းရွှေ့ နေထိုင်ကြသည်။ ရှေးအခါက ဂျိန်ဖော့တို့သည် မိမိတို့ အိမ်ထောင်စု၏လုပ်ငန်းကို မလုပ်ကိုင်မီ ကျေးရွာအကြီးအကဲလုပ်ငန်းကို ဦးစွာလုပ်ကိုင် ဆောင်ရွက်ကြရသည်။ ထို့နောက်တွင်မှသာ မိမိတို့ရွာသူရွာသားများ၏ လုပ်ငန်းများကို ဝိုင်းဝန်းကူညီ လုပ်ကိုင်ကြသည်။ အိမ်ထောင်စုတစ်ခု၏ အရေးကိစ္စကို

ကျန်အိမ်ထောင်စုများက ဝိုင်းဝန်း ကူညီ လုပ်ကိုင်ကြသည့်ဓလေ့မှာ ဂျိန်ဖော့သွေးချင်းတို့၏ နှစ်သက်ဂုဏ်ယူဖွယ်ကောင်းသော စိတ်ဓာတ်ပင် ဖြစ်သည်။ တစ်ဦး၏ အခွင့်အရေး ကိစ္စကို စုပေါင်း လုပ်ကိုင်ဆောင်ရွက်ပေးကြသော အစဉ်အလာမှာ ဂျိန်ဖော့တို့၏ ကောင်းမွေအဖြစ် ယနေ့တိုင် ရှင်သန်နေဆဲဖြစ်သည်။

ကောက်ပဲသီးနှံများ အားလုံးကို သိမ်းဆည်းပြီးသော နိုဝင်ဘာလတွင် နတ်ပူဇော်ပွဲပြုလုပ်၍ တောင်ယာလုပ်ငန်းကို သိမ်းတတ်ကြသည်။ တောင်ယာမြေကွက် တစ်ကွက်ကို အများဆုံး သုံးနှစ်သာ စိုက်ပျိုးလုပ်ကိုင်ပြီး အခြားနေရာသို့ ပြောင်းရွှေ့ခုတ်ထွင် စိုက်ပျိုးကြပြန်သည်။ ရွှေ့ပြောင်းတောင်ယာစနစ်ကို ကျင့်သုံးခြင်းဖြစ်သည်။

ဂျိန်ဖော့တို့၏ တောင်ယာလုပ်ငန်းကို တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းလုပ်ကိုင်ခြင်းဖြင့် ရွာလုံးကျွတ် အစုလိုက်၊ ဆွေမျိုးလိုက် ရွှေ့ပြောင်းတတ်ကြပြီး နယ်မြေအသစ်ကို ရှာဖွေကြသည်။ သို့ဖြစ်၍ ရွာသူ ရွာသားများသည် တစ်နေရာမှ တစ်နေရာသို့ ကိုယ့်ဒေသမှ ပြောင်းရွှေ့ နေထိုင်ကာ တောင်တန်းဒေသတွင် နေထိုင်သည့်ဓလေ့များ ရှိခဲ့ကြသည်။

ယခုအခါတွင် တောင်တန်းဒေသနေ ဂျိန်ဖော့တို့သည် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးမှုနှင့် လှေကားထစ် စိုက်ပျိုးမှုများကို လုပ်ကိုင်လာကြလေသည်။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ သီးနှံမျိုးကောင်းမျိုးသန့်များ၊ ဓာတ်မြေသြဇာများ၊ ပိုးသတ်ဆေးများကို ထုတ်ယူလျက် ခေတ်နှင့်အညီ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်လျက် ရှိသည်။

မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း၊ ဝိုင်းမော်၊ ဗန်းမော်၊ ပူတာအိုမြို့နယ်များ၊ ဆဒုံး၊ လောခေါင်၊ ထောင်ဂေါ့နှင့် မန်ကျီ တောင်တန်းဒေသများတွင် တောင်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ဂျိန်ဖော့တို့၏ ရွှေ့ပြောင်းတောင်ယာစနစ်ကို စိုက်ပျိုးသော ဓလေ့မှာ ယနေ့တိုင် တွင်ကျယ်လျက်ရှိသည်။



ရှေးယခင်က ဂျိန်ဖော့သွေးချင်းတို့သည် စိုက်ပျိုးရေးလုပ်ငန်းများတွင် ကျွဲ၊ နွား၊ ထွန်တုံး၊ ထွန်တံ၊ ထယ်၊ ပေါက်တူး၊ ပေါက်ပြားစသည့် မိရိုးဖလာ လယ်ယာသုံးကိရိယာများကို အသုံးပြုခဲ့ရာမှ ယခုအခါ လက်တွန်းထွန်စက်များ၊ ထွန်စက်ကြီးများ၊ ရေစုပ်စက်များ၊ စပါးခြွေစက်များကိုပင် တိုးတက်အသုံးပြုလာပြီဖြစ်သည်။ သို့ဖြစ်ရာ မိမိဒေသအတွင်း စားသုံးဆန်ဖူလုံရန် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အားဖြည့် လုပ်ကိုင်လျက်ရှိသည်။

*ဥယျာဉ်ခြံ စိုက်ပျိုးရေး။* ဂျိန်ဖော့တိုင်းရင်းသားများသည် မိမိတို့ပိုင်သော ဥယျာဉ်ခြံများနှင့် နေအိမ်ပတ်ဝန်းကျင်တွင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို စိုက်ပျိုးကာ အသက်မွေးဝမ်းကျောင်းပြုကြသည်။ စိုက်ပျိုးသော သီးနှံများမှာ သစ်တော၊ မက်မန်း၊ စပျစ်၊ ရှောက်၊ သံပရာ၊ လိမ္မော်၊ သရက်၊ ပိန္နဲ၊ နာနတ်၊ ကြက်သွန်၊ ငရုတ်၊ ပဲအမျိုးမျိုး၊ ပြောင်း၊ ကျောက်ဖရုံ၊ ရွှေဖရုံ၊ သခွား၊ မုန်ညင်း၊ လက်ဖက်၊ ကော်ဖီ၊ ငှက်ပျောနှင့် အာလူးတို့ကို စိုက်ပျိုးကြသည်။ လိမ္မော်ကိုမူ မြန်မာနိုင်ငံအောက်ပိုင်း မြို့ကြီးများသို့ပင် တင်ပို့ရောင်းချနိုင်သည့်အထိ စိုက်ပျိုးထုတ်လုပ်နိုင်ပေသည်။

ဝိုင်းမော်မြို့နယ် မန်ဝိန်း၊ နမော်ယန်၊ မလန်းယန်၊ ဂါးရာယန်၊ ဒဘတ်ယန်၊ ကဇူးယန်၊ ကန်တော်ယန်၊ အင်ပွန်ယန် ကျေးရွာဒေသများ၌ လိမ္မော်များကို ကြီးကျယ်စွာ စိုက်ပျိုးကြသည်။ ထို့ပြင် ဝိုင်းမော်-

ဇန်းမော်၊ ပိုင်းမော်-ချီဖွေ၊ ပိုင်းမော်-ကမ်ပိုက်တီသွား ကားလမ်းမကြီးများ ဝဲယာတစ်လျှောက်တွင် လိမ္မော်ခင်းများကို တစ်မျှော်တစ်ခေါ်မြင်တွေ့နိုင်သည်။

ထို့ပြင် အာလူးသည်လည်း ရာသီဥတုမရွေး စိုက်ပျိုးနိုင်သောကြောင့် အစားအစာ ထုတ်လုပ်မှုတွင် အရေးပါသော အခန်းကဏ္ဍရှိနေပေသည်။ ကျိန်ဖော့တို့သည် အာလူးစိုက်ပျိုးရေးကို အလေးထားဆောင်ရွက်ကြသည်ကို တွေ့ရှိရသည်။ အာလူးသည် စပါးကဲ့သို့ရေသွယ်ခြင်း၊ ပျိုးထောင်ခြင်း မလိုအပ်ဘဲ နှမ်း၊ ပြောင်းများကဲ့သို့ စိုက်ပျိုးရ လွယ်ကူသဖြင့် ဒေသခံကျိန်ဖော့ တိုင်းရင်းသားများသည် အာလူးကို ပိုမိုစိုက်ပျိုးလာကြသည်။ ကချင်ပြည်နယ်မြောက်ပိုင်းဒေသ နောင်မွန်း၊ ပူတာအို၊ မချမ်းဘော၊ ချီဗွေ၊ ဆော့လော်၊ ဆွမ်ပရာဘွမ်၊ မြစ်ကြီးနား၊ ပိုင်းမော်မြို့နယ် ဒေသများတွင် စိုက်ပျိုးလျက်ရှိသည်။ အာလူးသည် ဈေးချိုခြင်း၊ စိုက်ပျိုးရလွယ်ကူခြင်း၊ ဆန်ထက် အာဟာရဓာတ် အများဆုံးဖြစ်သည့် ပရိုတင်း၊ ဗီတာမင်စီ၊ ထုံးဓာတ်၊ သံဓာတ်များ ပါဝင်သည်ဖြစ်၍ ကျိန်ဖော့သွေးချင်းတို့သည် အာလူးစိုက်ပျိုးရေးကို အလေးထား ဆောင်ရွက်လျက် ရှိကြသည်။

ရှေးယခင်က ဒေသခံကျိန်ဖော့တိုင်းရင်းသားတို့၏ စိုက်ပျိုးရေးလုပ်ငန်းတွင် ဘိန်းစိုက်ပျိုးမှုသည်လည်း ပါဝင်ခဲ့သည်။ ကချင်ပြည်နယ်ရှိ တောင်တန်းဒေသများသည် ရာသီဥတုအေးမြသည့် ဒေသများဖြစ်၍ ဘိန်းစိုက်ပျိုးရန် သင့်တော်သော ရာသီဥတု ရရှိသည့် ဒေသများဖြစ်သည်။ ၁၉၉၁ ခုနှစ်တွင် ကချင်အထူးဒေသ (၁)၊ ၁၉၉၄ ခုနှစ်တွင် ကချင်အထူးဒေသ (၂) တို့သည် နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးယူခဲ့သည်။ ငြိမ်းချမ်းရေးမရယူမီ ကာလ၌ နယ်စွန်နယ်ဖျား ဒေသများတွင် နိုင်ငံတော်အစိုးရက အုပ်ချုပ်မှု အလှမ်းမမီသည်ကို အခွင့်ကောင်းယူကာ နယ်စပ်ကုန်သည်တို့က ဘိန်းစိုက်ပျိုးရေးကို လုပ်ကိုင်ဆောင်ရွက်ကြသည်။



သို့သော် ဒေသခံ ကျိန်ဖော့တိုင်းရင်းသားများသည် မူးယစ်ဆေးဝါး၏ ဆိုးကျိုးပေးပုံများကို သိမြင်လာပြီး လူသားမျိုးနွယ် တစ်ရပ်လုံးအား ခြိမ်းခြောက်နေသော ဘိန်းအန္တရာယ်ကို ရှင်းလင်း ဖြိုဖျက်နိုင်ခဲ့သည်။ နိုင်ငံတော်အစိုး၏ စည်းရုံးမှု ပညာပေးမှုများ အပါအဝင် ဥပဒေအရ ထိရောက်ပြတ်သားစွာ အရေးယူမှုများကြောင့် ယခုအခါ မူးယစ်ဆေးဝါး ထုတ်လုပ်ရေးတွင် အဓိကဖြစ်သော ဘိန်းစိုက်ပျိုးရေး လုပ်ငန်းများ လုံးဝကင်းရှင်းသွားခဲ့ပြီး ဘိန်းအစားထိုးသီးနှံအဖြစ် လက်ဖက်များကို စိုက်ပျိုးလာကြသည်။ အချို့ဒေသများတွင် လေ့ကားထစ် လက်ဖက်စိုက်ပျိုးခင်းများ မြင်တွေ့နိုင်သည်။

## မွေးမြူရေး

ကျိန်ဖော့တို့သည် ကျွဲ၊ နွား၊ လား၊ ကြက်၊ ဝက်၊ ခွေး စသည့်တိရစ္ဆာန်များကို ဘိုးဘေးအစဉ်အဆက်ကပင် မွေးမြူခဲ့ကြသည်။ သားစဉ်မြေးဆက် ယနေ့ထက်တိုင် မွေးမြူရေးကို အလေးအနက် ထားကြသည်။ အကြောင်းမှာ ၎င်းတို့၏ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးနှင့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများသည် မွေးမြူရေးလုပ်ငန်းများနှင့် ဆက်စပ်နေသောကြောင့်ဖြစ်သည်။

ကချင်ပြည်နယ်ရှိ ကျိန်ဖော့တို့ နေထိုင်ရာဒေသများသည် တောတောင်များ ထူထပ်ပြီး တစ်နေရာမှ တစ်နေရာသို့ သွားလာရန်နှင့် ကုန်ပစ္စည်းသယ်ဆောင်ရန်အတွက် လားများကို အားထားကြရသည်။

လားတစ်ကောင်၏ ခံနိုင်ဝန်အားမှာ ပေါင်ချိန် ၁၂၀ မှ ၁၅၀ ထိ ဖြစ်သည်။ လမ်းခရီး အကွာအဝေး၊ သွားလာမှု လွယ်ကူခြင်း၊ ခက်ခဲခြင်းနှင့် ကုန်အလေးချိန်တို့အပေါ် မူတည်၍ လားများကို ငှားရမ်းသွားလာရသည်ဖြစ်ရာ အချို့အိမ်ထောင်စုများသည် လားတစ်ကောင်မှ ဆယ်ကောင်အထိပင် မွေးမြူတတ်ကြသည်။

ကျွဲ၊ နွားများကိုမူ စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်နှင့် လက်ထပ်မင်္ဂလာပွဲ၊ ဈေးစပ်ပွဲများတွင် ကွမ်းဖိုးပေးရန်တို့အတွက် အဓိက မွေးမြူခြင်းဖြစ်သည်။ သာမန်ဘာသာရေးကိစ္စ မဟုတ်သော အခါကြီး၊ နေ့ကြီး၊ ရက်ကြီးများတွင်မူ ရိုးရာပွဲလမ်းသဘင်များအတွက် အစားအစာအလို့ငှာ အသုံးပြုကြသည်။ ဂျိန်ဖော့တို့သည် မိမိတို့လူမျိုးများ၏

**ဝန်တင်လားများဖြင့် တစ်နေရာမှ တစ်နေရာသို့ ကုန်သွယ်သွားလာ**





ချမ်းသာကြွယ်ဝမှုကို ကျွဲ၊ နွား၊ လားကောင်ရေ မည်မျှပိုင်ဆိုင်သည်ကို ကြည့်၍ သတ်မှတ်လေ့ရှိသည်။

ကြက်၊ ဝက်တို့ကို ရောင်းချရန်နှင့် အစားအာဟာရအတွက် မွေးမြူကြသည်။ ဂျိန်ဖော့တို့၏ ရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးစံအရ ဆုတောင်းပွဲ၊ လက်ထပ်မင်္ဂလာပွဲ၊ အသုဘ အခမ်းအနား၊ ရိုးရာနတ်ပူဇော်ပွဲ၊ ရိုးရာပွဲလမ်းသဘင်များ ကျင်းပရာတွင် ကြက်၊ ဝက်တို့သည် မရှိမဖြစ်၊ မပါမပြီးသော အစားအစာဖြစ်ပေသည်။ ခွေးကို အမဲလိုက်ရန်နှင့် အိမ်မွေးတိရစ္ဆာန်အဖြစ်ထားရှိရန် ရည်ရွယ်၍ မွေးမြူခြင်းဖြစ်သည်။

ဈေးကွက်စီးပွားရေးစနစ် ထွန်းကားလာသော ယနေ့ခေတ်တွင် ဂျိန်ဖော့တိုင်းရင်းသား သွေးချင်းတို့သည် ဘိုးဘွားအစဉ်အဆက်က မွေးမြူရေးလုပ်ငန်းများအပြင် စီးပွားဖြစ် ငါးမွေးမြူရေးနှင့် ဥစားကြက် မွေးမြူရေးလုပ်ငန်းများကိုပါ လုပ်ဆောင်လျက် ရှိနေပြီဖြစ်သည်။

## ကူးသန်းရောင်းဝယ်ရေး

ဒူဝါများ အုပ်ချုပ်သည့်ခေတ်တွင် ကုန်ပစ္စည်းများကို တိုက်ရိုက်ဖလှယ်သည့်စနစ် ကျင့်သုံးခဲ့သည်။ အချို့ကျေးလက်တောရွာများတွင် ငါးရက်တစ်ဈေး သို့မဟုတ် ခုနစ်ရက်တစ်ဈေး သတ်မှတ်ပြီး ကူးသန်းရောင်းဝယ်ခဲ့ကြသည်။ ဂျိန်ဖော့သွေးချင်းများသည် ပတ်ဝန်းကျင်ရှိ အခြားတိုင်းရင်းသားများနှင့်အတူ တောင်း၊ ပလိုင်း၊ ထမ်းပိုးတို့ဖြင့် ထမ်း၍ တစ်မျိုး၊ ကျောတွင်ပိုး၍တစ်ဖုံ တောအထပ်ထပ် တောင်အတန်တန် လျှိုမြောင်ချိုင့်ဝှမ်းများကို ကျော်ဖြတ်ကာ ရောင်းဝယ်လေ့ ရှိကြသည်။ အချို့ကမူ ကုန်ပစ္စည်းများကို နွားလှည်းဖြင့်လည်းကောင်း၊ လားများဖြင့်လည်းကောင်း တင်ဆောင်၍ ကူးသန်း ရောင်းဝယ်ကြသည်မျိုးလည်း ရှိသည်။

အများအားဖြင့် ဟင်းသီးဟင်းရွက်များကို ရောင်းဝယ်ကြသည်။ လိမ္မော်၊ မုန့်ညှင်း၊ ပြောင်း၊ ကြက်သွန်၊ ငရုတ်၊ နှာနတ်၊ ပဲအမျိုးမျိုး၊ ငှက်ပျော၊ ကျောက်ဖရုံ၊ ရွှေဖရုံ၊ သခွား စသည့် လယ်ယာဥယျာဉ် ခြံထွက်ပစ္စည်းများနှင့် ပျားရည်၊ ပျားဖယောင်း၊ ကတိုး၊ ခေါင်ရည်၊ အရက်၊ နှီး၊ ဝါး၊ ကြိမ်ထည်ပစ္စည်းများနှင့် ခန်းထောက်မြစ်ကဲ့သို့သော ဆေးဘက်ဝင် သစ်မြစ်သစ်ဥများ စသည်တို့ကို သယ်ဆောင်ရောင်းဝယ်ကြသည်။

ဂျိန်ဖော့သွေးချင်းတို့သည် ရှေးယခင်က ကုန်ပစ္စည်းများ ရောင်းဝယ်ရေးတွင် တစ်ဦးအလိုတစ်ဦးဖြည့်၊ တစ်ဦးအကြိုက် တစ်ဦးပေးပြီး ကုန်ပစ္စည်းချင်း ဖလှယ်သည့်အဆင့်ဖြင့် ရောင်းဝယ်မှုပြုရာတွင် ခရုခွံ၊ ကမာခွံ၊ သန္တာစေ့များကို ကြားခံပစ္စည်းအဖြစ် အသုံးပြုခဲ့ကြသည်။ မိမိတို့၏ ရိုးရာဓလေ့အရ လူမှုရေးတွင် အလွန်အရေးပါသော ရိုးရာအသုံးအဆောင်ပစ္စည်းများကိုပို၍ အမြတ်တနိုး ရှာဖွေဝယ်ယူစုဆောင်းလေ့ရှိကြသည်။ အထူးသဖြင့် မောင်းအရွယ်အစားအမျိုးမျိုး၊ ခား၊ လှံ၊ သေနတ်များ၊ ကျောက်မျက်ရတနာပစ္စည်းများ၊ ရိုးရာဝတ်စုံ အဆင်တန်ဆာပစ္စည်းများ စသည်တို့ကို အဓိက တန်ဖိုးထား ဝယ်ယူစုဆောင်းတတ်ကြသည်။

ထိုစဉ်က အချိန်အတွယ်များကို မိမိတို့ မျိုးနွယ်စု အကြီးအကဲက သတ်မှတ်ပေးသော အလေး၊ ချိန်ခွင်၊ တင်းတောင်းများကို အသုံးပြုခဲ့ကြသည်။ အချိန်အတွယ်၊ အတိုင်းအတာများကိုလည်း လက်ဆုပ်၊ လက်ခုပ်၊ လက်လံ၊ လှံတစ်ပစ်၊ ဝါးတစ်ရိုက် စသည်ဖြင့် သုံးစွဲခဲ့ကြသည်။ ဝါးတစ်ရိုက် ဆိုသည်မှာ အရင်းအဖျားဖြတ်ပြီး အသုံးပြုသည့် ဝါးအရှည် အတိုင်းအတာကို ဆိုလိုသည်။ သို့သော် ယခုအခါတွင်



နိုင်ငံတော်အတွင်း တရားဝင် အသိအမှတ်ပြု သုံးစွဲနေသော အချိန်အတွယ်နှင့် အတိုင်းအတာများကို အသုံးပြုနေကြပြီဖြစ်သည်။

## အမဲလိုက်ခြင်း

ဒေသခံ ကချင်တိုင်းရင်းသား ဂျိန်ဖော့မုဆိုးများသည် အမဲလိုက်ခြင်းကိုလည်း ဆောင်ရွက်ကြသည်။ အမဲလိုက်ရာတွင် တောခြောက်၍ အမဲလိုက်နည်း၊ ချောင်းမြောင်းပစ်ခတ်၍ အမဲလိုက်နည်း၊ ထောင်ချောက်ဆင်၍ အမဲလိုက်နည်းတို့ဖြင့် အမဲလိုက်ကြသည်။

တောခြောက်၍ အမဲလိုက်ရာတွင် အုပ်စုလိုက်၊ အဖွဲ့လိုက် အမဲလိုက်ကြခြင်းဖြစ်သည်။ ၎င်းအမဲလိုက်နည်းကို ကျေးရွာအကြီးအကဲက ဦးဆောင်လေ့ရှိသည်။ အမဲလိုက်အဖွဲ့သည် တူမီးသေနတ်၊ လေး၊ မြား၊ ကျော့ကွင်း၊ စားရေရိက္ခာများနှင့် အမဲလိုက်ခွေးများကိုပါ ခေါ်၍ ၁၀ ရက်၊ ၁၅ ရက် စသည်ဖြင့် အမဲလိုက်ကြခြင်း ဖြစ်သည်။

အများအားဖြင့် အမဲလိုက်ရာတွင် ရရှိသည့် တောကောင်များမှာ ဆတ်၊ ယုန်၊ ကြောင်၊ တောင်ဆိတ်၊ ချေ၊ မျောက်၊ ကျားသစ်၊ သမင်၊ ကတိုးကောင်၊ ဖြူ၊ တောကြောင်၊ တောဝက်၊ အောက်ချင်းငှက်၊ တောကြက်နှင့် အခြားအမည်မသိသော တောကောင်များဖြစ်သည်။ ဆင်ကိုမူ ဖမ်းဆီးလေ့၊ ပစ်ခတ်လေ့ မရှိပါ။ ဆင်ကို ရှေးယခင်က ပစ်ခတ် ရှာဖွေခဲ့သော်လည်း ယခုအခါ ဆင်သည် ရတနာတစ်မျိုးဖြစ်ပြီး သစ်ထုတ်ရေးတွင် လူသားတို့ကို အကျိုးပြုသော ကျေးဇူးရှင်ဟု ယုံကြည်၍ ကျေးရွာအကြီးအကဲနှင့် တာဝန်ရှိသူများက ဆင်ကို ဖမ်းဆီးပစ်ခတ်ခြင်းမပြုရန် တားမြစ်ထားလေသည်။

အဖွဲ့လိုက်၊ အုပ်စုလိုက် အမဲလိုက်ရာတွင် ရရှိသည့် သားကောင်များကို ဝေခြမ်းသည့်အခါ ဒူဝါများ၊ ကျေးရွာအကြီးအကဲများအတွက်

နောက်ပေါင်တစ်ပေါင်၊ သားကောင်ပစ်သူအတွက် အထူးဝေဆုချန်ပြီး ကျန်အဖွဲ့သားများက အညီအမျှ ခွဲဝေယူကြသည်။ ကျွဲ၏ အရိုးများကို ကျွဲကော် ပြုလုပ်ပြီး ဆေးဝါးအဖြစ် အသုံးပြုကြသည်။ ကျွဲကော်ဆိုသည်မှာ ကျွဲရိုးများကို အိုးတွင်ထည့်၍ မီးဖိုတွင် မီးအားကောင်းကောင်းဖြင့် ညောင်စေးကဲ့သို့ အမျှင်တန်းလာစေရန် အချိန်ကြာမြင့်စွာ ပြုတ်ပြီး ဝါးကျည်တောက်များတွင်ထည့်ကာ အအေးခံ၍ ရယူထားသော အရိုးပေါင်း အစိုင်အခဲဖြစ်သည်။ ပုံစံအားဖြင့် ခဲလံကျည်တောက်ခေါ် ကောက်ညှင်းကျည်တောက်ကဲ့သို့ အသွင်တူသည်။

ချောင်းမြောင်းပစ်ခတ်၍ အမဲလိုက်နည်းနှင့် ထောင်ချောက်ဆင်၍ အမဲလိုက်နည်းတို့မှာ တစ်ဦးချင်း စီးပွားဖြစ် အမဲလိုက်သော မုဆိုးများ အသုံးပြုသည့် နည်းများဖြစ်သည်။

***ကတိုးကောင်များ ဖမ်းဆီးရှာဖွေခြင်း။*** ကတိုးကောင်သည် ဒရယ်မျိုးနွယ်စုဝင် ဖြစ်သည်။ ရေခဲတောင်များပေါ်တွင်သာ ကျက်စားလေ့ရှိသည်။ အရွယ်မှာ အကြီးဆုံး အကောင်သည် သုံးပေခန့်ရှိ၍ ပခုံးအမြင့်မှာ ၂၀ လက်မခန့်ရှိသည်။ ခွာမှာ ချေခွာနှင့်တူပြီး ချွန်သည်။ အညိုရောင်နှင့် မီးခိုးရောင်ရှိပြီး ဝမ်းဗိုက်မှာ အဖြူရောင်ဖြစ်သည်။ အမြီးတိုကလေး ပါရှိသည်။ အထီး၊ အမ နှစ်ကောင်စလုံး၌ ဦးချိုမရှိပေ။ အထီးများတွင် မေးရိုးအောက်သို့ ထိုးထွက်နေသည့် အစွယ်နှစ်ချောင်း ပါရှိသည်။ များသောအားဖြင့် အလေးချိန်မှာ ငါးပိဿာမှ ကိုးပိဿာခန့်ရှိသည်။

ကတိုးကောင်များ၏ အထီး၊ အမ သဘာဝမိတ်လိုက်ပုံမှာ အလွန်ဆန်းကြယ်၏။ အထီး၏ အမြီးဖျားသည် နို့သီးခေါင်းကဲ့သို့ အပေါက်ကလေးများပါသည်။ ထိုအပေါက်များမှ ကတိုးကောင်အထီး၏ သန္ဓေ



ရည် ထွက်သည်။ မိတ်လိုက်သည့်အခါ ကတိုးအမသည် အထီး၏ အမြီးကိုကိုက်၍ သန္ဓေရည်ကို စုပ်ယူသည်ဟု မုဆိုးများ၏ အဆိုအရ သိရသည်။ လဆန်းရက်နှင့် လပြည့် လကွယ် ရက်များတွင်သာ မိတ်လိုက်လေ့ရှိသည်။ တစ်နှစ်လျှင် နှစ်ကြိမ် သားမွေးပြီး တစ်ကြိမ်မွေးပါက တစ်ကောင်သာဖြစ်သည်။ နို့တိုက် သတ္တဝါမျိုးဖြစ်သည်။ ကတိုးကောင်၏ အဆီ၊ အမွှေးနံ့သာခဲသည် အထီး၏ ချက်အထက်တွင် အိတ်ငယ်နှင့် တည်ရှိနေသည်။ ထိုချက်အိမ်မှ နီညိုရောင်အမွှေးနံ့သာခဲကို ရရှိသည်။ ကတိုးကောင်ကို ကျားများက စားသည့်အခါ ကတိုးဆီရှိသော ချက်အိမ်ကို မစားဘဲ ချန်စားလေ့ရှိသည်။

ကတိုးဆီသည် အကိုက်အခဲရောဂါ၊ လေငန်းရောဂါ၊ သူငယ်နာရောဂါများနှင့် အခြားရောဂါဝေဒနာများအတွက် ဆေးဝါးဖော်စပ်ရန် များစွာအသုံးဝင်သည်။ ကတိုးမှုန့်သည် အမျိုးသမီးများ ခေါင်းအုံးအောက်တွင် ထားအိပ်ပါက ပဋိသန္ဓေ ကင်းဝေးစေသဖြင့် ကိုယ်ဝန်ဆောင်များ မသောက်ရန် သတိပြုကြသည်။ ဂျိန်ဖော့ တိုင်းရင်းသားတို့သည် ကတိုးမှုန့်ကို အထုပ်ကလေးများ ပြုလုပ်၍ ကလေးသူငယ်များ၏ လည်ပင်းတွင် ဆွဲပေးလေ့ရှိကြသည်။ အန္တရာယ်ကင်းသည်ဟု ၎င်းတို့ ယုံကြည်ကြသည်။ ဂျိန်ဖော့မုဆိုးများပင်လျှင် ကတိုးသားရေကို ဦးထုပ်ပြုလုပ်၍ ဆောင်းကြသည်။

ကတိုးကောင်များ ကျက်စားသည့်ဒေသမှာ လူများနှင့် အလှမ်းဝေးကွာလှသည်။ နောင်မွန်းမြို့နယ် ခါကာဘိုရာဇီ တောင်ခြေ ဒေသ၊ ခေါင်လန်ဖူးမြို့နယ်ဒေသများ အထူးသဖြင့် ချီဖွေမြို့နယ်နှင့် ဆော့လော်မြို့နယ်များရှိ ရေခဲတောင်ဒေသများ၊ အီမောဘွန်းတောင်ဒေသများ၊ ချင်မလီတောင်ဒေသများ၊ ကန်ပိုက်တီတောင်ဒေသများတွင်သာ နေကြ

သည်။ တစ်ကောင်တည်း နေလေ့ရှိပြီး တစ်ခါတစ်ရံ အထီး၊ အမ နှစ်ကောင်တွဲလည်း နေတတ်သည်။ မည်သည့်အခါမှ အုပ်စုဖွဲ့၍ နေလေ့မရှိပါ။

ကတိုးကောင်များ ကျက်စားသည့်နေရာမှာ ခရီးဝေးလွန်းခြင်း၊ အအေးလွန်ကဲခြင်း၊ သားရဲတိရစ္ဆာန် ပေါများခြင်းနှင့် တောတောင် ချောက်ကမ်းပါးများကို ခက်ခဲစွာ ကျော်ဖြတ်သွားလာရခြင်းတို့ကြောင့် ကတိုးကောင် ဖမ်းဆီးရှာခြင်းလုပ်ငန်းကို တော်ရုံသတ္တိနှင့် မလုပ်နိုင်ကြပေ။ ဂျိန်ဖော့မုဆိုးများသည် ရေခဲတောင်များ စတင်အရည်ပျော်ချိန် ဖြစ်သည့် ဧပြီလမှစ၍ ကတိုးကောင် ရှာဖွေသည့်လုပ်ငန်းကို စတင် ဆောင်ရွက်ကြသည်။

ကတိုးကောင် ရှာဖွေရန် သွားသည့်အခါ သုံးလေးလကြာလေ့ရှိသည်။ ထို့ကြောင့် စားရေရိက္ခာနှင့် မိမိတို့ အသုံးအဆောင်များကို တစ်ပါတည်းယူသွားသည်။ မုဆိုးများ စုပေါင်း၍ အဖွဲ့လိုက်သွားကြခြင်းဖြစ်၏။ လိုအပ်သောနေရာသို့ရောက်လျှင် တဲထိုး၍ နေရသည်။ ဂူရှိလျှင် ဂူအတွင်း၌ နေကြသည်။ နေရာထိုင်ခင်းအတွက် အဆင်ပြေအောင် စီစဉ်ပြီးပါက ညှတ်ကွင်းထောင်သော လုပ်ငန်းကို စတင် ဆောင်ရွက်ကြသည်။ မုဆိုးများသည် သူ့နေရာ ကိုယ့်နေရာ သတ်မှတ်ချက် ရှိသည်။ တစ်ဦး၏ နေရာကို တစ်ဦးက ခွင့်ပြုချက် မရပါက သွားခွင့်မရှိပါ။

ကတိုးကောင် ဖမ်းနည်းမှာ ထောင်ချောက်၊ ကျော့ကွင်း၊ ညှတ်ကွင်းတို့ဖြင့် ထောင်ဖမ်းနည်းနှင့် သေနတ်၊ ဒူးလေး၊ အဆိပ်မြားတို့ဖြင့် ပစ်ခတ်ဖမ်းနည်းဟူ၍ နှစ်မျိုးရှိသည်။ ထောင်ချောက်၊ ကျော့ကွင်း၊ ညှတ်ကွင်းတို့ဖြင့် ထောင်ဖမ်းနည်းတွင်လည်း ခြေထောက်ကို ထောင်



ဖမ်းနည်းနှင့် လည်ပင်းကို ထောင်ဖမ်းနည်းဟူ၍ရှိရာ အများအားဖြင့် ခြေထောက်ကို ထောင်ဖမ်းသော နည်းကိုသာ အသုံးပြုကြသည်။ တစ်ခါတစ်ရံ ထီးအနက်ကို ဖွင့်၍ ဖမ်းနည်းမျိုးလည်း ကျင့်သုံးကြ၏။ ထီးအနက်ကို ဖွင့်ထားပါက ကတိုးကောင်များသည် အဘယ်ကြောင့် မသိ၊ ပြေးလွှားသွားလာခြင်း မပြုတော့ဘဲ ၎င်းထီးကိုသာ အာရုံစူးစူး စိုက်စိုက် ကြည့်နေလေတော့သည်။ ထိုအခါ မုဆိုးများက ဒူးလေး၊ အဆိပ်မြားတို့ဖြင့် ပစ်ခတ်ဖမ်းယူကြသည်။

ကတိုးအမကို ဖမ်းဆီးရရှိပါက အသေရရှိမှသာ အသားစားကြပြီး အရှင်ဖမ်းဆီးရမိပါက မျိုးတုံးသွားမည်ကိုစိုး၍ ပြန်လွှတ်ကြသည်။ ကတိုးဆီ၊ ကတိုးမှုန့်၊ ကတိုးမွေးနှင့် ကတိုးသားရေ စသည့် ကတိုးကောင် တစ်ကောင်လုံးသည် အလွန်တန်ဖိုးကြီးမားသည်ဖြစ်ရာ ဂျိန်ဖော့တိုင်းရင်းသား မုဆိုးများသည် ခက်ခက်ခဲခဲ ရှာဖွေရသည့် ကတိုးကောင် ဖမ်းဆီးရှာဖွေခြင်းလုပ်ငန်းကို စွန့်စွန့်စားစား လုပ်ကိုင်ဆောင်ရွက်ကြလေသည်။

## တံငါလုပ်ငန်း

ဂျိန်ဖော့တို့သည် မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်ရှိ မြစ်များ၊ ချောင်းများတွင် တံငါလုပ်ငန်းကို လုပ်ကိုင်ကြသည်။ ဧရာဝတီ မြစ်ဖျားပိုင်းနှင့် မေခမြစ်၊ မေလိခမြစ်များသည် ဂျိန်ဖော့တို့ ငါးရှာရန် အားထားသော မြစ်များဖြစ်သည်။ ထို့ပြင် မိမိတို့ လက်လှမ်းမီသော ချောင်းငယ်၊ မြောင်းငယ်များတွင်လည်း ငါးရှာဖွေလေ့ရှိကြသည်။

ကျေးလက်တောရွာ ဒေသများတွင် ငါးရှာခြင်း၊ ငါးဖမ်းခြင်း လုပ်ငန်းများအတွက် ယနေ့တိုင် နတ်များကို ပူဇော်ပသသော အလေ့

အထ ရှိပါသည်။ ငါးရှာမထွက်မီနှင့် ငါးရှာစဉ်ကာလအတွင်း အသားစားခြင်း၊ ညစ်ညမ်းသော စကားပြောဆိုခြင်း မပြုမိစေရန် တားမြစ်ထားသည်။ ငါးရှာရာတွင် အဖွဲ့လိုက်သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း ရှာဖွေလေ့ရှိသည်။ အဖွဲ့လိုက်ရှာဖွေပါက ကျေးရွာအကြီးအကဲများက ခေါင်းဆောင်ကြ၏။ တစ်ခါတစ်ရံတွင် ကျေးရွာအကြီးအကဲများက ငါးရှာကျွမ်းကျင်သူကို ခေါင်းဆောင်စေခြင်းမျိုးလည်း ရှိသည်။

တံငါလုပ်ငန်းတွင် အသုံးပြုသော ကိရိယာများမှာ အုပ်ဆောင်း၊ မြှုံး၊ ယင်း၊ လက်ကော်၊ ပိုက်၊ ငါးဖမ်းဆန်ခါ၊ ထူးချိတ်များ စသည်တို့ဖြစ်သည်။ တောထဲတွင် သဘာဝအလျောက်ပေါက်သည့် သစ်သီးတစ်မျိုးနှင့် အခြားသစ်ရွက် သစ်ခေါက်၊ နွယ်ပင် နွယ်မြစ်များကို ထောင်းထု၍ မိမိတို့ ရှာဖွေလိုသော မြစ်ချောင်းနေရာများကို ချ၍လည်း ဖမ်းကြသည်။ ၎င်းအသီးအရွက် အနွယ်အပင်များမှာ ငါးများကိုမူးမေ့စေသော သတ္တိရှိသဖြင့် ငါးများ အလွယ်တကူ ရရှိစေရန် အသုံးပြုကြခြင်းဖြစ်သည်။ တံငါလုပ်ငန်းသည် အမဲလိုက်လုပ်ငန်းကဲ့သို့ စည်းကမ်းသတ်မှတ်ချက်များ မရှိပေ။ အမဲလိုက်ခြင်းလုပ်ငန်းတွင် အမဲလိုက်နေစဉ် တောတောင်များ၏အမည်ကို ခေါ်ပြော သုံးနှုန်းခြင်း မပြုရန်နှင့် ဖမ်းဆီးရမိသော တောကောင်များ၏ ဝိညာဉ်အတွက် ဆောင်ရွက်ပေးခြင်းမရှိချေ။ ရှာဖွေရရှိသည့် ငါးများကို ငါးရှာရာတွင် ပါဝင်သူများအားလုံးက အညီအမျှ ခွဲဝေယူကြသည်။ ငါးများကို အစိမ်းဖြစ်စေ၊ အခြောက်လှန်း၍ဖြစ်စေ၊ ကျပ်တင်၍ဖြစ်စေ ရောင်းချကြသည်။

ယခုအခါ ဂျိန်ဖော့တို့သည် ငါးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့လျက် အချို့နေရာများ၌ အင်းလုပ်ငန်းများကိုပင် အမြောက်အမြားလုပ်ကိုင်လာကြပြီ ဖြစ်သည်။



## အခြားစီးပွားရေးလုပ်ငန်းများ

ဂျိန်ဖော့ သွေးချင်းများသည် ဖော်ပြပါ စီးပွားရေးလုပ်ငန်းများအပြင် အခြား စီးပွားရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။ မိရိုးဖလာ လုပ်ကိုင်ကြသော လုပ်ငန်းများမှာ ပရဆေးပင်များ စိုက်ပျိုး ရောင်းဝယ်ခြင်း၊ ရိုးရာပရဆေးဝါး ထုတ်လုပ်ခြင်း၊ ခေါင်ရည်ချက်ခြင်း၊ လား၊ မြင်း၊ မြင်းလှည်း၊ ထော်လာဂျီ၊ မော်တော်ယာဉ်၊ စက်လှေတို့ဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းတို့ ဖြစ်ပါသည်။

ကချင်ရိုးရာ ပရဆေးများသည် အစွမ်းထက်လှကြောင်း သိရှိရသည်။ ခန်းထောက်မြစ်၊ မဂျစ်ဥ၊ မရှော့ပင်ကဲ့သို့သော ပရဆေးများသည် ကချင်တိုင်းရင်းသားတို့၏ ရိုးရာဆေးမျိုးဟုပင် ခေါ်ဆိုနိုင်ပေသည်။ ခန်းထောက်မြစ်သည် ရေခဲတောင်များတွင် ပေါက်ရောက်သည့် အပင်တစ်မျိုးဖြစ်သည်။ ရေခဲဖုံးချိန်တွင် အစို့အညှောက်များထွက်ပြီး ရေခဲပျော်ချိန်တွင် နုတ်ရသည်။ အမြစ်ကိုသာ သုံးစွဲသည်။ သုံးနှစ်သက်တမ်းရှိသည့် အပင်မှ အမြစ်ကိုသာ သုံးစွဲရသည်။ အမြစ်မှာ ခြောက်လက်မမှ ရှစ်လက်မထိရှည်သည်။ နှန္နင်းတက်အတွင်းသားနှင့် တူသယောင် ရှိသည်။ ခါးသက်သော အရသာရှိပြီး ရေတွင် စိမ်၍ သောက်ရသည်။ ငှက်ဖျားရောဂါ ပျောက်ကင်းသည်ဟု ဆိုပါသည်။ သွေးထွက်သံယိုဖြစ်လျှင် အမြစ်ကို ထုထောင်းပြီးကြိတ်၍ အုံရသည်။ ဆေးမြစ် ကျွမ်းကျင်သူများက လယ်စိုက်ပြီးချိန်တွင် ခန်းထောက်မြစ် နုတ်ကြ၊ တူးကြသည်။ ရေသန့်ရှင်းစေရန် အိုးထဲတွင် ခန်းထောက်မြစ်ကို ထည့်၍ သုံးကြသည်။ ထိခိုက်ရှနာ၊ အနာကျက်ဆေး၊ မျက်စဉ်းဆေး အဖြစ် အသုံးပြုနိုင်သည်။

ထို့အတူ မဂျစ်ဥသည် ခါးသက်သော အရသာရှိ၏။ အပူဓာတ်ရှိ၏။ ပျားရည်၊ အရက်တို့နှင့်စိမ်၍ သောက်ရသည့် အားဆေးဖြစ်၏။ မသေဆေးဟုလည်း ဆိုကြသည်။ မရှော့ပင်သည်လည်း ကချင်ပြည်နယ်အတွင်း ပေါက်ရောက်သော ပရဆေးပင်တစ်မျိုးဖြစ်သည်။ အရိုးနာ၊ ထိခိုက်ပွန်းပဲ့နာ၊ ဒဏ်ရာများ၊ လေနာရောဂါ၊ သွေးတိုးရောဂါ၊ ပိုးထိခြင်း၊ အစားမှားခြင်းများကို ပျောက်ကင်း သက်သာစေသည်ဟု ဆိုပါသည်။

ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသော ဈေးကွက်စီးပွားရေးခေတ်တွင် ဂျိန်ဖော့တို့သည် ဆန်စက်လုပ်ငန်း၊ ဆီစက်လုပ်ငန်း၊ သစ်စက်လုပ်ငန်း၊ ရွှေနှင့် ကျောက်စိမ်းတူးဖော်ရှာဖွေရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည်။

ရွှေကို မေခ မေလိခ မြစ်ဝှမ်းဒေသများ၊ ချီဖွေမြို့အနီးတစ်ဝိုက် ရွှေမှော်များ၊ မြစ်ကြီးနား၊ ဗန်းမော်၊ ဝိုင်းမော်မြို့များအနီးရှိ ဧရာဝတီမြစ်ကမ်းစပ်များ၊ ဝိုင်းမော်မြို့နယ် နမ့်ဆန်ယန်ရွှေမှော်၊ မန်ဒေါင်ရွှေမှော်၊ ရှငေါ်ရွှေမှော်၊ ဖားကန့်မြို့နယ် ဥရုချောင်းရိုး တာမခံရွှေမှော်၊ မိုးညှင်းမြို့နယ် ကံကုန်းကြီးရွှေမှော်တို့တွင် ရွှေများထွက်သည်။ အချို့ရွှေမှော်များသည် ကျင်းတူးသည်နှင့် ၁၅ ပေအထိ တူးကြရသည်။ အချို့ရွှေကျင်းများသည် ၁၀ ပေခန့်သာ တူးသည်နှင့် ရွှေကြောရရှိကြသည်။ ကျင်းအတိမ်အနက်ပေါ်မူတည်ပြီး ရေကို လိုသလို ရေစုပ်စက်များနှင့် မောင်းသွင်းမောင်းထုတ်လုပ်ကာ ရွှေကျင်ကြလေသည်။ မြေကြီးများကို ရေပန်းအားဖြင့် ခွဲချပြီး ရရှိလာသော ရွှံ့ရေကို ရေစုပ်စက်ဖြင့် ရေမြှော်ပေါ်သို့တင်ပြီး မြှော်ပေါ်မှကျလာသော ရေကို ပန်းစက်ကန်သို့ ပြောင်းပြီး ထိုမှတစ်ဆင့် ရွှေကို ကျင်ယူကြသည်။





လက်ယက်တွင်းများဖြင့် ရွှေရှာကြသူများ

ရွှေကျင်ရာတွင် ခေတ်မီ စက်ကိရိယာများဖြင့် ရှာဖွေသကဲ့သို့ လက်ယက်တွင်းများဖြင့်လည်း ရှာဖွေကြသည်။ ငွေကြေး မတတ်နိုင်သူများက အဖွဲ့လိုက်၊ မိသားစုလိုက်၊ လက်ဖြင့်တူးသူတူး၊ သံပုံးဖြင့် ရေခပ်၍ မြှောပေါ်တင်ပြီး ရွှေရှာကြရလေသည်။

ကျောက်စိမ်းကိုလည်း စီးပွားဖြစ်တူးဖော်ကြသည်။ ကျောက်စိမ်းနယ်မြေသို့ ပထမဆုံး ရောက်ရှိလာသော ဥရောပသားမှာ ဆရာဝန် ရက္ခဗေဒ ပညာရှင် ဒီဒဗလျူ ဂရိဖစ်သ်ဖြစ်ကြောင်း သိရှိရသည်။ ခရစ်နှစ် ၁၈၃၇ ခုနှစ်တွင် ဘကြီးတော်ဘုရား၊ ညီတော် သာယာဝတီမင်းနှစ်ပါးတို့သည် အင်္ဂလိပ်-အရှေ့အိန္ဒိယကုမ္ပဏီနှင့် သဘောတူညီချက်တစ်ခု ပြုလုပ်ခဲ့သည်။ ထိုသဘောတူညီချက်အရ အရှေ့ အိန္ဒိယ

ကုမ္ပဏီက ခန့်အပ်သော ဒေါက်တာ ဒီဒဗလျူဂရိဖစ်သ်အား လက်ဖက်စိုက်ပျိုးနိုင်ရန်အတွက် မြေသြဇာကောင်းသည့် နယ်မြေသစ်တို့ကို ရှာဖွေစေခဲ့သည်။ ဒေါက်တာ ဂရိဖစ်သ်နှင့် အဖွဲ့သည် သူတို့၏ လေ့လာကွင်းဆင်းမှုကို အာသံပြည်နယ်မှ အင်းဝနေပြည်တော်သို့ ခရီးချီလာခဲ့ကြသည်။ လမ်းခရီးတွင် ကချင်တောင်တန်းတို့ကို ဖြတ်ကျော်ခဲ့ရာ ကျောက်စိမ်းတွင်းနယ်မြေသို့ ရောက်ရှိလာခဲ့ကြသည်။ ကျောက်စိမ်းတွင်း၌ ရှမ်းအမျိုးသားနှင့် ယူနန်တရုတ်တို့ ကျောက်စိမ်းတူးဖော်နေကြသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ရရှိထားသော ကျောက်စိမ်းတို့မှာ အရေအတွက်အားဖြင့် ရာပေါင်းများစွာရှိကြောင်း၊ အချို့တို့သည် အလွန်ကြီးမားလေးလံပြီး ဝါးလုံးထမ်းပိုးရှည်တို့ဖြင့် သုံးလေးဦး ထမ်းယူသယ်ဆောင်သွားကြသည်ကို တွေ့ခဲ့ရကြောင်းတို့ကို ၁၈၄၇ ခုနှစ်က ကိုးလ်ကတ္တားၙ ထုတ်ဝေသော အစီရင်ခံစာတွင် ဖော်ပြထားသည်။

၁၇၉၀ ပြည့်နှစ်တွင် မိုးမိန်းမှ တရုတ်ကုန်သည်တို့သည် ယူနန်နယ်စပ် ကွန်းယုံလျမ်နှင့် ချန်ဆီတို့မှတစ်ဆင့် ကချင်တောင်တန်း၊ တာလောကြီး၊ ဧရာဝတီမြစ်တို့ကို ဖြတ်ကူးလာကြကြောင်း၊ ဥရုချောင်းဝှမ်း ဆိပ်မူတွင် အရည်အသွေး အကောင်းဆုံး ကျောက်စိမ်းတို့ကိုတွေ့ရှိကြောင်း၊ ထိုကျောက်စိမ်းကောင်းတို့မှ မိုးမိန်းတွင် ငွေသား အလေးချိန်ဖြင့် ဖလှယ်ရကြောင်းတို့ကို ဖော်ပြထားသည်။ မိုးမိန်း ဆိုသည်မှာ ထိန်ချုန်းကို ဆိုသည်။

ကျောက်စိမ်းနယ်သည် ကျောက်စိမ်းအရောင်းအဝယ်ဖြင့် စည်ကားခဲ့သော ကာလရှိခဲ့သည်။ ထိုကာလမှာ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်က ဖြစ်သည်။ ကျောက်စိမ်းကောင်း၍ လူကြိုက်များလှသည်။ အများဆုံး လာရောက်ရောင်းဝယ်ကြသူတို့မှာ ကွမ်းတုံ တရုတ်လူမျိုးတို့နှင့် ယူနန်တရုတ်တို့ ဖြစ်ကြသည်။ အရောင်းအဝယ်တို့ဖြင့်



စည်ကားခဲ့သော အချိန်ကာလမှာ ခရစ်နှစ် ၁၈၃၁ ခုနှစ်မှ ၁၈၄၀ ခုနှစ်အတွင်းဖြစ်သည်။ နက္ခတ္တအသုံးအခေါ်အရဆိုလျှင်ကား ကျောက်စိမ်း နယ်မြေသည် စန်းပွင့်ခဲ့သည့် အချိန်ပေါင်းများစွာ ရှိခဲ့သည်ဟု ဆိုရမည်ဖြစ်ပေသည်။

ကျောက်စိမ်းသည် ဖားကန့်မြို့နယ်အတွင်း၌ ကံဆီး၊ လုံးခင်း၊ ဖားကန့်၊ မမုံ၊ ဟွေခါ၊ ဟောင်ပါး၊ လယ်ဆဲ၊ ဥရုဆယ်ရွာ၊ နိန်ဂျာပတော့နမ်၊ တာမခံ၊ ဆိပ်မူ၊ ဝှေခါ၊ မော်သစ်ကုန်း၊ မော်ဝီ၊ နန့်မွန်းကြီး စသည်ဖြင့် အထင်ကရ စီးပွားဖြစ် လုပ်ကိုင်နိုင်သော နယ်မြေများ ရှိသည်။ ယခုအချိန်တွင် ကျောက်စိမ်းတူးဖော်ရာ၌ ဂျိန်ဖော့တိုင်းရင်းသားများသည် အခြားစီးပွားရေး လုပ်ငန်းရှင်များကဲ့သို့ ခေတ်မီ စက်ကိရိယာတို့ဖြင့် တူးဖော်နေကြပြီဖြစ်သည်။

မြန်မာ့ကျောက်စိမ်း ထွက်ရှိရာ ဖားကန့်ဒေသ



# လက်မှုပညာရပ်များ

## ယန်းပညာများ တတ်မြောက်ခြင်း

ဂျိန်ဖော့တို့သည် ရှေးယခင် ဘိုးဘွားများ လက်ထက်ကပင် လက်မှုပညာများ တတ်မြောက်ခဲ့ကြသည်။ မိမိတို့၏ နေရပ်ဒေသများမှာ ဖွံ့ဖြိုးတိုးတက်မှု နည်းပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ ပြည်မရှိ မြို့ကြီးများနှင့် ကူးလူးသွားလာဆက်ဆံမှု အလွန်နည်းပါးခြင်းများကြောင့် မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ကိုးကွယ် ယုံကြည်မှုမှအစ လူ့အသုံးအဆောင်ပစ္စည်းများကို မိမိတို့ကိုယ်တိုင် ဖန်တီးတီထွင် သုံးစွဲခဲ့ကြသည်။

'လိုလျှင်ကြံဆ နည်းလမ်းရ' ဆိုသည့်စကားအတိုင်း ဂျိန်ဖော့ သွေးချင်းများသည် လက်မှုပညာရပ်များကို ကျွမ်းကျင်စွာ လုပ်ဆောင်တတ်ကြသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ယနေ့ခေတ်၌ ယန်းပညာများမှာ အလွန်လက်ရာမြောက်သည်။ ဂျိန်ဖော့တို့ တတ်မြောက်သည့် ယန်းပညာရပ်များမှာ ယန်းထိမ်၊ ယန်းပု၊ ယန်းပဲ၊ ယန်းတမော့တို့ဖြစ်သည်။



ယန်းထိမ်လုပ်ငန်းမှာ ငွေ၊ ကြေး၊ ဒန် စသည့် သတ္တုများကို ပြုလုပ်ခြင်း ဖြစ်သည်။ ၎င်းတို့၏ ရိုးရာအသုံးအဆောင်များဖြစ်သည့် လက်ကောက်အမျိုးမျိုး၊ လည်ဆွဲအမျိုးမျိုးနှင့် အဆင်တန်ဆာ အမျိုးမျိုးတို့ကို ပြုလုပ်သုံးစွဲကြပါသည်။

ယန်းပုလုပ်ငန်းဖြင့် ရုပ်လုံးပုံအမျိုးမျိုး၊ ယန်းပုံအမျိုးမျိုးတို့ကို ထုလုပ်လေ့ရှိသည်။ မနောပွဲတိုင်တွင် နေဝန်းပုံ၊ လခြမ်းပုံ၊ တောင်ပုံ၊ ငှက်ပုံ၊ ကြယ်ပုံ၊ ယန်းပွင့်ပုံ၊ ရုပ်လုံးများ၊ မြွေရုပ်၊ နဂါးရုပ်၊ နွားရုပ်ပုံ ရုပ်လုံးများကို ကျွမ်းကျင်စွာ ထွင်းထုတတ်ကြသည်။ 'မဒိုင်' ခေါ် အိမ်ခန်းတွင်ထားသော ပျဉ်ပြားကြီးများတွင် အောက်ခင်းရုပ်လုံးများ၊ ဒူဝါများ ကျေးရွာအကြီးအကဲ၏ အိမ်အဝတွင် တပ်ဆင်ထားသော ပျဉ်ပြားရှည်ကြီးများတွင် အလှအပရုပ်လုံး၊ ရုပ်ကြွအမျိုးမျိုးကို ထုထွင်းတပ်ဆင်ကြသည်။

ယန်းပဲလုပ်ငန်းမှာ ဓားအမျိုးမျိုး၊ လှံအမျိုးမျိုး၊ တူမီးသေနတ်၊ မီးကြိုးသေနတ်များ၊ သံဖိုခနောက် အကြီးအသေးများ၊ ဆောက်၊ တူ၊ ပေါက်ပြား၊ တူးရွင်း၊ ဂေါ်ပြား၊ ထယ်သွား စသည့် အသုံးအဆောင်ပစ္စည်းများကို ထုလုပ်ကြသည်။ ၎င်းတို့အနက် ဓားအမျိုးမျိုး လုပ်ငန်းသည် အထူးလက်ရာမြောက်လှသည်။ အရွယ်အစားအမျိုးမျိုး ထုလုပ်သည်။ ဂျိန်ဖော့တို့ ထုလုပ်သုံးစွဲသော ဓားသည် ကချင်ရိုးရာ ဓားပင်ဖြစ်သည်။

ယန်းတမော့ခေါ် ကျောက်ဆစ်ပညာမှာ အလွန်လက်ရာမြောက်သည်။ ဂျိန်ဖော့ တိုင်းရင်းသားတို့ နေထိုင်သည့် နယ်မြေများတွင် သဘာဝကျောက်တုံးများ၊ ကျောက်သားများ အလွန်ပေါများလှသည် ဖြစ်ရာ လူ့အသုံးအဆောင်များကိုလည်း ကျောက်များဖြင့် ပြုလုပ်

သုံးစွဲခဲ့ကြသည်။ ထမင်းပေါင်းအိုး၊ အင်တုံ၊ ရေအိုး၊ ရေခွက်၊ ပန်းကန်ပြား၊ ပန်းကန်လုံး၊ စားပွဲ၊ ထိုင်ခုံ၊ ကြိတ်ဆုံ၊ မောင်းဆုံ၊ ငရုတ်ဆုံ စသည်တို့ကို ထွင်းထုပြုကြပါသည်။

## ကြိမ်၊ ဝါးတို့ဖြင့် လူသုံးပစ္စည်း ပြုလုပ်ခြင်း

ဂျိန်ဖော့တိုင်းရင်းသားများသည် ကြိမ်၊ ဝါးတို့ဖြင့် လူ့အသုံးအဆောင်ပြုလုပ်ရာတွင်လည်း လက်ရာမြောက်လှသည်။ ကြိမ်နီး၊ ဝါးနီးတို့ဖြင့် လူသုံးပစ္စည်းများကို လှပသေသပ်စွာ ရက်လုပ်တတ်ကြသည်။ ရိုးရာတူရိယာများဖြစ်သည့် ပလွေအမျိုးမျိုး၊ ဝါးဘူး တူရိယာများကို ဝါးဖြင့်စနစ်ကျစွာ ပြုလုပ်တတ်ကြသည်။ ဝါးထရံကို အကွက်အမျိုးမျိုးဖော်၍လည်း ရက်လုပ်ကြသည်။ တင်း၊ တောင်း၊ ဆန်ကော၊ ဆန်ခါ၊ ခမောက်၊ ပလိုင်းအမျိုးမျိုး၊ ခြင်းအမျိုးမျိုး၊ ငါးဖမ်းကိရိယာများဖြစ်သော အုပ်ဆောင်း၊ ယင်း၊ မြှုံး၊ ယက်သဲ့ စသည်တို့ကို ဝါးနီးတို့ဖြင့်ရက်လုပ်ကြသည်။

ကြိမ်ဖြင့် ဦးထုပ်၊ လက်ဆွဲခြင်း၊ ထိုင်ခုံ၊ ကုလားထိုင်၊ စားပွဲ၊ တောင်းအမျိုးမျိုး၊ ပလိုင်းအမျိုးမျိုး၊ ခြင်းအမျိုးမျိုး၊ ဆင်ပုခက်၊ မြင်းနီးကုန်း၊ လားနီးကုန်း၊ ထမင်းအုပ် စသည့် အသုံးအဆောင်ပစ္စည်းများမှာ ခိုင်ခံ့သပ်ရပ်ပြီး အခြား တိုင်းရင်းသားလူမျိုးများပင် သဘောကျနှစ်ခြိုက်သည့် အသုံးအဆောင်ပစ္စည်းများ ဖြစ်ပေသည်။ ဂျိန်ဖော့တိုင်းရင်းသားများ၏ အလွန် လက်ရာမြောက်လှသော လက်မှုပညာမှာ ချီးကျူးဂုဏ်ယူဖွယ် ဖြစ်ပါသည်။ တောင်း၊ ပလုံးရက်လုပ်ခြင်း၊ ဖျာ၊ ထရံရက်လုပ်ခြင်းမှာ အတွင်ကျယ်ဆုံးဖြစ်သည်။ အိမ်ဆောက်ရာတွင် အသုံးပြုသော ဝါးထရံများ၊ ကြမ်းခင်းများကို ဝါးဖြင့်ရက်လုပ်သည်။ ဖျာနှင့်



တောင်းတို့မှာ ဂျိန်ဖော့တို့အဖို့ မရှိမဖြစ်သော ပစ္စည်းများဖြစ်သည်။ ဂျိန်ဖော့တို့သည် ဝါး၊ ကြိမ်တို့ဖြင့် ဖျာရက်ရာတွင် များစွာကျင်လည်၍ တောင်းပလုံး ရက်လုပ်ရာတွင်လည်း အနုစိတ်ပြီး လက်ရာမြောက်လှသည်။ အမျိုးသမီးများသည် နဖူးတွင်ချိတ်၍သွားလာသော နောက်လွယ် တောင်းမှာ အနု၊ အကြမ်း နှစ်မျိုးစလုံး အသုံးပြုနိုင်သည်။ တောင်ယာစပါးနှင့် အခြားသီးနှံများ၊ ပစ္စည်းများ သယ်ယူရာတွင် နောက်လွယ်တောင်းကိုပင် အသုံးပြုသည်။

## ကချင်ရိုးရာ ဓားလုပ်ငန်း

ဂျိန်ဖော့တိုင်းရင်းသားများသည် ကချင်ရိုးရာ ဓားလုပ်ငန်းဖြင့် အသက်မွေးကြသည်။ ကချင်ပြည်နယ်တွင် ကချင်ရိုးရာဓားလုပ်ငန်းကို မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်၊ မိုးကောင်းမြို့များတွင် လုပ်ကိုင်ကြသော်လည်း ဝိုင်းမော်မြို့မှ ဓားသည် ပို၍ နာမည်ကျော်၏။ လူကြိုက်များ၏။ ဓားလုပ်ငန်းများစွာ လုပ်ကိုင်သည့် ဝိုင်းမော်မြို့ မြို့မတောင်ရပ်ကွက်ကို ပန်းပဲတန်းဟူ၍ပင် လူသိများ၏။ ၁၉၉၆ ခုနှစ်တွင် မန္တလေးမြို့တွင် ကျင်းပသော ပထမအကြိမ် မြန်မာ့ရိုးရာ ပန်း (၁၀) မျိုးပြပွဲ ပြိုင်ပွဲ၌ ကချင်ပြည်နယ် ကိုယ်စားပြု ပန်းပဲပြိုင်ပွဲ ဝင်ခဲ့သည်မှာ ဝိုင်းမော်မြို့မှ ပန်းပဲလုပ်ငန်းရှင်များ ဖြစ်သည်။

ကချင်ရိုးရာ ဓားကို ရှေးက မရှူးဓားဟု ခေါ်ဝေါ်ကြသည်။ မရှူးလူမျိုး (ယခု လော်ဝေါ်လူမျိုး) တို့က စတင် တီထွင် ဖန်တီးအသုံးပြုခဲ့ကြသောကြောင့် မရှူးဓားဟု ခေါ်ခြင်းဖြစ်သည်။ ဓားလုပ်ငန်းရှင်များသည် ဓားထုလုပ်ရန် သံကို မန္တလေး၊ မြစ်ကြီးနားမြို့များမှ ဝယ်ယူကြသည်။ မန္တလေးမြို့မှ ကြိတ်သံဟုခေါ်သော သံတစ်မျိုးကို

ဖြက် နှစ်လက်မထုနှင့် အလျားကို လိုသလောက် တိုင်းတာသတ်မှတ်၍ မှာယူရသည်။ မြစ်ကြီးနားရှိ ဝပ်ရှော့များတွင်မူ ကားလေးသံ၊ သံတိုသံစ အပိုင်းအဖြတ်များကို ဝယ်ယူရရှိသည်။

ဓားလုပ်ငန်းရှင်များသည် ကြိတ်သံ၊ ကားလေးသံတို့နှင့် ပြုလုပ်သော ဓားကို မိမိတို့ လုပ်ငန်းအမည် တံဆိပ်နှစ်ခု အမှတ်အသား နှိပ်ပါသည်။ ၎င်းဓားမှာ သံရည်ပို၍ ကောင်းသည်ဟုဆိုသည်။ တံဆိပ်တစ်ခုသာ ရိုက်နှိပ်သော ဓားမှာ သံရည် အသင့်အတင့်သာ ကောင်းသည်ဟု သိရသည်။ သံရည်ကောင်းမကောင်း၊ သင့်မတင့်မှာ သံရည်စိမ်သူ၏ ကျွမ်းကျင်မှုပေါ် မူတည်ပေသည်။ ဓားလုပ်ရာတွင် ပန်းပဲလုပ်ငန်းသုံး ပစ္စည်းများဖြစ်သည့် ပေ၊ တူ၊ ညှပ်၊ မီးကော်ချိတ်၊ စို့၊ တံစဉ်း၊ ဓားရွေဘော် (ခေါ်) ရိုက်၊ လေဆွဲဖို၊ ရေစလောင်းတို့ပြည့်စုံရန် လိုသည်။ ပန်းပဲဖိုကို အုတ်ဖြင့်ပြုလုပ်ပြီး ဖိုပေါ်တွင် ပေပါခွံဖြင့်ဖုံးအုပ်ထားသည်။ ပန်းပဲရုံကို အုတ်ကြွပ်မိုးဖြင့် ပြုလုပ်က ပို၍ကောင်းသည်ဟု သိရသည်။ ပန်းပဲလုပ်ငန်းသည် မိသားစုလုပ်ငန်းဖြစ်ပြီး စီးပွားဖြစ်လုပ်ကိုင်ကြသည်။ မိသားစု လူအင်အားပေါ် မူတည်၍ ပန်းပဲအလုပ်သမားများကို ပိုင်ရှင်က သတ်မှတ်ဈေးနှုန်းဖြင့် ငှားရမ်းလုပ်ကိုင်ခြင်းမျိုးလည်း ရှိသည်။

ဓားမှာလည်း အရွယ်အစားအမျိုးမျိုးရှိသည်။ အကြီးဆုံး ဓားမှာ အလျား ၂၇ လက်မ၊ အလေးချိန် ၈၅ ကျပ်သားရှိသည်။ အငယ်ဆုံး အရွယ်မှာ တစ်ပေခန့်ရှိပြီး အလေးချိန် ၁၅ ကျပ်သားခန့် လေးသည်။ ဓားအရွယ်အစား၊ အထူအပါး၊ သံရည်ကောင်း မကောင်းပေါ် မူတည်၍ ဓားဈေးနှုန်းကို သတ်မှတ်ထားသည်။ များသောအားဖြင့် ဓားမှာ တောင်ယာခုတ် ဓားများဖြစ်ကြသည်။ ဓားရိုးမှာ သစ်သားရိုး၊ ဝါးရိုး





ကချင်ရိုးရှာဓားတစ်မျိုး

များကို ကြိမ်ကွပ်၍ လှပခိုင်ခံ့စွာ ပြုလုပ်ကြသည်။ အချို့ဓားများကိုမူ ငွေရိုး၊ သံမဏိရိုးတို့ဖြင့် ပြုလုပ်ကြသည်။

ရိုးရှာဓားအဖြစ် အရှည် တစ်တောင်တစ်မိုက်ရှည်သည့် ‘အင်ထို’ ခေါ် ဓားရှည်မျိုးကို ထုလုပ်ကြသည်။ ‘အင်ထိုအင်ခို’ ခေါ် ဓားလက်ကိုင်ရိုးမှာ သစ်သားလက်ကိုင်ရိုးဖြစ်ပြီး ကြိမ်ဖြင့် ကွပ်ထားသည်။ လက်ကိုင်ရိုးနောက်ပိတ်ကို ‘မကျွေဂေါ်’ ခေါ် ဆင်စွယ်ဖြင့် ကွပ်ထားသည်။ ဆင်စွယ်မရပါက ‘အင်ရာ’ ခေါ် အရိုးတစ်မျိုးမျိုးဖြင့် ကွပ်ထားသည်။ ဓားခွေးကိုမူ ငွေဖြင့် ပြုလုပ်သည်။ ငွေမရရှိပါက ဒန် သို့မဟုတ် သွပ်ကို အသုံးပြုကြသည်။ အဆိုပါ ဓားကို ‘ဖွန့်ပြန်အင်ဂါး’ ခေါ် သစ်သားဓားအိမ်တွင် ထည့်၍ လွယ်ကြသည်။ သစ်သားဓားအိမ်မှာ

အဖြောင့်မဟုတ်ဘဲ အနည်းငယ် ကွေးညွှတ်သောပုံစံဖြစ်သည်။ ဓားထည့်ရန် အလျား တစ်ထောင့်ထွာ၊ အနံ ငါးလက်မ၊ အထူ တစ်လက်မ ရှိသော သစ်သားကို အနားနှစ်ဖက် လိုင်းဖော်ပြီး ထွင်းထားသည်။ ပြီးလျှင် "ငင်ဂျီ" ခေါ် ကြိမ်ပင်များဖြင့် ကွပ်၍ထားသည်။ ဤဓားမျိုးမှာ ခနူးဂျိန်ဖော့ အမျိုးသားများ အသုံးပြုသည့် ဓားမျိုးဖြစ်သည်။ ထို့ပြင် ဗန်းမော်၊ မြစ်ကြီးနား ဂျိန်ဖော့အမျိုးသားများ၏ ရိုးရာလွယ်ဓားအဖြစ် အဖြောင့်ဓားများကိုလည်း ထုလုပ်ကြသည်။

တောင်ယာလုပ်ငန်းကို ရိုးရာအစဉ်အလာ လုပ်ကိုင်နေကြသော ကချင်ပြည်နယ်မှ တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ အိမ်တိုင်းတွင် မရှိမဖြစ် အသုံးပြုရ၊ အသုံးချရသော ဓားဖြစ်၍ အရောင်းတွင်ကျယ်၊ အသုံးတွင်ကျယ်လျက် ရှိနေသော ရိုးရာဓားလုပ်ငန်း ဖြစ်သည်။

မြစ်ကြီးနားမြို့တွင် ရှမ်းစုရပ်ကွက်၊ ဝိုင်းမော်မြို့တွင် မြို့မတောင်ရပ်ကွက်၊ ဗန်းမော်မြို့တွင် စည်ပင်သာယာဈေးကြီးအတွင်းနှင့် မိုးကောင်းမြို့ မြို့မရပ်ကွက်တို့တွင် ကချင်ရိုးရာ ဓားလုပ်ငန်းများကို စီးပွားဖြစ် လုပ်ကိုင်ကြသည်။ အချို့ကျေးရွာများတွင်လည်း ကချင်ရိုးရာ ဓားလုပ်ငန်းကို လုပ်ကိုင်ကြသည်။

## ရိုးရာဂျပ်ခုတ် ရက်ကန်းလုပ်ငန်း

ဂျပ်ခုတ် ရက်ကန်းကို ဂျိန်ဖော့ဘာသာဖြင့် ‘ဂျနု’ ဟု ခေါ်သည်။ လက်ခတ်အစား ဂျပ်ဖြင့် ရက်ရသည်။ ဂျပ်ခုတ်ဆိုသည်မှာ အနံသေး အသား ထူသော အဝတ်အထည်မျိုးကို ရက်လုပ်ခြင်း ဖြစ်သည်။ ဂျပ်ခုတ်ရက်ကန်း ဟူသည် ရက်ကန်းစင်များတွင် အသုံးပြုရသော လက်ခတ်အစား ဂျပ်ဖြင့် ရက်လုပ်သည့်သဘော ဖြစ်သည်။ ဂျိန်ဖော့



တို့၏ ဂျပ်ခုတ်ရက်ကန်းလုပ်ငန်းသည် ယနေ့တိုင် အသုံးတွင်ကျယ်လျက် ရှိသော ရိုးရာလုပ်ငန်းဖြစ်သည်။ (ကချင်လုံချည် ကချင်ပုဆိုးဟူ၍ လူသိများသော ပုဆိုးများသည် ရိုးရာဂျပ်ခုတ် ရက်ကန်းလုပ်ငန်းမှတစ်ဆင့် မြန်မာ့ရိုးရာ ရက်ကန်းလုပ်ငန်းများအထိ ကျယ်ပြန့်စွာနေရာယူလျက်ရှိသည်။)

ရက်ကန်းစင်မှာ လွယ်ကူစွာ ရွှေ့ပြောင်းနိုင်သော ရက်ကန်းစင်မျိုးဖြစ်သည်။ (အတိုင်ချည်ကို ခါးတွင်ပတ်၍ အနံသေး အသားထူသော ရက်ကန်းမျိုး ရက်လုပ်သည့် ရက်ကန်းစင်များ ဖြစ်သည်။) သို့ဖြစ်၍ ဂျိန်ဖော့တို့၏ ရိုးရာလုံချည် အထည်များသည် ထူထူထဲထဲရှိသော အဝတ်အထည်များဖြစ်သည်။

ဂျပ်ခုတ်ရက်ကန်း ရက်လုပ်ရန်အတွက် ရက်ကန်း ငင်ယူရန် ‘ဒလန်’ ခေါ် သစ်လုံးချည်ငုတ် နှစ်ချောင်း၊ ‘ဒ’ ခေါ် အတိုင်ချည်ကွင်းစွပ်ထားသည့် ဝါးလုံး၊ ‘လစ်လွမ်’ ခေါ် ဝါးကို ပြားထားသော တုတ်ချောင်း ကိုးချောင်း၊ ‘ဒခူရှိန်းနား’ ခေါ် နှုတ်ဖွင့်ရန် အသုံးပြုသော ဝါးချွန်ငယ်၊ ‘ဒလိမ်’ ခေါ် အဖောက်ချည်များ သွင်းထားသော သစ်သားဂျပ်၊ ‘ဒဟာရမ်း’ ခေါ် ရက်ကန်းတန်းတင်းစေရန် ခြေကန်ထားရသော ဝါးချွန်သစ်သားချွန်၊ ‘ဒမ်ခရမ်’ ခေါ် အဖောက်ချည်နှင့် ပန်းဖောက်ရောင်စုံချည်များ ရစ်သွင်းသော ကိရိယာ၊ ‘ဒဖွယ်မိ’ ခေါ် ရက်ကန်းတန်းတင်ရန် ခါးတွင်ပတ်ရသော သားရေခါးပတ်၊ ‘ဂျစ်နာ’ ခေါ် ဂျပ်ခုတ်ကန်းတန်းများ ချားရစ်ယူရသော ကိရိယာ၊ ‘မကေထရိန်းနား’ ခေါ် ပန်းများကောက်သော ဝါးချောင်းငယ်တို့သည် မပါမဖြစ် အသုံးပြုရသော ရက်ကန်းလုပ်ငန်းကိရိယာများ ဖြစ်သည်။

ဂျိန်ဖော့တိုင်းရင်းသားများသည် အိမ်တွင်းမှုလုပ်ငန်းများ၊ ရိုးရာဂျပ်ခုတ်လုပ်ငန်းကို လုပ်ကိုင်ကြသည်။ ဂျိန်ဖော့တို့ ရက်လုပ်

ဝတ်ဆင်သည့် ဂျပ်ခုတ်ထဘီများသည် အဆင်ဒီဇိုင်း လွန်စွာ ဆန်းပြားပြီး ထူထဲသော အထည်မျိုးဖြစ်သည်။ လက်ရာမှာ အလွန်အနုစိတ်သည်။ ချုပ်လုပ်ပုံမှာလည်း ခိုင်ခံ့သဖြင့် သားစဉ်မြေးဆက် ကာလရှည်ကြာစွာ ဝတ်ဆင်နိုင်ကြသည်။

ဂျိန်ဖော့တို့၏ ဂျပ်ခုတ်ထဘီများသည် ဘောအမြိတ် ပါရှိပြီး အလွန့်လက်ရာ ဆန်းပြားလှသည်။ ဂျပ်ခုတ်ထဘီများသည် ပြန့်လုံချည်သာဖြစ်၍ ခါးတွင်စည်းနှောင်ကာ ဝတ်ဆင်သော လုံချည်မျိုးဖြစ်သည်။

ဂျိန်ဖော့လုံချည်သည် အနက်ရောင်လုံချည်ကို တိုင်၍ အနီရောင်သိုးမွေးချည်ကို ဖောက်လုပ်ရက်ထားသော ခြေစွပ်နှင့် ထဘီ၊ အနက်ရောင် ချည်ကို အတိုင်အဖောက် ရက်လုပ်သော အင်္ကျီ၊ ကတ္တီပါ အနက်ရောင်ပေါ်တွင် ငွေသားငွေမောင်း၊ ငွေပန်းဖွားများ၊ ပုတီးစေ့ ပုတီးလုံးများ၊ ငွေသားခါးပတ် ကြိမ်နန်း ကြိမ်ခွေများ၊ ငွေလက်ကောက်၊ ငွေလက်စွပ်၊ ငွေကြယ်သီး၊ ငွေနားတောင်း၊ အနက်ရောင် ချည်အတိုင် သိုးမွေးချည်တွဲ အဝါရောင် အဖောက်ပြုလုပ်၍ ရက်ထားသော ခေါင်းပတ် ခေါင်းပေါင်းများကိုလည်း ပေါင်းလေ့ရှိသည်။

ဂျိန်ဖော့တို့၏ ရက်ခုတ်ရက်ကန်းလုပ်ငန်းတွင် ယခင်က တစ်ပင်ကျော် ရက်လုပ်ရာမှ ယခုအခါ အဆင်အဆန်းများကိုပါ တီထွင်၍ ရက်လုပ်လာကြသည်။ ဂျပ်ထည်များ ရက်လုပ်ရန်အတွက် အလျားရှည်နိုင်သမျှရှည်ပြီး အနံကို ၁၄ လက်မလောက်သာရှိ၍ ဝတ်စုံတွင် အစွန်းတစ်ဖက်မှ ခြောက်လက်မအကွာ၌ အပေါက်ဖောက်ပြီး တစ်ပေရှည်သော သစ်သားချောင်းကို တပ်ဆင်ရသည်။ ဂျပ်ခုပ်ရက်ကန်းကို ရက်ရာတွင် ရှစ်လက်မခန့်ရှိသော သစ်သားလုံး နှစ်ခုကို ခြောက်လက်မခန့် ခွာ၍ တပ်ဆင်ကာ ချည်ကို ရက်ရသည်။




ကချင်လွယ်အိတ်

ဂျိန်ဖော့ရိုးရာ ရက်ကန်းလုပ်ငန်းတွင် ထင်ရှားသော လုံချည်မှာ ခရူးလုံချည် ဖြစ်သည်။ ခရူးလုံချည်သည် အနက်၊ ခရမ်း၊ မဲပြာ၊ အဝါ၊ စိမ်း၊ အနီရောင်တို့ဖြစ်သော်လည်း ခရမ်းရောင်က ပို၍ သိသာ ထင်ရှားသည်။ အမျိုးသမီးများ၏ ခရူးလုံချည်သည် ၁၀ လက်မခန့် အစင်းကြောင်းများဖော် ရက်လုပ်ကာ ခရမ်းရောင် အစင်းကြောင်းကြီးကို ကန့်လန့်စင်း ရက်လုပ်ထားသည်။ အမြိတ်အဖြစ် မှန်ကူ နှစ်ထပ် စသည်ဖြင့် အကွက်ငယ်များကို အမြိတ်ထိုး ရက်လုပ်ထားသည်။ ခရမ်းရောင်၊ အနက်ရောင်၊ ပန်းရောင် သုံးမျိုးကို ကိုးလက်မခန့် အကွက်ကြား အကွက်ကျဲ ကွင်းဖော်ရက်လုပ်ထားသော လုံချည်များသာ ဖြစ်သည်။ ဂျိန်ဖော့တို့ လုံချည်များအနက် ခရူးလုံချည်မှာ အထူးကောင်းမွန်သော လုံချည်မျိုးဖြစ်သည်။

လွယ်အိတ်များ၊ ဝတ်စုံများ၊ ခေါင်းပတ်များ၊ ခါးပတ်များ၊ ပန်းဖွားများ၊ ခြေပတ်များနှင့် အခြားအသုံးအဆောင်ပစ္စည်းများ ဖြစ်ပါသည်။ ဂျိန်ဖော့တို့၏ ဂျပ်ခုတ်ရက်ကန်းထည်များအနက် ဈေးအကြီးဆုံးနှင့် တန်ဖိုးအရှိဆုံးမှာ လွယ်အိတ်ဖြစ်သည်။ ကချင်လွယ်အိတ်ဟူ၍ ထင်ရှားကျော်ကြားသည်။

# စကားပုံနှင့် စကားထာများ

တိုင်းရင်းသား ဂျိန်ဖော့သွေးချင်းတို့၏ ရိုးရာစကားပုံများ၊ စကားထာများသည် ဘိုးဘွားစဉ်ဆက် လက်ဆင့်ကမ်း အသုံးပြုလာခဲ့သော အသုံးအနှုန်းများပင်ဖြစ်သည်။ စကားပုံဟူသည် အကြောင်းအရာကို ပုံခိုင်းသုံးနှုန်းသည့် စကားဖြစ်သည်။ စကားထာဟူသည် စကား၏ အနက်အဓိပ္ပာယ်ကို ကွယ်ဝှက်၍ ပုစ္ဆာထုတ်ခြင်းဖြစ်သည်။ ဤသို့ ပုစ္ဆာထုတ်ခြင်းကို စကားထာဝှက်သည်ဟု ခေါ်သည်။

စကားထာ ဝှက်ခြင်းကြောင့် တစ်ဦးနှင့် တစ်ဦး ရင်းနှီးခင်မင်မှုကို ဖြစ်စေပြီး ပျော်ရွှင်မှုကိုလည်း ရရှိစေသည်။ စကားထာဝှက်ခြင်းကြောင့် အကြံဉာဏ် ထွက်သည်။ အတွေးအခေါ် ရင့်သန်စေသည်။

ဂျိန်ဖော့ တိုင်းရင်းသားတို့၏ အသုံးများသော စကားပုံများနှင့် စကားထာများမှာ အောက်ပါတို့ဖြစ်သည်။



**စကားပုံများ**

၁။ ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီးကျားထက်ဆိုး။
၂။ စမ်းကြည့်ရာ မိမိပါ။
၃။ မောင်းတီးမောင်းပေါက် စကားများ ရန်များ။
၄။ ကြက်မျက်ကန်း ဆန်ကွဲပုံထိုး။
၅။ တန်ဆေး လွန်ဘေး။
၆။ စဉ်းစားလျှင် ငိုင်၊ လုပ်လျှင် ပြီးနိုင်။
၇။ စကားမရှိ စကားရှာ။
၈။ ပခုံးညီသော်လည်း စိတ်မညီ။
၉။ မ-ကြောင့် ကျားပျက်။
၁၀။ ခွေးကောင်း လူကို မဟောင်၊ သူကောင်း သူများကို မကဲ့ရဲ့။
၁၁။ များပြီး အသုံးမကျ။
၁၂။ ရေနစ်သူ ဝါးကူထိုးနှစ်။

**စကားထာများ**

| | အဖြေ |
|---|---|
| ၁။ မတီးကောင်းသော မောင်း။ | ပျားအုံ |
| ၂။ မထိုင်ရတဲ့ ခုံ။ | ကျွဲချေးပုံ |
| ၃။ အသုံးမပြုနိုင်သော လှံ။ | လမ်း |
| ၄။ မြိုင်တွင်းမှာ တရှူရှူ ထက်ရပ်က။ | ခေါင်းထဲက သန်း |

၅။ စားလျှင် အရသာ စိုက်သော်ပေါ်မလာ။ — ဆား

၆။ ကန်ထဲမှာရေ၊ ရေထဲမှာမြွေ၊
မြွေထဲမှာရွှေ။ — မီးခွက်

၇။ စားလျှင်ရန်သူ၊ စိုက်လျှင်တလူလူ။ — ငရုတ်သီး

၈။ တောင်ကိုအုပ်ခွေ၊ နဂါးမြွေ။ — ခေါင်းပေါင်း

၉။ ဒွေးညီမအပျို၊ နားတောင်း
တစ်ခုတည်းလျှို။ — တံခါးမင်းတုပ်

၁၀။ ကိုင်လျှင်ပြတ်၊ လွှတ်လျှင်ဆက်။ — ရေ

၁၁။ ကြောက်လှတယ်လေး၊
သားသမီးအလယ်ကိုပြေး။ — ပိန်းဥမ

၁၂။ မဆွဲကောင်းသော ဆွဲကြိုး။ — ကင်းမြီးရှည်

၁၃။ မပန်ကောင်းသော နားဆွဲ။
ကင်းမြီးကောက်

၁၄။ နေ့စဉ်စားလို့ မကုန်နိုင်၊
သူရောငါရောကိုင်။ — ဖွန်း

၁၅။ မီးတုတ်မှန်လည်း ငြိမရ။ — ပိုးစုန်းကြူး

၁၆။ ဆီးသွားလျက် ရေမသောက်သော
သတ္တဝါ။ — ဆိတ်

၁၇။ မကိုင်တဲ့ တောင်ဝှေး။ — မြွေ

၁၈။ အိမ်ပါတမမ လမ်းလျှောက်ရ။ — လိပ်

၁၉။ လိုဏ်ဂူထဲမှာ စပါးဖြာ။ — လျှာ

၂၀။ ညီအစ်ကိုချင်း သူရှည်ငါရှည်ငြင်း။ — ခြေထောက်



နှစ်ချောင်း

၂၁။ ခွဲမရအောင်ချစ် အကူတောင်းတော့မဖြစ်။ — ကိုယ့်အရိပ်

၂၂။ အပင် စပါးကြီး အသီးသင်းခွေချပ်၊
အရွယ် တရုတ်အပ်။ — ထင်းရှူးပင်

၂၃။ ငါ့နွားနက်နက် ချုံကိုတက်၊
ချက်ချက်မကြား အာဂနွား။ — သန်း

ဂျိန်ဖော့သွေးချင်းများသည် မိမိတို့ မိရိုးဖလာ လက်ဆင့်ကမ်း အသုံးပြုလာခဲ့သော စကားပုံနှင့် စကားထာများကို အဘိုးအဘွားများက မြေးမြစ်များကိုလည်းကောင်း၊ မိဘများက သားသမီးများကိုလည်း ကောင်း ပြန်လည်ပြောပြခြင်းဖြင့် ထိန်းသိမ်းလာခဲ့သည်မှာ ယနေ့တိုင် ပင် ဖြစ်သည်။

# ရိုးရာပုံပြင်များ

ကချင်တိုင်းရင်းသားတို့၏ စာပေသက်တမ်းသည် အတန်ငယ် နုနယ်သေးသည်ဖြစ်၍ များစွာသော ရိုးရာပုံပြင်များမှာ စာပေဖြင့် မှတ်တမ်းတင်ထားခြင်း မရှိခဲ့ပေ။ တစ်ဆင့်စကား တစ်ဆင့်ကြား၍သာ သိရှိခဲ့ကြရသည်။ ကချင်ကျေးရွာများတွင် "ဂျိုင်ဝါ" ခေါ် နတ်ဆရာကြီးများ၊ "ဒွမ်ဆာဝါ" ခေါ် နတ်ဆရာများ၊ "လကာ" ခေါ် ပုံပြင်ဆရာတို့က မိမိတို့ လေ့လာဆည်းပူးထားသော ရိုးရာပုံပြင်များကို ပွဲလမ်းသဘင်များ၊ မင်္ဂလာဆောင် အခမ်းအနားများနှင့် မနောပွဲများတွင် ကြားရသူစိတ်ဝင်စားအောင် တန်ဆာဆင်၍ ပြောပြောလေ့ရှိသည်။

## ကျီးမနှင့် ကြက်မပုံပြင်

ရာသီကား ငှက်များဥသော ရာသီဖြစ်လေသည်။ ကျီးမတစ်ကောင်သည် မိမိဥနိုင်သော ဥများဖြင့် မတင်းတိမ်နိုင်သဖြင့် ကြက်ဖြူမတစ်ကောင်၏ ဥများကို နေ့စဉ် တစ်ဥပြီးတစ်ဥ ခိုးယူကာ မိမိ၏ဥများနှင့်အတူ ထား၍ ဝပ်လေသည်။ နေ့စဉ် မိမိအသိုက်တွင် ကျီးမလာနားသည်ကို တွေ့ရှိ၍ ကြက်ဖြူမက ကျီးမအား ဥသူခိုးဟု စွပ်စွဲလေသည်။ ကျီးမကလည်း မိမိ မခိုးကြောင်း ငြင်းဆန်လေသည်။ ထို့နောက် နှစ်ဦးသဘောတူ ဆလန်ဝါ (ကျေးရွာလူကြီးများ) ထံ အဆုံးအဖြတ်ယူရန် သွားကြလေသည်။

ကျေးရွာလူကြီးများတွင် အချို့လူကြီးများက ကြက်ဖြူမဘက်မှ လိုက်၍ အချို့က ကျီးမဘက်မှလိုက်ကာ စကားအချေအတင် ပြောကြလေသည်။ အချိန်အတော်ကြာသည်အထိ အဆုံးအဖြတ် မပေးနိုင်ဖြစ်နေစဉ် ကြက်ဖြူမ၏ ဆလန်ဝါက ထိုကဲ့သို့ စကားအချေအတင် ပြောနေမည့်အစား ဥမှ ပေါက်လာသော အကောင်ငယ်များကို သွားရောက် ကြည့်ရှုကြရန် အကြံပေးလေရာ ဆလန်ဝါအားလုံးက သဘောတူညီကြလေသည်။

ကျီးမ၏ အသိုက်ထဲတွင် အကောင်ငယ်လေးများမှာ ပေါက်နေရာ အချို့မှာ အဖြူရောင်များဖြစ်ပြီး အချို့မှာ အနက်ရောင်များ ဖြစ်နေသည်ကို တွေ့ရှိကြသော် ကျီးမည်းသည် အဖြူမျိုး မရှိနိုင်။ ထို့ကြောင့် ကျီးမည်းသည် သူခိုးဖြစ်သည်ဟု ဆလန်ဝါများက ဆုံးဖြတ်ချက်ချလေသည်။

(သတ္တဝါများအနက် ကျီးမှာ ပထမဆုံး ခိုးတတ်သော သတ္တဝါဖြစ်၍ မကြာမီ လူသည် ကျီး၏အတုကို ရရှိခဲ့သည် ဆိုသည်။)

## ချွေးတွင် ချိုမပေါက်ခြင်းအကြောင်း

ရှေးအခါက ချွေးတို့တွင် အလွန်လှပသော ဦးချိုများ စုံလင်စွာ ရှိခဲ့ကြလေသည်။ ဆိတ်တို့တွင် ထိုအခါက ချိုများမရှိခဲ့သေးပေ။

တစ်နေ့သောအခါ ချိုအစုံနှင့် အလွန်လှပသော ခွေးတစ်ကောင်သည် လူများ ဆန်ဖွပ်မောင်းထောင်းရာ အရပ်သို့ ရောက်ရှိသွားလေသည်။ ထိုအခါ လူများမရှိချိန်ဖြစ်၍ မောင်းအောက်တွင်ရှိသော ဖွဲနုမှုန့်များကို စားသောက်ရန် အကြံရလေသည်။ ထို့ကြောင့် မောင်းအောက်သို့ ဦးခေါင်းငုံ့၍ ဖွဲနုများကို စားသောက်ရန် အားထုတ်ရာ မောင်းတံနှင့် ခေါင်းမှဦးချိုများ မလွတ်သဖြင့် ဦးချိုများကို ချွတ်ပြီး အနီးအပါးတွင် ချထား၍ ဖွဲနုများကို အားပါးတရ စားသောက်လေသည်။ ထိုအခိုက်တွင် ခြေဦးတည့်ရာသို့ လျှောက်လာသော ဆိတ်တစ်ကောင်သည် ခွေးချွတ်ထားသော ဦးချိုများကို မြင်လေရာ အလွန်လိုချင်တပ်မက်ခြင်းဖြစ်၍ အစာ၌ မက်မောနေသော ခွေးငယ်၏အလစ်တွင် ဦးချိုများကို တိတ်တဆိတ် ခိုးယူ ထွက်ပြေးလေသည်။ ခွေးငယ်သည် အစာဝ၍ မိမိဦးချိုကို သတိပြုမိရာတွင် ဦးချိုမှာ ပျောက်ဆုံးနေကြောင်း သိရလေသည်။ ယနေ့တိုင်အောင် ဆိတ်ခိုးယူသွားသော ဦးချိုကို ပြန်မရတော့သဖြင့် ယခုအထိ ခွေးတို့သည် ဆိတ်များကို တွေ့တိုင်း မိမိတို့၏ ဦးချိုများကို ပြန်လည်ရယူရန် ကြိုးစားဆဲဖြစ်သည်။

## ကျားနှင့် ချေအကြောင်း

တစ်ရံရောအခါ ချေမတကောင်သည် မိမိ၏သားငယ်ကို သိပ်ထားခိုက်တွင် တောတွင်း၌ အစာရှာထွက်လာသော ကျားမတစ်ကောင် တွေ့လေသည်။ ထိုအခါ ကျားမက ချေမ၏ ကလေးငယ်ကို စားမည်ပြုရာ ချေမက မိမိ၏ ကလေးငယ်အား မစားရန် အတန်တန် တောင်းပန်လေသည်။ ထိုအခါ ကျားမက မိမိသည် အလွန်ဆာလောင်မွတ်သိပ်ခြင်း ဖြစ်နေ၍ မစားဘဲ မနေနိုင်ကြောင်း ပြန်ပြောလေသည်။



တောင်းပန်၍ မရတော့သောအခါ ချေမက သင် စားလိုလျှင်လည်း စားလေတော့။ သို့ရာတွင် သင့်ကို ကျွန်ုပ်က သတိပေးရမည်။ ကျွန်ုပ်၏ နောက်သွားသည် အလွန်ထက်၍ ကျားတို့၏ နံရိုးကို ထုတ်ချင်းခတ် ဖောက်သည်အထိ ကိုက်နိုင်သောအစွမ်းရှိသည်။ ကျွန်ုပ်၏ သားကို သင်စားလျှင် သင်၏ နံရိုးကို ထုတ်ချင်းခတ် ပေါက်အောင် ကျွန်ုပ်ကိုက်မည်ဟု ဆိုလေရာ ကျားမသည် ချေမ၏ ကြိမ်းဝါးမှုကို ကြောက်လန့်ကာ မစားတော့ဘဲ ထွက်ခွာသွားလေသည်။ ထိုအခါမှစ၍ ကျားတို့သည် ချေတို့အား ကိုက်ခဲခြင်း မပြုတော့ပေ။

## ကျားနှင့်လူ ပုံပြင်

တစ်ရံရောအခါ လယ်ထွန်သူတစ်ဦးသည် ကျွဲဖြင့် လယ်ယာကို ထွန်ယက်ပြီးနောက် တစ်နေရာသို့ ခေတ္တထွက်သွားစဉ် အနီးအနားတွင် ကျားသည် ထွန်တုံးတွင် တပ်ထားသော ကျွဲ၏အနီးသို့လာ၍ ကျွဲအား မေးမြန်းသည်မှာ -

"ဘယ့်နှယ့်လဲ မိတ်ဆွေ၊ ခြေလေးချောင်းရှိ သင့်ကို ဘယ်လိုလုပ်ပြီး ခိုင်းနေတာလဲ"

"ဒီလိုမိတ်ဆွေရဲ့၊ သူက ခြေနှစ်ချောင်းတည်း ရှိပေမဲ့ ကျုပ်တို့ထက် ဉာဏ်သာတယ်ဗျ။ ဒါကြောင့် ကျုပ်တို့ ခြေလေးချောင်းသမားတွေကို သူက ကောင်းကောင်းခိုင်းနိုင်တာပါပဲဗျာ"

"ဒါဖြင့်ရင်ဗျာ ဒီလူရဲ့ ဉာဏ်ကို ကျုပ်တို့ သိရရင် ကျုပ်တို့ သိပ်နေရာကျမှာပဲ၊ ဘယ်လိုများ သင်ရမလဲမသိဘူး"ဟု ကျားက တစ်ချက်ညည်းလိုက်ပြန်ရာ -

"ခင်ဗျား သိချင်ရင်လည်း ကျုပ်က သင်ပေးရတာပေါ့ဗျာ၊ ခင်ဗျားနဲ့ကျုပ် ခဏလောက် နေရာလဲကြည့်ပါလား"ဟု ကျွဲက အကြံပေးလေသည်။ အဆိုပြုချက်ကို ကျားက သဘောတူသဖြင့် ကျွဲသည် ထွန်တုံးမှထွက်၍ ကျားအား ထွန်တုံးတွင်တပ်ပြီး 'ဟဲ့' ဟု တစ်ချက်ငေါက်လိုက်ရာ ကျားက မရွေ့ဘဲ ပေ၍နေလျှင် တံဖျာနှင့် တစ်ချက်နှက်လေသည်။

ကျားသည် လူ၏ဉာဏ်ကို သိသွားသော်လည်း များစွာ အချိန်နောက်ကျခဲ့လေပြီ။ ကျွဲက တစ်ချက်ငေါက် တစ်ချက်ရိုက်နေသဖြင့် အတန်ကြာသော် ကျားမှာ မခံနိုင်တော့ဘဲ ခွန်အားစိုက်ကာ ခြေကုန်သုတ်ရတော့သည်။ ကျွဲကလည်း နောက်မှ ပြေးလိုက်ကာ တံဖျာနှင့် တရစပ် လိုက်ရိုက်ပြန်သည်။ လယ်ကန်သင်း အရောက်တွင် ကျွဲမှာ ခလုတ်တိုက်၍ လဲရာ အပေါ်သွားများ အားလုံး ကျွတ်သွားသည်။ ထို့ကြောင့် ယနေ့အထိ ကျွဲတွင် အပေါ်သွားများ မရှိခြင်းဖြစ်လေသည်။

## ကမ္ဘာတည်ပုံ

အစ ပထမ၌ စကြဝဠာကြီးသည် လေဟာပြင် အတိသာဖြစ်လျက် မည်သည့်အရာဝတ္ထု၊ သဏ္ဌာန်ဒြပ်၊ နာမ်ရုပ်ဟူ၍ မရှိ။ နှစ်ပေါင်း အသံချေ အသံချာမျှ ဤသို့ရှိနေပြီးနောက် တဖြည်းဖြည်း 'ဝေါင်ဝေါင်သတိ' ခေါ် အဖိုဓာတ်နှင့် 'နင်ပန်းမဇန်' ခေါ် အမဓာတ် နှစ်မျိုးတို့ ဖြစ်ပေါ်လာကြကုန်၏။ ထိုအဖိုဓာတ်၊ အမဓာတ်တို့သည် ဝေးကွာလှသော အရပ်ဌာနတစ်ခုစီ၌ ဖြစ်ပေါ်လာကြသော်လည်း မကြာမီ တစ်ဦးကိုတစ်ဦး ဆွဲငင်ခြင်း သတ္တိအားဖြင့် နှစ်ဦးပေါင်းဆုံ ရောနှောမိကြရာ 'အင်ဂေါင်းဝမဂမ်' နတ်မင်းကြီး ဖြစ်၍လာလေ၏။



အချို့က အင်ဂေါင်းဝမဂမ် နတ်မင်းကြီးမပေါ်မီ အခြား နတ်မင်းကြီးများ ဖြစ်ပေါ်လာကြသေးသည်ဟု ဆို၏။ သို့သော် ထိုနတ်မင်းကြီးတို့သည် ကမ္ဘာကို မဖန်ဆင်းခဲ့ကြကုန်။ အင်ဂေါင်းဝမဂမ် နတ်မင်းကြီးကသာလျှင် ဤကမ္ဘာကို ဖန်ဆင်းသည်ဟု တညီတညွတ်တည်း ယူဆကြသည်။

အင်ဂေါင်းဝမဂမ် နတ်မင်းကြီး၏ ခန္ဓာကိုယ်မှ မောဒလန်၊ မောဒလငွတ်၊ နင်ယူလဝဟူ၍ ညီတော်နတ်မင်းကြီးသုံးပါး ပေါက်ဖွားလာရာ နတ်မင်းညီနောင် လေးပါးတို့သည် ကမ္ဘာမြေကြီးနှင့် မိုးကောင်းကင်ကို ကြယ်တာရာ၊ နေ၊ လ၊ နက္ခတ်တို့နှင့်တကွ ဖန်ဆင်းတည်ထောင်တော်မူကြလေ၏။ ကမ္ဘာမြေကြီးကို ဖန်ဆင်းပြီးသည့်နောက် အင်ဂေါင်းဝမဂမ် နတ်မင်းကြီးသည် လူ၊ အခြားသတ္တဝါများနှင့် သစ်ပင်၊ ဝါးပင်၊ ပန်းပင် စသည်တို့ကို ဖန်ဆင်းပြန်၏။ ထိုသို့ ဖန်ဆင်းရာတွင် ကမ္ဘာမြေကြီး ရပ်တည်လျက် နေစိမ့်သောငှာ 'ပဒန်းလပု' ခေါ် နဂါးကို ကမ္ဘာကြီးအား ပတ်လျက်ထားရန် အမိန့်ပေးတော်မူ၏။ ထိုနဂါးကြီး အိပ်ရာမှ တစ်ကြိမ်နိုးလျှင် လူးလူးလွန့်လွန့်ပြုသဖြင့် ကမ္ဘာမြေကြီး သိမ့်သိမ့်လှုပ်သည့်အခါ လူတို့သည် ငလျင်လှုပ်သည်ဟု ခေါ်ကြသည်။

အထက်အရပ်၌ မိုးကောင်းကင်သည် ခိုင်မြဲစွာ တည်တံ့နေစေသောငှာ ကမ္ဘာမြေကြီး၏ ထောင့်လေးထောင့်တို့တွင် တိုင်ကြီးလေးတိုင် စိုက်ထူထောက်ကန်လျက်ထား၏။ ထိုတိုင်ကြီး လေးတိုင်အပြင် ကမ္ဘာကြီး၏ အလယ်ဗဟိုတည့်တည့်မှ 'မူးရှဒေါင်းမရန်'ခေါ် ခေါင်းတိုင်ကြီး တစ်တိုင်ကိုလည်း စိုက်ထူရန် လိုနေသေးသဖြင့် မိုးနှင့်ကမ္ဘာအကြားတွင် တိုင်ကြီးကိုထောင်၍ တိတိကျကျ ရှိမရှိ တိုင်းထွာကြည့်သည်တွင်

လိုသည်ထက် ပိုရှည်နေသောကြောင့် တိုင်ထိပ်ကို အနည်းငယ် ဖြတ်ပစ်ရလေသည်။ တိုင်ထိပ်မှ ဖြတ်ပစ်ရသည့် သစ်သား အစအနတို့မှ အတောင်ရှိသော ရေသတ္တဝါများ ဖြစ်လာသည်။ တိုင်ထိပ်ကို ဖြတ်ပြီးသည့်နောက်တွင် အတိအကျ မရှိဘဲ အတန်ငယ် ရှည်နေသေးသဖြင့် တိုင်ခြေမှ အနည်းငယ် ဖြတ်ပစ်ရပြန်သည်။ ထိုသို့ဖြတ်ရာ သစ်စသစ်နတို့မှ ရေသတ္တဝါများ ဖြစ်ပေါ် လာကြကုန်၏။

ဤသို့ပြုကြပြီးသည့်နောက် တိုင်ကြီးကိုထူကြရာ အဆင်ပြေသွားသည်သာမက "မူးရှုဒေါင်းမရန်"သည် ရွှေရွက်ငွေရွက်တို့ဖြင့် စိုပြည်ဝေဆာလှသည့် အကိုင်းအခက်အလက်များထွက်လာကြ၍ "စွတ်ဖွန်နု"ခေါ် ပဒေသာပင်ကြီး ဖြစ်သွားလေသတည်း။



# ဆောင်ရန်နှင့် ရှောင်ရန်များ

## ဆောင်ရန်

၁။ အိမ်ထဲဝင်လျှင် အိမ်ရှေ့ တံခါးပေါက်မှသာ ဝင်ပါ။ ဧည့်ခန်း မီးဖိုရှိရာတွင်သာ ထိုင်ပါ။ (အိမ်နောက်ဖေး တံခါးသည် အိမ်ရှင်အတွက်သာ ဖြစ်သည်။)

၂။ အိမ်ရှင်က ချပေးသော ရေဘူးနှင့် ရေကိုသာ သောက်သုံးပါ။ ခေါင်ရည်တည်လျှင် သောက်တတ်က သောက်ပါ။

၃။ ကတိပေးမိလျှင် တည်ပါ။

၄။ နန ခေါ် တနင်္ဂနွေရက်များတွင် အလုပ်ကြမ်း လုပ်ခြင်းမှ ရှောင်ပါ။

၅။ အိမ်တစ်အိမ်သို့ လက်နက်များယူဆောင်သွားရလျှင် အိမ်ရှင် အကြီးအကဲအား ခွင့်တောင်းပါ။

**ရှောင်ရန်**

၁။ သီးဦး ပွင့်ဦးများကို ပိုင်ရှင်မခူးမီ မခူးရ။

၂။ သားငါး၊ ကြက်ဝက်၊ သီးနှံများကို မရောင်းလျှင် အတင်း မဝယ်ရ။

၃။ နတ်ကိုးကွယ်သူများကို နတ်နှင့်ပတ်သက်သော အကြောင်း အရာများ မမေးရ၊ မဆွေးနွေးရ။

၄။ စပါးနယ်ရာသို့ ဧည့်သည်မသွားရ။ မလွဲသာ၍ ရောက်ခဲ့ လျှင် ဖိနပ်မစီးရ။ ဓား၊ သေနတ် စသော လက်နက်များ ကိုင်ဆောင်မသွားရ။

၅။ နတ်ပွဲကျင်းပမည့်ရက် သို့မဟုတ် တနင်္ဂနွေရက်တွင် အလုပ် သမားများ ဆင့်ခေါ်ခြင်း၊ အလုပ်လုပ်ခိုင်းခြင်း၊ အရောင်း အဝယ်ပြုခြင်း မပြုရ။

၆။ တည်းခို နေထိုင်စဉ် အိမ်ရှင်၏ အိမ်ခန်းတွင်းသို့ မဝင်ရ။ အိမ်ပေါက်ဝတွင် မျက်နှာမသစ်ရ။ လက်ဖက်ရည် ကျည် တောက်ကို အိမ်ပေါက်ဘက်သို့ ဦးတည်ထားခြင်း၊ ဖိုခ နောက် နေရာရွှေ့ခြင်းများ မပြုရ။ အိပ်သည့်အခါ နတ်စင် ဘက်သို့ ခေါင်းပြုမအိပ်ရ။

၇။ သူတစ်ပါးအိမ်တွင် တည်းခိုနေခိုက် အကြင်လင်မယားသည် သီးခြားခွဲအိပ်ရမည် (အတူတကွအိပ်၍ ကိုယ်လက်နှီးနှော ခြင်း ရှိလျှင် အိမ်ရှင်တို့သည် လာဘ်တိတ်သည်၊ ခိုက်တတ် သည်ဟု ယူဆသည်။)

၈။ ဧည့်သည်နေရမည့် နေရာတွင်သာ နေရမည်၊ အိမ်ခန်းတွင်း လုံးဝမဝင်ရ။

၉။ စပါးမှည့်ချိန်တွင် ကြိမ်နွယ်၊ ကြိမ်စည်းများနှင့် ဆိတ်များကို ယူဆောင်၍ တောင်ယာကို ဖြတ်သန်းမသွားရ။

၁၀။ စပါးနယ်သော နေရာသို့ ဧည့်သည်မလာရ။ ဖိနပ်မစီးရ။ ဓား၊ သေနတ် စသည့်လက်နက်များ မကိုင်ရ။

## လူပျိုလှည့်ပုံ

ကချင်တိုင်းရင်းသားတို့တွင် တစ်အိုးတစ်အိမ် ထူထောင်ရန်အတွက် အိမ်ထောင်ဘက် ရွေးချယ်ရာ၌ လိုက်နာရမည့် ရိုးရာဓလေ့ထုံးတမ်းများ ရှိသည်။ အိမ်ထောင်ဘက် ရွေးချယ်ရာတွင် လိုက်နာရမည့် အချက်များမှာ -

(၁) မယူမျိုး၊ ဒါမမျိုးဖြစ်ရမည်၊

(၂) ဝက်ရူးပြန်ရောဂါ၊ ကုဋ္ဌနူနာရောဂါ ကင်းရမည်၊

(၃) အိမ်တွင်းမှု တတ်ကျွမ်းရမည်၊

(၄) အပြောအဆို သွက်လက်ရမည်၊

(၅) ကိုယ်ခန္ဓာ ချောမော ပြေပြစ်ရမည်၊

(၆) ဖသားစုအချင်းချင်း ပြေပြစ်မှု ရှိရမည် စသည်တို့ဖြစ်သည်။

အထက်ပါအချက်များကို မူတည်ပြီး ကချင်တိုင်းရင်းသားတို့သည် ၁၅ နှစ်၊ ၁၆ နှစ်လောက်ကပင် စ၍ လူပျိုလှည့်ကြသည်။

ကချင်တိုင်းရင်းသားတို့၏ လူပျိုလှည့်ခြင်းသည် နက်နဲသိမ်မွေ့သော အိမ်ထောင်ဘက် ရွေးချယ်ခြင်းတစ်ရပ်သာ ဖြစ်သည်။



လူမှုဆက်ဆံရေးတွင် အပျိုအရွယ်နှင့်လူပျိုအရွယ်များကို သီးခြားခွဲခြားသော အလေ့ရှိသောကြောင့် တစ်ရွာတည်းနေသူများသည် တစ်ဦးနှင့် တစ်ဦး သိကျွမ်းပြီးသားများဖြစ်နေကြသည်။ တစ်ရွာတည်းသားချင်းဖြစ်ပါက တောင်ယာခုတ်ရင်း၊ ထင်းခွေရင်း၊ ရေခပ်ရင်း နေ့စဉ်တွေ့မြင် သိကျွမ်းနေသူများ ဖြစ်ကြသည်။ တစ်ရွာတည်းသားချင်းများမဟုတ်ဘဲ ခရီးအတန်ငယ် ဝေးနေလျှင် မနောပွဲများ၊ အိမ်သစ်တက်ပွဲများ၊ မင်္ဂလာဆောင်ပွဲများ၊ အသုဘပွဲများတွင် တွေ့ဆုံသိကျွမ်းနိုင်ကြသည်။ ဤသို့ တွေ့ဆုံရာမှ ယောကျ်ားလေးများက မိန်းကလေးကို သဘောကျ နှစ်သက်လျှင် မိန်းကလေး၏ အိမ်သို့ သွားရောက်လည်ပတ်ကာ မိန်းကလေးနှင့် လွတ်လပ်စွာ တွေ့ဆုံ၍ ချစ်ရေးဆိုနိုင်သည်။

ရှေးအခါက နေအိမ်များတွင် "အင်လာဒွပ်" ခေါ် အပျိုဆောင်များ ရှိသည်။ ထိုအခန်းများတွင် လူပျိုအပျိုများ တွေ့ဆုံကာ စကားနိုင်လုလေ့ရှိသည်။ သို့ရာတွင် စည်းမဲ့ကမ်းမဲ့ တွေ့ဆုံကြခြင်းမျိုး မဟုတ်ပေ။ ထိုအခန်းထဲတွင် မီးဖိုတစ်ဖို ထားရှိပြီး အပျိုတစ်စု၊ လူပျိုတစ်စုဝိုင်းဖွဲ့ကာ သီချင်းဆိုကြသည်။ တစ်မိးတစ်ယောက်များဖြစ်နေခဲ့သော် သို့မဟုတ် မယူမျိုး အချင်းချင်း၊ ဒါမမျိုးအချင်းချင်း ဖြစ်နေခဲ့သော် ထိုအခန်းထဲတွင် မနေရပေ။ သို့ဖြစ်၍ အမျိုးအနွယ် တူမှသာ တစ်နည်းအားဖြင့် ယူရသောသမက်မျိုးက ပေးရသောယောက္ခမမျိုး မိန်းကလေးကိုသာ လူပျိုလှည့်ခြင်း ပြုရလေသည်။

ဤသို့ လူပျို အပျိုများ တွေ့ဆုံရာတွင် တစ်ယောက်နှင့်တစ်ယောက် ဆောင်းပါးရိပ်ခြည်ပြောဆိုကြသည်။ အပျိုဆောင်၌ စကားပြောခြင်း၊ စကားနိုင်လုခြင်း၊ စကားထာဝှက်ခြင်း၊ သီချင်းဆိုခြင်းတို့ဖြင့်

လွတ်လပ်ပျော်ရွှင်စွာ နေကြသည်။ ညဦးနက်၍ အိပ်ငိုက်လာကြလျှင် အိပ်ငိုက်သူက အိပ်ရာဝင်သည်။ မအိပ်လိုသူများက ဆက်လက်စကား ပြောကြသည်။ နံနက်လင်းလျှင် မိမိတို့၏ အိမ်အသီးသီးသို့ ပြန်ကြရသည်။

လူပျိုလှည့်ခြင်းသည် ဂျိန်ဖော့ခေါ် ကချင်တိုင်းရင်းသား လူငယ်များ၏ ရိုးရာဓလေ့တစ်ခုဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး လူမှုဆက်ဆံရေး နယ်ပယ် ပိုမိုကျယ်ပြန့်သည့် အကျိုးတရားများ ရရှိစေသကဲ့သို့ လူပျို အပျိုတို့၏ ဂုဏ်သိက္ခာ၊ အကျင့်စာရိတ္တ၊ သစ္စာတရား ပျက်ယွင်းစေသော ဆိုးမွေကိုလည်း ရရှိတတ်စေရာ လူကြီးမိဘများသည် မိမိတို့၏ သားသမီးများ အမှား အမှန်ကို ခွဲခြားတတ်စေရန်၊ ရိုးရာ ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းတတ်စေရန် ဆုံးမခြင်းမျိုးရှိသည်။

ယခုခေတ်တွင် ဤသို့ လူပျိုလှည့်ခြင်း အလေ့အထမျိုး ကွယ်ပျောက်လုနီး ဖြစ်နေပေပြီ။ အလွန်ခေါင်သော အရပ်ဒေသများတွင်သာ ရှိတော့သည်။ ယခုခေတ်တွင် အပျိုနှင့်လူပျိုတို့သည် ပထမ မိတ်ဖွဲ့ရသည်။ မိတ်ဖွဲ့ပြီးနောက် ဆွေမျိုးစပ်ရသည်။ မယူ့,ဓာမမျိုး ဖြစ်ပါက ဖွင့်ဟပြောရုံသာဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး မေတ္တာမျှပြီးသည့်နောက်မှ လွတ်လပ်စွာ နေနိုင်ကြသည်။ ဤသို့ လွတ်လပ်စွာ နေစဉ်အတွင်း ယောကျာ်းလေးတွင် လုံးဝ တာဝန်ရှိသည်။ အခြေအနေအရပ်ရပ်ကို ရင်ဆိုင်နိုင်စွမ်းရှိရသည်။ အကယ်၍ လက်ထပ်ထိမ်းမြားခြင်း မပြုမီ မှားယွင်းမိခဲ့ကြသော် ရိုးရာဓလေ့ ထုံးစံအတိုင်း မိဘဆွေမျိုးများက တောင်းရမ်း လက်ထပ်ပေးရသော အလေ့အထ ရှိသည်။ လူငယ်ချင်း ခင်မင်ရင်းနှီးမှု ရပြီးနောက်မှသာ အိမ်ထောင်ရေးအတွက် တစ်ဆင့်စီ စီစဉ်ဆောင်ရွက်ရလေသည်။



လူပျိုအပျိုနှစ်ဦး ချစ်ကြိုက်၍ တွေ့ဆုံကြရာတွင် ယောက်ျားလေး၌ တာဝန်ပို၍ ကြီးမားသည်။ အကယ်၍ မှားယွင်းမိပါက ရိုးရာနတ်ကို ပူဇော်ရန်အတွက် မိန်းကလေး၏မိဘများအား ဝက် သို့မဟုတ် နွားကို ပေးရသည်။ မှားယွင်းမိသည်နှင့်တစ်ပြိုင်နက် မိန်းကလေး၏ မိဘများကို ဖွင့်ပြောရသည်။ ရိုးရာနတ်ကို ချက်ချင်း ပူဇော်ရသည်။ ဤသို့ မပူဇော်ပါက အိမ်သားတစ်ဦးဦး ဘေးဥပဒ် ဆိုက်ရောက်တတ်သည်ဟု အယူအဆရှိသည်။

# လက်ထပ်ထိမ်းမြားခြင်း

ကချင်မျိုးနွယ်စုဝင် ဂျိန်ဖော့သွေးချင်းတို့၏ ထိမ်းမြား လက်ထပ်မှုတွင် အိမ်ထောင်ရေးနှင့် စပ်လျဉ်း၍ ယောကွမမျိုး၊ သမက်မျိုး၊ ညီအစ်ကိုမျိုး ဟူ၍ ရှိလေသည်။ ယင်းတို့အနက် ယောကွမမျိုးနှင့် သမက်မျိုးတို့သည် သတ်မှတ်ထားသည့် ကျန် ဂျိန်ဖော့အနွယ်များတွင် သတ်မှတ်ထားသည့် ဓလေ့စည်းကမ်းအရ သက်ဆိုင်ရာအမျိုးချင်းသာ လက်ထပ်ယူကြရသည့် ဓလေ့ထုံးစံမျိုးဖြစ်သည်။ ဤကဲ့သို့ လက်ထပ်ထိမ်းမြားခြင်းသည် ကချင်အနွယ်ဝင်တို့၏ အိမ်ထောင်ရေးပုံစံမှာ တစ်မူထူးခြားပြီး စည်းကမ်းစနစ် ကျနမှုရှိသည်ကို လေ့လာတွေ့ရှိရသည်။

ဥပမာအားဖြင့် မရစ်မျိုးသည် မရန်အမျိုးထံမှ မိန်းမကို ယူရသည်။ မရန်အမျိုးသည် အင်ခွန်အမျိုးထံမှ မိန်းမကို ယူရသည်။ အင်ခွန်အမျိုးသည် လဖိုင်အမျိုးထံမှ မိန်းမကို ယူရသည်။ လဖိုင်အမျိုးသည် လထော်အမျိုးထံမှ မိန်းမကို ယူရသည်။ လထော်အမျိုးသည် မရစ်အမျိုးထံမှ မိန်းမကို ယူရသည်။



မယူမျိုးဟုခေါ်သော ယောကွမမျိုးသည် ပေးရသော အမျိုးဖြစ်ပြီး ဒာမမျိုးဟုခေါ်သော သမက်မျိုးသည် ယူရသောအမျိုး ဖြစ်သည်။ ထို့ကြောင့် ပေးရသော အမျိုးမှန်လျှင် သမီးပေးရရိုး ထုံးစံရှိသည်။ ယူရသော အမျိုးမှန်လျှင် သားက ပေးရသော အမျိုးထံမှ မိန်းမကို ယူရသည်။ ညီအစ်ကိုမျိုးမှာ အချင်းချင်း ယူရရိုးထုံးစံမရှိချေ။ စေ့စပ်ကြောင်းလမ်းရာတွင် ထိုသို့ပေးရသော အမျိုး၊ ယူရသောအမျိုးတို့၏ ဓလေ့ထုံးစံအရသာ စေ့စပ်ကြောင်းလမ်းပြုရလေသည်။

## စေ့စပ်ကြောင်းလမ်းခြင်း

မင်္ဂလာ လက်ထပ်ပွဲ မကျင်းပမီ သတို့သားဘက်မှ "ကဆာ" ခေါ် အောင်သွယ်တော် နှစ်ဦး (ကချင်ရိုးရာ ယဉ်ကျေးမှုကို ကောင်းစွာ နားလည်သူ "ဆလန်ဝါ" နှစ်ဦး) ကို မိန်းကလေးမိဘများထံ စေလွှတ်၍ စကားကမ်းလှမ်းရသည်။ ဤသို့ စေ့စပ် ကမ်းလှမ်းရာတွင် ယောကျ်ားလေးဘက်မှ ဦးလေး၊ ဘကြီး စသော လူကြီးများကို ယောကျ်ားလေး၏ မိဘများက တိုင်ပင်ပြီးမှ အောင်သွယ်ကို လက်ဆောင်ပစ္စည်းများနှင့် စေလွှတ်ရသည်။ လက်ဆောင်ပစ္စည်းတွင် ပစ္စည်းချမ်းသာသူတို့က မောင်းကြီး တစ်လုံး၊ ပိုးပုဆိုး တောင်ရှည် တစ်အုပ်၊ ကော်ဇော တစ်ချပ်၊ ငွေနားတောင်းတစ်ရန် စသည်တို့ကို ယူဆောင်သွားရလေသည်။ ဥစ္စာပစ္စည်း မကြွယ်ဝသူများကမူ ထို့ထက် ပို၍နည်းသော ပစ္စည်းများကို ယူဆောင်သွားရသည်။

လက်ဆောင်ယူသွားသော ကဆာနှစ်ဦးသည် မိန်းကလေး၏ရွာသို့ ရောက်လျှင် မိန်းကလေး၏ အိမ်သို့ ဦးစွာမသွားရဘဲ မိန်းကလေး မိဘများနှင့် ရင်းနှီးသော ပုဂ္ဂိုလ်အိမ်သို့ ပထမ ဝင်ရလေသည်။

မိန်းကလေးမိဘနှင့် ရင်းနှီးသောပုဂ္ဂိုလ်မှာ မိန်းကလေးဘက်မှ 'ဂျန့်ထုံ' ခေါ် အောင်သွယ်ဖြစ်လာပါသည်။ ၎င်းက သမီးရှင် မိဘများထံသို့ သွားကာ မည်သည့် ကျေးရွာမှ မည်သူ၏ သားက မိန်းကလေးကို စေ့စပ်လို၍ ထိုသူ၏ မိဘတို့က မည်သူတို့ကို ကဆာအဖြစ် စေလွှတ်လိုက်ကြောင်း ပြောကြားရလေသည်။ မိန်းကလေးမိဘများက မိမိ၏ သားချင်းများနှင့် တိုင်ပင်ဆွေးနွေးပြီး သဘောတူလျှင် စေ့စပ်ကြောင်းလမ်းခြင်းကို လက်ခံမည်ဖြစ်ကြောင်း ပြန်ကြားသည်။

ထိုသို့ အောင်သွယ်တော်တို့က သမီးကို စေ့စပ်ကြောင်းလမ်းသောအခါ 'လစ်လိုင်' ခေါ် စေ့စပ်ကြောင်းလမ်းသော အထိမ်းအမှတ်ဖြင့် သမက်ဘက်မှ ယောက္ခမဘက်သို့ သတို့သား သုံးစွဲသော အသုံးအဆောင်ပစ္စည်း တစ်ခုခုကို ပေးရပြီး ယောက္ခမဘက်မှလည်း သတို့သား အောင်သွယ်တို့အား သတို့သမီး အသုံးအဆောင်ပစ္စည်း တစ်ခုခုကို ပေးလိုက်ရသည်။

ထို့နောက် ကဆာနှစ်ဦးသည် ရှာခံ ဂျန့်ထုံနှင့်အတူ လက်ဆောင်ပစ္စည်းများကို ယူဆောင်၍ မိန်းကလေးအိမ်သို့ သွားရောက်ကာ စေ့စပ်ကြောင်းလမ်းရသည်။ ဤသို့စေ့စပ်ကြောင်းလမ်းခြင်းကို လက်ခံစကားပြောခြင်းသည် အခမ်းအနားတစ်ခုပင် ဖြစ်သည်။ ယောက်ျားလေးဘက်မှ စေ့စပ်ကြောင်းလမ်းပွဲ ပြုလုပ်ရန် လက်ဆောင်ပစ္စည်းများ ယူလာသောအခါ မိန်းကလေးအိမ်က ထမင်းဟင်းလျာများ၊ အရက်ခေါင်ရည်များဖြင့် ဧည့်ခံ ကျွေးမွေးကြသည်။ ကဆာတို့ ယူဆောင်လာသော လက်ဆောင် ပစ္စည်းများကို လက်ခံပြီး အကြောင်းပြန်ကြားနိုင်ရန် ရက်ချိန်းပေးလိုက်လေသည်။

ထို့နောက် ဒုတိယအဆင့်အနေဖြင့် စေ့စပ် ကြောင်းလမ်းခြင်းကို လက်ခံသတ်မှတ်ခြင်းပြုလေသည်။ ယောက်ျားလေးဘက်မှ ကဆာ



နှစ်ဦးက လက်ဆောင်ပစ္စည်းများ ထပ်ယူလာပြီး ရှာခံ ဂျန့်ထုံနှင့်အတူ မိန်းကလေးမိဘများထံသို့ သွားကြရပြန်သည်။ ထိုအခါ မိန်းကလေးမိဘက စေ့စပ်ရေးကို လက်မခံလျှင် လက်ဆောင် ပစ္စည်းများကို လက်မခံဘဲ ပထမအကြိမ်က စေ့စပ်ကြောင်းလမ်းခြင်းကို ပယ်ဖျက်နိုင်သည်။ ထို့ပြင် ပထမအကြိမ် စေ့စပ်ကြောင်းလမ်းစဉ်က လက်ခံထားသော ပစ္စည်းများကို ပြန်ပေးခြင်းဖြင့်လည်း ပယ်ဖျက်နိုင်ပေသည်။

စေ့စပ်ကြောင်းလမ်းခြင်းကို လက်ခံလျှင် နောက်ယူလာသော လက်ဆောင်ပစ္စည်းများကို မိဘတို့က လက်ခံပြီး လက်ခံသော အထိမ်းအမှတ်ဖြင့် ဓားတစ်လက်နှင့် လှံတစ်ချောင်းကို ပေးအပ်၍ မင်္ဂလာပွဲ ပြုလုပ်ရမည့် နေ့ရက်နှင့် မင်္ဂလာပွဲအတွက် မိန်းကလေး၏ မိဘထံ တင်တောင်းရမည့် 'ဂျာဖဂါ' ခေါ် ကညာကြေးကို သတ်မှတ်လိုက်သည်။ တင်တောင်းရမည့် ပစ္စည်းများကို သတ်မှတ်ရာတွင် ယောက်ျားလေး၏ စီးပွားရေး အခြေအနေပေါ် မူတည်၍ သတ်မှတ်သည်။ ယောက်ျားလေးသည် ပစ္စည်းချမ်းသာသော ဒူဝါမျိုးဖြစ်ပါက ပိုးဝတ်လုံချည် တစ်ထည်၊ ပိုးပုဆိုးတောင်ရှည် တစ်ထည်၊ ကျွဲ ငါးကောင်စသည်ဖြင့် သတ်မှတ်ကြလေသည်။ ဤနေရာတွင် ကဆာ လုပ်သူ အောင်သွယ်သူများမှာ အလွန်ပင်ပန်းကြသည်။ နှစ်ဦးနှစ်ဖက် ကျေနပ်မှုတအောင် အခေါက်ခေါက် အခါခါ သားရှင်နှင့် သမီးရှင်ကြားတွင် ရင်ကြားစေ့ ပြောဆိုစေ့စပ်ရသည်။

ထို့နောက် နှစ်ဦးနှစ်ဖက် လူကြီးများစုံညီရှေ့တွင် နတ်ပေါ်ဆရာက မင်္ဂလာ လက်ထပ်ပွဲ ကျင်းပရန် နေ့ကောင်းနေ့မြတ် ရွေးပေးရသည်။ ၎င်းနေ့ကောင်းနေ့မြတ်သည် တောင်ယာသိမ်းပြီး ဆောင်းနှောင်းနွေဦး နေ့တစ်နေ့ဖြစ်တတ်သည်။ ထိုနေ့သည် သတို့သမီးအား သတို့

သားက အိမ်သို့ခေါ်ရာ၌ ဘေးရန်ကင်း၍ ဘေးမသီ ရန်မခဘဲ မင်္ဂလာပွဲ ပြီးမြောက်စေမည့်နေ့ဖြစ်သည်ဟု နတ်ကိုးကွယ်သော ဂျိန်ဖော့တို့က ယုံကြည်သည်။

ထိုသို့ မင်္ဂလာပွဲရက် သတ်မှတ်ပြီးသောအခါ ရပ်ဝေးရပ်နီးမှ အသိ မိတ်ဆွေ သင်္ဂဟအပေါင်းတို့အား လူစေလွှတ်ပြီး ဖိတ်ခေါ် အကြောင်းကြားရသည်။ လက်ထပ်မင်္ဂလာပွဲ ပြုလုပ်ရာတွင် အဆင်သင့်ဖြစ်စေရန် "ဖိုး" ခေါ် ကွမ်းဖိုးကို သမက်ဘက်မှ ယောက္ခမဘက်သို့ တင်ပြီး သတို့သမီးအိမ်ကို ကြိုတင်ပို့ပေးထားရလေသည်။

ကညာကြေးပေးရာ၌ ရွှေ၊ ငွေ၊ မောင်း၊ မြင်း သို့မဟုတ် ကျွဲ ငါးကောင်နှင့် တောင်ရှည်ပုဆိုး စသည်တို့ ပါရလေသည်။ သို့သော် ပေးရသောစနစ်တွင် သာမန်လူများနှင့် "ဒူဝါ"များ မတူကြချေ။ ဒူဝါတို့၏ သမီးများကို ယူသောအခါ ကညာကြေးအဖြစ် ကျွန်တစ်ယောက် ပေးရသည်။ ကျွန်ထားသောခေတ်ဆိတ်သုဉ်းသွားသောအခါ ယဉ်ကျေးမှုအရ တန်ဖိုးထားသော ပစ္စည်းများကို တင်ရလေသည်။ ဒူဝါများသည် ဒူဝါအချင်းချင်းသာ အိမ်ထောင်ဖက်သောစနစ် ရှေးအခါက ရှိခဲ့သည်။

## လက်ထပ်မင်္ဂလာပွဲ

ဂျိန်ဖော့တိုင်းရင်းသားတို့၏ ထိမ်းမြားမင်္ဂလာ လက်ထပ်ပွဲသည် ထူးခြားသော ရိုးရာယဉ်ကျေးမှုတစ်ရပ် ဖြစ်ပါသည်။ မင်္ဂလာလက်ထပ်ပွဲအစမှ အဆုံးအထိ အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်ရသော အဆင့်များသည် မြားမြောင်လှပါသည်။ ထို့ကြောင့် ဂျိန်ဖော့တိုင်းရင်းသားတို့ မင်္ဂလာဆောင်မည် ဆိုပါက မင်္ဂလာ လက်ထပ်ပွဲကို ကောင်းမွန်စွာ



အတွေ့အကြုံရှိသော ကချင်လူကြီး "ဆလန်ဝါ" များက ဦးဆောင်၍ လုပ်ကြရပါသည်။

မင်္ဂလာပွဲ ကျင်းပရန်အတွက် သတို့သားနေအိမ် အနောက်ဘက် တံစက်မြိတ် အပြင်ဘက်နားတွင် "ခုန်ရန်းအူဒန်" ခေါ် မင်္ဂလာယဇ်တိုင် တစ်တိုင်နှင့် "ကွမ်းဘာ" ခေါ် ကိုင်ပင်များကို တန်းစီစိုက်ထားရလေသည်။ ထို့ပြင် ဆီ၊ ဆန်၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ အရက်၊ ခေါင်ရည်၊ ကစော်ဖက်ရွက်၊ ခြင်းကျား၊ ဝါးကျည်တောက်နှင့် မင်္ဂလာမဏ္ဍပ် အစရှိသော လိုအပ်ဖွယ်ရာများကို လုံလုံလောက်လောက် ရှာဖွေစုဆောင်းထားရလေသည်။

မင်္ဂလာနေ့ရက် ရောက်သောအခါ သတို့သမီး ခေါ်ရန်အတွက် ကဆာနှစ်ဦးနှင့်အတူ ပေးရန်ရှိသော လက်ဆောင်ခန်းဝင် ပစ္စည်းများကို တစ်ပါတည်း ယူဆောင်ပြီး တစ်ရက်ကြိုတင်သွားရသည်။ သတို့သမီး မိခင်အတွက်လည်း သမီးကိုယ်စား အလွမ်းပြေကြည့်ရန် သန္တာပုတီး တစ်ကုံးကိုလည်း ယူဆောင်သွားရလေသည်။ သတို့သမီးအိမ်၌ သတို့သမီး မိဘများသည် ရပ်ရွာလူထုကို ဖိတ်ခေါ်၍ သတို့သမီးအတွက် ဆုမွန်ကောင်း တောင်းပေးကြရလေသည်။ ဤဆုတောင်းပွဲကို "နွမ်ရှူယူရှားပွဲ"၊ "နွယ်ရှာဘွန်ရှား" ဟု ခေါ်လေသည်။

၎င်းဆုတောင်းပွဲတွင် သတို့သမီးကို လိုက်လံ ပို့ဆောင်မည့် "နွမ်ဆာ" ခေါ် ပုဂ္ဂိုလ်အချို့ကို ရပ်ရွာလူထုထဲမှ ရွေးချယ်ရသည်။ ထိုပုဂ္ဂိုလ်များထဲတွင် ယဉ်ကျေးမှုကို ကောင်းစွာနားလည်သော အမျိုးသား ခေါင်းဆောင်တစ်ဦးနှင့် အမျိုးသမီးခေါင်းဆောင်တစ်ဦး ရွေးချယ်ရသည်။ ထို့အပြင် "ငါးထောင့်ဆလန်" ခေါ် အမျိုးသားတစ်ယောက်နှင့် "လစ်ဂွန်" ခေါ် အမျိုးသမီးတစ်ဦးကိုလည်း ရွေးချယ်ရလေသည်။

ငါးထောင့်ဆလန် ရွေးရာတွင် နတ်ပေါဆရာက သင့်တော်သူကို ရွေးချယ်ပေးရသည်။ ၎င်း၏တာဝန်မှာ ယောက္ခမဘက်မှ ပေးလိုက်ရသော ကျွဲကို မင်္ဂလာယဇ်တိုင်၌ ချည်ပြီး အသင့်ဆောင်လာသောဓားမဖြင့် ခုတ်ရန်ဖြစ်သည်။ ငါးထောင့်ဆလန်က မင်္ဂလာယဇ်ကောင်ကို မခုတ်မီ သတို့သမီး သို့မဟုတ် သတို့သမီး ကိုယ်ရံတော် အမျိုးသမီးတစ်ဦးဦးက မင်္ဂလာယဇ်ကောင်ကို လည်ပင်းပေါ်၌ ရေစင်ပက်ဖျန်းပေးရသည်။ အဆိုပါ ငါးထောင့်ဆလန်က မင်္ဂလာ ယဇ်ကောင်ကို တစ်ချက်ခုတ်၍ မပြတ်လျှင် ယောက္ခမဘက်မှ သမက်ကို "မခုတ်ဓား" တစ်ချောင်းပေးရ၍ နှစ်ချက်ခုတ်၍ မပြတ်လျှင် မခုတ်ဓားနှစ်ချောင်း အစရှိသည်ဖြင့် ခုတ်သော အချက်ပေါင်းပေါ် မူတည်၍ မခုတ်ဓားကို ပေးဆောင်ရသည်။ မင်္ဂလာ ယဇ်ကောင်ကို ခုတ်သတ်ပြီးသောအခါ ဓား၌ ပေစွန်းသော သွေးကိုကြည့်၍ အတိတ်နိမိတ်ကောင်း မကောင်း ကောက်ယူရန် ဓားကို အိမ်ရှင်များထံ အပ်နှံရလေသည်။ လစ်ဂွန် အမျိုးသမီး၏ တာဝန်မှာ သမက်ဘက်မှ ယောက္ခမဘက်သို့ ပေးလိုက်သော လက်ဆောင်ပစ္စည်းများကို သယ်ပိုးပေးရန် ဖြစ်ပါသည်။

ထိုနေ့ညတွင် သတို့သမီးအိမ်၌ နတ်ကို ယစ်ပူဇော်သည့် အခမ်းအနား ကျင်းပသည်။ ဆွေမျိုးစုံအပြင် မိတ်သင်္ဂဟများပါ လာရောက်ကြ၍ ညည့်ပရိသတ် စည်ကားလှပါသည်။ ကြွရောက်လာသော ညည့်ပရိသတ်များကို ထမင်း၊ ဟင်း၊ အရက် ခေါင်ရည်တို့ဖြင့် သတို့သမီးဘက်မှ ညည့်ခံကျွေးမွေးရသည်။ သတို့သမီး၏ ဦးကြီး ဘကြီး စသောဆွေမျိုးများက မင်္ဂလာလက်ဆောင်အတွက် လက်ဖွဲ့ပစ္စည်းများ လာရောက် ပို့ဆောင်ကြလေသည်။ လက်ဖွဲ့ရသော ပစ္စည်းနှင့် လက်ဖွဲ့သူအမည်များကို ခွဲခြားသတ်မှတ်ရသည်။



ဂျိန်ဖော့တို့၏ ဓလေ့ထုံးစံအရ သတို့သမီးဘက်မှ လက်ဖွဲ့သူများအား သတို့သားဘက်မှ လက်ဆောင်ပြန်ရစမြဲဖြစ်လေရာ ပြန်အမ်းသောလက်ဆောင်ပစ္စည်းများမှာမူ လက်ဖွဲ့တန်ဖိုးထက် မလိုစေရ၊ ပိုလျှင်သာပိုစေရမည်။ ထို့ကြောင့် သတို့သမီးဘက်မှ နွားတစ်ကောင်လက်ဖွဲ့လျှင် သတို့သားဘက်မှ ကျွဲတစ်ကောင် လက်ဆောင်ပြန်ရသည်။ ဖိုခနောက်တစ်လုံးဆိုလျှင် မောင်းတစ်လုံး၊ ဝက်တစ်ကောင် ဆိုလျှင် နွား တစ်ကောင်၊ ခေါင်းပေါင်းတစ်ခုဆိုလျှင် ပိုးပုဆိုးတစ်ထည် လက်ဆောင်ပြန်ရသည်။ ထို့ကြောင့် လက်ဖွဲ့သူများကို သေချာစွာ မှတ်ထားရလေသည်။

ဂျိန်ဖော့တို့၏ ထုံးစံအတိုင်း သတို့သမီးဘက်မှ ဦးလေး၊ ဘကြီးစသော ဆွေမျိုးများ လက်ဖွဲ့လေ့ရှိသော လက်ဆောင်ပစ္စည်းများမှာ ဖိုခနောက်ကြီး၊ အိုးကြီး၊ မောင်း၊ စောင်၊ ပုဆိုး၊ ဓား၊ လှံစသည်တို့အပြင် စပါးမျိုးစေ့များ၊ ပဲမျိုးစေ့များကို အခိုင်လိုက် အနှံလိုက် ပေးကြသည်။ စပါးနက်၊ စပါးနီ၊ ကောက်ညှင်း၊ ပဲပိစပ်၊ ဘာလီ စသော သီးနှံမျိုးစေ့များလည်း ပါသည်။

ယောက္ခမအိမ်၌ ဆောင်ရွက်စရာများ ပြီးဆုံးသောအခါ နောက်နေ့ နံနက် နေခြည်ပျိုးစအချိန်၌ သတို့သမီးကို ရိုးရာဓလေ့အတိုင်း မွမ်းမံ ပြင်ဆင်ပေးပြီး သတို့သားအိမ်သို့ ခေါ်ဆောင်ကြရလေသည်။ ယောက္ခမအိမ်မှ သတို့သားအိမ် ရှိရာသို့ စတင် ထွက်ခွာချိန်မှ စ၍ယောက္ခမ ကိုယ်စားလှယ်များကို သမက်ဘက်မှ ကိုယ်စားလှယ်များက လိုလေသေးမရှိအောင် အစစ အရာရာ ဂရုတစိုက် ပြုစုရသည်။

သတို့သမီးနှင့် ယောက္ခမ ကိုယ်စားလှယ်များ သတို့သား နေထိုင်ရာ ရွာသို့ ရောက်သောအခါ သတို့သားနေအိမ်သို့ တိုက်ရိုက် မဝင်ရဘဲ

သတို့သားနှင့် ညီအစ်ကိုတော်သော အိမ်တစ်အိမ်၌ ခေတ္တနေရာချထားပေးရသည်။ ယင်းသို့ နေရာချထားပေးသော အိမ်ကို 'ဂျန်ထုံအင်တာ' ဟု ခေါ်သည်။

သတို့သားဘက်မှ အကြိုတော်များသည် ထိုဂျန်ထုံအိမ်သို့ သွားရောက်၍ အရက်ခေါင်ရည်များဖြင့် ဝမ်းပန်းတသာ ကြိုဆို ဧည့်ခံကြရလေသည်။ ပွဲရှင်နှင့် ယောက္ခမ ကိုယ်စားလှယ်များကြားတွင် လိုအပ်သည်များကို ဆောင်ရွက်ပေးရန် 'မဂန်ဘော်ထိန်လက်' ခေါ် ပွဲရှင်ကိုယ်စားလှယ်နှစ်ဦး ခန့်ထားရလေသည်။ ထိုကိုယ်စားလှယ်နှစ်ဦး၏ တာဝန်မှာ အိပ်ရာဝင်ချိန်၊ အိပ်ရာထချိန်၊ ထမင်းစားချိန် စသည်တို့တွင် အရက်ခေါင်ရည်များ ဆက်သပြီး ကိုယ်စားလှယ်များအား ကျိုးနွံစွာ သတင်းပို့ရသည်။

မင်္ဂလာ အခမ်းအနား ကျင်းပသောနေ့တွင် သတို့သားအိမ်၌ မင်္ဂလာ အခမ်းအနားနှင့်ဆိုင်သော ရိုးရာနတ် ပူဇော်ပွဲအတွက် ဝက်သုံးကောင်၊ ယောက္ခမ နတ်စင်အတွက် ကျွဲနှစ်ကောင်၊ အဒေါ် ဦးလေးနှင့် ဆိုင်သောနတ်၊ သတို့သမီး ပို့သောနတ်၊ မင်္ဂလာနတ် စသည်ဖြင့် နတ်ဟောဆရာ၏ ဟောကိန်းအတိုင်း ပြင်ဆင်ထားရသည်။

ထို့နောက် ပွဲရှင်ဘက်မှ သတ်မှတ်တာဝန်ပေးထားသော အမျိုးသမီး နှစ်ဦးသည် ရိုးရာယဉ်ကျေးမှုအတိုင်း ဝတ်စားဆင်ယင် မွမ်းမံပေးပြီး ပွဲရှင် ကိုယ်စားလှယ်နှစ်ဦး၏ ခွင့်ပြုချက်ကို တောင်းယူ၍ သတို့သမီးကို မင်္ဂလာဆောင်သို့ ခေါ်ဆောင်လာရသည်။ သတို့သမီးကို ခေါ်ဆောင်သည့်အခါတွင် တည်းခိုအိမ်ရှင်နှင့် သတို့သမီးကို လိုက်ပို့သော ဆွေမျိုးများအား မောင်းနှင့် တောင်ရှည်ပုဆိုး စသည်များကို လက်ဆောင်အဖြစ် ပေးထားခဲ့ရသည်။ သတို့သမီးသည် သတို့သား



အိမ်ရှေ့သို့ရောက်လျှင် အသင့်ပြင်ဆင်ထားသော နေရာ၌ နေရသည်။ ထိုအခါ နတ်ဆရာက ယဇ်ကောင်များ ပူဇော်နေစဉ် သတို့သမီးကို လိုက်ပို့သော ကိုယ်ရံတော်အမျိုးသမီးနှစ်ဦးသည်လည်း မင်္ဂလာယဇ်တိုင်အနား၌ စီတန်းစိုက်ထူထားသော ကိုင်းပင်များကို ဖြတ်သန်း၍ သတို့သား အိမ်သို့ ဝင်ရလေသည်။

ထိုအတောအတွင်း သမက်ဘက်မှ တာဝန် ပေးထားသော လမ်းပြနှစ်ဦးသည် ကိုင်းရုံများကို အလယ်မှခြမ်း၍ လမ်းခင်းပေးရသည်။ သတို့သား၏ မိခင်သည် သတို့သမီးအား ၎င်းလမ်းအတိုင်း မင်္ဂလာပွဲဆောင်ထဲသို့ လက်တွဲခေါ်ဆောင်သွားရလေသည်။

သတို့သမီး မင်္ဂလာပွဲဆောင်အတွင်းသို့ သွင်းရာ၌ 'အင်ပန်' ခေါ် အိမ်အနောက်ဘက် တံခါးပေါက်မှ ခေါ်သွင်းရသည်။ သတို့သမီး မင်္ဂလာပွဲဆောင် တံစက်မြိတ်အောက်သို့ ရောက်သောအခါ သတို့သား၏ ဖခင်က ပုတီးတစ်ကုံး စွပ်ပေးကာ သမီးအဖြစ် အသိအမှတ်ပြုရလေသည်။ ၎င်းအပြင် လှေကားဟောင်းဘက်၌ ယှဉ်၍ ထောင်ထားသော လှေကားအသစ်ပေါ်နင်း၍ မင်္ဂလာဆောင် အိမ်ပေါ်သို့ တက်စေရသည်။ လှေကားတက်ရန် လှေကားအရောက်တွင် သားသမီး အများဆုံး ထွန်းကားသူ အမျိုးသမီးကြီးတစ်ဦးက သတို့သမီးအား ဆုတောင်း မင်္ဂလာစကား ပြောကြားပြီး မင်္ဂလာ သန္တာပုတီးတစ်ကုံးကို ခေါင်းမှနေ၍ စွပ်ပေးကြသည်။

သတို့သမီးအိမ်သို့ ရောက်သောအခါ ရှေးဦးစွာ 'ဒူနူးဒပ်' ခေါ် မင်္ဂလာပွဲဆောင်၏ အလယ်မီးဖိုခန်းကို ရှစ်ကြိမ်လှည့်ပတ်ပြီးမှ ကိုယ်ရံတော်များနှင့်အတူ 'အင်ကျန်းဒပ်' ခေါ် အဘိုးအဘွားများ အခန်း၌ နေရာယူ နားနေရလေသည်။

သတို့သမီးကို လိုက်ပို့သော အမျိုးသား ကိုယ်စားလှယ်များကိုမူ ပွဲချိန်အထိ ဂျန်ထုံအိမ်၌ ဆက်ထားရသည်။ သူတို့ သုံးဆောင်ရန် 'မယုရှန်' ခေါ် အမဲပေါင် တစ်ခြမ်းနှင့်အတူ အရက်၊ ခေါင်ရည် စားသောက်ဖွယ်ရာများ လုံလုံလောက်လောက် ထောက်ပံ့ကြရသည်။

မင်္ဂလာပွဲသို့ လာရောက်ကြသော ဧည့်ပရိသတ်တို့ကို သတို့သား ကိုယ်တိုင် လိုက်၍ဧည့်ခံ ကျွေးမွေးရသည်။ ဧည့်ပရိသတ်တို့သည် မဏ္ဍပ်အတွင်း၌ အရက်ခေါင်ရည်များ သောက်စားရင်း တစ်ဦးနှင့် တစ်ဦး မိတ်ဖွဲ့စကား ပြောဆိုနေကြလေသည်။

ထို့နောက် သတို့သား၊ သတို့သမီးကိုယ်တိုင် သတို့သမီးအိမ်မှ ယူလာသော ဆန်နှင့် ငါးခြောက်ကို ဆန်ပြုတ် ပြုတ်ရသည်။ ၄င်း ဆန်ပြုတ်ကို နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဧည့်ပရိသတ်အား ဧည့်ခံရင်း မိတ်ဆက်ဆွေမျိုးစပ်ကြသည်။ ဧည့်ပရိသတ်များက 'ဇနီး မောင်နှံ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ သားသမီးရတနာ မြောက်မြား စွာ ထွန်းကားပါစေ' ဟု ဆုတောင်းမေတ္တာပို့ကြသည်။ အိမ်ပြင်ဘက် တွင်လည်း နေ့လယ်က ယဇ်ပူဇော်ထားသော အသားတို့ကို ချက်ပြုတ်၍ ခေါင်ရည် အရက်တို့ဖြင့် ဧည့်သည်တို့အား ကျွေးမွေး ဧည့်ခံကြသည်။

ညပိုင်းသို့ရောက်သောအခါ ပရိသတ်များသည် အိမ်အပြင်ဘက်၌ မီးပုံပွဲများ ပြုလုပ်ကာ သီဆိုကခုန် ပျော်ရွှင်ကြသည်။ သတို့သမီး အဖွဲ့တို့နေသော အခန်းထဲတွင်မူ 'လကာ' သို့မဟုတ် 'ဂျန်ကာ' ခေါ် ကဗျာများကို ရွတ်ဆိုတတ်သူများသည် ပြောင်မြောက်သော ကဗျာအဖွဲ့ အနွဲ့ဖြင့် သတို့သား၊ သတို့သမီးအချင်းချင်း ချစ်မေတ္တာပွားကာ အကြင် လင်မယားဖြစ်လာကြပြီးနောက် သားသမီး ဆွေမျိုးသင်္ဂဟ သိုက်သိုက် ဝန်းဝန်းနှင့် ချမ်းသာသုခ ထာဝရခံစား ရပါစေဟူသော အဓိပ္ပာယ်ပါ ဆုတောင်းစာကို ရွတ်ဆိုကြလေသည်။

ထို့နောက် ဂျိုင်ဝါခေါ် နတ်ဆရာက နတ်စကားဖြင့် သတို့သားနှင့် သတို့သမီးအား 'ပွမ်းပွန်းပွမ်းဖိုင်' နတ်ခေါ် မိရိုးဖလာ နတ်မင်းထံ အပ်နှံပေးရသည်။ အကယ်၍ သတို့သား၊ သတို့သမီးတို့သည် ဒူဝါမျိုး ဖြစ်ပါက 'မဒိုင်'နတ်ထံ အပ်ပေးရသည်။

နတ်ထံ အပ်နှံတိုင်တည်ရာတွင် သတို့သားနှင့် သတို့သမီးသည် နတ်စင်ရှေ့တွင် တူစုံတွဲ နေထိုင်ပြီး သတို့သမီးဘက်က ယူလာသော ပစ္စည်းများကို ရှေ့တွင်ချကာ ကမ္ဘာဦးမှစ၍ အိမ်ထောင်ပြုသည့်သမိုင်း ကို ရှည်လျားစွာ ပြောပြရသည်။ ကချင်တိုင်းရင်းသားတို့၏ ယဉ်ကျေး မှု ဓလေ့ထုံးတမ်းများနှင့် ကိုးကွယ်ယုံကြည်သော နတ်များအကြောင်းကို ကောင်းစွာသိတတ် နားလည်ပြီး ကဗျာလင်္ကာ ကြွယ်ဝသူအချို့ ကချင် ဆလန်ဝါများသာ နတ်သမိုင်းကို ရွတ်ဆိုတတ်ကြလေသည်။ ၄င်း ကဗျာရွတ်ဆိုရာ၌ ဆရာ ရွတ်ဆိုသည့်အတိုင်း နောက်လိုက်များက တစ်လုံးမကျန် လိုက်ဆိုရလေသည်။

နံနက်မိုးလင်းခါနီး၌ 'ဂျိုင်ဝါဂင်ဆတ်' ခေါ် နောက်ဆုံး ဆုံးမ ဩဝါဒကို ရွတ်ဆိုပြီး အိမ်ရှေ့ အိမ်တိုင်ခြေရင်း၌ 'မရောမရတ်'ခေါ် ကြက်တစ်ကောင်ကိုသတ်ကာ နိဂုံးချုပ်လေသည်။ ဂျိုင်ဝါဆရာနှင့်အဖွဲ့ ကို ပွဲရှင်များက သင့်တော်သလို အဖိုးအခ ပေးရသည်။

နောက်နေ့ နံနက်တွင် သတို့သမီးနှင့် ပါလာသော ဆွေမျိုးများ သည် နံနက်ပိုင်းတွင် မိမိတို့ ရပ်ရွာသို့ ပြန်ကြမည်ဖြစ်သည့်အတွက် နံနက်စာဖြင့် ဧည့်ခံကြရသည်။ ၄င်းနံနက်စာစားပွဲတွင် သတို့သားနှင့် သတို့သမီးသည် 'ခေါ်ခေါ်ရှတ်ဘောက်' ခေါ် ထမင်းဟင်းလျာများကို ဆုပ်၍ အချင်းချင်း ခွံ့ကျွေးရသည်။

နံနက်စာ စားပြီးချိန်တွင် သတို့သားဘက်မှ မိဘများက သတို့သမီးကို လာရောက်ပို့ဆောင်ပေးသော ဧည့်သည်များကို ‘နွမ်းဆောရှကနိုင်’ ခေါ် သတို့သမီး ပို့ဆောင်ခ သင့်တော်သလို ပေးရသည်။ ‘ဝါဆွမ်းဘိန်’ ခေါ် အမဲပေါင်တစ်ပေါင်၊ ကောက်ညှင်းထုပ်၊ ထမင်းထုပ်၊ ဟင်းထုပ်၊ ကြက်ဥပြုတ်နှင့် အရက်ခေါင်ရည်များ ပါရှိသော ခြင်းကျားတစ်လုံးကိုပါ ပေးလိုက်ရသည်။ ယောက္ခမ ကိုယ်စားလှယ်များသည် ပြန်ခါနီးတွင် သတို့သားထံသို့ သွားလည်ရသည်။ သတို့သမီးက ခေါင်ရည် အရက်တို့ဖြင့် ကြိုဆို ဧည့်ခံရသည်။ ထိုအခါ ကိုယ်စားလှယ်တို့က သတို့သမီးကို အားပေးစကား ပြောကြားကြသည်။ ၎င်းကို ‘ရပ်ဒေါဖျ’ ဟု ခေါ်လေသည်။ ၎င်းတို့သည် သတို့သားနှင့် မိဘများကို ဓားတစ်လက် လက်ဆောင်အဖြစ် ပေးထားခဲ့ကြသည်။

လက်ထပ်ပွဲ၌ ရွှေငွေပစ္စည်းအင်အားဖြင့်လည်းကောင်း၊ လူအင်အားဖြင့်လည်းကောင်း လာရောက် ကူညီကြသော ရပ်ဝေး ရပ်နီးမှ မိတ်ဆွေများ၊ အပေါင်းအဖော်များကို ပွဲရှင်များက သင့်သလို ကျေးဇူးတုံ့ပြန်ရပါသည်။ ၎င်းကို ‘ခေါ်ယာထူအိုင်’ ဟု ခေါ်သည်။

မင်္ဂလာအခမ်းအနား ပြီးဆုံး၍ ယောက္ခမကိုယ်စားလှယ်များနှင့် အခြားသော ဧည့်ပရိသတ်များအားလုံး ပြန်သောအခါ သတို့သမီးသည် စပါးကျီမှ စပါးတစ်တင်းခန့်ကိုယူပြီး ကိုယ်တိုင် ဆန်ဖွပ်ကာ ခေါင်ရည် ကစော်ချက်လုပ်ရသည်။ လေးရက်ကြာမှ ခေါင်ရည်ဖြစ်သဖြင့် ထိုလေးရက်တွင် သတို့သမီးသည် အိမ်အပြင်သို့ မထွက်ရပေ။ လေးရက်မြောက်နေ့တွင် ခေါင်ရည်လည်း ကောင်းမွန်လာပြီဖြစ်၍ သတို့သမီးအား အိမ်တွင်းပစ္စည်းအားလုံးနှင့် အိမ်လုပ်ငန်းများကို အပ်နှံလေသည်။



ခေါင်ရည်အသစ်နှင့် စားသောက်ဖွယ်ရာများကို ယူဆောင်ပြီး သတို့သား၊ သတို့သမီးတို့သည် သတို့သမီး မိဘများထံ သွားရောက်ကန်တော့ကြရလေသည်။ ထိုနေ့မှစ၍ သူတို့နှစ်ဦးသည် အကြင်လင်မယားအဖြစ် ပေါင်းသင်းဆက်ဆံ နေထိုင်ရလေသည်။

ယနေ့ခေတ်တွင် ဂျိန်ဖော့တိုင်းရင်းသားတို့၏ လက်ထပ် မင်္ဂလာပွဲသည် ဘုရားသခင်ထံ အပ်နှံ၍ ဝတ်ပြုကိုးကွယ်ခြင်း၊ ဆုတောင်းခြင်းစသည်ဖြင့် ခရစ်ယာန်ဘာသာဝင်များဖြစ်သည်နှင့်အညီ သင်းအုပ်ဆရာများ၊ သင်းထောက်ဆရာများ၊ ဓမ္မအမှုဆောင်များက ဦးဆောင်၍ လက်ထပ်မင်္ဂလာပွဲကို ဘုရားရှိခိုးကျောင်း၌လည်းကောင်း၊ သတို့သားအိမ်ရှေ့ မဏ္ဍပ်ထိုး၍လည်းကောင်း ခမ်းနားကြီးကျယ်စွာ ကျင်းပလေ့ရှိသည်။

၎င်းတို့က တာဝန်ယူ၍ ဆုတောင်း အပ်နှံ မင်္ဂလာဆောင်နှင်းပေးခြင်းဖြစ်လေသည်။ ဝတ်ပြုခြင်း၊ ကျမ်းသစ္စာဆိုခြင်း၊ လက်ထပ်စာချုပ်တွင် လက်မှတ် ရေးထိုးခြင်းတို့ဖြင့် ရိုးရာ ဓလေ့ထုံးစံများ ဆောင်ရွက်ပေးကြသည်။ မင်္ဂလာဆောင်သော နေ့မှာ သတို့သားမှ မင်္ဂလာလက်စွပ်ကို သတို့သမီးက ဝတ်ဆင်ပေးခြင်း၊ သတို့သမီးမှ ငွေဓားလွယ်နှင့် ငွေမောင်းပါလွယ်အိတ်တို့ကို သတို့သားအား လည်တွင် ဆင်မြန်းပေးခြင်းဖြင့် တည်မြဲသော ခရစ်ယာန် အိမ်ထောင်ရေး အကြင်လင်မယားအဖြစ် တစ်ဦးနှင့်တစ်ဦး ဘုရားသခင်ရှေ့တွင် ကတိသစ္စာခံယူကာ မင်္ဂလာ ဆောင်နှင်းပေးကြသည်ကို တွေ့ရှိရသည်။

ဂျိန်ဖော့တို့၏ လက်ထပ်မင်္ဂလာပွဲသည် မိမိတို့ ဂျိန်ဖော့ တိုင်းရင်းသားတို့အတွက်သာမက အခြား ကချင်တိုင်းရင်းသား မျိုးနွယ်စုဝင်များအတွက်ပါ ရင်းနှီး ချစ်ခင်မှုကို ဖြစ်ပေါ်စေသည့် အစဉ်အလာကောင်းများ၊ အကျိုးဆက်များ များစွာရရှိစေသည်။

# ကောက်သစ်စားပွဲ

တိုင်းရင်းသား ကချင်တို့၏ ရိုးရာ ယဉ်ကျေးမှု ယုံကြည်ချက်အရ ယနေ့ထက်တိုင် ပြုလုပ် ကျင်းပသည့် ပွဲတော်များအနက် အခါကြီး ရက်ကြီးများတွင် ကျင်းပသည့် "အင်လုံအင်နန်ရှား" ခေါ် ကောက်သစ် စားပွဲလည်း တစ်ခုအပါအဝင် ဖြစ်လေသည်။

နှစ်စဉ်နှစ်တိုင်း အောက်တိုဘာလတွင် "အင်လုံအင်နန်ရှား"ခေါ် ကောက်သစ်စားပွဲနှင့် "အင်စင်ခလွမ်" ခေါ် ကောက်သစ်ဦး ကြိုဆိုခြင်း အခမ်းအနားကို ကချင်ပြည်နယ် အနှံ့အပြားတွင် မိမိတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံအရ ကျင်းပကြသည်။ ဤသို့ကျင်းပခြင်းမှာ ယခုစားသုံး နေရသော စပါးနှင့် သီးနှံစုံကို မထုံမထာခေါ် နေနတ်သားက ပေးထား ခြင်းဖြစ်သည်ဟု ကချင်နတ်စားဘာသာဝင်များ၏ ယုံကြည်မှုပေါ်တွင် အရင်းခံပြီး ကျင်းပရခြင်းဖြစ်လေသည်။ မိမိတို့ စိုက်ပျိုးထားသော ကောက်ပဲသီးနှံများ၏ စားဦးစားဖျားများအား နတ်ကို ပူဇော်သည့်ဓလေ့ ဖြစ်သည်။



လူသားများ ကမ္ဘာပေါ်တွင် စတင် ဆင်းသက်လာစဉ် ယခု စားသုံးနေသော စပါးမျိုးမှာ နတ်စပါးဖြစ်သည့်အားလျော်စွာ "မထုံ မထာ" နတ်ပြည်တွင်သာ ပေါက်ရောက်သည်ဟု ဆိုသည်။ လူ့ပြည် တွင်မူကား ဒမ်ကျူလမ်းနှင့် ခူးရှော့ခူးရှောင် စပါးရိုင်းများသာ ပေါက် ရောက်သည်ဟုဆိုလေသည်။ သို့ရာတွင် ယင်းစပါးရိုင်းများမှာ လူတို့ စားသုံးရာ၌ အာဟာရမဖြစ်ဘဲ ရှိနေသည်ဟု ဆိုသည်။ ထို့ကြောင့် အာဟာရဓာတ်ဖြင့်ပြည့်စုံသော စပါးများကို မထုံမထာနတ်ထံ ချဉ်းကပ် တောင်းဆိုရလေသည်။

မထုံမထာနတ်သည် လူသားတို့ စားသုံးရန်အတွက် ဆန်ကို သတ်မှတ်ပေး၏။ သို့သော် အဆိုပါ ဆန်သည် စိုက်၍ မရသဖြင့် ကုန်တတ်သည်ဖြစ်ရကား လူသားတို့ ငတ်မွတ်ခေါင်းပါးခြင်း ပြဿနာ နှင့် မကြာမကြာ ရင်ဆိုင်နေရသည်ဟု ဆိုပါသည်။ ယင်းကြောင့် မထုံမထာနတ်က ဆန်အစား စပါးကို ပေးလေ့ရှိသည်။ အမျိုးပြန့်ပွား ရန်နှင့် လူတို့ စားရေးသောက်ရေး ဖူလုံမှုအတွက် ရည်ရွယ်၏။

လူသားတို့ အသက်ရှင် ရပ်တည်နေထိုင်ရန်အတွက် မျိုးစပါးကို သတ်မှတ်ရာ၌ စပါး (စပါးနှံ) ကို မြင်းမြီးနှင့်လည်းကောင်း၊ စပါးပင် စည်ကို မြင်းခြေထောက်နှင့်လည်းကောင်း ပုံသဏ္ဌာန်ချင်း တူညီစေ လေ၏။ သို့ရာတွင် ပုတ်သင်ညို၏ ကိုးနှံဆဲမှုကြောင့် ၄င်း၏ ခြေဖဝါးမျှ ရှိသော စပါးစေ့အဖူးနှင့် ၄င်း၏ အမြီးမျှရှိသော စပါးပင်စည်များကိုသာ ရရှိကြလေသည်။ ထို့ကြောင့် ယခုတိုင် ကချင်များသည် ပုတ်သင် ညိုအား ဆန်စပါးရှားအောင် ပြုလုပ်သူအဖြစ် မှတ်ယူကြသည်။

မည်သို့ပင်ရှိစေ လူသားတို့သည် မိမိတို့၏အရှင်သခင် မထုံမထာ နတ်အား ကျေးဇူးတင်မည်သာတည်း။ ထိုအချိန်မှစ၍ နှစ်စဉ်နှစ်တိုင်း

ကောက်ပဲသီးနှံပေါ်စတွင် စားဦးစားဖျားအဖြစ် မိမိတို့၏ အရှင်သခင်အား ပူဇော်ပသခြင်း အလေ့အထ ပေါ်လာ၏။ ထိုမှ တစ်စတစ်စ မိမိတို့၏ ဘာသာထုံးဓလေ့အလိုက် ကောက်သစ်စားပွဲ ပေါ်ပေါက်လာခြင်းဖြစ်၏။

တိုင်းရင်းသားကချင်များသည် တောင်ပေါ်စပါးများကို များသောအားဖြင့် စိုက်ပျိုးလေ့ရှိကြသည်။ တောင်ပေါ်စပါး ဆိုရာ၌ ယခုနှစ်ဆောင်းရာသီအချိန်မှစ၍ ရှေ့နှစ် ဆောင်းရာသီထိ (တစ်နှစ်ပတ်လုံး) တောတောင်များကို ခုတ်ထွင်ရှင်းလင်းခြင်းအားဖြင့် လုပ်ငန်းအဆင့်ဆင့် ပြုစုပျိုးထောင်ပါမှ အသီးဟူသော စပါးများကို ရရှိနိုင်သည်။ ယင်းသို့ အခက်အခဲမျိုးစုံကို ကျော်လွှန်ပြီးမှ ရရှိသော ကောက်သစ်ဦး ပေါ်ထွက်ချိန်တွင် ဝမ်းသာကြမည် အမှန်ဖြစ်၏။ ထို့ကြောင့် မိမိတစ်ဦးတည်း တစ်အိမ်တည်း ဝမ်းသာခြင်းဖြင့် တင်းတိမ်နိုင်ကြမည် မဟုတ်ချေ။ ဤသို့ဖြင့် ဆွေမျိုး မိတ်သင်္ဂဟများ စုံညီစွာဖြင့် ပျော်ပွဲအဖြစ် ကောက်သစ်စားခြင်း ဖြစ်လေသည်။

ကောက်သစ်စားပွဲ မကျင်းပမီ ရက်သတ္တပတ်ကျော်ခန့်မှ စတင်၍ ဆန်ဖွပ်ခြင်း၊ အရက်ချက်ခြင်း၊ ထင်းခွေခြင်း၊ ဖက်ခူးခြင်း၊ သစ်ဝါးခုတ်ခြင်း၊ မဏ္ဍပ်ဆောက်လုပ်ခြင်း စသည်ဖြင့် ကြိုတင် ပြင်ဆင်ကြ၏။ ဟင်းသီးဟင်းလျာအဖို့ ဟင်းသီးဟင်းရွက်၊ သစ်သီးသစ်ဖုနှင့် သားငါးများကိုလည်း လိုက်လံရှာဖွေ စုဆောင်းရလေသည်။ ကောက်သစ်ဦးကို ရရှိသဖြင့် လူတို့ဝမ်းသာအားရဖြစ်ကြ၏။ မိမိတို့အား တစ်နှစ်ပတ်လုံး ဘေးမသီ ရန်မခအောင် ပြုစုစောင့်ရှောက်လာသည့် "ငွမ်ငွန်ငွမ်ဖိုင်" ခေါ် အစောင့်အရှောက်နတ်များနှင့် သီးနှံအောင်မြင်အောင် ဝိုင်းဝန်းကူညီခဲ့သော နတ်အသီးသီးတို့ကိုလည်း ကျွဲ၊ နွား၊ ကြက်၊ ဝက် သတ်ခြင်းဖြင့် ပူဇော်ကြသည်။



ယနေ့ခေတ်တွင် ဂျိန်ဖော့တို့သည် ခရစ်ယာန် ဘာသာဝင်များ ဖြစ်လာကြသည့်အတွက် ကျမ်းစာ၌ "ပထမဆုံးထွက်ရှိသော ကောက်ဦးကောက်နှံကို ဘုရားသခင်အား ဆက်ကပ်ရမည်" ဟု ပါရှိသည့်အတိုင်း ကောက်သစ်စားပွဲကို ရိုးရာဓလေ့အရသာမကဘဲ ဘာသာရေးအရပါ အထွတ်အမြတ်ထားကာ ကျင်းပလေ့ရှိသည်။

မိသားစုတိုင်းသည် မိမိတို့၏ ကောက်ပဲသီးနှံများကို ဘုရားကျောင်းသို့ ယူဆောင်လာ၍ ဘုရားသခင်အား ကပ်လှူပြီးနောက် ဝိုင်းဝန်းချက်ပြုတ်ကြသည်။ သင်းအုပ်ဆရာများအား ဦးစွာ စားသောက်စေပြီးမှ အသက်အကြီးဆုံး အဘိုးအဘွားများကိုစားစေသည်။ ထို့နောက် အားလုံး တပျော်တပါး စားသောက်ကြလေသည်။ ကောက်သစ်စားပွဲသည် ဂျိန်ဖော့တို့၏ အချင်းချင်းစည်းလုံးညီညွတ်မှုဖြစ်စေသော ရိုးရာပွဲတစ်ခု ဖြစ်သည်။

# အိမ်သစ်တက်ပွဲ

ကချင်တို့၏ရိုးရာတွင် (၁) မနောပွဲ၊ (၂) ရှာပနပွဲ၊ (၃) အိမ်သစ်တက်ပွဲနှင့် (၄) လက်ထပ်မင်္ဂလာပွဲဟူ၍ ပွဲကြီး လေးမျိုး ရှိသည့်အနက် အိမ်သစ်တက်ပွဲသည်လည်း သူ့နည်းနှင့်သူ တစ်မူထူးခြားသည်ဟုဆိုနိုင်လေသည်။

အိမ်သစ်တက်ပွဲကို အချို့က အိမ်သစ်ဆောက်ပြီးလျှင်ပြီးချင်း ကျင်းပသည်။ အချို့က နောက်တစ်နှစ်၊ နှစ်နှစ်ကြာမှ ကျင်းပတတ်ကြသည်။

အိမ်သစ်တက်ပွဲများကို များသောအားဖြင့် တပေါင်း၊ တန်ခူးလများတွင် ကျင်းပလေ့ရှိကြသည်။ ကချင်တိုင်းရင်းသားတို့သည် အောက်တိုဘာလကုန်လောက်တွင် တောင်ယာစပါးများကို ရိတ်သိမ်းကြပြီးလျှင် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် သစ်ဝါးများ စုဆောင်းကြသည်။ သစ်ဝါးများ အသင့်ဖြစ်ပြီးသောအခါ တပေါင်းလတွင် အိမ်ရာများ ဆောက်လုပ်ပြီးလျှင် အိမ်သစ်တက်ပွဲများ ကျင်းပကြလေသည်။



အိမ်သစ် ဆောက်လုပ်သည့်အခါ ရွာနတ်အတွက် အိမ်နှင့် ခပ်လှမ်းလှမ်း တောစပ်တွင် နတ်စင်ဆောက်လုပ်ရသည်။ အိမ်ဆောက်လုပ်ရာ၌ များသောအားဖြင့် အိမ်ကြမ်းပြင်မှ ခေါင်အထိ ၁၂ တောင်ခန့် အမြင့်ထားပြီးလျှင် အကျယ် ၁၆ တောင်ခန့် ထားလေသည်။ ဘေးတံခါးပေါက်များမှာ အမြင့် လေးတောင်၊ အကျယ် တစ်တောင်ခန့် ရှိသည်။ ဝါးထရံကာ၍ သစ်သားပျဉ်ပြား တံခါးများ တပ်ဆင်သည်။ ပုံစံမှာ တစ်ထပ်တဲတန်းလျား အလျားလိုက်ဖြစ်၍ မြေကြီးမှ အောက်ဆင့် ရက်မအထိ ရင်ခေါင်းခန့် မြင့်လေသည်။ အိမ်ဘေးနှစ်ဖက်မှာ ဇလားပုံကဲ့သို့ အောက်ရှူး အပေါ်ကား ဖြစ်လေသည်။ အိမ်ခန်းဖွဲ့ရာ၌ အကြီးဆုံးနတ်စင်၊ မနောနတ်စင်၊ အပျိုခန်း၊ ဧည့်ခန်းနှင့် နေထိုင်မည့် အိမ်ထောင်အလိုက် အခန်းများ ပါဝင်ရလေသည်။

အိမ်သစ်တက်ပွဲ ပြုလုပ်သည့်အခါ နတ်ဆရာက ဦးဆောင်၍ မိုးနတ်ကို ပူဇော် ပသရသည်။ ကျွဲနှင့် ဝက်ကိုလည်း သတ်ပြီးလျှင် တစ်ကောင်လုံး မီးမြှိုက်လေသည်။

အိမ်ရှေ့လှေကား တပ်ထားသည့် အိမ်ထိပ်ပိုင်း ကွက်လပ်တွင် နတ်ပသရန် ဝါးတိုင်ထူ၍ စင်ကလေးများ ဆောက်လုပ်ရသည်။ ထိုအိမ်ထိပ်မှာပင် နတ်တင်ရန် အသားများကို ဒယ်အိုးကြီး တစ်လုံးဖြင့် ပြုတ်ကြရသည်။ အိမ်ခေါင်းရင်း နတ်စင်ရှေ့တွင် အချို့အသားများကို ခွဲစိတ်ပြီးလျှင် တောင်စွန်ရွက်ကဲ့သို့သော အရွက်မျိုးဖြင့် ထုပ်ကြသည်။ နတ်စင်၏အောက် တစ်ဖက်စွန်းတွင်လည်း အသားများကင်ရန်၊ ပြုတ်ရန် မီးဖိုထားလေသည်။ နတ်စင်အောက်သို့ အပြင်လူများ မဝင်ကြရပေ။

နတ်စင်ပေါ်တွင် မားတစ်ချောင်း၊ ကျွဲသား၊ မောင်းနှင့် ပိုးပုဆိုး တောင်ရှည်များကို ပူဇော်ပသထားရသည်။ အိမ်အဝင် လှေကားအနီးမှ တိုင်ကို ယဇ်ကောင် (ယဇ်ပူဇော်သည့် သတ္တဝါ) ၏ သွေးများဖြင့် သုတ်လိမ်းရသည်။

အိမ်သစ် ဆောက်လုပ်သည့်အခါတွင်လည်း အခါပေး၊ ပန္နက်ရိုက်၊ တိုင်ထူ၊ နတ်ပင့်နတ်နှင်နှင့် ယဇ်ပူဇော်မှုကိစ္စ အဝဝကို နတ်ဆရာကြီးကပင် တာဝန်ယူ ဆောင်ရွက်ရလေသည်။

အိမ်သစ်မဆောက်မီ အိမ်ဟောင်းကို ဖျက်ရသိမ်းရသည့် တာဝန်မှာလည်း မသက်သာလှပေ။ ကချင်များသည် အိမ်တန်းရှည်ကြီးများ ဆောက်လုပ်နေထိုင်လေ့ရှိကြရာ ဖျက်ရသည့် တာဝန်ကြီးသည့်နည်းတူ အသစ်ပြန်လည် ဆောက်လုပ်ရသည့် တာဝန်မှာလည်း ကြီးမားလေသည်။ ထို့ကြောင့် အိမ်များကို တော်ရုံဖြင့်လည်း မဖျက်ကြ။ တော်ရုံဖြင့်လည်း အသစ်မဆောက်ဖြစ်ကြပေ။

အိမ်မဖျက်မီ ရိုးရာနတ်ကို ပူဇော် ပသရသည်။ ထိုသို့ ပူဇော်ပသပြီးမှ ဖျက်သိမ်းရရိုး ထုံးစံရှိသည်။ သက်ဆိုင်ရာနတ်ကို ပူဇော်ပသပြီးသည့်နောက် နတ်ပစ္စည်းများ နတ်စင်များကို ပြောင်းရွှေ့ကြရသည်။ အိမ်သစ်ဆောက်လုပ်ပြီးသည့်အခါ နတ်နှင့် ပတ်သက်သော ပစ္စည်းများကို ဦးစွာရွှေ့ပြောင်းထားရလေသည်။ နောက်မှ အခြားအိမ်တွင်းပစ္စည်းများ၊ လယ်ယာအသုံးအဆောင်ပစ္စည်းများ၊ ရက်ကန်းနှင့် စပ်ဆိုင်ရာပစ္စည်းနှင့် ကျွဲ၊ နွား၊ ကြက်၊ ဝက်တို့ကို ပြောင်းရ ရွှေ့ရသည်။

အိမ်သစ်ဆောက်ပြီးသည့်အခါ အိမ်ရာအဆောက်အအုံအသစ်တွင် နေထိုင်ရသည်ကို အကြောင်းပြု၍လည်းကောင်း၊ နတ်များအား နတ်ကွန်း၊ နတ်နန်းအသစ်ဖြင့် အသစ်တစ်ဖန် ပြန်လည်ပူဇော် ချီးမြှင့်သည်



ကို အကြောင်းပြု၍လည်းကောင်း အိမ်သစ်တက်ပွဲ ကျင်းပကြလေသည်။ ကချင်သွေးချင်းတို့ ရိုးရာတွင် ရာသီအလိုက်၊ လအလိုက် မြန်မာများ ကျင်းပလေ့ရှိသည့် ၁၂ ရာသီပွဲကဲ့သို့သော ပွဲတော်များကား သီးခြားမရှိ။ လက်ထပ်မင်္ဂလာပြုသည့်အခါ၊ အောင်မြင်မှုတစ်ခုခုနှင့် ကြုံတွေ့ရသည့်အခါ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားနှင့် ကောက်ပဲသီးနှံများ ပေါကြွယ်သည့်အခါများတွင် မနောပွဲကဲ့သို့သော ပွဲသဘင်များ ကျင်းပကာ လူအားလုံးတို့ စုဝေး၍ စားသောက်ပျော်ရွှင်ကြသည့်ပွဲမျိုးသာ ရှိလေသည်။

ထိုပွဲမျိုးများအနက် အိမ်သစ်တက်ပွဲနှင့် တောင်ယာလုပ်ငန်းနှင့် စပ်ဆိုင်ရာ ပူဇော်ပသသည့်ပွဲမျိုးကိုသာ ဆင်းရဲသားများ ကျင်းပနိုင်ကြပြီးလျှင် အခြားပွဲသဘင်မျိုးများကို ဒူဝါကြီးများသာလျှင် ကြီးမှူးကျင်းပနိုင်ကြလေသည်။

အိမ်သစ်တက်ပွဲကို များသောအားဖြင့် သုံးရက်ကြာမျှ ကျင်းပတတ်ကြလေသည်။ အိမ်သစ်တက်ပွဲသည် ကချင်တို့ရိုးရာတွင် ရပ်ဝေးရပ်နီး၊ ဆွေစုံမျိုးစုံ၊ မိတ်သင်္ဂဟပေါင်းစုံ ဖိတ်ကြား ဧည့်ခံရသော ပွဲသဘင်တစ်ရပ်ဖြစ်လေသည်။

အိမ်သစ်တက်ပွဲတွင် ဆွေမျိုးညာတိများနှင့် မိတ်သင်္ဂဟများက ငွေ၊ မောင်း၊ ခေါင်ရည်၊ ဆန်စပါး စသည်များဖြင့် ကူညီ ချီးမြှင့်လေ့ရှိကြပြီးလျှင် ပွဲကျင်းပသူ အိမ်ရှင်ကလည်း ဓား၊ လွယ်အိတ်၊ လုံ စသည်တို့ကို လက်ဆောင်အဖြစ် ပြန်လည်ပေးကမ်း ချီးမြှင့်လေ့ရှိလေသည်။ အချို့လာရောက်ချီးမြှင့်သူ ဧည့်သည်တို့အား 'မထိုးလုံ' နှင့် 'မခုတ်ဓား' လက်ဆောင်ပေးလေ့ရှိသည်။ ကချင်အမျိုးသားဖြစ်ပါမူ ယောက္ခမမျိုးသို့ အထက်ပါ လက်ဆောင်မျိုး မပေးရ။ သမက်မျိုးနှင့်

ညီအစ်ကိုမျိုးများကိုသာ ပေးရရိုး ထုံးစံရှိလေသည်။ လက်ဆောင်ပေးပြီးချိန်မှစ၍ အချင်းချင်း ပိုမို ခင်မင်ရင်းနှီးစွာ ပိုမို မိတ်ဆက်ရာမှ ဆွေမျိုးဆက် ခိုင်မာလာသည်ဟု ယူဆကြလေသည်။

မထိုးလုံနှင့် မခုတ်ဓားတို့ကို ပေးကမ်းသည့်သဘောမှာ ‘ဤလုံဖြင့် အန္တရာယ်ကို ကာကွယ်၍ ဤဓားဖြင့် ခုတ်ထွင်ရှင်းလင်းကာ ခြံယာများကို စိုက်ပျိုးစားပါလေ’ ဟူသော အဓိပ္ပာယ်ဖြင့် ပေးခြင်းသာဟု အချို့က ဆိုကြသည်။ မထိုးလုံသည် ခုနစ်ပေခန့်ရှည်သည်။ မခုတ်ဓားသည် သုံးပေခွဲမှ လေးပေအထိ ရှည်သည်။ ယင်းတို့ကို ရှေ့က သံချေးမတက်နိုင်သော သံမျိုးဖြင့် ပြုလုပ်ကြလေသည်။

အိမ်သစ်ဆောက်ပြီးသည့်အခါ အကြီးဆုံးနတ်ကို အိမ်၏တစ်ဖက်စွန်း အခန်းထောင့်တွင် ထားရသည်။ ထိုအခန်း၏ ရှေ့တည့်တည့် အခန်းနှင့် ဘေးချင်းယှဉ်လျက်ရှိသော အခန်းတွင် မနောနတ်စင်ကို ထားရသည်။ ထိုအခန်းနှစ်ခန်းသည် ဓားလွယ်ခုတ်အနေမျိုး တည်ရှိရလေသည်။

နတ်ဆရာကြီးသည် အိမ်သစ်တက်ပွဲအတွက် မိုးနတ်ကို ပသသောအခါ ဝဲလက်မှ ရေကျည်တောက်၊ ယာလက်မှ ကိုင်းပင်တစ်မျိုးကို ကိုင်ဆောင်၍ နတ်ပောာစာများကို ရွတ်ဖတ်ရလေသည်။ ရေစက်ချသည့် ဝါးကျည်တောက်တွင် အချို့က အရက်ဖြစ်စေ၊ ခေါင်ရည်ဖြစ်စေ ထည့်ထားလေ့ရှိကြသည်။ နတ်ဆရာကြီးသည် နတ်ပင့်၊ နတ်နှင်နှင့် နတ်ပောာစာများ ရွတ်ဆိုနေသည့် အချိန်အတွင်း ကချင်ခေါင်းပတ်၊ ကချင်လွယ်အိတ်နှင့် ကချင်ဓားတို့ကို ကချင်ရိုးရာအရ သူ့နည်းနှင့်သူ စနစ်တကျ ဝတ်စားဆင်ယင်ထားကြရလေသည်။

အိမ်သစ်တက်ပွဲအတွက် ယောက်ျား၊ မိန်းမ အားလုံး စုပေါင်းလုပ်ကိုင်လေ့ရှိကြသည်။ ကျွေးမွေးဧည့်ခံရာ၌ ဒူဝါမျိုး၊ ဆင်းရဲသားမျိုး



ဟု အဆင့်အတန်း ခွဲခြားမှုမရှိ။ အားလုံးကို တစ်ပြေးတည်း ကျွေးမွေးဧည့်ခံကြသည်။ ဂျိန်ဖော့အမျိုးသားများသာမက အိမ်နီးချင်း တိုင်းရင်းသားများဖြစ်ကြသည့် လော်ဝေါ်၊ ဇိုင်ဝါး၊ လာချိဒ်၊ ရဝမ်တို့လည်း ဝင်ရောက် ဆင်နွှဲကြသည်။

ဧည့်သည်အသီးသီးနှင့် အိမ်ရှင်တို့သည် တဲတန်းလျားကြီးအတွင်းမှ မီးဖိုအသီးသီးတွင် ကိုယ်အစုနှင့်ကိုယ် နေရာယူကာ အသားများ ပြုတ်သူကပြုတ်၊ ခေါင်ရည်သောက်သူက သောက်ဖြင့် ရွှင်မြူးတက်ကြွလျက်ရှိသည်။ သောက်လိုက်၊ စားလိုက်၊ စကားဝိုင်းဖွဲ့ ပြောလိုက်၊ အချိန်တန်လျှင် ဝင်ရောက် ကလိုက် ခုန်လိုက်ဖြင့် ပွဲရက်သုံးလေးရက် ကုန်ဆုံးသွားလေသည်။ အချို့ မိုးလင်းအထိ စားသောက်ပျော်ပါးကြသည်။ ထိုသို့ စားသောက် ပျော်ပါးကြသော်လည်း ခိုက်ရန်ဖြစ်ပွားမှုဟူ၍ ကြီးကြီးကျယ် ကျယ်မရှိပေ။ ကချင်အနွယ်ဝင်တို့၏ ရိုးရာယဉ်ကျေးမှုအရ ထိုကဲ့သို့သော ပွဲသဘင်မျိုးသည် ဓားတစ်ပြက်၊ တုတ်တစ်ပြက်ဖြင့် အချင်းချင်း ရန်ဖက်ပြုရန်မဟုတ်။ ရန်ငြိုးရှိခဲ့ပါက ပြေပျောက်စေရန်အလို့ငှာ စုဝေးစားသောက် ပျော်ပါးကြသည့် ‘ရန်ပြေ-မာန်ပြေပွဲ’ မျိုးအဖြစ် ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်လေသည်။

အထူးသဖြင့် ဒူဝါကြီးတို့သည် ထိုအိမ်သစ်တက်ပွဲမျိုးကို တခမ်းတနား ကျင်းပလေ့ရှိသည်။ ရှေးအခါက ထိုပွဲမျိုး မကျင်းပနိုင်သည့် ဒူဝါကို ဖျင်းသည်၊ ညံ့သည်ဟူ၍ ပြောစမှတ်ပြုကြသည်။ အိမ်သစ်တက်ပွဲ ကျင်းပခါနီးတွင် မနောပွဲတစ်ကြိမ် ကျင်းပလေ့ရှိကြသည်။ အိမ်သစ်တက်ပွဲ ကျင်းပသည့်အခါ ‘တာကော’ အကနှင့် ‘ထောင်ကာ’ အကများ ကပြလေ့ ရှိကြသည်။

# မနောကွင်းနှင့် မနောတိုင်အလှ


မြစ်ကြီးနားမြို့နယ် စီတာပူကျေးရွာသည် ဂျပန်များကို စစ်အောင်နိုင်၍ ၁၉၄၆ ခုနှစ်တွင် မဒန်မနောပွဲကိုလည်းကောင်း၊ ၁၉၄၈ ခု ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့နှင့် ဇန်နဝါရီလ ၁၀ ရက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မနောပွဲကိုလည်းကောင်း ကျင်းပခဲ့သည့် သမိုင်းဝင် နေရာတစ်ခုပင်ဖြစ်သည်။

မနောကွင်းကြီးသည် စီတာပူကားလမ်းဘေးတွင် တည်ရှိသည်။ ဂျိန်ဖော့ဘာသာဖြင့် 'နော်ရာ' ဟုခေါ်သည်။ အဓိပ္ပာယ်မှာ မနောကွင်း ပြင်ဟု ဆိုပါသည်။ 'မနော' ဟူသည့်စကားကို မြန်မာဘာသာဖြင့် မဏ္ဍိုင် သို့မဟုတ် အထွတ်အထိပ်ဟု အဓိပ္ပာယ်ရသည်။ မနောကွင်း၏ ဧရိယာမှာ ၉၃၂၉၁၀ စတုရန်းပေရှိသည်။ ဧကအားဖြင့် ၂၁ ဧကခွဲ ရှိသည်။ မနောကမည့် နေရာနှင့် အလှမ်းမဝေးသည့်နေရာတွင် မနော အဆောင်တော်ရှိသည်။ ကမည့်နေရာ အလယ်၌ကား မနောတိုင်ကြီး တို့ကို စိုက်ထူထားသည်။ အဝါ၊ အစိမ်း၊ အနီ၊ အပြာ၊ အဖြူနှင့် အနက်ရောင်တို့ဖြင့် ရိုးရာ ယဉ်ကျေးမှု အယူအဆ၊ သင်္ကေတတို့ကို



သရုပ်ဖော်ထားသော မနောတိုင်အပြားကြီး ၁၁ ခုရှိသည်။ အောက် ခြေတွင် လှဲထားသောတိုင် ၁၂ ခုဖြစ်ပြီး တိုင်ပြားတို့မှာ အရှည်ဆုံး ၁၇ တောင်၊ အတိုဆုံး ခုနစ်တောင်ခန့်နှင့် ဖြက် တစ်တောင်ခန့်တို့ ဖြစ်သည်။ အမြင့်ဆုံးတိုင် နှစ်တိုင်ကို 'ဖိုတိုင်'ဟုခေါ်၍ အငယ်ဆုံး တိုင်ကို 'မတိုင်'ဟုခေါ်သည်။ ကြက်ခြေခတ်ထားသည့် တိုင်များမှာ 'မတိုင်' အမျိုးအစားတွင် ပါဝင်သည်။

၁၉၄၈ ခု ဇန်နဝါရီလ ၁၀ ရက် နံနက် ၈ နာရီတွင် ကချင် ပြည်နယ် ကောင်စီက မနောပွဲကို ကျင်းပရာ ထိုစဉ်က နိုင်ငံတော်



သမ္မတ စဝ်ရွှေသိုက် ကိုယ်တိုင်ကြွရောက်လာပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ စာအုပ်ကို ကချင်ပြည်နယ်အား လွှဲအပ်သည့်အနေဖြင့် ကချင်ပြည်နယ်ကောင်စီ ဥက္ကဋ္ဌ ဆမား ဒူဝါ ဆင်ဝါးနော်လက်သို့ အပ်နှံခဲ့သည်။ မနောပွဲတွင်လည်း ကိုယ်တိုင် ပါဝင် ဆင်နွှဲကြသည်။ သုံးနှစ်လျှင် တစ်ကြိမ် ကချင်ပြည်နယ်နေ့ မနောပွဲကို ကျင်းပကြသည်။

မနောတိုင် ဟူသည် ကချင်တိုင်းရင်းသားတို့၏ ရိုးရာ အထိမ်းအမှတ် ဖြစ်သည်။ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စီတာပူ မနောကွင်းတွင် ရှိသော မနောတိုင်ကြီးမှာ မနောမြေ၏ အလှဂုဏ်ကို ဖော်ပြလျက် ရှိသည်။

မနောတိုင်မှာ ရိုးရာဓလေ့ထုံးစံအရ ခြောက်တိုင်ရှိပြီး ကချင် မျိုးနွယ်စု ခြောက်မျိုးဖြစ်သော ဂျိန်ဖော့၊ လော်ဝေါ်၊ ဇိုင်ဝါး၊ ရဝမ်၊ လာချိဒ်၊ လီဆူ မျိုးနွယ်များကို ကိုယ်စားပြုသော အမှတ်အသားဖြစ်သည်။ တိုင်များကို တွဲချုပ်ထားသော ဓါးပတ်တန်းများမှာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုရှိရန် စုစည်းထိန်းချုပ်ခြင်း သဘောအဓိပ္ပာယ်ဖြစ်သည်။ မနောတိုင်တွင် အောက်ချင်းငှက်၊ ချိုးငှက်၊ မောင်း၊ စည်၊ ရိုးရာဓား၊ လ၊ နေ၊ ကြယ်၊ ဒေါင်း စသည့်ရုပ်ပုံများပါဝင်ပြီး တစ်ခုစီ၏ အဓိပ္ပာယ်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။

အောက်ချင်းငှက်မှာ ငှက်တို့၏ဘုရင်ဟု ယူဆထားပြီး အောက်ချင်း ငှက်၏ သဘာဝ လုပ်ဆောင်ချက် အပြုအမူများမှ မနောဟူသော အဓိပ္ပာယ်ဖြစ်လာသည်။ စုစည်းညီညာသည်၊ သစ္စာရှိသည်၊ စိတ်ထားဖြူစင်သည် စသည့် အမှတ်အသားများဖြစ်သည်။ ချိုးငှက်မှာ ငြိမ်းချမ်းရေး သင်္ကေတဖြစ်၍ အေးချမ်းသာယာမှု တွန်းမြည်သံကို အသိအမှတ်



ပြုထားသည်။ မောင်းနှင့်စည်တို့မှာ ရိုးရာတူရိယာပစ္စည်းဖြစ်သည်။ ရိုးရာဓားမှာ အခက်အခဲ ဟူသမျှ ကျော်လွှားမည့်သဘောဖြစ်သည်။ လမှာ စိုက်ပျိုးလုပ်ကိုင် စားသောက်မှု အဆင်ပြေစေသည့် အဓိပ္ပာယ်ဖြစ်၍ ကြယ်မှာ စုစည်းမှု၊ ကြည်လင်သာယာမှု သဘောဖြစ်သည်။ နေမှာ ဦးထိပ်ထားခြင်းနှင့် လူသားများအတွက် မှီခိုအားထားရာဖြစ်ခြင်း၊ ၎င်း၏ အောက်တွင် လူသားများ နေထိုင်ရခြင်း အဓိပ္ပာယ်ဖြစ်သည်။ ဒေါင်းမှာမူ မနောအကကို ဦးဆောင်ကသူ၏ ဦးဆောင်း၊ ခေါင်းပေါင်းများတွင် ပါဝင်စေပြီး ကျက်သရေရှိမှု၊ တင့်တယ်မှု သဘောတို့ကို ဆောင်သည်။

မနောတိုင်ကြီးမှာ ၁၉၉၆ ခုနှစ်တွင် အုတ်မြစ်ချခဲ့ပြီး ၁၉၉၈ ခုနှစ်အကုန်တွင် ပြီးစီးခဲ့သည်။ မနောတိုင်ကြီး၏ တစ်ဦးတည်းသော



အလျှုရှင်မှာ မြစ်ကြီးနားမြို့ မြို့သစ်ရပ်နေ ဦးယွတ်ဇော်ခေါင်ဖြစ်ကြောင်း သိရသည်။

ဂျိန်ဖော့တိုင်းရင်းသားတို့၏ အဓိကကျသော မနောပွဲ ကျင်းပရာ မနောကွင်းနှင့် မနောတိုင်တို့မှာ အထူးထင်ရှားလှသည်။ ဤမနောကွင်းကြီး၌ သုံးနှစ်တစ်ကြိမ် 'ဝန်ပေါင်နိန်ဂေါန်ခွမ်ရာ' မနောပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ ကချင်မျိုးနွယ်စုဝင် တိုင်းရင်းသားများအားလုံး ပါဝင်ပြီး လူပေါင်းထောင်ချီ ဆင်နွှဲသည့် ဂျိန်ဖော့ တိုင်းရင်းသားများ၏ အကြီးကျယ်ဆုံး၊ အခမ်းနားဆုံး၊ အကျော်ကြားဆုံး ရိုးရာမနောပွဲတော်ကြီးကို ကျင်းပသည့်နေရာဖြစ်သည်။

**ဝန်ပေါင်နိန်ဂေါန်ခွမ်ရာ မနောပွဲ**





# မနောပွဲ

## ဂျိန်းဖောပွဲတော်

- ဟိုရှေ့ ဆူဆူညံ၊ ဘာသံလို့မေး
  'နံပန်ခယင်' အိုးစည်ဗိုင်းနဲ့
  ဓားသိုင်းတဲ့လေး။
- ရှေ့ပိုင်းက ခေါင်းပေါင်းဖြူ ဘယ်သူလဲမေး
  'အကီဝါ' 'ဆလန်' များနဲ့
  'ဒူဝါ' တဲ့လေး။
- အပန်းငှဲ့ ပြေစရာ၊ ဘယ်ဟာလဲတွေး
  တောင်ခြေမှာ ခေါင်ရည်အိုးပေါ့
  ရိုးရာကွဲ့လေး။
- မီးပုံကြီး ပတ်ပတ်ရံ၊ ဟန်ညီလှသေး
  ဘယ်ယိုင်ကာ ညာကိုင်နင်းမယ်
  မင်းလိုက်ခဲ့လေး။

- 'လော့ခူး' ဆို ခေါင်တစ်ကျိုက်
  တစ်ရှိုက်လောက် စုပ်ကာယူ
  ဂျိန်းဖောပျို နံ့သာတုံး၊ ရွှံးလိမ့်မြို့သူ
  ပလွေနက်ကကျူ၊ လူသံက ဝေလေးလေး။
- ခေါင်တန်ခိုးပေထင့်
  မညိုးပေါင် တခုန်ခုန်ပ
  နေအရဏ် အောင်လံစိုက်တော့
  ဆွေအစုံ တောင်ယံတစ်ဝိုက်မှာ
  ခေါင်မရေ ကလိုက်ချည့်သေး။

*မျိုးမြင့်ဆွေ*

စာရေးသူ၏ မူရင်းစာသားအတိုင်း 'ဂျိန်းဖော' ဟု ဖော်ပြထားပါသည်။

## မနောပွဲအစ နတ်ကိုးကွယ်ခြင်းက

ရှေးအခါက ဂျိန်ဖော့များသည် နတ်ပူဇော်ပသသောအလေ့ ရှိခဲ့ကြသည်။ နတ်များသည် လူတို့၏ ကောင်းကျိုး၊ ဆိုးပြစ်ကို ဖန်တီးနိုင်သည်၊ လူတို့၏ ကံကြမ္မာကိုလည်း နတ်များကသာ စိုးမိုးသည်ဟု ယုံကြည်ကြသည်။ သို့ဖြစ်၍ နတ်ပူဇော် ပသမှုကို အလေးထား ဆောင်ရွက်ကြလေသည်။

ရှေးဦးစွာ နတ်ပူဇော် ပသခြင်းကို စူးစမ်း တွေ့ရှိသူမှာ 'မဒင်ယောင်' ဆိုသူဖြစ်သည်။ တစ်နေ့တွင် မဒင်ယောင်သည် တောတွင်း တစ်နေရာ၌ ငှက်အပေါင်းတို့က အောက်ချင်းငှက်အား ဝိုင်းရံလျက်



အောင်ပွဲခံနေသည့် အခမ်းအနားတွင် 'အူးကာလ' ခေါ် အမြီးရှည်ငှက်တစ်မျိုးက ဗေဒင်ဆရာအဖြစ်လည်းကောင်း၊ ခိုငှက်က နတ်ဟောဆရာအဖြစ်လည်းကောင်း၊ ငှက်တော်က အကူနတ်ဟောဆရာအဖြစ်လည်းကောင်း အသီးသီး ဆောင်ရွက်နေသည်ကို မြင်ခဲ့ရသည်ဟု ဆိုသည်။ နောက်တစ်ဖန် မဒင်ယောင်သည် တစ်နေရာမှ တစ်နေရာသို့ သွားလာရင်း စူးစမ်းလေ့လာရာ၌ ရေထဲတွင် ငါးများ အမြီးဖျား လူးလာခတ်ကာ သွားလာနေကြပုံ၊ လိပ်ပြာ၏ ဘာသာဘာဝ ပျံဝဲသွားလာ လှုပ်ရှားနေကြပုံတို့ကို မြင်တွေ့ရပြန်လေသည်။ အထက်ဖော်ပြပါ ငှက်တို့၏ အောင်ပွဲခံ အခမ်းအနား၊ ရေထဲ၌ ငါးများ မြူးတူးပျော်ပါး သွားလာသည့် အလေ့အထတို့မှ အတုယူ၍ ပျော်ပွဲရွှင်ပွဲ ကျင်းပသည့် အလေ့အထများ ပေါ်ပေါက်လာတော့သည်။

ဂျိန်ဖော့တို့၏ ယုံကြည် ကိုးကွယ်မှုတွင် မြောက်မြားစွာသော နတ်တို့ကို ပူဇော်ပသကြသည်။ နတ်တို့သည် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ သစ်ပင်၊ တော၊ တောင်၊ ကောင်းကင်၊ နေ၊ လ၊ နက္ခတ်၊ မြေ၊ လေ၊ ရေတံခွန်၊ ကျောက်ဂူ၊ သီးနှံ စသည်တို့တွင် နတ်တစ်ပါးစီရှိသည်ဟု ယုံကြည်ကြသည်။

သို့ဖြစ်၍ ဂျိန်ဖော့တို့ ကိုးကွယ်သည့် နတ်များကို အကြမ်းအားဖြင့် နှစ်မျိုးတွေ့ရသည်။ 'အင်စာနတ်' ခေါ် အထက်နတ် (ကောင်းကင်နတ်) နှင့် 'ဂါးဆာနတ်' ခေါ် အောက်နတ် (မြေနတ်) ဟူ၍ ရှိလေသည်။ ၎င်းနတ်များတွင်လည်း အထက်နတ်တို့ကို ပသ သကဲ့သို့ အောက်နတ်များဖြစ်သည့် နတ်ဆိုး၊ နတ်မိစ္ဆာများကိုလည်း လူတို့အား နှောင့်ယှက် ဖျက်ဆီးခြင်း မပြုရန် တောင်းပန်သည့် သဘောမျိုးဖြင့် ပူဇော်ပသမှု ပြုရလေသည်။

## မဒိုင်နတ် ကိုးကွယ်ခြင်းက မနောပွဲအစ

မနောပွဲ ကျင်းပ ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ဂျိန်ဖော့တို့ လက်ခံကျင့်သုံးနေသည့်အချက်မှာ ကမ္ဘာဦးအစ၌ လူသားနှင့် သက်ရှိသက်မဲ့တို့၏ အခေါင်အချုပ်ဖြစ်သူ "နင်ဂေါင်န်ကျနွမ်း" ခေါ် ဖန်ဆင်းရှင်ရှိခဲ့သည်။ ထိုဖန်ဆင်းရှင်၌ "နင်ဂေါင်န်မဂင်" ခေါ် သားတစ်ပါးလည်းရှိသည်။ နင်ဂေါင်န်ကျနွမ်း သေဆုံးခါနီး၌ သားဖြစ်သူအား မိမိသေဆုံးလျှင် ကျန်သောရုပ်ကလာပ်ကို အခမ်းအနားဖြင့် မြှုပ်နှံရန်နှင့် မည်သို့မည်ပုံ မြှုပ်နှံရမည်ကိုပါ မှာကြားခဲ့သည်။ တစ်ဆက်တည်းမှာပင် နောင်လူသားတို့ ပေါ်ပေါက်လာပြီး အိုးအိမ်အတည်တကျ အခြေချနေထိုင်တတ်ချိန်တွင် မနောပွဲ ကျင်းပပြုလုပ်ရန် မနောပွဲ ကျင်းပပုံ၊ ကျင်းပနည်း၊ ကျေးငှက်များ၊ လိပ်ပြာများ၊ ငါးများထံမှ ကပုံကနည်းတို့ကို အတုယူ လေ့လာသင်ကြားရန် မှာကြားခဲ့သည်။

နင်ဂေါင်န်ကျနွမ်း၏ ပဌမမြောက်သားနှင့် ဆဌမမြောက် သမီးတို့မှ အချင်းချင်းစပ်၍ မွေးဖွားသောအခါ ထိုသူငယ်နှစ်ဦးကို မည်သို့အမည်နာမ မှည့်ခေါ်ရမည်ကို မသိဖြစ်နေလေသည်။ ထိုအခါ သားတစ်ပါး ဖြစ်သူကို အမည်မှည့်ရန် အရာခပ်သိမ်းကို သိကျွမ်းသူ "ကျယ်နင်ကျန်ဖန်းနင်ဆန်" အား မိခင်ဖြစ်သူ "နင်ဂေါင်န်ကျနွမ်း" က မေးမြန်းရာတွင် ပထမမွေးသောသားကို လမုမဒိုင် (ကောင်းကင်နတ်) ဟုလည်းကောင်း၊ ဒုတိယမွေးသော သမီးကို ရှဒစ်နတ် (ပထဝီမြေစောင့်နတ်) ဟုလည်းကောင်း အသီးသီး အမည်မှည့်ရန်၊ ၎င်းတို့ကို ကြွယ်ဝ ချမ်းသာသူတို့က စီးပွားဥစ္စာ တိုးတက်ရန်၊ ဆန်ရေစပါးပေါများရန်၊ ရောဂါဘယ ကင်းဝေး၍ ကျန်းမာစေကြောင်း ဆုတောင်းများ ချပေးရန် ခိုကိုး ပူဇော်ကြလိမ့်မည်ဟု ပြောကြားလေသည်။



ထို့ကြောင့် ဂျိန်ဖော့တို့သည် လူသားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ပေးစွမ်းသည့် နတ်မင်းကြီးဖြစ်သော မဒိုင်နတ်မင်းကြီးကို ကိုးကွယ်ပူဇော် ပသခြင်းဖြစ်သည်။ သို့ဖြစ်၍ မဒိုင်နတ်ကို ပူဇော် ပသသည့် အခမ်းအနား နတ်ကနားပွဲသည် မနောပွဲဖြစ်သည်။

မနောပွဲကျင်းပပုံ ကျင်းပနည်းကို မဒင်ယောင် အမည်ရှိ လူသားတစ်ဦး မြင်တွေ့ရာမှ စခဲ့သော အောင်ပွဲခံ အခမ်းအနားမှ စတင်တတ်မြောက်လာခဲ့ပုံမှာလည်း စိတ်ဝင်စားဖွယ်ဖြစ်သည်။ ကျေးငှက်တို့သည် တောတွင်းရှိ ညောင်ပင်ကြီးတစ်ပင်မှ ဝင်းဝါနေသော ညောင်သီးများကို မည်သို့မည်ပုံ စားသောက်ကြမည်ကို ဆွေးနွေးပွဲပြုလုပ်ကြသည်။ "အင်ပရင်ပရီ" ခေါ် ငှက်က အားလုံးတညီတညွတ်တည်း ဝိုင်းဝန်းထိုးဆိတ် စားသောက်ကြရန် ပြောသော်လည်း "အညင်ညက်" ခေါ် ကောက်ကျစ် စဉ်းလဲသည့်ငှက်က အခြားသော ငှက်များအား အသိမပေးပဲ ၎င်းတို့ချည်း စားသောက်ရန် ပြောလေသည်။

နောက်ဆုံးတွင် "ဆင်ဝါးအူ" ခေါ် ငှက်တော်က မနောပွဲ ကျင်းပကာ အားလုံး တညီတညွတ်တည်း ဝိုင်းအုံထိုးဆိတ် စားသောက်ကြရန် ပြောဆိုရာ အားလုံးသော ငှက်များက သဘောတူကြသည်။ ထိုပွဲ၌ ငှက်တော်က မနောအကကို ဦးဆောင်သူအဖြစ်လည်းကောင်း၊ အောက်ချင်းငှက်က မနောပွဲရှင်အဖြစ်လည်းကောင်း၊ ဘောက်ခင်ငှက်က အခမ်းအနား ကြီးကြပ်ကွပ်ကဲသူအဖြစ်လည်းကောင်း၊ "အူတာယ" ခေါ် ငှက်မြီးရှည်က နတ်စာ ပြင်ဆင်သူအဖြစ်လည်းကောင်း အသီးသီးဆောင်ရွက်ကြသည်။ ဤသို့ တာဝန်များ ခွဲဝေပြီးနောက် မနောပွဲကျင်းပပြီးလျှင် ညောင်သီးများကို ဝိုင်းဖွဲ့စားသောက်ကြလေသည်။ သို့ဖြစ်၍ မနောအကကို ဦးဆောင်သူတို့သည် အောက်ချင်းငှက်၏

နှုတ်သီး၊ ငှက်တော်၏ အမြီးများဖြင့် တပ်ဆင်ပြုလုပ်ထားသော မနော ဦးဆောင်းကို ဆောင်းထားကြခြင်းဖြစ်သည်။

## မနောပွဲ အမျိုးအစားများ

ဂျိန်ဖော့တို့၏ ရိုးရာမနောပွဲများမှာ အမျိုးအမည်အားဖြင့် ၁၀ မျိုး ရှိလေသည်။ ၎င်းတို့မှာ ဆွတ်မနော၊ ဂျူမနော၊ ပဒါန်မနော၊ ကွင်းရန် မနော၊ ရှဒစ်ဖော့မနော၊ နော်ထူရာမနော၊ နင်ထန်းမနော၊ နောင်ဆွတ် မနော၊ နွမ်ရှလိုင်မနောနှင့် ထင်ရမ်းမနောတို့ဖြစ်သည်။

***ဆွတ်မနောပွဲ။*** ဥစ္စာစီးပွား တိုးတက်ကြွယ်ဝချိန်တွင် လူအများကို စွန့်ကြဲ ပေးကမ်း လှူဒါန်းလိုသည့် မနောပွဲ ဖြစ်သည်။ မိတ်သစ်ဆွေသစ်ဖွဲ့သည့် မနောဟုလည်း ခေါ်သည်။ ကချင်ပြည်နယ်နေ့ အခမ်းအနားများနေ့တွင် ကျင်းပလေ့ရှိသည့် မနော ဖြစ်သည်။

***ဂျူမနောပွဲ။*** ပြင်းထန်စွာ နာမကျန်းဖြစ်ချိန်များနှင့် သက်ကြီးရွယ်အို အဘိုးအဘွားများ သေဆုံးသည့် အသုဘ အခမ်းအနား ရှိစဉ် ကျင်းပသည့် မနောပွဲဖြစ်သည်။

***ပဒါန်မနောပွဲ။*** စစ်တိုက်၍ အောင်မြင်သည့်အခါများ၌ ကျင်းပသည့် အောင်ပွဲအထိမ်းအမှတ် မနောပွဲဖြစ်သည်။

***ကွင်းရန်မနောပွဲ။*** သားဦး ယောကျ်ားလေးတစ်ဦး အိမ်ထောင်ပြုပြီးနောက် အိုးသစ်၊ အိမ်သစ် သီးခြားခွဲထွက်နေလိုချိန်၊ နယ်မြေသစ် ထူထောင်ချိန်များတွင် ကျင်းပသည့် မနောပွဲ ဖြစ်သည်။



***ရှဒစ်ဖော့မနောပွဲ။*** အိုးသစ်အိမ်သစ်၊ နယ်မြေသစ် တည်ထောင်ပြီး၍ မိဘများနေအိမ်မှ ဆိုင်ရာဒေသ မဒိုင်နှင့် ရှဒစ်နတ်တို့ကို ဝေခြမ်း ပင့်ဆောင်လာခဲ့သော အချိန်များတွင်လည်း နတ်တို့ကို နေရာပြသခြင်း၊ နယ်မြေသစ်ရှိ မကောင်းဆိုးဝါး နတ်ဆိုးနတ်ယုတ်များကို ဖယ်ရှားလိုသော သဘောဖြင့် ကျင်းပသည့် မနောပွဲ ဖြစ်သည်။ အိမ်သစ်တက် မနောပွဲဟုလည်း ခေါ်သည်။

***နော်ထူရာမနောပွဲ။*** အကြီးမားဆုံးသော မနောပွဲတော် မကျင်းမီ တစ်နှစ် သို့မဟုတ် ခြောက်လခန့်အလိုတွင် မနောကွင်း ကျင်းပ ပြုလုပ်မည့်နေရာကို ညီညာပြန့်ပြူးမှုရှိစေရန် မြေညှိခြင်း၊ ရှင်းလင်းခြင်း ပြုသည့်အခါ ကျင်းပသည့် မနောပွဲဖြစ်သည်။

***နင်ထန်းရာမနောပွဲ။*** စစ်ထွက်ခါနီးအချိန်၌ ပြုလုပ်သော မနောပွဲ ဖြစ်သည်။ ဓား၊ လှံ၊ သေနတ် စသည့် လက်နက်များကို ကိုင်ဆောင်၍ ကလေ့ရှိသော မနောပွဲ ဖြစ်သည်။ ဇာတိသွေး၊ ဇာတိမာန် ထက်သန်မှုကို ဖော်ညွှန်းသော မနောပွဲ ဖြစ်သည်။

***နောင်ဆွတ်မနောပွဲ။*** ကြိုတင်စီစဉ်မှု မရှိဘဲ အခြေအနေအရ ရုတ်တရက် ကျင်းပသော မနောပွဲ ဖြစ်သည်။ ထူးခြားသည်မှာ ၎င်းမနောပွဲ၌ နတ်ကို ပူဇော်ခြင်း မပြုပေ။

***နွမ်ရှလိုင်မနောပွဲ။*** ဒူဝါများ လက်ထပ်သောအခါ ကျင်းပသည့် မနောပွဲဖြစ်သည်။

***ထင်ရမ်းမနောပွဲ။*** ညီအစ်ကိုမျိုး အချင်းချင်းဖြစ်စေ၊ ယောက္ခမမျိုး အချင်းချင်းဖြစ်စေ၊ သမက်မျိုး အချင်းချင်းဖြစ်စေ တစ်ဦးနှင့် တစ်ဦး အကြောင်း တစ်စုံတစ်ရာကြောင့် ရန်လိုမှု၊ မကျေနပ်မှုများရှိလျှင် တစ်ဦး အပေါ် တစ်ဦး သံသယ ကင်းရှင်းရန်နှင့် ကျေအေးမှုရှိစေရန် ကျင်းပသည့် မနောပွဲ ဖြစ်သည်။

## မနောပွဲ စတင်ခြင်း

မနောပွဲသည် မဒိုင်နတ်မင်းကြီးကို ပူဇော်ပသသည့် နတ်ကနားပွဲဖြစ်ကြောင်း ဖော်ပြခဲ့ပြီး ဖြစ်သည်။ သို့ဖြစ်ရာ မနောပွဲ ကျင်းပရန်မှာ ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာရန် အထူးလိုအပ်သည်။ ထို့ကြောင့် ရှေးအခါက အုပ်ချုပ်သူ ဒူဝါများနှင့် ကြွယ်ဝချမ်းသာသောသူများသာ မနောပွဲကို ဆင်ယင်ကျင်းပကြသည်။

မနောပွဲကျင်းပမည်ဆိုပါက မနောရှင်တို့သည် ပွဲရက်အတွင်း စားသောက်ရန် ဆန်ရေစပါး၊ ဆီ၊ ဆား၊ သားငါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို စုဆောင်းထားကြရသည်။ ယဇ်ပူဇော်မည့် ကျွဲ၊ နွား၊ ဝက်၊ ကြက်များကိုလည်း အဆင်သင့် ထားရသည်။ အရက်ခေါင်ရည်များကိုလည်း လုံလောက်စွာ ချက်လုပ်ထားရသည်။

မနောပွဲ ကျင်းပရန် အသုံးအဆောင်ပစ္စည်းများ လုံလောက်ပြီဆိုပါက မနောရှင်သည် 'ဂျိုင်ဝါ'၊ 'ဒွမ်ဆာ' စသည့် နတ်ဟောဆရာကြီးများကို ဖိတ်ခေါ်၍ တတ်ကျွမ်းနားလည်သူများနှင့် စုဝေးညှိနှိုင်းပြီး ဗေဒင်အလိုအရ နေ့ရက်ကို ရွေးချယ်သတ်မှတ်ကာ 'နောင်ရာ' ခေါ် မနောကွင်းကို ပန်းချက်ချကြသည်။ ရပ်ဝေးရပ်နီးမှ ယောက္ခမမျိုး၊ သမက်မျိုး၊ မယားညီအစ်ကိုမျိုးများနှင့် ဆွေမျိုးသားချင်းများ၊ မိတ်ဆွေများကို



မနောပွဲသို့ လာရောက်ရန်နှင့် ပါဝင် ဆင်နွှဲကြရန် ကြိုတင်ဖိတ်ကြားထားရလေသည်။

ယဇ်ကောင်များကို နတ်ကနားပေး ပူဇော်ပသသူမှာ 'ဂျိုင်ဝါ' နတ်ဟောဆရာကြီးနှင့် 'ဒွမ်ဆာ' နတ်ဟောဆရာကြီးတို့ဖြစ်သည်။ နတ်ကနားပေးချိန်တွင် ဂျိုင်ဝါနတ်ဟောဆရာကြီးကို မနောရှင်က ၎င်းထံသို့သွား၍ မနောပွဲကျင်းပရာသို့ ကြွရောက်ပါရန် ပင့်ဆောင်ကြသည်။ နတ်ဟောဆရာကြီးကို ပင့်ဆောင်ပြီးလျှင် 'ဆွတ်ဂန်ဂျရှောင်န်အိုင်'ခေါ် မနောပွဲ အခမ်းအနား၏ အဓိက အမှုဆောင်လူကြီးများကို မနောအိမ်တွင်းသို့ ခေါ်သွင်းခြင်းပြုရသည်။

ဂျိုင်ဝါနှင့် ဒွမ်ဆာ နတ်ဟောဆရာကြီးများ၊ မနောအကကို ဦးဆောင်သူ 'ကွမ်ဒေါဝါ'နှင့် 'နော်ရှောင်' စသူတို့ကို မနောအိမ်တွင်းသို့ ခေါ်ရာတွင် မနောရှင်နှင့် မနောရှင်၏ ဇနီးတို့က ဦးဆောင်၍ ခေါ်ရသည်။ ထို့နောက် မဒိုင်နတ်စင်ကို လေးပတ်ပတ်ပြီးလျှင် ပြင်ဆင်ထားသော နေရာများ၌ အသီးသီး နေရာယူကြသည်။ မဒိုင် နတ်မင်းကြီးကိုလည်း နတ်ဘုံမှ မနောပွဲ ကျင်းပရာသို့ ကြွရောက်ပါရန်နှင့် မနောရှင်အဖြစ် ဆင်းသက်ဆောင်ရွက်ပါရန် ပင့်ဆောင်ကြရလေသည်။ ၎င်းအစီအစဉ်များ ဆောင်ရွက်ပြီးသည်နှင့် မနောအကကို ကကြရန် အဆင်သင့် ဖြစ်လေတော့သည်။

မနောပွဲ ကျင်းပပြုလုပ်ရာ၌ မနောတိုင်၊ မနောမျှော်စင်၊ မနောစည်တို့ကို အဆင်သင့် စီစဉ်ထားရှိရသည်။ မနောတိုင်သည် မနောပွဲကျင်းပရာတွင် မရှိမဖြစ်သောအရာဖြစ်သည်။ မနောတိုင်ကို တောင်တမာသားဖြင့် ပြုလုပ်လေ့ရှိကြသည်။ အနည်းဆုံး လေးတိုင်မှ ခြောက်တိုင်အထိ စိုက်ထူလေ့ရှိသည်။ အလယ်ဗဟိုတိုင် နှစ်လုံးမှာ 'ဒုံယီ' ခေါ် အမတိုင်

များဖြစ်ပြီး ဘေးမှတိုင်နှစ်လုံးမှာ 'ဒုံလာ' ခေါ် အဖိုတိုင်များဖြစ်သည်။ အဖိုတိုင်နှင့် အမတိုင်ကို ယှဉ်လျက်လည်း အလယ်၌ စိုက်ထူလေ့ရှိကြသည်။ ထိပ်ပိုင်းချိုင့်ခွက်နေသောတိုင်မှာ အမတိုင်ဖြစ်သည်။ မနောတိုင်များတွင် အရောင်စုံဆေးများ ရေးခြယ် အကွက်ဖော်ထားကြသည်။ သုံးထောင့်ကွက်၊ လေးထောင့်ကွက်၊ မှန်ကူကွက်၊ သဇင်ပန်းခွေပုံ၊ ဥရင်ကောက်ပုံ၊ မြွေပုံ၊ လိပ်ပုံနှင့် အခြား ပန်းနွယ်ပန်းခက်များကို ဆေးရေးခြယ်လေသည်။

မနောတိုင်များအောက်၌ ချုပ်ထားသော ကန့်လန့်ဖြတ်တန်းကို 'ဒုံဖြဲ့' ဟုခေါ်သည်။ ဒုံဖြဲ့တွင် လက်ယာဘက်၌ အောက်ချင်းငှက် နှုတ်သီးပုံ၊ လက်ဝဲဘက်၌ အမြီးပုံ ထွင်းထု၍ ဆေးရေး ခြယ်သထားသည်။ ရှေးအခါက ငှက်အပေါင်းတို့ မနောပွဲ ကျင်းပရာတွင် အောက်ချင်းငှက်သည် ငှက်တို့၏ ဘုရင်ဖြစ်သည်။ ဦးဆောင် ကျင်းပရာ ငှက်တို့၏ဘုရင် အောက်ချင်းငှက်ကို အစွဲပြု၍ အောက်ချင်းငှက်ပုံ ထွင်းထုရေးဆွဲထားခြင်းဖြစ်သည်။ ထို့ပြင် မျောက်လွှဲကျော်ရုပ်၊ နဂါးရုပ်၊ ကြက်ရုပ်၊ ကျေးငှက်ရုပ်များကို ဆေးခြယ် ပုံဆွဲထားရှိသည်။

မနောစင်မြင့်မှာ မနောကွင်းကျင်းပရာ 'နော်ရာ' ကွင်းအတွင်း ဆောက်လုပ်ထားရသည်။ စင်မြင့်ပေါ်တွင် တူရိယာများ တီးမှုတ်၍ သီချင်းဆိုရန်အတွက် လူလေးဦးမှ ခြောက်ဦးထိ နေနိုင်ရန် စီစဉ်ထားရှိ၏။ မနောစင်မြင့်ကို သစ်သား သို့မဟုတ် ဝါးတို့ဖြင့် စိုက်ထူထားပြီး အခင်းနှင့်အကာကို ဝါးထရံသဘောမျိုး ရက်လုပ် ကာရံထားရ၏။ အမိုး လုံးဝမပါရှိပေ။

မနောစည်မှာ အလျား လေးတောင်မှ ငါးတောင်အထိ ရှည်ပြီး စည်၏ မျက်နှာကြက် အချင်းမှာ တစ်တောင်ခန့် ကျယ်ဝန်းသည်။



၎င်းမနောစည်ပေါ်တွင် မျောက်လွှဲကျော်ရုပ်၊ အစွယ်၊ ကျားခြေသည်း၊ ကြေးခေါင်းလောင်းငယ်တို့ကို ချိတ်ဆွဲထားရသည်။ မျောက်လွှဲကျော် အော်မြည်သံနှင့် ကြေးခေါင်းလောင်းသံတို့သည် လူ့ပြည်မှ ကျော်လွန်၍ နေနတ်မင်းဘုံအထိ သိကြားနိုင်သည်ဟု ယုံကြသည်။ ထို့ကြောင့် မနောစည်တော်ကို နေနတ်မင်းထံအထိ ဝန်းကျင်တစ်ခွင် ပေါက်ကြားနိုင်သည်ဟု ယုံကြည်မှုများ ရှိကြသည်။ မနောအက ကသည့်အချိန်များတွင် မနောတိုင်များ၌ မနောစည်တော်နှင့် မောင်းကြီးများကို ချိတ်ဆွဲထားရလေသည်။

အရွယ်အစား မတူညီသော မောင်းကြီးများကိုလည်း ငါးလုံး ချိတ်ဆွဲထားရသည်။ မောင်းတံမှာ စည်တော်သံကို ပို၍ မြည်ဟည်းစေရန် အထောက်အကူပြုခြင်းသဘောဖြစ်သည်။ ထို့ပြင် ကျွဲချို၊ ပလွေ၊ လင်းကွင်းများကိုပါ တွဲဖက်တီးမှုတ်ရာ ထွက်ပေါ်လာသော တူရိယာသံ မျိုးစုံတို့မှာ နားဝင်ချိုပြီး မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှသည်။

## မနောစည်တော်

မနောပွဲ ကျင်းပသောအခါများတွင် အသုံးပြု တီးခတ်ရန်အတွက် စည်ကြီးကို သီးခြားပြုလုပ်ယူရသည်။ ယင်းစည်ကြီးကို မနောစည်တော်ဟု ခေါ်ဝေါ်ကြသည်။ မနောစည်တော်သည် အလျား လေးတောင်မှ ငါးတောင်အထိ ရှည်လျားပြီး မျက်နှာပြင် အကျယ် အချင်းတစ်တောင်မျှ ရှိသော စည်ကြီးဖြစ်လေသည်။

မနောစည်ကို ထွင်းလုပ်သောအခါ မည်သည့်အပင်အမျိုးအစားကို ပြုလုပ်ပြီး မည်သည့် နေ့ရက်တွင် ထွင်းလုပ်ရမည်ကို ဗေဒင်တွက်ချက် ရွေးချယ်ရသည်။ မနောစည်တော် ထွင်းလုပ်ရန် အပင်

နှင့် စတင်ထွင်းလုပ်မည့် နေ့ရက်တို့ကို ရွေးချယ်ပြီးသောအခါ အပင်လှဲပြီး ထွင်းလုပ်ကြတော့သည်။ စည်တော် ထွင်းလုပ်မည့် အပင်ကို ခုတ်လှဲရာတွင်လည်း ခုတ်လှဲမည့်သူကို ဗေဒင်အလိုအရ ရွေးချယ်ပြီး ခုတ်လှဲစေသည်။

စည်တော်ထွင်းလုပ်မည့်သူမှာ အထူးတတ်ကျွမ်းသူ ဖြစ်ရလေသည်။ အချို့သော အရပ်ဒေသများတွင် စည်တော်ကို တစ်ဦးတစ်ယောက်တည်းက ဒိုင်ခံ၍ အစမှအဆုံး ပြီးစီးသည့်အထိ ထွင်းလုပ်ခြင်း မပြုပဲ တစ်ယောက်တစ်လက်စီဖြင့် အနည်းငယ်မျှစီ ဝိုင်းဝန်းထွင်းလုပ်ကြသည့် အစဉ်အလာ ရှိလေသည်။

**မနောစည်တော်**





မနောစည်တော်သည် ကချင် အမျိုးသားတို့၏ လက်မှုပညာကျွမ်းကျင်တတ်မြောက်မှုကို ဖော်ထုတ်ရာတွင် အထူးအရေးပါသည့် ပစ္စည်းတစ်မျိုးဖြစ်ပေသည်။ စည်တော် ထွင်းလုပ်ထားရာတွင် 'ဒုံဖြဲ့' ခေါ် မနောအောင်မြေတိုင်နှင့် 'ငေါင်းဂွမ်' ခေါ် စကြိုးခါးပန်းများကဲ့သို့ပင် တိရစ္ဆာန်အမျိုးမျိုးတို့၏ ရုပ်ပုံများကို စည်တော်ပေါ်၌ ထွင်းလုပ်ခြယ်သထားတတ်ကြလေသည်။

စည်တော်ကို ထွင်းလုပ် ပြီးစီးသွားသောအခါ စည်တော်တွင် ချိတ်စရာ ချိတ်ငယ်များ ပြုလုပ်ပြီး မျောက်လွှဲကျော်အစွယ်၊ ကျားခြေသည်းနှင့် 'ဂျန်ဒင်ဆီ' ခေါ် ကြေးခေါင်းလောင်းငယ်တို့ကို ချိတ်ဆွဲထားကြသည်။ အပ်ချောင်းနှင့် ကြက်တောင်မွေးတို့ကိုလည်း စည်တော်အတွင်း ထည့်ထားတတ်ကြလေသည်။ ထိုသို့ မျောက်လွှဲကျော်အစွယ်နှင့် ဂျန်ဒင်ဆီ ခေါ် ကြေးခေါင်းလောင်းတို့ကို ချိတ်ဆွဲထားခြင်းမှာ မျောက်လွှဲကျော်၏ အော်မြည်သံနှင့် ကြေးခေါင်းလောင်းတို့၏ အသံသည် လူ့ပြည်မှ ကျော်လွန်ပြီး နေနတ်မင်းတို့၏ ဘုံနန်းအထိ ပေါက်ကြားနိုင်သည်ဟု ယုံကြည်ကြသောကြောင့်ဖြစ်သည်။ မျောက်လွှဲကျော်အစွယ်နှင့် ကြေးခေါင်းလောင်းတို့ကို တပ်ဆင်ချိတ်ဆွဲထားသည့် မနောစည်တော်၏ အသံသည်လည်း ကမ္ဘာတစ်ခွင်တစ်ပြင် နေနတ်ဘုံအထိ ပေါက်ကြားစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် တပ်ဆင်ချိတ်ထားခြင်းဖြစ်လေသည်။

မနောစည်တော်ကို မဒိုင်နတ်မင်းတို့အား ပူဇော်ပသသည့် အချိန်တွင် မနောအဆောင်တော်အတွင်း သို့မဟုတ် အိမ်အတွင်းတွင် တီးခတ်ပြီး မနောကသည့်အချိန်တွင်မူ မနောတိုင်များနှင့် ယှဉ်လျက်ချိတ်ဆွဲပြီး တီးခတ်ကြသည်။

မနောကသည့် အချိန်များတွင် မနောစည်တော်၏ အသံသည် ပိုမိုဟိန်းစေရန်အတွက် မောင်းကြီးများကိုလည်း အသုံးပြုတီးခတ်ကြသေးသည်။ များသောအားဖြင့် အဝန်း ဆယ်ထွာအထက် ရှိသော မောင်းကြီးများကို အသုံးပြုကြသည်။ စည်တော်နှင့် ပူးတွဲပြီး မောင်းကြီးများကို ပြိုင်တူတီးခတ်ကြခြင်းကြောင့် စည်တော်၏အသံမှာ ပိုမိုဟိန်းလာသဖြင့် ဝေးလံသော အရပ်များအထိ ကောင်းမွန်စွာကြားနိုင်လေသည်။ မနောစည်တော်၏ အသံနှင့် မောင်းကြီးများ၏ အသံတို့နှင့်အတူ စည်းချက်ကိုက်ညီစွာ ကွဲချို၊ နှဲနှင့် ပလွေများကိုလည်း တီးမှုတ်ကြသေးရာ ထွက်ပေါ်လာသည့်အသံမှာ နားဝင်ချို၍ မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှတော့သည်။

သေနတ်ပစ်ဖောက်သည်မှာလည်း မနောပွဲ စည်ကားသိုက်မြိုက်ရေး၊ ပွဲတော်မြိုင်ဆိုင်ရေးနှင့် ရွှေပွဲလာ ဧည့်ပရိသတ်တို့ စိတ်ဓာတ်တက်ကြွစေရေးအတွက် များစွာအကျိုးပြုသည်ဖြစ်လေရာ ပွဲစသည့်နေ့မှ ပြီးဆုံးသည့်နေ့တိုင်အောင် အပြိုင်အဆိုင် အဆက်မပြတ်ပစ်ဖောက်လေ့ ရှိကြသည်။ ယင်းသို့ ပစ်ဖောက်နိုင်ရန်အတွက် ယမ်းမှုန့်များကိုလည်း လုံလောက်စွာ ရှာဖွေ စုဆောင်းထားကြရလေသည်။



# ဓလေ့ရိုးရာ အနုပညာ

တိုင်းရင်းသား ဂျိန်ဖော့သွေးချင်းတို့၏ ရိုးရာဓလေ့အရ အနုပညာများတွင် ရိုးရာတူရိယာများ၊ ရိုးရာ တေးသီချင်းများနှင့် ရိုးရာအကများ ပါဝင်ပါသည်။

**ရိုးရာတူရိယာများ**

ရိုးရာ အဆို၊ အက၊ အတီးအမှုတ်ပညာများသည် ရှေးယခင် နတ်ပူဇော်သော ခေတ်က အလေ့အထများ၊ ထုံးစံများမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဂျိန်ဖော့တို့၏ အတီးအမှုတ် တူရိယာများသည် နတ်များထံက ရရှိခဲ့သည်ဟု ယုံကြည်မှုရှိသည်။ ဂျထုံနတ်ထံမှ စွန်က ရရှိ၍ စွန်ထံမှ မျောက်က ရရှိလာသည်။ မျောက်ထံမှ လူသားများကရရှိခြင်းဖြစ်သည်ဟု ယုံကြည်မှု ရှိကြသည်။

ဂျိန်ဖော့တို့၏ အတီးအမှုတ် တူရိယာများမှာ ကြေး၊ ဝါး၊ သားရေတို့ဖြင့် ပြုလုပ်သော တူရိယာများ ဖြစ်ကြသည်။ ဝါးဖြင့် ပြုလုပ်သော နှစ်လုံးပူး ပလွေ၊ ဝါးဆစ်တွင် သားရေကျက်၍ လက်တံတွင် ကြိုး

နှစ်ချောင်းဖြင့် တီးရသော တယော၊ လင်းကွင်း၊ မောင်း၊ အိုးစည်ရှည်နှင့် စည်တော်တို့ဖြစ်သည်။

စည်တော်မှာ မနောပွဲကျင်းပသောအခါများတွင် အသုံးပြုတီးခတ်ရန်အတွက် ဖြစ်သည်။ ယင်းစည်ကြီးကို မနောစည်တော်ဟု ခေါ်ဝေါ်ကြသည်။ မနောစည်တော်သည် အလျား လေးတောင်မှ ငါးတောင်အထိ ရှည်လျားပြီး မျက်နှာပြင်အကျယ် အချင်း တစ်တောင်မျှ ရှိသော စည်ကြီး ဖြစ်လေသည်။

မနော စည်တော်သည် ကချင် အမျိုးသားတို့၏ လက်မှုပညာ ကျွမ်းကျင် တတ်မြောက်မှုကို ဖော်ထုတ်ရာတွင် အထူးအရေးပါသည့် ပစ္စည်းတစ်မျိုး ဖြစ်ပေသည်။

မနောစည်တော်ကို မဒိုင်နတ်မင်းတို့အား ပူဇော်ပသသည့် အချိန်တွင် မနောအဆောင်တော်အတွင်း သို့မဟုတ် အိမ်အတွင်းတွင် တီးခတ်ပြီး မနောကသည့် အချိန်တွင်မူ မနောတိုင်များနှင့်ယှဉ်လျက် ချိတ်ဆွဲပြီး တီးခတ်ကြသည်။

ဂျိန်ဖော့တို့သည် မောင်းကို တူရိယာပစ္စည်းအဖြစ် သဘောထားသည်သာမက လူမှုရေးနယ်ပယ်တွင် အသုံးပြုသည့် တန်ဖိုးကြီးသော ပစ္စည်းတစ်မျိုးအဖြစ် ခံယူထားကြသည်။ လူတစ်ဦးတစ်ယောက်၏ စီးပွားရေးအခြေအနေကို ထိုသူ၏ အိမ်တွင်ရှိသော မောင်းအရွယ်အစား အမျိုးမျိုးနှင့် အရေအတွက်ကြည့်၍ အကဲဖြတ်နိုင်သည်။ မောင်းတွင် အဝန်းကို တိုင်းတာလျက် ဆယ်ထွာမောင်း၊ ကိုးထွာမောင်း၊ ရှစ်ထွာမောင်း စသည်ဖြင့် အရွယ်အစား အမျိုးမျိုးရှိသည်။ ထို့ပြင် ဝါးလုံးမယ်ဒလင်၊ ဝါးလုံးပလွေများလည်း ရှိသည်။ ဒွမ်ပါ၊ လရုံ၊ တူရင်၊ ဒေါ်ရော၊ ထလောဒ်၊ ပီရောင်၊ ပေါင်၊ ဝန်ပေါင်ဆွမ်ပီ စသည့် ရိုးရာတူရိယာများလည်း ရှိသေးသည်။



ဂျိန်ဖော့တို့သည် ရိုးရာပွဲလမ်းသဘင်များနှင့် အခမ်းအနားများတွင် တေးသီချင်းများ သီဆိုခြင်း၊ ကကွက်များဖြင့် သရုပ်ဖော် ကပြခြင်းများ၌ တူရိယာပစ္စည်းများဖြင့် တီးခတ်ပေးကြရသည်။ အဆိုပါ တူရိယာများသည် မိမိတို့ကိုယ်တိုင် တီထွင်ပြုလုပ်ထားသော တူရိယာများ ဖြစ်သည်။ ရှေးတူရိယာများဖြစ်၍ အချို့ဆိုလျှင် အလွန်ရှားပါးပြီး အချို့ဆိုလျှင် ပျောက်ကွယ်လုနီးပါး ဖြစ်နေပေသည်။

## ရိုးရာတေးသီချင်းများ

ဂျိန်ဖော့တို့၏ တေးသီချင်းများမှာ သီးသီးသန့်သန့် စာသားများ မရှိဘဲ မိမိတို့ စိတ်အစဉ်မှ ဖြစ်ပေါ်လာသော၊ စိတ်ကူးယဉ် ပေါ်ပေါက်လာသော ခံစားမှု တေးသံသာဖြစ်သည်။ အများအားဖြင့် တေးသီချင်းများသည် လေးလုံးစပ် လင်္ကာသွားဖြင့် သီဆိုလေ့ရှိသော တေးကဗျာများ ဖြစ်သည်။ အလွန်ကြွယ်ဝသည့် စကားအသုံးအနှုန်းဖြင့် ဖွဲ့နွဲ့သီကုံး စပ်ဆိုသည့် တေးသီချင်းများဖြစ်သည်။ ထို့ပြင် ဘိုးဘွားအစဉ်အဆက် ရွတ်ဆိုမှတ်သားလာသော တေးသီချင်းများနှင့် မိမိတို့တီထွင် ဖန်တီးပြီး ဖွဲ့နွဲ့သီဆိုသော တေးသီချင်းများလည်း ရှိသည်။

ရိုးရာတေးသီချင်းများမှာ မင်းစိုးရာဇာများ၊ သက်ကြီးရွယ်အိုများနှင့် မိဘများ၏ အကြောင်းအရာ အခြေအနေများကို ဖွဲ့နွဲ့ သီဆိုခေါ်ဝေါ်သည့် သီချင်း၊ မိမိတို့ မိတ်ဆွေသူငယ်ချင်း အချင်းချင်းကို ဖွဲ့နွဲ့သီဆိုသည့် သီချင်း၊ အပျိုလူပျိုအချင်းချင်း ဆက်ဆံပုံအကြောင်းနှင့် တောတောင်ရေမြေ သဘာဝအလှများအကြောင်းတို့ကို တင်စားဖွဲ့နွဲ့စပ်ဆိုသီကုံးသည့် တေးသီချင်းများဖြစ်ပါသည်။ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ချစ်ခင်နှစ်သက်ခြင်းများကို ခေါ်ဝေါ်ပြော ဆိုလိုသည့် ထူးဆန်းသော

တေးကဗျာများပင်ဖြစ်သည်။ တစ်ယောက်ချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ အချင်းချင်း အပြန်အလှန် သီဆိုကြသည်။ ဂျိန်ဖော့တို့၏ ရိုးရာပွဲတော် အခမ်းအနားများအလိုက် သီဆိုကြသည့် တေးသီချင်းများဖြစ်သည်။

အချို့တေးသီချင်းများမှာ နေရာဒေသအလိုက် အမျိုးမျိုး အဖုံဖုံ ကွဲပြားသည်။ ထင်းခွေ၊ ရေခပ်၊ ရက်ကန်း၊ ဆန်ဖွပ်၊ မောင်းထောင်း၊ တောင်ယာခုတ် စသည့် လုပ်ငန်းများ ဆောင်ရွက်ရင်း သီဆိုသော တေးသီချင်းဖြစ်သည်။ အိမ်သစ်တက်ပွဲ၊ လက်ထပ်ပွဲ၊ ကောက်သစ်စားပွဲ၊ အသုဘပွဲ၊ မနောပွဲများတွင် အများစုပေါင်း၍ သံပြိုင်သီဆိုသော တေးသီချင်းများလည်းရှိသည်။ သီဆိုရာတွင် ပုံစံအားဖြင့် လူပျိုအပျို ရှိရာသို့ လာရောက်ခဲ့ပုံကို ဖွဲ့နွဲ့သီဆိုရာ၌ မြန်မာဘာသာဖြင့် သီဆိုသော တေးသီချင်းများ၊ ဂျိန်ဖော့ဘာသာဖြင့် သီဆိုသော တေးသီချင်းများဟူ၍ တွေ့ရှိရသည်။

*"အပျိုရှိရာ ကြိမ်ခွေစုတယ်*
*လူပျိုစုရာ ဓားလွယ်စုတယ်*
*တောင်ယာမှာကွယ် သီးနှံစားမယ်*
*အပျိုကိုလည်း လိုက်ရှာတော့မယ်*
*သီးနှံတွေက ပေါတယ်ပေါတယ်*
*အပျိုကိုတော့ ရှာမတွေ့တယ်*
*အပျိုရှိတဲ့ နေရာဟာကွယ်*
*တောင်ယာတောနှင့် ရွာသာယာရယ်"*

စသည့် လူပျိုအပျိုများ ဖွဲ့နွဲ့သီဆိုသော တေးသီချင်းမျိုးလည်း ရှိသည်။ ထို့ပြင် "လငိုင်, လခေါန်, မစွန်(မ်), မလီ, မငါ, ကရူ, စနင်, မဆပ်, ကျခရူရှီ ကျေးဂျူးကမ္ဘာဆိုင်ရော" အဓိပ္ပာယ်မှာ "တို့ရိုးရာ



ဘာသာစကား မင်းသိရဲ့လား လာလာ သင်ပေးမယ် ... တို့ဂျိန်ဖော့စကားတွေ ကျေးဇူးတင်ပါတယ်" ဟူ၍ဖြစ်သည်။

မနောပွဲ ကရာတွင် "အာလာလာအူး ... အိုးရာအိုးရာ" စသည့် သီချင်းများကို သီဆိုကြသည်။

*"အိုးရာ ... အိုးရာ ... အိုးရာရာကာလည်း*
*အိုးရာအေး အိုးရာ ... အိုးရာ*
*အိုးရာအေး အိုးရာ ... အိုးရာ အိုးရာရာကလည်း"*

၎င်းသီချင်းမှာ စည်းလုံးခြင်း ခွန်အားနှင့် မနောကပွဲ အထိမ်းအမှတ်ပွဲ၌ သီဆိုသော သီချင်းဖြစ်သည်။

*"နန်(မ်)ဖဲ့ငိုင်စောရအိုင်*
*ကရော ဆလွန်တ*
*ပရက်တွန် တန်ဒူခရာ*
*ကျေးဂျူးကမ္ဘာဆိုင်ရော"*

အဓိပ္ပာယ်မှာ "နင့်ကို ငါချစ်တယ်၊ ရင်ထဲအသည်းထဲ သက်ဆုံးထိတိုင်၊ တို့ရိုးရာ ဘာသာစကား မင်းသိရတော့လေ၊ လာလာ အတူပြောရင် မင်းပြောတတ်လိမ့်မယ်၊ တတ်အောင်သင်ကွယ် ကျေးဇူးအများကြီးတင်ပါတယ်" ဟူ၍ဖြစ်သည်။ ၎င်းအပြင် -

*"စိုပြည် စိမ်းလန်းလှတဲ့ မနောနယ်မြေ ××× ရေတံခွန်စီးကျစမ်းရေ အမြဲဖြာဝေ ××× ဆွေသဟာ ညီအစ်ကိုရင်းပမာလေ အလည်လာစမ်းဖို့ ဖိတ်ခေါ်နေ ××× ဟိုတစ်ခါ မင်းနဲ့ တို့အတူ နွဲ့ပျော်ရာ ××× ထောင်ကာ မနောကများနဲ့ မမေ့နိုင်တာ ××× ရင်မှာ သဒ္ဒါတရားကြွယ်ကာ တကယ်ကို ဝမ်းမြောက်ဝမ်းသာစွာ"*

"အချစ်ရေ ××× မှိုင်းပြာတဲ့ တောတန်းနဲ့ ကျေးငှက်တွေ တွန်ကျူးတယ် အချစ်ရေ ××× တို့အတူ ပျော်မြူးခဲ့တဲ့ မြစ်ဆုံ မေခ မေလိခ အလွမ်းမပြေ ××× ပြန်တမ်းတကာနေ"

*"ပီးလန့် မှုတ်လို့ရယ် သီချင်းများဆိုမယ် ××× အဘောက်ရေ သွားစို့ကွယ် ××× အားရှောင်လည်း လိုက်ပါမယ်"*

*"အပေါင်းအသင်းများတို့ရယ် ××× အချစ်ဆုံး အရောက်လာ ကွယ် ××× ကောက်သစ်စားပွဲတော် တို့များ ရိုးရာနော်"*

စသည့် ယနေ့ခေတ်တွင် သီဆိုနေသော ခေတ်သစ် သီချင်းများလည်း ရှိပါသည်။

ဂျိန်ဖော့သွေးချင်းများသည် မိမိတို့၏ ရိုးရာတေးသီချင်းများကို နှုတ်တိုက် ရွတ်ဆိုရာမှ ကျွမ်းကျင်စွာ တတ်မြောက်ကြခြင်းဖြစ်သည်။ ယင်းတေးသီချင်းများမှာ ဂျိန်ဖော့သွေးချင်းတို့၏ ရိုးရာယဉ်ကျေးမှုနှင့် ဘဝသရုပ်ကို ထင်ဟပ်ပေါ်လွင်စေသည့် တေးသီချင်းများဖြစ်သည်။

## ရိုးရာအကများ

ဂျိန်ဖော့တိုင်းရင်းသားများ၏ ရိုးရာအကများသည် မနောပွဲတွင် ကပြသော အကများနှင့် အဓိက သက်ဆိုင်သည်။ သို့သော် အခြားသော ရိုးရာပွဲများတွင်လည်း ကသည့်အကများ ရှိပါသည်။ ဂျိန်ဖော့တို့၏ ရိုးရာအကများမှာ -

(က) မနောပွဲကွင်းဖွင့်အက၊
(ခ) မနောအက၊
(ဂ) မဒါန်ဂရင်းအက၊
(ဃ) ဖော့ဆက်အက၊



(င) ဝါဆက်နော်အက၊
(စ) တာကောအက၊
(ဆ) ဓားအက၊
(ဇ) အသုဘ အကများ ဖြစ်ကြသည်။

***မနောပွဲ ကွင်းဖွင့်အက။*** မနောပွဲ ကျင်းပသည့်အခါ မဒိုင်နတ်မင်းကြီးကို ကြိုတင်ပင့်ဆောင်မှု ဦးစွာပြုရလေသည်။ ထိုသို့ မဒိုင်နတ်မင်းကြီးကို ကြိုတင်ပင့်ဆောင်ထားခြင်း မရှိလျှင် မနောပွဲကိုလည်း ကျင်းပနိုင်ခြင်းမရှိပေ။ သို့ဖြစ်၍ မနောပွဲ ကျင်းပနိုင်ရန် မဒိုင်နတ်မင်းကြီးကို "ဂျိုင်ဝါ"များ၊ "ဒွမ်ဆာ"များက ကြိုတင်၍ ပင့်ဆောင်ရခြင်းဖြစ်သည်။

**မနောပွဲ ကွင်းဖွင့်အက**



မဒိုင်နတ်ကို ပင့်ဆောင်ပြီး နောက်တစ်နေ့ မနက်ပိုင်းရောက်သောအခါ မနောအကကို ဦးဆောင်သူ နှစ်ဦး၏ ဦးဆောင်မှုဖြင့် မနောရှင်နှင့် မနောရှင်၏ ဇနီးအပါအဝင် အခြားသူများ လိုက်ပါလျက် မနောပွဲ ကျင်းပရာ အိမ်တော်အတွင်းမှ အိမ်အပြင် အရှေ့ဘက်ရှိ မနောကွင်းရှိရာသို့ ညင်သာစွာ ကခုန်ထွက်လာခဲ့ကြသည်။ မနောကွင်းသို့ ရောက်သောအခါ မနောတိုင်များ စိုက်ထူထားရာသို့ မျက်နှာမူလျက် မဒိုင်နတ်ကို ဦးခိုက် အရိုအသေ ပြုသောအားဖြင့် နောက်ဆုတ် လေးကြိမ်မှ ရှစ်ကြိမ်အထိ ကခုန်ပြီးသောအခါ နော်ရာကွင်းကို လေးကြိမ်မှ ရှစ်ကြိမ်အထိ လှည့်ပတ်ကခုန်ကြသည်။ ဤသည်မှာ မနောကွင်းနေရာသို့ စည်းဝိုင်းခတ်သည့် သဘောလက္ခဏာ ဖော်ဆောင်ခြင်း ဖြစ်သည်။ ဤသို့ပြုခြင်းကို 'နော်ကော့အိုင်'ဟု ခေါ်သည်။ မနောပွဲ ဖွင့်လှစ်လိုက်ခြင်း အထိမ်းအမှတ်အကဖြစ်ပြီး ၎င်းနောက်တွင် မည်သူမဆို ပါဝင် ကခုန်နိုင်ပါသည်။

***မနောအက။*** မနောအက ကရာတွင် 'နော်ရှောင်'နှင့် 'ကွမ်ဒေါဝါ' ခေါ် အကဦးဆောင်သူနှစ်ဦးက ရှေ့ဆုံးမှ ဦးဆောင်၍ ကကြသည်။ နော်ရှောင်က အောက်ချင်းငှက်နှုတ်သီး တပ်ဆင်ထားသည့် ကြိမ်ဦးထုပ်ကို ဆောင်းပြီး ကွမ်ဒေါဝါက ငှက်တော်အမြီး၊ ငှက်မြီးရှည်အမြီး၊ ဒေါင်းအမြီးများ တပ်ဆင်ထားသော ကြိမ်ဦးထုပ်ကို ဆောင်းထားကြသည်။ နဂါးရုပ်များပါသော မနောဝတ်ရုံရှည်ကြီးကိုလည်း ဝတ်ဆင်ထားရသည်။

ဦးဆောင်သူ နှစ်ဦးအနက် တစ်ဦးမှာ ဓားကိုကိုင်၍ ကျန်တစ်ဦးမှာ သန်လျက်သဖွယ် ပြုလုပ်ထားသော သုံးမြှောင့်ပုံ သစ်သားချောင်းကို



'လဂျား'နှင့် 'ကဆန်း' သစ်ရွက်များဖြင့်ထုပ်၍ ကိုင်ဆောင်ထားသည်။ နောက်မှ လိုက်ပါသူများမှာ ယပ်တောင်နှင့် ပဝါဖြူများကိုင်ပြီး ကကြသည်။ မနောအက ကရာတွင် 'နော်ရာ'ခေါ် မနောကွင်းအတွင်း၌သာ ကရသည်။ မနောအကသည် ရှေ့မှ ဦးဆောင်ကသူများ၏ ကနည်းကဟန်များအတိုင်း နောက်မှလူများက လိုက်၍ ကကြသည်။

မနောအကကို ကရာတွင် ပထမဦးစွာ မဒိုင်နတ်ကို အရိုအသေပြုသည့် အထိမ်းအမှတ်ဖြင့် မနောတိုင်ကို လှည့်ပတ်ကခုန်ခြင်း၊ နော်ရာမနောကွင်းကို စည်းခတ်သည့် အက ကခြင်း၊ မနောတိုင်များကို ညွှပ်ပိတ်၍ ကခြင်း၊ မနောစည်တော်ကို အသက်သွင်းခြင်း၊ ဥစ္စာရတနာတိုးပွားခြင်းအတွက် ကောင်းချီး အဖြာဖြာ ရရှိစေခြင်း စသည့် သဘောဖြင့် ကခုန်ကြသည်။ ပထမဦးစွာ မနောတိုင်ကို လေးပတ်တိတိ လှည့်ကာ မဒိုင်နတ်ကို အရိုအသေ ပြု၍ ကကြသည်။ ၎င်းနောက် ကကွင်းအတွင်း လေး



ပတ် ပတ်၍ ကရသည်။ မနောတိုင်တွင် ထွင်းထုထားသော အကွက် ပုံစံများကို အခြေခံ၍ ကရသည်။

ကကွက်များသည် လွယ်ကူသည်ဟု အမြင်အားဖြင့် ထင်ရသော်လည်း တကယ်တမ်း ဝင်ရောက်ကသည့်အခါ ခဲယဉ်းလှပေသည်။ မနောစည်တော်၊ မောင်းကြီးများ၏ စည်းချက်နှင့်အညီ ကရသည်ဖြစ်ရာ အလွန်ညင်သာ၍ ခြေကို ဆွဲ၍ဆွဲ၍ ဘေးတိုက်တစ်မျိုး၊ ရှေ့တည့်တည့်မှ တစ်ဖုံ ကရသည်။ လေ့ကျင့်သားရရှိပြီး အတွေ့အကြုံရှိသူများသာ ကတတ်သည်ဖြစ်ရာ လွယ်မယောင်နှင့် ခက်သည့်အကမျိုးဖြစ်သည်။ မနောအကကို ကလေးလူကြီး၊ ကျားမ မရွေး ပါဝင်ကခုန်နိုင်သည်။ လူဦးရေ ထောင်ချီ၍ ကနိုင်သည်။ ‘နော်ရာ’ မနောကွင်းတစ်ခုလုံး ဝင်ဆံ့သလောက် ကနိုင်သည်။

ဂျိန်ဖော့တို့၏ အစဉ်အလာ ပြောဆိုချက်များအရ ကမ္ဘာဦးအစတွင် မနောအကကို သိသူမှာ နေကိုအစိုးရသော နတ်မင်းများသာ ဖြစ်သည်ဟု ဆိုပါသည်။ နတ်များကသာ ဦးဆောင်ခင်းကျင်း ကပြကြသည်။ ထိုသို့ကပြရာတွင် ကောင်းကင်ယံ၌ ပျံသန်းနေကြသည့် ငှက်များကို ဖိတ်ခေါ်ကပြရာမှ ငှက်များက မနောအကကို ဦးစွာတတ်မြောက်ကြသည်ဟု ဆိုပါသည်။ ထိုမှတစ်ဆင့် တိရစ္ဆာန်များက တတ်မြောက်ကြသည်။ လူတို့သည် မနောအကကို တိရစ္ဆာန်တို့ထံမှတစ်ဆင့် တတ်မြောက်ကြသည်ဟု အဆိုရှိလေသည်။

မနောအက ကပုံကဟန်၊ ကကြိုးကကွက်များသည် ကျေးငှက်များ၊ လိပ်ပြာများ၊ ငါးများ၊ လှုပ်ရှားလာပျံသန်းသွားလာနေကြပုံကို အတုယူ၍ သင်ကြား တတ်မြောက်ထားခြင်း ဖြစ်သည်ဟု ဆိုပါသည်။ ထို့ကြောင့် အချို့ကကွက်များသည် လက်နှစ်ဖက်ကို ဆန့်တန်းကာ



ငှက်တောင်ပံသဖွယ် ပြုလုပ် ကကြသည်။ အချို့ကကွက်များသည် ငါးများ ကွေ့ကာဝိုက်ကာ ကူးလူး သွားလာသည့်ပုံဟန် အတုယူ၍ မိမိခါးကို ဘယ်ယမ်းညာဖော့လုပ်ပြီး ကကြသည်။ ဂျိန်ဖော့တို့၏ မနောအကတွင် လိပ်ပြာမနောအကသည် ထင်ရှားပြီး ‘အင်ဒူတာတတ် မနောအက’ဟု ခေါ်သည်။ ‘ပလမ်းလ’ ခေါ် လိပ်ပြာငယ်တစ်မျိုး၏ ပျံသန်းဟန်ကို အတုယူ၍ ကခုန်ခြင်းဖြစ်သည်ဟု ဆိုကြသည်။ ထို့ပြင် မနောအက၌ ‘အိုးရာ အိုးရာ’ ဟု အော်မြည်ကြသည်မှာ ငှက်တို့၏ အောင်ပွဲခံ အခမ်းအနားတွင် ငှက်ဘုရင် အောက်ချင်းငှက်ကို ငှက်အပေါင်းတို့က ပတ်ပတ်လည် ဝိုင်းရံ၍ အော်မြည်ကြသည့် အသံပင် ဖြစ်သည်။

မနောအကသည် ညအချိန်၌ လုံးဝကခွင့်မရှိပေ။ အဘယ်ကြောင့် ဆိုသော် မဒိုင်နတ်နှင့် နတ်အပေါင်းတို့သည် ညအချိန်၌သာ ပျော်ပါးကြသည်ဟု ယုံကြည်ကြသဖြင့် ၎င်းနတ်များ ပျော်ပါးသည့် အချိန်ကို ရှောင်ကြဉ်ခြင်း၊ အလေးအနက်ထားခြင်းသဘောဖြစ်သည်။ လူတို့သည် မနောအကကို နေ့ခင်းအချိန်နှင့် ညနေချမ်းအချိန်များတွင်သာ ကကြရခြင်း ဖြစ်သည်။

***မဒါန်ဂရင်းအက။*** မနောပွဲ ကျင်းပ၍ သုံးရက်မြောက်သော နေ့တွင် မနောပွဲလာ ‘မယူ’ခေါ် ယောက္ခမမျိုးများ ကသည့် အကဖြစ်သည်။ မဒါန်ဂရင်း ဆိုသည်မှာ မနောပွဲလာသည့် ယောက္ခမမျိုးတို့မှ ယူဆောင်လာခဲ့သော ‘ဒိုင်လွန်ဂတ်ဂူ’ခေါ် ညောင်ပင်ပေါက်ကို မနောကွင်း၌ ကခုန်ရင်းမှ သမက်မျိုးတို့အား ပေးဆပ်ခြင်း ဖြစ်သည်။ ယင်းညောင်ပင်ပေါက်ကို မနောပွဲ ကျင်းပပြီးဆုံးသည့်

နောက်တွင် မနောရှင်တို့ကဖြစ်စေ၊ နတ်စာပြင်ဆင်သူ "ခင်ဂျောင်" နှင့် အသက်အရွယ်ကြီးရင့်သူ လူကြီးတို့ကဖြစ်စေ "နွမ်ရှမ်" ခေါ် ရွာဦးရွာထိပ်တွင် သွားရောက်စိုက်ပျိုးကြသည်။

ယင်းညောင်ပင်ပေါက် ကြီးပြင်းလာသောအခါ မဒိုင်နတ်မင်းကို ပင့်ဆောင်ရာတွင် နတ်ဘုံရှိ "ဒိုင်လွှန်ဖွန်း" ခေါ် အဆင်းအတက်လှေကား အဖြစ် အသုံးပြုနိုင်သည့်အတွက်ဖြစ်လေသည်။ ညောင်ပင်အပြင် "ဝရူ" ခေါ် ဝါးပင်နှင့် "ဖော့ရူ" ခေါ် တောင်စွန်ဖက်ပင်များကိုလည်း စိုက်ပျိုးကြသည်။ မဒိုင်နတ်မင်းကြီးကို ပူဇော် ပသသည့် နတ်ကနားပွဲတွင် မဖြစ်မနေ အသုံးပြုရန် ဖြစ်သည်။

သို့ဖြစ်၍ မနောပွဲလာသော ယောက္ခမမျိုးတို့က သမက်မျိုးများ အတွက် ရည်ရွယ်၍ ယူဆောင်လာသော ညောင်ပင်ပေါက်ကို ပေးအပ်သည့် အထိမ်းအမှတ်အဖြစ် မဒါန်ဂရင်းအကကို ကကြခြင်းဖြစ်သည်။

***ဖော့ဆက်အက။*** မနောပွဲ ပြီးဆုံးသည့်နေ့တွင် မနောပွဲလာ ဓာမ ခေါ် သမက်မျိုးတို့ ကသည့်အကကို ဖော့ဆက် အကဟု ခေါ်သည်။ ၎င်းအကမှာ ကသူအားလုံးသည် တောင်စွန်ဖက် အစည်းငယ် တစ်ခုစီ ကိုင်ဆောင်ပြီး ကကြရသည်။ ထိုသို့ကခုန်ရင်း ကိုင်ဆောင်ထားသည့် ဖက်စည်းများကို ဓားဖြင့် လှီးဖြတ်ခြင်းပြုကာ နော်ရာမနောကွင်းကို ဖုံးအုပ်ခြင်း ပြုလုပ်ကြသည်။ ဤသို့ပြုလုပ်ခြင်းမှာ မနောပွဲ ဆင်ယင်ကျင်းပခြင်း အခမ်းအနား ပြီးဆုံးကြောင်းနှင့် နော်ရာ မနောကွင်းကို ဖုံးပိတ်လိုက်ပြီဖြစ်ကြောင်း အထိမ်းအမှတ် ဖြစ်ပါသည်။

***ဝါးဆစ်နော်အက။*** ဤအကသည် မနောပွဲ နောက်ဆုံးပိတ်အက ဖြစ်သည်။ ယောက္ခမမျိုးများနှင့် သမက်မျိုး



များမှာ ကခုန်ပြီးသောအခါ မနောပွဲလာ မယားညီအစ်ကိုများမှ ကကြ သည်။ သို့ဖြစ်၍ မယားညီအစ်ကိုတို့ ကသည့် အကကို ဝါဆစ်နော် အကဟု ခေါ်ခြင်းဖြစ်သည်။

၎င်းအကတွင် ပါဝင်ကခုန်သူအားလုံးသည် ရေဖြည့်ထားသော ဝါးကျည်တောက်ကို မြေနှင့်ဆောင့်ကြသည်။ ဤသို့ ကခုန်ခြင်းဖြင့် အတန်ကြာသော် မနောကွင်းတစ်ခုလုံး ရေများဖြင့် ဖွေးဖွေးဖြူလျက် ရှိနေတော့သည်။ ဝါဆစ်နော်အကမှာ မနောကွင်းကို ရေဖြင့် ဆေးကြော သုတ်သင်လိုက်ခြင်းဖြစ်၍ မည်သူတစ်စုံတစ်ဦးမှ မနောကွင်းအတွင်း၌ ကခုန်ခြင်း လုံးဝမပြုလုပ်တော့ပေ။

ဝါဆစ်နော်အက ပြီးဆုံးသည်နှင့် မနောပွဲလည်း ပြီးဆုံးသည် ဖြစ်ရာ ဂျိုင်ဝါ နတ်ဆရာကြီးသည် နော်ရာကွင်းနှင့် အလယ်ဗဟို၌ ငှက်ထောင်ချောက်သဖွယ် ပြုလုပ်ထားသော "ဆင်လိုင်းဖွန်ရန်" ခေါ် ဆင်လိုင်မနော် နတ်တို့အတွက် ပြုလုပ်ထားသည့် ယဇ်ပလ္လင်ကြီး (သစ်သားနွယ်) ကို ဖြတ်တောက်ပစ်လိုက်ကြသည်။ ဤသို့ပြုလုပ်ခြင်း သည် မနောပွဲ ပြီးဆုံးခြင်း သဘောအဓိပ္ပာယ် ဖြစ်သည်။ ထိုသို့ ယဇ်ပလ္လင်ကြီးကို ဖြတ်ရာ၌ စီးပွားဥစ္စာ၊ တိရစ္ဆာန်များ၊ ကောက်ပဲသီးနှံ၊ ဆန်ရေစပါးနှင့် လာဘ်လာဘဟူသမျှ ယဇ်ပလ္လင်ကြီးတွင် တစ်ပါ တည်း ပါသွားစေရန် ဆုတောင်းခြင်းပြုကြလေသည်။ သို့ဖြစ်ခြင်း ကြောင့် "ဝါဆစ်နော်အက" သည် မနောပွဲသိမ်းအက၊ မနောပွဲ နိဂုံးချုပ် အကဟု ဆိုနိုင်လေသည်။

***တာကောအက။*** တာကော အကမှာ ဂျိန်ဖော့တို့၏ ကျေးလက် အကတစ်မျိုးဖြစ်သည်။ အမျိုးသား၊ အမျိုးသမီး

ပျိုအိုမရွေး ပါဝင်ကပြနိုင်သည်။ လူဦးရေ ကန့်သတ်ချက်မရှိဘဲ အုပ်စုလိုက်ဖြစ်စေ၊ စုံတွဲဖြစ်စေ ကလေ့ရှိကြသည်။ နှစ်ယောက်တွဲ အတန်းလိုက် ကကြိုးနှင့် ဝိုင်းကြီးပတ်လည် ကကြိုးများကို ကလေ့ရှိကြသည်။ တစ်ပင်တိုင် ကပြခြင်းမျိုးကား မတွေ့ရချေ။ ကကြိုးကကွက် တစ်မျိုးလျှင် ဆယ်မိနစ်မျှ ကြာသည်။ ဂျိန်ဖော့လူမျိုး အပျိုအအို၊ ကျားမ အလိုက် လက်ချင်းတွဲကာ တေးသီချင်းသံနှင့်အတူ ကိုယ်ကို ဘယ်ညာယိမ်းကာ ခြေကို ရှေ့နောက်လှမ်းကာ ကွက်ကာဖြင့် စည်းချက်ညီညီ ကကြရလေသည်။

တာကောအကကို ကရာတွင် ရိုးရာဝတ်စုံကို ဝတ်ဆင်၍ ရိုးရာဂျပ်ခုတ် လွယ်အိတ်များကို လွယ်၍ ကကြသည်။ ထူးခြားသည်မှာ ဂျိန်ဖော့ အမျိုးသားတို့သည် တာကောအက၌ ဓားကိုင်ဆောင်ခြင်း၊ လွယ်ခြင်း မရှိပေ။ အိုးစည်၊ ဗုံးမောင်း၊ လင်းကွင်း၊ ဝါးပလွေနှင့် မယ်ဒိုလင်ပုံတွင် ကြိုးသုံးချောင်း တပ်ထားသည့် တယောပုံ တူရိယာများကို တီးခတ်၍ ကသည့် တာကောအကသည် တူရိယာသံစုံတို့ ဆူဝေသည့်ကြားဝယ် အလွန်ကြည့်၍ ယဉ်လှပါသည်။ တေးသီချင်းသံ၊ စည်သံမောင်းသံ၊ လင်းကွင်းသံ၊ ပလွေသံတို့မှ ဟန်ချက်ညီညီ အကွက်ကျကျ ကခုန်ကြသည့် ဂျိန်ဖော့တို့၏ ဝိုင်းဖွဲ့ညီညာကပုံများ၊ စီတန်းသွားလာကပုံများမှာ ရှုမြင်ရသူများအဖို့ စိတ်ကို ရွှင်လန်းစေသည်။ သာယာကြည်နူးဖွယ် ဖြစ်စေသည်။

တာကောအကကို ကရာတွင် နေ့၊ ည၊ အချိန်၊ နာရီ သတ်မှတ်ချက် မရှိ၊ နတ်ပွဲပေးရန်မလို၊ အချိန်မရွေး ကခွင့်ရှိသည်။ အထူးသဖြင့် နွေရာသီ၌ ကပြလေ့ရှိသည်။ မင်္ဂလာပွဲ၊ အိမ်သစ် တက်ပွဲနှင့် ကောက်ရိတ်သိမ်းပွဲများတွင်လည်း ကပြလေ့ရှိကြသည်။



***ဓားအက။*** ဓားအကသည် ဂျိန်ဖော့တို့၏ ကျေးလက်ရိုးရာအကတစ်မျိုးဖြစ်ပြီး ဘိုးဘွားလက်ထက်ကပင် ရှိခဲ့သည်ဟု သိရသည်။ ကချင်ဓားအကဟူ၍ ခေါ်လေ့ရှိသည်။ ဤအကမျိုးကို မြစ်ကြီးနားနယ်၊ ဗန်းမော်နယ်တို့တွင် ကျေးလက်ရိုးရာ အကတစ်မျိုးအဖြစ် မြင်တွေ့နိုင်ပေသည်။ ကျေးလက်ပျော်ပွဲရွှင်ပွဲတွင် ပါဝင်ကပြလေ့ရှိသည့် အကလည်း ဖြစ်သည်။ ရှေးခေတ် မြန်မာ့ဇာတ်မင်းသားများ၏ လေးခင်း၊ လှံခင်း၊ ဓားခင်းအကများကဲ့သို့ ကလေ့ရှိသော ကိုယ်ရည်ကိုယ်သွေးအကမျိုးဖြစ်သည်။ ကချင်အမျိုးသားတို့၏ ဇာတိမာန် ထက်သန်စေသည့် အကမျိုးလည်းဖြစ်သည်။

ကချင်ဓားအကကို ကရာတွင် အိုးစည်တီးသူတစ်ဦး၊ လင်းကွင်းတီးသူတစ်ဦး၊ မောင်းတီးသူတစ်ဦးနှင့် ဓားအလှကသူတစ်ဦး စုစုပေါင်း လေးဦး လိုအပ်သည်။ ရှမ်းဓားသိုင်း အကမျိုးမဟုတ်ဘဲ ဓားရှည်၏ အရိုးနှင့် ညာဘက်လက်ဆစ်ကို ကြိုးစဖြင့် ချည်နှောင်ကာ လက်နှင့် ဓားရိုးကိုချုပ်ထားပြီး ကခြင်းမျိုးဖြစ်သည်။ အိုးစည်၊ မောင်း၊ လင်းကွင်း တီးခတ်သံ စည်းချက်အလိုက် ကကွက်မှန်အောင် သိုင်းကစားသည့် ဟန်ဖြင့် ကရသောအကဖြစ်သည်။ ကကြိုးကကွက်မှာ သိုင်းတတ်လျှင် တတ်သလို ကကွက်အနည်းအများ အစိပ်အကျဲကို မိမိလိုအပ်သလို တိုးချဲ့တီထွင် ကပြနိုင်ပေသည်။ အထိုး၊ အခုတ်၊ အရှောင်အတိမ်း၊ အခုန်၊ အပျံ၊ အခြောက်အလှန့် စသည်ဖြင့် သိုင်းကွက်ခံကာ လက်ဖြင့် အားယူ၍ ဓားကိုဝှေ့ယမ်း ကခုန်သည့်ဟန်မှာ စိတ်တက်ကြွဖွယ်ကောင်းလှသည်။

ကချင်မျိုးနွယ်စုဝင် တိုင်းရင်းသားများသည် မြန်မာနိုင်ငံ မြောက်ပိုင်း ဒေသများသို့ ၁၅ ရာစုခန့်တွင် ရောက်ရှိခဲ့ကြသူများဖြစ်သည်။

၄င်းတို့မတိုင်မီက မြန်မာနှင့် ရှမ်းများ နေထိုင်ခဲ့ကြသဖြင့် မြန်မာနှင့် ရှမ်းတို့ထံမှ ယဉ်ကျေးမှု အနုပညာများကို ရယူနိုင်ဖွယ်ရာ အကြောင်း ရှိသည်။ သို့ဖြစ်၍ ကချင်ပြည်နယ်ဒေသအချို့တွင် ကပြသည့် ကချင် ဓားအကသည်လည်း ရှမ်းအိုးစည်နှင့် တွဲဖက်၍ ကခြင်း၊ ရှမ်းဓားသိုင်း အကကဲ့သို့ အသွင်တူခြင်းတို့ ရှိနေရာ ကချင်တို့၏ "ဓားအက" မှာ ရှမ်းနှင့် မြန်မာတို့၏ ဂျိန်ဖော့ခေါ် ကချင်မျိုးနွယ်စုဝင် တိုင်းရင်းသား သွေးချင်းတို့၏ ကချင်အမျိုးသားဟန်ဖြင့် ပေါင်းစပ်တီထွင်ထားခြင်းမျိုး ဖြစ်သည်ဟု ယူဆရလေသည်။

***အသုဘအက။*** လူတစ်ဦးတစ်ယောက် သေဆုံးပါက သုံးရက် မြောက်သောနေ့တွင် အသုဘအကကို ကကြသည်။ အသုဘအကကို "ကဘုံဒွမ်"ဟု ခေါ်သည်။ ထိုအကကို ကရာတွင် သေသူ၏ အိမ်ဝင်းအတွင်းနှင့် အိမ်ပေါ်တွင် ကကြရသည်။ ကရာတွင်လည်း ညဦးပိုင်းမှစ၍ မိုးလင်းသည့်တိုင် ကကြရသည်။

သေသူ၏ ဝိညာဉ်ကို ထာဝရ တည်မြဲစေရန်၊ ဝိညာဉ်သွားရာ လမ်းကြောင်းအတိုင်း ဖြူးဖြူးဖြောင့်ဖြောင့် သွားနိုင်ရန်၊ လူ့ပြည်တွင် နေစဉ်ကကဲ့သို့ တွယ်တာခြင်း မရှိရန်နှင့် လူ့စည်းစိမ်ကို စွန့်လွှတ်ရန် တို့ကို နတ်ပဟောဆရာက ဦးဆောင်ပြီး ရွတ်ဖတ် ပြောဆိုပေးရသည်။ အသုဘပွဲသို့ လာရောက်ကြသည့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးသားချင်းများ၊ အသိမိတ်ဆွေများ၊ ဧည့်ပရိသတ်များအား ဂုဏ်ယူခြင်း၊ အရေးကြုံက သွေးဆုံခြင်း သဘောများလည်းဖြစ်စေရန် အကျွေးအမွေး ထမင်းဟင်း လျာများ၊ အရက် ခေါင်ရည်များဖြင့် ဧည့်ခံခြင်းကို အသုဘပွဲရှင်က လိုလေသေးမရှိအောင် အစစတာဝန်ယူရလေသည်။ ကျွဲ၊ နွား၊ ကြက်၊



ဝက်များကို သတ်ဖြတ်ကာ ဝတ္ထုရားမပျက်စေရန် ကြိုတင်စီရင်ထား ရလေသည်။ ဧည့်သည်ပရိသတ်အပေါင်းမှာ "ကရျူး"ခေါ် အရက် ခေါင်ရည်များ သောက်ပြီး "မနား"ခေါ် သေထမင်း၊ သေဟင်းတို့ကို စားသောက်ကြသည်။ ၄င်းနောက် အသုဘပွဲလာသူအပေါင်းတို့သည် အသုဘ အကများကို ကကြလေသည်။

အချို့ဒေသများတွင် သေသူ၏ အိမ်ဘေး တစ်ဖက်တစ်ချက်တွင် ဝါးလုံးတိုင်များကို စိုက်ထူထားပြီး အောက်ချင်းငှက်ပုံ တပ်ဆင်ထား သည်။ အချို့ဒေသများတွင် ကြက်ပုံ၊ မြွေပုံ၊ နဂါးပုံ၊ တပ်ဆင်ထားကြ သည်။ ထိုသို့ စိုက်ထူသည့် ဝါးလုံးတိုင်ကို တံခွန်တိုင်ဟုလည်းကောင်း၊ အသုဘတိုင်ဟုလည်းကောင်း ခေါ်သည်။ ထို့ပြင် အိမ်ဦးတိုင်နှင့် တည့်တည့်နေရာ၌ နတ်ကွန်းအဖြစ် ဝါးရုံပင်များကိုလည်း စိုက်ရသည်။

အသုဘအက ကမည့်နေ့ ညဦးပိုင်း၌စ၍ ကကြသည်။ ကရာ တွင် ခေါင်းဆောင်လုပ်သူက အရှေ့မှ ဝါးခက်ကို ကိုင်ဆောင်ပြီး နောက်မှ လိုက်ပါလာသူများမှာ ဓား၊ သေနတ်၊ သစ်ရွက်သစ်ခက်များ ကိုင်ပြီး ကကြသည်။ ဝါးရုံပင်များ စိုက်ထူထားသော နတ်ကွန်းနှင့် အသုဘတိုင်တို့ကို သုံးကြိမ်စီ ဦးတိုက်ကခြင်း၊ လှည့်ပတ်ဝိုင်းဖွဲ့ ကခြင်း တို့ကို ပြုရသည်။ နတ်ကွန်းရှေ့ရှိ ခြောက်ပေခန့်ရှည်သော ဗုံကြီးတစ်လုံး၊ မောင်းသုံးလုံးနှင့် ပလွေတို့ကို တီးမှုတ်၍ ကကြသည်။ မောင်းကို တစ်ချက်စီဖြစ်စေ၊ နှစ်ချက်စီဖြစ်စေ၊ သုံးချက်စီဖြစ်စေ တီးခတ်ရသည်။ ဗုံရှည်ကြီးကိုမူ ခပ်မြန်မြန် တီးခတ်ရသည်။ ဗုံသံနှင့် မောင်းသံတို့ သံစဉ်အလိုက် ပလွေသံကလည်း တီးမှုတ်ရလေသည်။ အသုဘအက ၌ ဗုံသံ၊ မောင်းသံ ပလွေသံတို့မှာ ဆူဝေလျက်ရှိပြီး ကကွက်တစ်မျိုး လျှင် သုံးကြိမ်ခန့် ကကြသည်။ အချို့ကကွက်များသည် တူရိယာသံ

အလိုက် ခြေကို ရွှေ့ရာ၌ ဘယ်ဘက်သို့ သုံးချက်ခုန်ခြင်း၊ ညာဘက်သို့ သုံးလှမ်းလှမ်းခြင်း၊ ခုန်ဆွခုန်ဆွ ပြုခြင်းများဖြင့် ကကြသည်။

ရှေ့ဆုံးမှ အကဦးဆောင်သူက ကနည်းကဟန်အတိုင်း လိုက်ပါကလေ့ရှိရာ အချို့ကဟန်များသည် မြွေများသွားသကဲ့သို့ ကွေ့ကွေ့ကောက်ကောက် ပုံစံမျိုးလည်း သွားလာကခုန်ကြသည်။ ဖြောင့်တန်းညီညာ သွားလာပုံမျိုးလည်း ကကြသည်။ အသုဘပွဲ၏ နောက်ဆုံးညတွင်မူ အကြီးအကဲဖြစ်သူ ဒူဝါခေါ် လူကြီးများ ဘိုးဘွားမိဘများ၊ ဧည့်ပရိသတ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် လုပ်ကိုင်ဆောင်ရွက်သူအားလုံး တစ်ယောက်မကျန် ပါဝင် ကခုန်ကြလေသည်။

သေဆုံးသူ၏ အသက်ရှင်စဉ်က ပြုမူဆောင်ရွက် လုပ်ကိုင်ခဲ့သည့် တောခုတ်၊ ယာထွန်၊ တဲဆောက်၊ စပါးစိုက်၊ သစ်ဝါးခုတ်၊ ဆန်ဖွပ်၊ မောင်းထောင်းမှအစ ရပ်ကျိုးရွာကျိုး ဆောင်ရွက် လုပ်ကိုင်ခဲ့ပုံများကို သရုပ်ဖော် ကကြသည်။ ဂျိန်ဖော့တို့၏ အသုဘပွဲနှင့် အသုဘအကများကို လေ့လာကြည့်လျှင် မိမိတို့ မျိုးနွယ်စုအလိုက် အရေးကြီးလျှင် သွေးစည်းသည့်သဘော၊ အရေးကြုံလျှင် သွေးဆုံသည့် သဘောဖြင့် အားလုံးက သူစိမ်းသူကျက်မရွေး၊ ဆင်းရဲချမ်းသာ မခွဲခြားဘဲ စုစည်းညီညာ ဆောင်ရွက်သည်ကို တွေ့မြင်နိုင်သည်။



# ဓလေ့ရိုးရာ မှတ်ဖွယ်မှတ်ရာ

ကချင်တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုတွင် ထူးခြားပြီး မှတ်သားဖွယ်ရာကောင်းသော အခြင်းအရာများ ရှိလေသည်။ ၎င်းတို့အနက် ထင်ရှားသိသာသော သိမှတ်ဖွယ်ရာများကို သီးခြားတင်ပြလိုပါသည်။

## ဖဂါ ခေါ် ကွမ်းဖိုး

လူတစ်ဦးက တစ်ဦးအပေါ် တင်ရှိနေသာ ဝဋ်ကြွေးများကို နစ်နာသူအား ကျေအေးစေရန် လျော်ကြေးသဘောမျိုး ပေးရသော ပစ္စည်းကို ဖဂါဟုခေါ်သည်။ ဗမာစကားနှင့်ဆိုလျှင် ကွမ်းဖိုးဟု ခေါ်သည်။

ဖဂါပေးခြင်းသည် ဂျိန်ဖော့သွေးချင်းတို့၏ တစ်ဦးနှင့် တစ်ဦး ဆက်ဆံရေး၊ အနွယ်တစ်စုနှင့်တစ်စု ဆက်ဆံရေးတွင် လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်များဖြစ်သည်။ ထိုကျင့်ဝတ်များကို ဖသားစု ကျူးလွန်သည့်အတွက် ဂုဏ်သိက္ခာကို ထိန်းသိမ်းမည့်သဘောမျိုး ကျူးလွန်သည့် ပုဂ္ဂိုလ်က ပြေလည်အောင် ဖြေရှင်းပေးရမည် ဖြစ်ပါသည်။ ထိုဖြေရှင်းပေးရမည့် ပစ္စည်းများကို ဖဂါဟု ခေါ်သည်။

ဂျိန်ဖော့တို့၏ လူမှုဆက်ဆံရေးတွင် ဖဂါသည် အလွန်အရေးပါပေသည်။ အထက်တွင် ဖော်ပြသည့်အတိုင်း လူတစ်ဦးနှင့်တစ်ဦး၊ အနွယ် တစ်ခုနှင့်တစ်ခု၊ ဖသားစု တစ်စုနှင့်တစ်စု တင်ရှိနေသော နစ်နာမှုများကို ပေးဆောင်ရသော ဖဂါမှာ လျော်ကြေးအဖြစ် ပေးဆောင်ရသော အဖိုးတန်ပစ္စည်းများ ဖြစ်ပါသည်။

ထိုပစ္စည်းများမှာ -

- ကာမကျူးလွန်ခြင်းအတွက် ပေးရသော ဖဂါ၊
- ခိုးမှုအတွက် ပေးရသော ဖဂါ၊
- လူသတ်မှုနှင့် လူသေမှုအတွက် ပေးရသော ဖဂါ၊
- မယားခိုးမှုအတွက် ပေးရသော ဖဂါ၊
- မုဒိန်းမှုအတွက် ပေးရသော ဖဂါ၊
- ဓားပြမှုအတွက် ပေးရသော ဖဂါ၊
- လုယက်မှုအတွက် ပေးရသော ဖဂါ၊
- နာကျင်စေမှုအတွက် ပေးရသော ဖဂါ၊
- စေ့စပ်ပွဲ ဖျက်သိမ်းခြင်းအတွက် ပေးရသော ဖဂါနှင့်
- လင်မယား ကွာရှင်းခြင်းအတွက် ပေးရသော ဖဂါ

ဟူ၍ အမျိုးမျိုးရှိလေသည်။

ဂျိန်ဖော့တို့၏ ရိုးရာဓလေ့အရ လျော်ကြေးအဖြစ် ပေးဆောင်ရသော ဖဂါပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

| | |
|---|---|
| (၁) ကျွဲ | (၂) မောင်း |
| (၃) ငွေ | (၄) ကျေးကျွန် |
| (၅) ဖိုခနောက် | (၆) အဝတ်အထည်အမျိုးမျိုး |
| (၇) သံဒယ်အိုး | (၈) ဓား |
| (၉) လှံ | (၁၀) သားမွေးအင်္ကျီ |
| (၁၁) ငွေဆေးတံ | (၁၂) ဘိန်း |
| (၁၃) နဂါးတက်အင်္ကျီ | (၁၄) သန္တာပုတီးများ |



ထို့ပြင် ယခုခေတ်၌ ပိုက်ဆံကြေးငွေများကို ငွေဖြင့် ရှာဖွေ ဝယ်ယူ၍ မရရှိနိုင်သော ပစ္စည်းများကိုပါ တန်ဖိုးဖြတ်၍ ဖဂါအဖြစ် အသုံးပြုကြရသည်။ ၎င်းတို့မှာ -

(၁) မင်္ဂလာဆောင် ကိစ္စများ၊

(၂) အသုဘ အခမ်းအနားဆိုင်ရာ ကိစ္စများ၊

(၃) ဘာသာရေး လုပ်ငန်းဆောင်တာ ကိစ္စများ၊

(၄) မရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊

(၅) အမှုအခင်း ဖြစ်ပွားသည့် ကိစ္စများ ဟူ၍ဖြစ်သည်။

ထို့ပြင် ခိုးမှုဆိုင်ရာ ဖဂါများအဖြစ် -

(၁) မောင်းတစ်လုံး၊

(၂) ပုတီးတစ်ကုံး၊

(၃) ဓားတစ်လက်တို့ကို သတ်မှတ်ထားသည်။

လူသတ်မှုဆိုင်ရာ ဖဂါများတွင်လည်း အသုဘ အခမ်းအနားများအတွက် ဖဂါများ၊ သေဆုံးသူ၏ ခန္ဓာကိုယ် ဆုံးရှုံးမှုအတွက် ဖဂါများ၊ သေသူ၏ အသက်ဖိုးအတွက် ဖဂါများ ဟူ၍ ခွဲခြားသတ်မှတ်ထားသည်။ လူသတ်မှုများထဲတွင် သာမန်လူတန်းစားများ လူသတ်မှုတွင် ဖဂါအမျိုးပေါင်း ၁၅ မျိုးမှ ၅၀ ထိ ပေးဆောင်ရပြီး ဒူဝါအနွယ်များကို သတ်ပါက ဖဂါ ၅၀ မှ ၁၀၀ အထိ ပေးဆောင်ရသည်။

ကာမကျူးလွန်မှုတွင် မည်သို့ကျူးလွန်သည်ဖြစ်စေ တာဝန်ရှိသူမှာ ယောကျ်ားဖြစ်သည်။ လင်ရှိအမျိုးသမီးအား ကျူးလွန်ပါက လင်

ယောကျ်ား ကျေနပ်စေရန် မောင်းတစ်လုံး၊ တောင်ရှည်ပုဆိုး တစ်ထည်၊ ကျွဲတစ်ကောင်၊ ပုတီးတစ်လုံး၊ ဓားတစ်လက်တို့ကို ပေးရသည်။

လင် မရှိသော မိန်းမကို ကျူးလွန်ပါက လျော်ကြေးအဖြစ် ဆယ်ထွာ မောင်းတစ်လုံး၊ ကျွဲတစ်ကောင်၊ တောင်ရှည်ပုဆိုးတစ်အုပ်၊ ငွေလက်ကောက်တစ်ရံ၊ ဓားကြီးတစ်လက်၊ လှံကြီးတစ်ချောင်း စသော ဖဂါများ ပေးရသည်။

စေ့စပ်ကြောင်းလမ်းထားသည့် မိန်းကလေးကို ကျူးလွန်ပါက မောင်း တစ်လုံး၊ ကျွဲတစ်ကောင်၊ ပိုးပုဆိုး တောင်ရှည် တစ်အုပ်၊ ကော်ဖော တစ်ချပ်၊ ဓားရှည်တစ်လက်တို့ကို ပေးရသည်။

ကချင်တိုင်းရင်းသား မျိုးနွယ်စုဝင် ဂျိန်ဖော့သွေးချင်းများသည် အထက်ဖော်ပြပါ ဖဂါပစ္စည်းများကို ရိုးရာဥပဒေအရ ဒူဝါများ၊ ကျေးရွာ အကြီးအကဲများ၏ ဆုံးဖြတ်ချက်အရ ပေးဆောင်ရလေသည်။ ဤသို့ ပေးခြင်းသည် နစ်နာကြေးကို ပေးခြင်းဖြစ်ရာ ကာယကံရှင်၏ ဆုံးရှုံး နစ်နာမှုအတွက် ဂုဏ်သရေဆည်သည့်သဘောသာဖြစ်သည်ဟု ခံယူမှု ရှိကြသည်။

## ရှဝါရှား

ရှဝါရှားသည် ဆိုခြင်းမှာ ဂျိန်ဖော့ ဘာသာစကားဖြစ်၍ လျော်ကြေး တောင်းခံခြင်းဟူ၍ အဓိပ္ပာယ်ရရှိသည်။ ယောကျ်ားတစ်ဦးသည် မိန်းမ တစ်ဦးနှင့် မှားယွင်းမိပါက ထိုမိန်းကလေးက မကျေနပ်သဖြင့် တောင်းခံခြင်းကြောင့် ပေးဆောင်ရသော လျော်ကြေးဖြစ်သည်။ နစ်နာ သူက ကျူးလွန်သူထံမှ လျော်ကြေးရလိုကြောင်း တောင်းဆိုခြင်းကို ရှဝါရှားသည်ဟု ဆိုခြင်းဖြစ်သည်။



မိန်းမပျိုကို ကျူးလွန်မိခြင်းအတွက် မိန်းကလေးနှင့် မိဘများကို စော်ကားရာရောက်သောကြောင့် မိန်းကလေး၏ မိဘများကို ပြေလည် စေရန် ကျူးလွန်သူက ပေးဆောင်ရခြင်းမျိုးဖြစ်သည်။ လူမှုဆက်ဆံ ရေးတွင် လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်များကို ချိုးဖောက်ခြင်းဖြစ်၍ ချိုးဖောက်သူက ချိုးဖောက်သည့် အပြစ်အတွက် ဖြေရှင်းပေးရသော သဘောမျိုးဖြစ်သည်။

လျော်ကြေးကို မြန်မာ့ဓလေ့ထုံးတမ်းအရ မိန်းကလေးဖြစ်သူသည် ဖြားယောင်းသွေးဆောင်ပြီး ပေါင်းသင်းဆက်ဆံခံရခြင်း၊ မိန်းကလေး ၏ နောက်အိမ်ထောင်ရေးအတွက် နစ်နာခြင်း၊ မိန်းကလေး စိတ်နှလုံး ထိခိုက်ခြင်း၊ လူနေမှု အဆင့်အတန်းကို ထိခိုက်စေခြင်းအတွက် လျော်ကြေး ပေးဆောင်ရခြင်းမျိုး ဖြစ်သည်။

အမျိုးအနွယ် တူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ၊ လူမျိုး တူသည် ဖြစ်စေ၊ မတူသည်ဖြစ်စေ ယောကျ်ားကလေးက မိန်းကလေးအား တစ်ကြိမ် တစ်ခါ ကျူးလွန်ခဲ့ဖူးပါက မိန်းကလေး ကျေနပ်မှု မရှိခဲ့သော် လျော်ကြေးတောင်းလေ့ရှိသည်။ ထိုအချိန်တွင် ကျူးလွန်သူ အမျိုးသား သည် ရပ်ရွာအကြီးအကဲများ သို့မဟုတ် ကျေးရွာ ဆလန်ဝါ၊ ဒူဝါများ ထံတွင် လာရောက်ဖြေရှင်းကြရသည်။ စွဲချက်ခိုင်လုံပါက လျော်ကြေး ကို မဖြစ်မနေ ပေးဆောင်ရသည်။

ရှဝါရှားခြင်းကို ဘယ်နှနှစ်၊ ဘယ်နှလ ကြာသည်ဖြစ်စေ တောင်းဆိုနိုင်သည်။ ကာလ သတ်မှတ်ထားခြင်း မရှိ။ ကာယကံရှင် အမျိုးသမီးသည် ယခင်က မိမိကိုယ်တိုင် အလိုတူ၍ စိတ်ကျေနပ်မှု ရှိသည့်တိုင် မိမိစိတ်မကျေနပ်သော တစ်နေ့တွင် အချိန်မရွေး တောင်းခံ နိုင်ခွင့် ရှိပေသည်။ အချို့အမျိုးသားများသည် နှစ်နှစ်၊ သုံးနှစ်လောက် ကြာမှ ရှဝါရှားခြင်း ခံလိုက်ရသည်မျိုးလည်း ရှိသည်။

လျော်ကြေးကို တောင်းခံရာတွင် အမျိုးသား၏ အဆင့်အတန်းကို လိုက်၍ တောင်းဆိုလေ့ရှိသည်။ ရှေးယခင်ကမူ ကျပ်ငွေ ၁၀၀ မှ စ၍ အထက်တောင်းခံလေ့ရှိပြီး ယခုအခါ ကျေးရွာခုံရုံး၊ ရပ်ရွာလူကြီးများက ဆုံးဖြတ် သတ်မှတ်ပေးသော နှုန်းထားများဖြင့် လျော်ကြေး ပေးဆောင်ရလေသည်။

ရှာဝါရှားခြင်း၌ နစ်နာမှုအတွက် တောင်းခံသော လျော်ကြေးကို ကျူးလွန်သူက မပေးဘဲ နေ၍မရပေ။ ဂျိန်ဖော့တို့၏ ရိုးရာဓလေ့အရ တောင်းခံသော လျော်ကြေးပေးရခြင်း ဖြစ်သည်။

## ဆွမ်ရိုင်ဂျာ

ယောကျ်ား တစ်ဦးနှင့် အိမ်ထောင် မရှိသော အမျိုးသမီးတစ်ဦးတို့ သဘောတူ မှားယွင်းမှုကြောင့် အမျိုးသမီးတွင် ကိုယ်ဝန်ရရှိသွားပါက ယောကျ်ားပေါ်တွင် ကျရောက်လာမည့် တာဝန်များမှာ တစ်ခါတစ်ရံတွင် မီးခိုးမဆုံး မိုးမဆုံး ဖြစ်တတ်သည်။

မိမိပယောဂကြောင့် အမျိုးသမီးတွင် ကိုယ်ဝန်ရှိလာသောအခါ ကာယကံရှင် ယောကျ်ားသည် မိန်းကလေး၏ မိဘ ရိုးရာ နတ်ကို နတ်ဟောဆရာ၏ အဟောထွက်ချက်အတိုင်း ပူဇော်ရသည်။ ကုန်ကျသမျှ စရိတ်စကများကို တာဝန်ယူရသည်။ မိန်းကလေးတွင် ကိုယ်ဝန် ခုနစ်လခန့် ရှိလာသောအခါတွင်လည်း မီးဖွားရန် ကိစ္စအတွက် မိန်းကလေးအား မိမိအိမ်သို့ ခေါ်ဆောင်လာရသည်။ ဤသို့ ခေါ်ဆောင်လာရာတွင် မိန်းကလေး၏ မိဘများအား ဖဂါတစ်ခု ပေးဆောင်ခဲ့ရသည်။ ထိုဖဂါကို ခါးဝယ်ဖဂါဟု ခေါ်သည်။ ထိမ်းမြားလက်ထပ်ခြင်း မပြုဘဲ သန္ဓေရစေခြင်းပြစ်မှုကြောင့် ပေးရသော ဖဂါ ဖြစ်သည်။



မိန်းကလေးအား ယင်း၏မိဘအိမ်တွင်ပင်မွေးဖွားစေလိုသော် နောက်ထပ် ဖဂါနှစ်မျိုး ထပ်၍ အပိုပေးရသည်။ (ဖဂါတစ်မျိုးမှာ ရိုးရာနတ်ကို ပူဇော်ရန်အတွက် နေရာဝယ်ယူခြင်းဖြစ်၍ နောက်ဖဂါတစ်မျိုးမှာ ကလေးမွေးဖွားပြီးချိန်တွင် အချင်းမြှုပ်ရန် နေရာဝယ်ယူဖို့ ဖြစ်သည်။ ထိုဖဂါမှာ ပြစ်မှုနှင့် မဆိုင်ပေ။)

ကလေးကို ယောကျ်ားအိမ်တွင် မွေးဖွားပြီးပါက မိန်းကလေးတို့၏ မိဘများအိမ်သို့ ခေါ်ဆောင်သွားရသည်။ ထိုသို့ခေါ်ဆောင်သွားရာတွင် ခါးဝယ်ဖဂါ ခေါ် ဖဂါတစ်ခု ယူသွားရပြန်သည်။ ယခုအချိန်အထိ ယောကျ်ားလေး၌ တင်ရှိနေသော ဝဋ်ကြွေးများ မပြေသေးချေ။ ဝဋ်ကြွေးကျေစေရန်အတွက် စေ့စပ်ကြောင်းလမ်းသော အခမ်းအနားမှာ ကဲ့သို့ပင် အောင်သွယ်ကို စေလွှတ်၍ ဆက်သွယ်ရသည်။ မူလက ပေးခဲ့သော ဖဂါနှစ်မျိုးနှင့် နောက်ထပ် အောင်သွယ်နှင့်ပို့သော ဖဂါ ခြောက်မျိုး စုစုပေါင်း ဖဂါရှစ်မျိုးကို ဆွမ်ရိုင်ဂျာဟုခေါ်၍ ထိမ်းမြားလက်ထပ်ခြင်းမပြုဘဲ သားရစေသောကြောင့် ပေးရသော လျော်ကြေး ဖြစ်သည်။ ထိုဆွမ်ရိုင်ဂျာ ပေးဆောင်ရခြင်းမှာ မိန်းကလေးကို ဆက်လက်၍ သားမယားအဖြစ်ဖြင့် ပေါင်းသင်းသည်ဖြစ်စေ၊ မပေါင်းသင်းသည်ဖြစ်စေ တရားဝင်မယားအဖြစ် အသိအမှတ်ပြုခြင်း ဖြစ်သည်။ ထိုဖဂါရှစ်မျိုးတွင် ကလေးအမေ၏ အသရေဆယ်ရန် သန္တာပုတီးတစ်ကုံး၊ အမေ့နို့ဖိုးအဖြစ် ကျွဲမ တစ်ကောင်၊ ကလေးကို ထွေးရန်အတွက် ပုဆိုးတစ်ထည်တို့မှာ မိန်းကလေးနှင့် သက်ဆိုင်၍ ကျန်ဖဂါငါးမျိုးမှာ မိန်းကလေး၏ မိဘများနှင့် သက်ဆိုင်သည်။

ဖဂါအားလုံး ပေးပြီးလျှင် ယောကျ်ားဖြစ်သူသည် မိမိ၏ ကလေးကို ခေါ်လိုက နို့ပြတ်သည့် အရွယ်တွင် ခေါ်ဆောင်သွားနိုင်သည်။ ကချင်များသည် မိမိတို့၏ ရင်သွေးများကို မက်မောသူများဖြစ်သဖြင့်

နို့ပြတ်သောအရွယ်၌ မိမိ၏ကလေးကို အထူးသဖြင့် ယောက်ျားလေးဖြစ်ပါက ခေါ်ဆောင်သွားသည်က များသည်။ ကလေးနှင့်တကွ မိခင်ကိုပါ ခေါ်ယူမည်ဆိုပါက မိခင်က ထုံးစံရှိသည့်အတိုင်း မင်္ဂလာကြေး ဖဂါများ တင်တောင်းရန် အောင်သွယ်ဖြင့် ဆက်သွယ်ဆောင်ရွက်ပြီးနောက် ထိမ်းမြားလက်ထပ်ကြသည်။ ပြီးမှ ကလေးရော မိခင်ကိုပါ ခေါ်ယူနိုင်သည်။

ထိုသို့ ထိမ်းမြားလက်ထပ်ရန်အတွက် တင်တောင်းရမည့် စရိတ်စကများမှာလည်း အထူးအထွေ ကုန်ကျရန်မရှိ။ ဆွမ်ရိုင်ဂျာကိုပင် မင်္ဂလာကြေးအဖြစ်ထား၍ တောင်းယူထိမ်းမြားနိုင်သည်။ ထိုနည်းဖြင့် ထိမ်းမြားလက်ထပ်လျှင် မင်္ဂလာကြေးအတွက် ကုန်ကျစရိတ်၌ ကလေးမမွေးဖွားမီက မိန်းကလေး၏ ရိုးရာနတ်ကို ပူဇော်ရသော စရိတ်တစ်ခုသာ အပိုကုန်ကျသည်။ ထို့ကြောင့် ဖခင်အဖြစ် ဝန်ခံလိုက်သည့်အချိန်မှစ၍ ကလေးအမေကို ဇနီးအဖြစ်ဖြင့် ဆက်လက်ပေါင်းသင်းသည်ဖြစ်စေ၊ ဇနီးအဖြစ် မပေါင်းသင်းသည်ဖြစ်စေ ကုန်ကျစရိတ်သည် အတူတူကဲ့သို့ပင်ဖြစ်သည်။

မိမိပယောဂကြောင့် သန္ဓေသား ရရှိသွားသော မိန်းကလေးသည် မိမိအိမ်တွင် ချောချောမောမော မွေးဖွား၍ ကျန်းကျန်းမာမာ ရှိပါမှ အထက်က တင်ပြခဲ့သည့်အတိုင်း လျော်ကြေးဖဂါများ ပေးဆောင်၍ ကာယကံရှင် ယောက်ျား၏ တာဝန်မှာ ပြေငြိမ်းလေသည်။ သို့မဟုတ်က မွေးဖွားရာတွင် ဝဋ်ကြွေးပိုလာပြန်တော့သည်။

မိန်းကလေးသည် မွေးဖွားစဉ် ကွယ်လွန် သေဆုံးသည်ဖြစ်လျှင် ယောက်ျားမှာ များစွာတာဝန်ကြီးလေးပေသည်။ တာဝန်ကြီးသည်နှင့်အမျှ ဝဋ်ကြွေးလည်း ကြီးလေးလှသည်။ အဘယ့်ကြောင့် ဆိုသော် ထိုအချိန်အထိ မိန်းကလေး၏ မိဘများအား ဆွမ်ရိုင်ဂျာ ခေါ် တရားဝင်



ဇနီးအဖြစ် အသိအမှတ်ပြုသော ဖဂါများ မပေးဆောင်ရသောကြောင့် သေဆုံးသွားသော မိန်းကလေးမှာ လင်မရှိဘဲ ကလေးရရှိပြီး သေဆုံးသွားသည့် သဘောမျိုးဖြစ်နေသဖြင့် ဆွေမျိုးများအဖို့ များစွာအရှက်ရကြသည်။ ထို့ကြောင့် မိန်းကလေးဘက်မှ ကာယကံရှင်ယောက်ျားအား 'အင်ဒန်ဘုံလတ်' ခေါ် ဝဋ်ကြွေးကြီး တင်လေသည်။ ထိုရန်ငြိုးနှင့် ဝဋ်ကြွေး ပြေလည်ရန်အတွက် ကာယကံရှင် ယောက်ျားဘက်မှ မိန်းကလေး၏ အသက်ဖိုးကို လျော်ကြေးပေးရသည်။

ထိုဝဋ်ကြွေးမျိုး မတင်ရှိရန်မှာ မိန်းကလေးကို ယောက်ျားအိမ်သို့ ခေါ်ဆောင်စဉ်ကပင် ဆွမ်ရိုင်ဂျာကို အပြေအလည် ပေးခဲ့ရသည်။ သို့မဟုတ် မီးဖွားလျှင် မီးဖွားချင်း မိန်းကလေး၏ မိဘများထံသို့ အောင်သွယ်များ စေလွှတ်၍ မိန်းကလေးအား မိသားဖသားပီပီ တောင်းရမ်းယူပါမည့်အကြောင်း ပြောကြားထားကြရသည်။

သို့ဖြစ်၍ ဂျိန်ဖော့တို့၏ ကာမကျူးလွန်မှုတွင် ကျူးလွန်ခံရသူ မိန်းကလေး ကျေနပ်မှု မရှိပါက အကျိုးဆောင်ရသော ဖဂါများမှာ အတောမသတ်နိုင်အောင် တင်ရှိနေလေသည်။ ဤသို့ဖြစ်ခြင်းကြောင့် ယနေ့ခေတ်တွင် ဂျိန်ဖော့တို့သည် ကာမကျူးလွန်မှုကို ထိန်းသိမ်းရန်နှင့် ဂုဏ်သရေဆည်ရန်တို့အတွက် များပြားလာသော ဖဂါပေးဆောင်မှုမျိုး မဖြစ်အောင် စောင့်ထိန်းကြရလေသည်။

## မခုတ်ဓားနဲ့ မထိုးလှံ

ဂျိန်ဖော့တို့၏ ဖဂါအဖြစ် အသုံးပြုရသေးသော ပစ္စည်းများအနက် မခုတ်ဓားနှင့် မထိုးလှံတို့လည်း ပါဝင်သည်။ မခုတ်ဓားဆိုသည်မှာ အမှန်တကယ်ခုတ်၍ အသုံးပြု၍ရသော ဓားမဟုတ်ပေ။ တစ်နည်းအားဖြင့် တစ်ကြိမ်တစ်ခါမျှ မခုတ်ရသေးသော ဓားကို မခုတ်ဓားဟု

ခေါ်သည်။ မထိုးလှံ ဆိုသည်မှာ အမှန်တကယ် အသုံးချရသောလှံမျိုး မဟုတ်ဘဲ အခမ်းအနားများအတွက်သာ အသုံးပြုသောလှံကို မထိုးလှံ ဟု ခေါ်သည်။

မခုတ်ဓားနှင့် မထိုးလှံကို ပေးဆောင်ရခြင်းမှာ -

ကာမကျူးလွန်သူအတွက် အမျိုးသမီး၏ ဆွေမျိုးမိဘများအား လျော်ကြေးအဖြစ် ပေးရသော ဖဂါများတွင် မောင်း တစ်လုံး၊ ကျွဲ တစ်ကောင်၊ တောင်ရှည်ပုဆိုး တစ်အုပ်၊ ငွေလက်ကောက် တစ်ရံတို့နှင့် အတူ မခုတ်ဓား တစ်လက်၊ မထိုးလှံ တစ်ချောင်းတို့ကို ပေးဆောင် ရသည်။

ထို့ပြင် လူသတ်မှုတွင် ကိုယ်အင်္ဂါ အစိတ်အပိုင်းများအတွက် မထိုးလှံ တစ်ချောင်း၊ မခုတ်ဓား ၁၀ လက်၊ သင်္ဂြိုဟ်ကြေးအတွက် မခုတ်ဓားကြီး တစ်လက်၊ မထိုးလှံကြီးတစ်ချောင်း ပေးရသည်။ အိမ်စေ အလုပ်သမား သေဆုံးပါက အလုပ်ရှင်က ပေးဆောင်ရသော ဖဂါများ၌ မခုတ်ဓား တစ်လက်၊ မထိုးလှံ တစ်ချောင်း ပေးရပါသည်။

အဆိပ်ခတ်သတ်ရန် ကြံစည်ခြင်းအတွက် လုပ်ကြံခံရသူ သေဆုံး လျှင်ဖြစ်စေ၊ သေဆုံးခြင်း မရှိလျှင်ဖြစ်စေ ပြစ်မှုကျူးလွန်ပါက ပေးရ သော ဖဂါများတွင်လည်း လူသေမှုကဲ့သို့ပင် မထိုးလှံ တစ်ချောင်း၊ မခုတ်ဓား ၁၀ လက်ကို ပေးရသည်။

ခြောက်လှန့်၍ သေဆုံးပါက သေသည်ဖြစ်စေ၊ မသေသည် ဖြစ်စေ မခုတ်ဓား တစ်လက်နှင့် မထိုးလှံ တစ်ချောင်းတို့ကို အခြား ဖဂါများနှင့်အတူ ဆေးဖိုးဝါးခများလည်း ပေးလျော်ရသည်။

ထို့ပြင် သာမန်နာကျင်စေမှု၊ အပြင်းအထန် နာကျင်စေမှုတို့ကို ပြုပါက ကျူးလွန်သူက မခုတ်ဓား တစ်လက်၊ မထိုးလှံ တစ်ချောင်း တို့ကို ဖဂါပစ္စည်းများနှင့်အတူ ပေးဆောင်ရသည်။



မတရား ဖမ်းဆီး ချုပ်နှောင်မှုတွင် မခုတ်ဓားကြီး တစ်လက် ပေးလျော်ရမည်။ ဓားပြမှုတွင် မခုတ်ဓားကြီး တစ်လက်ကို ပေးလျော် ရသည်။

မုဒိန်းမှုတွင် အရွယ်ရောက်ပြီးသော မိန်းကလေးကို မုဒိန်းမှု ကျူးလွန်ပါက အခြားဖဂါ လေးမျိုးနှင့်အတူ မခုတ်ဓားကြီး တစ်လက်၊ မထိုးလှံကြီး တစ်ချောင်းတို့ကို ပေးလျော်ရသည်။ အရွယ်မရောက်သေး သော မိန်းကလေးကို မုဒိန်းမှု ကျူးလွန်ပါက အခြားဖဂါ ၁၂ မျိုးနှင့် အတူ မခုတ်ဓား တစ်လက်၊ မထိုးလှံ တစ်ချောင်း ပေးလျော်ရသည်။ လင်ရှိမယားကို ကာမစပ်ယှက်ပါက အခြား ဖဂါး ရှစ်မျိုးနှင့်အတူ မခုတ်ဓားကြီး တစ်လက်၊ မထိုးလှံကြီး ချောင်း လျော်ရသည်။

စေ့စပ်ကြောင်းလမ်းထားသူနှင့် ကာမကျူးလွန်မိပါက မခုတ် ဓားကြီး တစ်လက်ကို အခြား လေးမျိုးနှင့်အတူ ပေးလျော်ရသည်။ မိန်းမကို မူးယစ်အောင် ပြုမူပြီး ကျူးလွန်မိပါက အခြား ခြောက်မျိုးနှင့် အတူ မခုတ်ဓားကြီး တစ်လက်၊ မထိုးလှံကြီး တစ်ချောင်း ပေးလျော်ရ သည်။ လင်ရှိမိန်းမကို ကျူးလွန်မိပါက လင်ယောကျ်ားအား ဖဂါ တစ်မျိုးနှင့်အတူ မခုတ်ဓားကြီး တစ်လက်၊ မထိုးလှံကြီး တစ်ချောင်း ပေးလျော်ရသည်။

ဂျိန်ဖော့ သွေးချင်းတို့၏ တစ်ဦးနှင့်တစ်ဦး ပြစ်မှုကျူးလွန်ခြင်း အတွက် နစ်နာမှုကို ပေးလျော်ရသော ဖဂါပစ္စည်းများတွင် များသော အားဖြင့် မခုတ်ဓားနှင့် မထိုးလှံတို့ ပါဝင်ရမြဲ ဖြစ်လေသည်။

## အရက်နှင့်ခေါင်ရည်

အရက်နှင့် ခေါင်ရည်ကို ဂျိန်ဖော့ဘာသာဖြင့် 'ကျွန်းကျူ' ဟုခေါ် သည်။ အရက်နှင့် ခေါင်ရည်သည် ဂျိန်ဖော့လူမျိုးတို့၏ မွေးမိခင်

'နင်ဂေါန်ကျွန်း'၏ နီရည်ဖြစ်ကြောင်း၊ လူသားတို့၏ မွေးမိခင်ကြီး 'နင်ဂေါန်ကျွန်း' သေဆုံးခါနီးတွင် သူမ၏နီရည်ကို သတိရ တမ်းတသောအခါ အရက်နှင့်ခေါင်ရည်ကို ဖော်စပ်ချက်လုပ်၍ သောက်သုံးရန် မှာထားခဲ့ကြောင်း သက်ကြီးရွယ်အိုများက ပြောစမှတ်ပြုကြသည်။

အရက်နှင့် ခေါင်ရည်သည် ရှေးထုံးစဉ်လာ ရိုးရာယဉ်ကျေးမှုအရ ကချင်အမျိုးသားတို့၏ လူ့ဘောင်တွင် မရှိလျှင်မဖြစ် မပါလျှင် မပြီးသည့် ပစ္စည်းတစ်မျိုးဖြစ်ခဲ့သည်။ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ နတ်ကနားပေးခြင်းနှင့် လူမှုရေးဆိုင်ရာ ပွဲလမ်းအခမ်းအနားများ ကျင်းပသောအခါတွင်သာမက ဧည့်ဝတ်ပြုရာတွင်လည်း အရက်နှင့်ခေါင်ရည်တို့ကို အသုံးပြုကြသည်။ ကချင်အရက်ဟူ၍ပင် လူသိများ ထင်ရှားသည်။ ကချင်အရက်သည် အလွန်ပြင်းထန်လွန်းသဖြင့် မီးဖြင့် တို့ကြည့်လျှင် ဟုန်းခနဲ မီးထတောက်သည့် အပြင်းစား အရက်မျိုးဖြစ်သည်။

မနောပွဲသည် အရက်နှင့်ခေါင်ရည် အများဆုံးလိုအပ်သော အခမ်းအနားတစ်ရပ် ဖြစ်သည်။ မနောပွဲရက်များတွင် အသုံးပြုရန်အတွက် အရက် ခေါင်ရည်များကို မနောရှင်တို့က လပေါင်းများစွာ ကြိုတင်ပြီး ဖော်စပ် ချက်လုပ်ထားကြရသည်။ အချို့သည် တစ်နှစ်ခန့်ကပင် ကြိုတင်၍ ချက်ထားလေ့ရှိသည်။ အချို့ကမူ အိုးကြီးအိုးငယ်များဖြင့် သိုလှောင်ထားတတ်ကြသည်။ အရက် ခေါင်ရည် ထည့်သောက်ရန် ခွက်များ၊ ကျည်တောက်များကိုလည်း အလုံအလောက် ရှာဖွေစုဆောင်းထားကြသည်။

အရက်နှင့် ခေါင်ရည် ထည့်သောက်ရန် ကျည်တောက်တို့ကို ဝါးဖြင့် လှပသေသပ်စွာပြုလုပ်ကြသည်။ ကိုင်တွယ်ရန်အတွက် နှီးဖြင့် ကွင်းနှစ်ခုပြုလုပ်ထားသည့်အပြင် တောင်စွန်ဖက်နှင့်လည်း ဖုံးအုပ်ထားသည်။ ဖက်များ ပြေပျက်မသွားစေရန်အတွက် နှီးဖြင့် လေးနေရာထက် မနည်း ပတ်ချည်ထားကြသည်။ နှီးစများကိုလည်း တစ်ပင်နှင့်တစ်ပင် ဖုံးဖိထားပြီး သေသပ်လှပစွာ အစသတ်ထားကြသည်။



အရက်ခေါင်ရည် ထည့်သောက်သည့် ကျည်တောက်များတွင် အဖုံးပါသည့် အမျိုးအစားနှင့် မပါသည့်အမျိုးအစားဟူ၍ နှစ်မျိုးနှစ်စား ရှိသည်။ အဖုံးမပါသည့် အမျိုးအစားကို 'အင်ထောဒိ' ဟု ခေါ်ဝေါ်ပြီး အဖုံးပါသည့် အမျိုးအစားကို 'အင်ခရု' ဟု ခေါ်သည်။

ပွဲလမ်းအခမ်းအနားသို့ ကြွရောက်လာကြသူ အားလုံးကို 'အင်ထောဒိ' သို့တည်းမဟုတ် 'အင်ခရု'များဖြင့်သာ တည်ခင်းဧည့်ခံကြသည်။ ထင်ပေါ်ကျော်ကြားသည့် ပုဂ္ဂိုလ်ကြီးများကိုပင်ဖြစ်စေ တောင်စွန် ဖက်ဖြင့် ထုပ်ပြီး စွန်းထွက်နေသော တောင်စွန်ဖက် အစကို ငှက်တော်မြီးကဲ့သို့ လှီးဖြတ်ထားသည့် ကျည်တောက်ဖြင့် ဧည့်ခံခြင်းသည် အမြင့်ဆုံးသော ရိုသေလေးစားမှုပင် ဖြစ်တော့သည်။ အရက်ခေါင်ရည် တည်ခင်းရာတွင် အမြည်းအဖြစ် အသားဟင်းထုပ်များကိုလည်း တစ်ပါတည်း ပူးတွဲပေးတတ်ကြသည်။

ကချင်အမျိုးသားတို့၏ ကိုးကွယ် ယုံကြည်မှု အစဉ်အလာအရ ကျင်းပကြသော ပွဲလမ်းသဘင် အခမ်းအနားများအနက် မနောပွဲသည် အကြီးကျယ်ဆုံး၊ အခမ်းအနားဆုံးသောပွဲဖြစ်သည်။ သို့ဖြစ်သောကြောင့် မနောရှင်နှင့် ရွာခံလူထုတို့သည် လာသမျှသော ရွှေပွဲလာ ဧည့်ပရိသတ်နှင့် ဂျိုင်ဝါဒွမ်ဆာ စသော နတ်ဆရာကြီးမှအစ တာဝန်ထမ်းဆောင်ကြသည့် ပုဂ္ဂိုလ်အားလုံးတို့အား အရက်နှင့်ခေါင်ရည်ကို လိုလေသေးမရှိအောင် တည်ခင်းလေ့ရှိကြသည်။

# ရိုးရာနေအိမ်

ဂျိန်ဖော့သွေးချင်းတို့၏ "ထိန်နု" ခေါ် ရိုးရာနေအိမ်သည် အခြားအခြားသော တိုင်းရင်းသားလူမျိုးတို့၏ အိမ်များနှင့်မတူ၊ တစ်မူထူးခြားသည်ဟု ဆိုနိုင်လေသည်။ အိမ်ပုံစံမှာ ရှည်လျားသော အိမ်မျိုးဖြစ်သည်။ အိမ်ကြီးကြီး ဆောက်လုပ်နေထိုင်လျှင် ဂုဏ်သရေရှိသည်ဟု ယူဆ၍ အိမ်များကို ကြီးမားရှည်လျားစွာ ဆောက်လုပ်ကြခြင်းဖြစ်သည်။ နေအိမ်ကြမ်းပြင်ကို မြေပြင်မှ လေးပေ၊ ငါးပေ အမြင့်တွင်ထား၍ ဆောက်လုပ်လေ့ ရှိသည်။ အိမ်အဝင် တံခါးဝတွင် ကျွဲခေါင်းရိုးများ၊ ကျွဲချိုများကို အလှအပအဖြစ် ချိတ်ဆွဲထားတတ်ကြသည်။

အိမ်ရှေ့တွင် ဆင်ဝင်သဏ္ဌာန်အမိုး မိုးထားတတ်ကြသည်။ ထိုနေရာသည် ဝက်များထားသည့် တင်းကုပ်နှင့်နီးသဖြင့် ထိုနေရာလပ်တွင် ဝက်စာကျိုးခြင်း၊ ဆန်ဖွပ် မောင်းထောင်းခြင်းမျိုး ပြုလုပ်လေသည်။ ထိုအမိုးအောက်မှနေ၍ အိမ်ပေါ်သို့တက်ရန် လှေကားတစ်ခု တပ်ဆင်ထားလေသည်။ လှေကားသည် သစ်သားကို အတုံးလိုက် ခြမ်းထားခြင်းဖြစ်၍ လှေကားထစ်များကို ထိုအခြမ်း၏ တစ်ဖက်မျက်နှာပြင်တွင် ခြေနင်းနိုင်ရုံ ခုတ်ထစ်ထားလေသည်။ လှေကားအနီးတွင် မနော‌တိုင်ဟောင်းများကို စုပုံထားတတ်ကြသည်။ ထောင့်တစ်နေရာတွင် စပါးထောင်းရန် သစ်သားဆုံကြီးများရှိလေသည်။ ထိုဆုံမျိုးကို ရှေးဟောင်းကချင်ရွာများရှိ အိမ်တိုင်းလိုလိုတွင် တွေ့ရတတ်လေသည်။

လှေကားအတက် အောက်ခံရက်မ ပျဉ်ပြားကြီးတွင် နို့၊ ကျွဲချို၊ မောင်း၊ နေ၊ လ၊ ကြယ် စသည့် ပုံပြင်များကို ရုပ်ကြွသဘောထွင်းထုထားလေသည်။ နို့ပုံထွင်းထုခြင်းမှာ လူဖြစ်စမှ စတင်သောက်သုံးသည်ကို အစွဲပြု၍ မြင့်မြတ်ကြောင်း ဖော်ပြသည့် သဘောဖြစ်လေသည်။ ကျွဲချိုမှာ ကချင်အနွယ်ဝင်တို့ ရိုးရာပွဲသဘင် ကျင်းပတိုင်းလိုလို ယဇ်ပူဇော် ပသရသည့် ကျွဲကို အကြောင်းပြု၍ အမြတ်တနိုး ထားရှိခြင်း အထိမ်းအမှတ်ဖြစ်လေသည်။ မောင်းမှာလည်း ကချင်တို့ ရိုးရာဓလေ့

ကချင်ရိုးရာနေအိမ်



အရ လက်ဆောင်ပေးသည့်အခါ၊ ကန်တော့သည့်အခါနှင့် လျော်ကြေး ပေးရသည့်အခါမျိုးတွင် အဓိက ပါဝင်ရသည် ပစ္စည်းတစ်မျိုးအနေဖြင့် ဂုဏ်ပြုဖော်ပြခြင်းဖြစ်လေသည်။ နေ၊ လ၊ ကြယ်များကို ထည့်သွင်း ထွင်းထုခြင်းမှာ ထိုအရာဝတ္ထုများသည် ကမ္ဘာ တည်စကတည်းက ပေါ်ပေါက်လာခဲ့ပြီးလျှင် လူသားတို့အား အကျိုးပြုလျက်ရှိသည် ဟူသော ယုံကြည်ချက်အရ အမြတ်တနိုးထားကာ ထွင်းထုခြင်းဖြစ်သည်။

တဲတန်းလျားရှည်ကြီးအတွင်း ဝင်သွားလျှင် ခပ်မှောင်မှောင်ရှိသည်။ များသောအားဖြင့် ပြတင်းပေါက်များ ဖောက်လေ့မရှိကြ။ တဲရှည်လွန်းလျှင် အေးတွင် ဆင်းတက်ရန် လှေကားတပ်ထား၍ တံခါးပေါက် တစ်ခုနှစ်ခု ဖောက်ထားတတ်ကြသည်။ တံခါးပေါက် ဖောက်သည့်အခါ တဲတန်းလျား အလျားလိုက် ဝဲယာ နှစ်ဖက်စလုံး ဆောက်လုပ်လေ့ရှိကြသည်။ နောက်ဖေးလှေကားခေါ်သည့် အခြားတဲ အစွန်းတစ်ခုရှိ တံခါးပေါက်ကိုမူ အိမ်သူအိမ်သားများက အသုံးပြုရရိုးထုံးစံရှိသည်။ အခြား သူစိမ်းတရံစာများ အသုံးပြုမိပါက အိမ်နတ်ဖမ်းစားတတ်သည်ဟူ၍ ကချင်တို့ အယူရှိကြသည်။

အချို့အိမ်များတွင် အိမ်ဝင်းအတွင်း စပါးကျီများကို ဆောက်လုပ်ထားလေ့ရှိသည်။ အိမ်အောက်တွင် ဝက်၊ ကြက်၊ ဘဲများကို ဝါးများဖြင့် ခြံခတ်၍ မွေးမြူလေ့ ရှိကြသည်။

တဲတန်းလျားကြီးကို ဆောက်လုပ်ရာတွင် တောတွင်းမှ အလွယ်တကူ ထုတ်ယူရရှိနိုင်သော သစ်သား၊ ဝါး၊ ကြိမ်နှင့် သက်ငယ်များကို အသုံးပြုကြသည်။ တိုင်များမှာ များသောအားဖြင့် သစ်သားတိုင်များ ဖြစ်ကြပြီးလျှင် လုံးပတ်ကြီး၍ တောင့်တင်းသည်။ အိမ်ထဲသို့ဝင်လျှင် အခန်းပေါင်းများစွာကို တွေ့ရတတ်လေသည်။ အချို့ဒူဝါကြီးများ၏



နေအိမ်တွင် အခန်းပေါင်း ၁၂ ခန်းမှ ၁၆ ခန်းထိ ရှိသည်ကို တွေ့မြင်ခဲ့ရသည်။

အိမ်ရှေ့ အဝင်တံခါးပေါက်နှင့် အနီးဆုံး မီးဖိုဆောင် ဧည့်ခန်းနှင့် မျက်နှာချင်းဆိုင်တွင် 'နာလဒပ်'ခေါ် အပျိုခန်းရှိသည်။ ၎င်းအပျိုခန်းမှာ 'အင်လာဒွပ်' ခေါ် လူပျိုလှည့်သည့် အပျိုခန်းနှင့်မတူပေ။ အခြား အခန်းများမှာ ကျန်အိမ်သူအိမ်သား မိဘဆွေမျိုးများ နေထိုင်ရာ အခန်းများ ဖြစ်လေသည်။ ကချင်အိမ်တို့တွင် အခန်းတိုင်း မီးဖိုရှိကြရသည်။ ရိုးရာထုံးစံအရ မီးဖိုမထားလျှင် မနေရ။ တစ်အိမ်ထောင်လျှင် တစ်ခန်း၊ တစ်ခန်းလျှင် မီးဖိုတစ်ဖိုစီ ထားရှိကြရသည်။ ထို့ကြောင့် အိမ်တွင်းသို့ ရောက်ရှိပြီးနောက် မီးဖိုကို ကြည့်ခြင်းအားဖြင့် ထိုအိမ်တွင် အိမ်ထောင်သည် ဘယ်နှဦး နေထိုင်သည်ကို သိရှိနိုင်လေသည်။ မီးဖိုအသီးသီး အထက်တွင် ကျပ်ခိုးစင်များ ရှိသည်။ ထိုစင်များတွင် အမဲခြောက်၊ ပြောင်း၊ တောင်း၊ ပလုံး၊ ခြင်းများကို ချိတ်ဆွဲထားတတ်ကြသည်။

ဧည့်သည်အတွက် မီးဖိုသီးခြား ထားရှိကြသည်။ ခန်းမကြီးတွင် တစ်ရံတစ်ခါ မီးဖိုနှစ်ဖို ထားတတ်ကြသည်။ ဧည့်သည်သည် အိမ်ရှေ့မှ ဝင်ရရိုး ထုံးစံရှိသည်။ ထိုသို့ အိမ်ရှေ့ပေါက်မှ ဝင်ရောက်လာပြီးလျှင် နောက်ပေါက်မှ တစ်ခါတည်း မထွက်ရ။ ဧည့်သည်ရောက်လာပြီးလျှင် မီးဖိုတွင် တစ်ခါတည်း ထိုင်ရသည်။ အိမ်ရှင်က ဝါးကျည်တောက်ဖြင့် ထည့်ထားသော လက်ဖက်ရည်ကြမ်းဖြင့် ဧည့်ခံလေသည်။

အိမ်စောင့်နတ်၏ နတ်စင်ကို အိမ်၏နောက်ပိုင်းတွင် ထားရသည်။ အိမ်တွင်းနတ်ကွန်း၏ ပုံပန်းသဏ္ဌာန်မှာ ဝါးတစ်လုံးကို အထက်ပိုင်းတွင် အဆစ်တစ်ဆစ် ခံထားပြီးလျှင် အဆစ်အောက်တွင် အပေါက်ဖောက်ရသည်။ အပေါက်ဖောက်ပြီးနောက် အမိုးနှင့် ကပ်နေအောင် ခိုင်ခံ့စွာ

ကြိမ်ဖြင့်ချည်နှောင်ထားရလေသည်။ ဝါးပိုင်းတွင် အပေါ်ပိုင်း တစ်ထွာသာသာခန့် ချန်ထားပြီးလျှင် အောက်ပိုင်းတွင် လေးခြမ်းခွဲကာ အောက်အဖျားများ၌ တစ်တောင်ကျော်စီမျှရှည်သော ဝါးခြမ်းလေးခုဖြင့် ဒေါက်လေးထောက်ဖြစ်အောင် ထောက်၍ ကြိမ်ဖြင့် ချည်နှောင်ရသည်။ ထိုဝါးခြမ်းလေးခုအပေါ်တွင် ဝါးခြမ်းကလေးများစီ၍ ကြိမ်ဖြင့်ချည်နှောင်ရသည်။ ထိုအခါ လေးထောင့်ပုံ အထက်ချွန်းသော စင်ကလေးတစ်ခုကဲ့သို့ ဖြစ်ပေါ်လာလေသည်။ ထိုနေရာကို အိမ်တွင်းနတ်နေရာ (နတ်ကွန်း) ဟု ခေါ်ဆိုလေသည်။

အချို့ကျေးရွာများတွင် အိမ်ဆောက်ရာတွင် နတ်ဟောဆရာ၏ တွက်ချက်ရွေးချယ် သတ်မှတ်သည့်နေရာ၌သာ အိမ်ဆောက်ကြရသည်။ ထို့ကြောင့် ကချင်ကျေးရွာများတွင် နေအိမ်များသည် အနေအထား၊ အရွယ်အစား မတူညီကြပေ။ အချို့အိမ်များသည် အရှေ့ဘက်၊ အနောက်ဘက်၊ တောင်ဘက်၊ မြောက်ဘက် စသည်ဖြင့် အိမ်ရှေ့မျက်နှာများကို လှည့်ထားကြသည်ကို တွေ့ရှိရသည်။ အချို့ကျေးရွာများတွင်ကား အုပ်ချုပ်သူ အကြီးအကဲ၏ အမိန့်ဖြင့် အိမ်များကို ညီညီညာညာ ဆောက်လုပ်ထားခြင်းမျိုး ဖြစ်သည်။



# လင်မယား ကွာရှင်းခြင်း

လင်မယားကွာရှင်းမှု မှုခင်းများမှာ ကချင်တောင်တန်းဒေသတွင် အလွန်နည်းသည်။ လင်မယား ကွာလိုက်သည်နှင့်တစ်ပြိုင်နက် ဆွေမျိုးဆက်ဖြတ်သွားသည့်ပြင် ယောက်ျားဖြစ်သူအနေနှင့် ၄င်း၏ အိမ်ထောင်ရေးတွင် လုပ်အားလျော့နည်းသွားခြင်း၊ မင်္ဂလာဆောင်စဉ် တင်တောင်းခဲ့သော ပစ္စည်းများ အဆုံးခံရခြင်း၊ ယောက္ခမကိုလည်း နောက်ထပ်ပစ္စည်းပေးရခြင်းနှင့် တွေ့ကြုံရင်ဆိုင်ရမည်။

မိန်းမအနေဖြင့်လည်း ၄င်းကွာလိုက်လျှင် မင်္ဂလာဆောင်စဉ်က ယောက်ျားဘက်မှ ကုန်ကျထားသော စရိတ်များအပြင် တင်တောင်းခဲ့သော ပစ္စည်းများကို ၄င်းမိဘက လျော်ကြေးပေးရမည် ဖြစ်သည်။ ၄င်းမိဘက ရင်သွေးများကိုလည်း ယောက်ျားထံတွင် ထားခဲ့ရမည်ဖြစ်သည်။ သို့ဖြစ်၍ လင်မယား ကွာမှုများမှာ ဖြစ်ခဲလှ၍ ဖြစ်လာလျှင် ရပ်ရွာလူကြီးများက ဖေ့စပ်ပေးခြင်းပြုပြီး ကွာရှင်းရန် အားမပေးကြပေ။

ကချင်တိုင်းရင်းသားတို့၏ ဓလေ့ထုံးစံအရ အောက်ပါအတိုင်း လင်မယားကွာရှင်းနိုင်ခွင့် အကြောင်းအမျိုးမျိုး ရှိသည်။

၁။ ရှူးသွပ်ရောဂါ စွဲကပ်ခြင်း၊

၂။ ခင်ပွန်းဖြစ်သူအား သေကြောင်းကြံခြင်း၊

၃။ မိန်းမဖြစ်သူက ဖောက်ပြန်နေခြင်း၊

၄။ စာရိတ္တ ဖောက်ပြန်ခြင်း၊

၅။ ယောက်ျားတွင် လူစဉ်မမီသောရောဂါ စွဲကပ်ခြင်း၊

၆။ ရက်စက်ကြမ်းကြုတ်စွာ ပြုကျင့်ခြင်း၊

၇။ ညှဉ်းပန်းနှိပ်စက်ခြင်း၊ စိတ်ဆင်းရဲအောင်ပြုခြင်း၊

၈။ သားမယားကို ကျွေးမွေးပြုစုရန် ပျက်ကွက်ခြင်း၊

၉။ နှစ်ဦးနှစ်ဖက်မှ မိဘဆွေမျိုးများ သဘောတူကွာရှင်းခြင်း။

အထက်ပါ အကြောင်းတစ်ခုခုအရ ကွာရှင်းခဲ့လျှင် မိန်းမနှင့် ယောက်ျား မည်သူက အပြစ်ရှိသည်ကို ရပ်ရွာမှ ဆလန်ဝါများက အဆုံးအဖြတ်ပေးကြသည်။ ထိုဆုံးဖြတ်ချက်အရ ယောက်ျားတွင် အပြစ်ရှိလျှင် မင်္ဂလာဆောင်စဉ်အခါ ၄င်းတင်တောင်းထားသော လက်ဆောင်ပစ္စည်းများကို အဆုံးခံရသည့်အပြင် လူကြီးများက သတ်မှတ်သော လျော်ကြေးကိုလည်း ပေးရသည်။ အမျိုးသမီးက မှားသော် အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် အိမ်မှ ဆင်းရသည်။ လက်ထပ်စဉ်က ပေးခဲ့သော လက်ဆောင်ပစ္စည်းများကို ပြန်ပေးရသည့်အပြင် သတ်မှတ်သော လျော်ကြေးကိုလည်း ပေးရသည်။

ခိုင်လုံသော အကြောင်းပြချက်မရှိဘဲနှင့် ယောက်ျားက ကွာလိုလျှင် ကွာရှင်းမှုအတွက် နတ်ပူဇော်ရန် ကျွဲတစ်ကောင်၊ မျက်နှာရပ်ဆင်းပြုပြင်မှုအတွက် သန္တာပုတီးတစ်ကုံး၊ နောက်ထပ် အိမ်ထောင်ပြုရန် ခွင့်ပြုခြင်းအတွက် ဓားအိမ်နှင့် ဓားတစ်လက်ကိုပါ ပေးလိုက်ရသည်။



မိန်းမ၏ ဆန္ဒအတိုင်း ကွာလိုလျှင် ယောက်ျားက ၄င်း၏ ယောက္ခမမျိုးများနှင့် အဆက်မပြတ်ရေးအတွက် မိန်းမအစားပေးရန် ယောက္ခမထံ တောင်းနိုင်၍ ယောက္ခမဖြစ်သူက သမက်ကို ကျေနပ်လျှင် သမီးငယ်သို့မဟုတ် တစ်ဝမ်းကွဲညီမများနှင့် လက်ဆက်ပေးရသည်။

မိန်းမသည် တရားဝင် ခင်ပွန်းကို စွန့်ခွာ၍ နောက်ယောက်ျားနှင့် အတူနေက နောက်ခင်ပွန်းဖြစ်သူသည် ပထမယောက်ျားကြီး တင်ထားသော ကွမ်းဖိုးနှစ်ဆနှင့် ကုန်ကျထားသော မင်္ဂလာစရိတ် နှစ်ဆကို ပေးလျော်ရသည်။ နောက်ယောက်ျားသည် ချက်ချင်း မလျော်နိုင်သည့်တိုင် သားစဉ်မြေးဆက် ပေးလျော်ရသည်။

လင်ရှိမိန်းမတစ်ယောက် ဖောက်ပြားကြောင်း လင်ဖြစ်သူက အခိုင်အမာ ပြနိုင်လျှင် ဖောက်ပြားသော မိန်းမကို လျော်ကြေးတောင်းနိုင်၍ မိန်းမကိုလည်း ကွာနိုင်သည်။ မိန်းမ၏ အပြစ်ဖြစ်၍ မိန်းမ၏ မိဘများက သမက်ဖြစ်သူကို လျော်ကြေးပေးရသည် သို့မဟုတ် မိန်းမ အစား ရှာပေးရသည်။

လင်ဖြစ်သူသည် အခြား မိန်းမတစ်ဦးနှင့် ဖောက်ပြားခြင်း သို့မဟုတ် မယားငယ်ယူခြင်းပြုက မိန်းမဖြစ်သူသည် လင်ယောက်ျားကို ကွာရှင်းခွင့်မရှိ။ ကချင်အမျိုးသားတစ်ဦးသည် ကျွေးမွေးစောင့်ရှောက်နိုင်ပါက ၄င်း၏ မိန်းမခွင့်ပြုချက်ဖြင့် နောက်ထပ်မိန်းမ အကန့်အသတ်မရှိ ယူနိုင်သည်။ ရပ်ရွာလူကြီးများသည် မယားငယ်ယူခြင်း၊ အခြား မိန်းမနှင့် ဖောက်ပြန်နေခြင်းကြောင့် ကွာရှင်းပေးလေ့မရှိ။

လင်ဖြစ်သူသည် လက်ရှိမယားနှင့် သားသမီး မထွန်းကားက မကွာရှင်းဘဲနှင့် နောက်မိန်းမယူနိုင်သည်။ မိန်းမသည် လင်ဖြစ်သူကို ကွာရှင်းရန်မှာ ၄င်း၏မိဘများက ပထမဆုံး ဝင်ရောက်ဖျန်ဖြေ စေ့စပ်ရသည်။ မိဘများအနေနှင့် သမက်မျိုးနှင့်လည်း မိတ်မပျက်လိုခြင်း၊

ကွာရှင်းမှုကို သဘောတူလိုက်ပါကလည်း လျော်ကြေးကို ၄င်းတို့က ပေးရခြင်း၊ မိန်းမအစား ရှာပေးရမည်ဖြစ်ခြင်းတို့နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ စေ့စပ်ရေးကို လက်မခံ၍ ရပ်ရွာလူကြီးများက လျော်ကြေးပေးရန် ဆုံးဖြတ်ပါလျှင်လည်း မိန်းမဖြစ်သူမှာ ၄င်းကိုယ်တိုင် လျော်ကြေး မပေးနိုင်သည်ဖြစ်၍ မိဘများက ပေးရမည်ဖြစ်ရာ မိန်းမက ကွာရှင်းလိုလျှင် ၄င်း၏ မိဘများ သဘောတူချက် မရှိဘဲ မကွာနိုင် ဖြစ်ရလေသည်။

မည်သည့်အကြောင်းကြောင့် ကွာရှင်းသည်ဖြစ်စေ မိန်းမအနေဖြင့် လက်လွတ်တစ်ကိုယ်တည်း ဆင်းရပြီး ကလေးများကို ခေါ်မသွားနိုင်ပေ။ ပစ္စည်းနှင့် ပတ်သက်၍ လက်ထက်ပွား ပစ္စည်းများကို ယောက်ျားများကသာ ပိုင်ဆိုင်ခွင့်ရှိ၍ ယောက်ျားက မပေးလျှင် မရနိုင်။ မိဘထံမှ ပါလာသည့်ပစ္စည်းနှင့်သာ ပြန်ရသည်။

ကချင်တိုင်းရင်းသားတို့တွင် ပဋိသန္ဓေ တားဆီးခြင်း၊ ကိုယ်ဝန်ဖျက်ချခြင်းများ မရှိဘဲ သားသမီး များများရအောင်ပင် နတ်ပူဇော်ချိန်က ဆုတောင်းကြသည်။ သားသမီး မထွန်းကားမည်ကိုပင် ပို၍ စိုးရိမ်ကြသည်။ သားသမီး များကြသဖြင့် လုပ်အားပေးမည့်သူ များလာခြင်း၊ မျိုးရိုးဆက်နိုင်ခြင်း၊ မိဘများ အိုဇာတာကောင်းသည့် နိမိတ်ဖြစ်ခြင်း၊ ဆွေမျိုးအသိုက်အဝန်း ကြီးမားလာခြင်းတို့ဖြင့် အကျိုးရှိမည်ဟု ယုံကြည်ကြသည်။

ထို့ပြင် ကချင်မလေ့ကျင့်ထုံးအရ လင်ခန်း၊ မယားခန်း ပြတ်စဲနိုင်သော အကြောင်း ခြောက်မျိုးအကြောင်းကို ဖော်ပြထားပါသည်။

(၁) လင်နှင့်မယား တစ်ဦးကိုတစ်ဦး သေကြောင်းကြံစည်ခြင်း၊

(၂) မယားက ဖောက်ပြန်ခြင်း၊



(၃) ပန်းသေရောဂါ စွဲကပ်ခြင်း၊

(၄) အသက်ကို စိုးရိမ်ရသည်အထိ ညှဉ်းပမ်းနှိပ်စက်ခြင်း၊

(၅) သားမယားကျွေးမွေးပြုစုရန် ပျက်ကွက်ခြင်း၊

(၆) နှစ်ဦးနှစ်ဖက်မှ မိဘဆွေမျိုးများ သဘောတူကွာရှင်းခြင်း။

အထက်ပါအကြောင်း ခြောက်မျိုးအရ ကွာရှင်းပါက ယောက်ျားဖြစ်သူသည် မိန်းမဖြစ်သူအား ကျွဲတစ်ကောင်ပေးပြီး ကွာရှင်းနိုင်သည်။ အထက်ပါအကြောင်း ခြောက်မျိုးကြောင့် မဟုတ်ဘဲ လင်ယောက်ျားက မယားကို အပြစ်မဲ့ ကွာရှင်းလိုပါက မိမိပေးဆောင်ရသော ကညာကြေးအားလုံး ဆုံးရှုံးမည့်အပြင် မိန်းမဘက်သို့ ကျွဲတစ်ကောင်၊ လည်ဆွဲတစ်ကုံးနှင့် လက်ဖွဲ့ပစ္စည်းများ အားလုံးကို မိန်းမအား ပေးဆောင်ရလေသည်။

မယားက လင်ယောက်ျားကို အပြစ်မဲ့ ကွာလိုပါက ထိမ်းမြားလက်ထပ်စဉ်က ယောက်ျားဘက်မှ ပေးဆောင်ထားသော ကညာကြေးများ၊ ကုန်ကျစရိတ်များကို လင်ယောက်ျားသို့ ပြန်ပေးရသည်။ ထို့ပြင် အိမ်ထောင်ပစ္စည်းများနှင့် သားသမီးများကို မယားက ပိုင်ဆိုင်ခွင့်မရှိချေ။

ကချင်ဓလေ့ထုံးတမ်းအရ လင်မယား ကွာရှင်းမှုတွင် မိန်းမသည် သာမန်အားဖြင့် အိမ်ထောင်ပစ္စည်းများကို ခွဲဝေနိုင်ခွင့် မရှိချေ။ သို့သော် လင်ယောက်ျားဖြစ်သူသည် မိန်းမအား လက်ထပ်ပြီးနောက် ပွားများလာသော ပစ္စည်းများအနက် အချို့ကို သက်ညှာစွာ ဝေပေးနိုင်သည်။

လင်ယောက်ျားကို သေကြောင်းကြံစည်ခြင်းကြောင့် မယားကို ကွာရှင်းမှုတွင် မယားဖြစ်သူသည် မည်သည့်ပစ္စည်းကိုမျှ ဝေစုပိုင်ခွင့်မရှိချေ။ သားသမီးများကိုလည်း လင်ယောက်ျားထံ ထားခဲ့ရသည်။ ကွာရှင်းကြေးလည်း ပေးဆောင်ရန် မလိုချေ။

## ဂျိန်ဖော့တို့၏ ရိုးရာဥပဒေ

၁၉၇၂ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့မှစ၍ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် တရားစီရင်ရေးစနစ်သစ်ကို စတင်ရာတွင် ကချင်ပြည်နယ်၌ ပြည်နယ်ပြည်သူ့တရားရုံးများ၊ မြို့နယ် ပြည်သူ့တရားရုံးများ ဖွဲ့စည်းပေး၍ ရာဇဝတ်ကျင့်ထုံး ဥပဒေအရ စီရင်ပိုင်ခွင့်၊ ကလေးသူငယ်များ ဥပဒေအရ စီရင်ပိုင်ခွင့်၊ ၁၉၂၆ ခုနှစ် ခန္တီးလုံခြုံရေးအမိန့်အရ စီရင်ပိုင်ခွင့်တို့အပြင် ၁၈၉၅ ခုနှစ် ကချင်တောင်တန်းသား မျိုးရိုးတူစုများဆိုင်ရာ ဥပဒေအရ စီရင်ပိုင်ခွင့်ကိုလည်း အပ်နှင်းထားခဲ့သည်။

ယင်းကချင်တောင်တန်းသား မျိုးရိုးတူစုများဆိုင်ရာ စည်းမျဉ်းဥပဒေ၏ အခန်း ၃၊ ပုဒ်မ ၆ တွင် ရာဇဝတ်စီရင်ပိုင်ခွင့်နှင့် ပတ်သက်၍ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

ရွာသူကြီးများသည် ရာဇဝတ်မှုကြီးများဖြစ်သည့် ရာဇသတ်ကြီး ပုဒ်မ ၃၀၂ မှ ၃၀၈၊ ၃၄၁ မှ ၃၄၈၊ ၃၆၃ မှ ၃၇၇၊ ၃၉၀ မှ ၄၀၂၊ ၄၃၈ မှ ၄၄၀ အရ ကျူးလွန်သောပြစ်မှုများ၊ ၎င်းပြစ်မှုများကိုကျူးလွန်ရန် အားပေးမှု သို့မဟုတ် အားထုတ်မှုများတို့မှတစ်ပါး အခြားသော အမှုငယ်များရှိ ရိုးရာဒေသ ဓလေ့ထုံးတမ်းအရ စစ်ဆေးစီရင်၍ ပြစ်မှုထင်ရှားသူအပေါ် ငွေ သို့မဟုတ် ပစ္စည်းများကို ဒဏ်အဖြစ် ရိုက်နိုင်သည်။



တရားမမှုခင်းနှင့် ပတ်သက်၍ ယင်းဥပဒေ၏အခန်း ၄၊ ပုဒ်မ ၇ (၃) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားရှိသည်။

တောင်တန်းသား မျိုးရိုးတူချင်း ဖြစ်ပွားသည့် တရားမမှုခင်း သဘောဖြစ်ပွားသော အမှုကို ဆုံးဖြတ်ရာ၌ ရပ်ရွာဒေသ၏ ဓလေ့ထုံးတမ်း တရားမျှတမှု၊ သာနာညီမျှမှုကောင်းသော စေတနာတို့ဖြင့် အထောက်အထားပြု၍ ဆုံးဖြတ်ရမည်။

သို့ဖြစ်၍ ကချင်ပြည်နယ်အတွင်းဖြစ်ပွားသည့် တရားရုံးသို့ရောက်လာသည့် ရာဇဝတ်နှင့် တရားမမှုခင်းများနှင့် ပတ်သက်၍ တောင်တန်းသား မျိုးရိုးတူချင်း ဖြစ်လာပါက ၎င်းတို့၏ ရိုးရာ ဓလေ့ထုံးတမ်းများကို မပစ်ပယ်ဘဲ ထည့်သွင်းစဉ်းစားဆုံးဖြတ်နိုင်ခွင့် ရှိပေသည်။

ဂျိန်ဖော့ခေါ် ကချင်တိုင်းရင်းသားတို့၏ ဥပဒေဆိုသည်မှာ လူမှုဆက်ဆံရေးမှ ပေါ်ပေါက်လာသော ဝင့်ကြွေးများအနက် မည်သည့်ဝင့်ကြွေးကို မည်သည့်ဖဂါဖြင့် ဖြေရှင်းရမည်ဟူ၍ သတ်မှတ်ထားသော ရိုးရာစည်းမျဉ်းများပင်ဖြစ်သည်။

ရိုးရာထုံးစံအရ ကချင်တိုင်းရင်းသားတို့၏ လူမှုဆက်ဆံရေးတွင် လိုက်နာကျင့်သုံးရမည့် ဥပဒေ စည်းမျဉ်းများကို လူမှုဆက်ဆံရေးမှ ပေါ်ပေါက်လာသော ပြဿနာများအပေါ် မူတည်၍ အောက်ပါအတိုင်း ခွဲခြားသတ်မှတ်နိုင်သည်။

၁။ ဥစ္စာပစ္စည်း ပျက်စီးစေခြင်း၊ ခိုးဝှက်လုယူ ဖျက်ဆီးခြင်း ဆိုင်ရာ ဥပဒေ၊

၂။ လူသတ်မှု၊ လူသေမှုဆိုင်ရာ ဥပဒေ၊
၃။ ကာမကျူးလွန်မှုဆိုင်ရာ ဥပဒေ၊
၄။ ကတိပျက်မှုဆိုင်ရာ ဥပဒေ၊
၅။ နှုတ်ကျူးလွန်မှုဆိုင်ရာ၊ ကိုယ်ထိလက်ရောက်ကျူးလွန်မှုဆိုင်ရာ ဥပဒေ၊
၆။ မြေယာနှင့် ဥစ္စာပစ္စည်း ပိုင်ဆိုင်မှုနှင့် စပ်လျဉ်းသော ဥပဒေ၊
၇။ ယောက္ခမမျိုး၊ သမက်မျိုးဆိုင်ရာ ဥပဒေ၊
၈။ စိုက်ပျိုးခြင်း၊ အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်းဆိုင်ရာဥပဒေ၊
၉။ ကြွေးမြီနှင့် ပတ်သက်သော ဥပဒေ၊
၁၀။ မတရား တားဆီးပိတ်ပင်မှု၊ မတရားချုပ်နှောင်မှုဆိုင်ရာ ဥပဒေ၊
၁၁။ လူမှုရေးဆိုင်ရာ အထွေထွေ ဥပဒေ။

ခိုးမှုဆိုင်ရာနှင့် ပစ္စည်းဥစ္စာ ပျက်စီးစေမှုဆိုင်ရာ ဥပဒေများတွင် နစ်နာသူက လျော်ကြေးတောင်းသည့်အခါ ပျက်စီးဆုံးရှုံးသောပစ္စည်း၏ တန်ဖိုးအပြင် အပိုတင်၍ တောင်းဆိုနိုင်ခွင့်ကို ရိုးရာဥပဒေအရ ခွင့်ပြုထားခဲ့သည်။ ထို့ကြောင့် တစ်စုံတစ်ဦးသည် သူတစ်ပါး၏ ကျွဲတစ်ကောင်ကို ခိုးယူကြောင်း အခိုင်အလုံ တွေ့ရှိပါက ခိုးသူသည် ကျွဲရှင်အား မိမိခိုးယူသော ကျွဲအပြင် နောက်ထပ် ကျွဲတစ်ကောင်ဆောင်း၍ ဖဂါ သုံးခု ပေးဆောင်ရလေသည်။ ထိုသို့ပေးဆောင်ရသော ဖဂါသုံးမျိုးမှာ-

(က) မောင်းတစ်လုံး၊
(ခ) ပုတီးတစ်ကုံး၊
(ဂ) ဓားတစ်လက်တို့ဖြစ်သည်။



အလားတူပင် အခြားပစ္စည်း တစ်စုံတစ်ရာကို ခိုးယူမိတိုင်း ခိုးယူသွားသော ပစ္စည်းအပြင် ဖဂါကို အပိုဆောင်ပေးရသည်။ ပျက်စီးစေမှုများတွင် မတော်တဆ ပျက်စီးမှုနှင့် ပျက်စီးလိုသော ဆန္ဒဖြင့် ဖျက်ဆီးမှုဟူ၍ နှစ်မျိုးရှိရာ မတော်တဆ ပျက်စီးသွားမှုအတွက် ပျက်စီးသော ပစ္စည်းကို အစားပေး၍ နောက်ထပ် လက်ဆောင် ဖဂါတစ်ခု၊ နှစ်ခုကို အပိုပေးနိုင်လျှင် ပြီးပြတ်သည်။ ရှေ့နေအဖြစ် ပါဝင်သော ကဆာများက ရေရေလည်လည် ပြောနိုင် ဆိုနိုင်လျှင်လည်း ပျက်စီးနစ်နာသော တန်ဖိုးကို အလျော်ပေးရုံမျှနှင့်ပင် ကျေအေးနိုင်သည်။ ဖျက်ဆီးလိုသော ဆန္ဒဖြင့် ဖျက်ဆီးမိပါမူ နစ်နာသော ပစ္စည်းတန်ဖိုး၏ နှစ်ဆကို ပေးရမြဲ ဖြစ်လေသည်။

လူသတ်မှုနှင့် လူသေမှုများတွင် သေစေလို၍ သတ်သော အမှု၊ မတော်တဆ ထိခိုက်ဒဏ်ရာရ၍ သေဆုံးမှု၊ တာဝန်ထမ်းဆောင်နေစဉ် သေဆုံးမှု၊ အသတ်ခံရမှုဟူ၍ အမျိုးမျိုးရှိရာ အမှုအခြေအနေကိုလိုက်၍ အသက်ဖိုးကို လျော်ကြေးပေးကြရသည်။ သာမန်လူတန်းစားများကို သတ်ဖြတ်မှုတွင် ဖဂါ အမျိုးပေါင်း ၂၅ မျိုးမှ ၅၀ မျိုးအထိသာ ပေးရသော်လည်း ဒူဝါအနွယ်များကို သတ်ဖြတ်မိပါက ဖဂါအမျိုး ၁၀၀ အထိ ပေးဆောင်ကြရသည်။ လူသတ်မှုနှင့် ပတ်သက်သော ဖဂါသုံးမျိုးမှာ -

၁။ အသုဘ အခမ်းအနားအတွက် ဖဂါများ၊
၂။ သေဆုံးသူ၏ ခန္ဓာကိုယ် ဆုံးရှုံးမှုအတွက် ဖဂါများ၊
၃။ သေဆုံးသူ၏ အသက်ဖိုးအတွက် ဖဂါများဖြစ်သည်။

မတော်တဆ ထိခိုက်ဒဏ်ရာရရှိ၍ ဖြစ်ပွားသော သေဆုံးမှုများတွင် သေစေလိုသော ဆန္ဒဖြင့် သတ်သော အမှုကဲ့သို့ လျော်ကြေး

အများအပြား မပေးရပေ။ တစ်စုံတစ်ဦး သစ်ပင်ခုတ်ရာတွင် ဝင်ရောက်ကူညီသော ကချင်တစ်ဦး သေဆုံးသွားပါက သစ်ပင်ခုတ်သူမှာ တာဝန်ရှိပေသည်။ သို့ရာတွင် သေစေလိုသောဆန္ဒ မရှိခြင်းကြောင့် သေသူ၏ ဆွေမျိုးသားချင်းများအား ကျေးရွာလူကြီးများက သတ်မှတ်သည့်အတိုင်း သင်္ဂြိုဟ်စရိတ် အနည်းအကျဉ်းနှင့် ကျန်ရစ်သူများအတွက် နှစ်သိမ့်ခြင်း ဖြစ်စေရန်မျှသာ လျော်ကြေးပေးဆောင်ရသည်။ အခကြေးငွေ ပေး၍ စေခိုင်းသော လုပ်ငန်းများကို လုပ်ကိုင်ရင်း သေဆုံးသည်ဖြစ်စေ၊ ဒဏ်ရာရသည်ဖြစ်စေ အခပေးငှားသူတွင် တာဝန်မရှိပေ။

ကာမကျူးလွန်မှုဆိုင်ရာ မှုခင်းများတွင် ထိမ်းမြားလက်ထပ်ခြင်း မပြုမီ မိန်းကလေးမှာ ကိုယ်ဝန်ရရှိပြီး မီးဖွားစဉ်တွင် ကွယ်လွန်သေဆုံးပါက တာဝန်ရှိသူ ယောကျ်ားက အသက်ဖိုးကို လျော်ရသော ထုံးစံရှိသည်။ ကာမကျူးလွန်မှုများ၌ အလိုမတူဘဲ ပြုကျင့်မှု၊ နှစ်ဦးသဘောတူ ပြုကျင့်မှုဟူ၍ ခွဲခြားမထားပေ။ မည်သည့်ကျူးလွန်မှုမျိုး၌မဆို တာဝန်ရှိသူမှာ ယောကျ်ားသာလျှင်ဖြစ်သည်။

လင်ရှိ အမျိုးသမီးတစ်ဦးသည် မိမိ၏ဆန္ဒအရ သူစိမ်းယောကျ်ားတစ်ဦးနှင့် ဖောက်ပြားသည့်တိုင် အပြစ်ရှိသူမှာ ဖောက်ပြားမိသော ယောကျ်ားသာလျှင်ဖြစ်၍ အမျိုးသမီး၏ လင်ယောကျ်ား ကျေနပ်စေရန်အတွက် မောင်းတစ်လုံး၊ တောင်ရှည်ပုဆိုးတစ်ထည်၊ ကျွဲတစ်ကောင်၊ ပုတီးတစ်ကုံး၊ ဓားလွယ်တစ်ခုကို ဖဂါပစ္စည်းများအဖြစ် လင်ယောကျ်ားအား ပေးရသည်။ မိန်းကလေး၏ မိဘများကိုလည်း ပေးရသည်။

လင်ရှိမယားတစ်ဦးကို အလိုမတူဘဲ အဓမ္မကျူးလွန်မိလျှင်မူကား လင်ယောကျ်ား၏ ဆွေမျိုးများကဖြစ်စေ၊ လင်ယောကျ်ားကိုယ်တိုင်ကဖြစ်စေ ကျူးလွန်သူအား သတ်ပစ်နိုင်သည်အထိ ရိုးရာဓလေ့က ခွင့်ပြုထားသည်။ သို့ရာတွင် ထိုသို့ သတ်ပစ်လျှင် အစိုးရ၏ ဥပဒေအရ အိန္ဒိယ ရာဇသတ်ပုဒ်မ ၃၀၂ တွင် အကျုံးဝင်လေသောကြောင့် လျော်ကြေးဖြင့်ပင် ကျေနပ်ကြသည်။ လျော်ကြေးမှာလည်း ဖဂါ အမျိုးပေါင်း ၅၀ ရှိရာ အသက်ဖိုးတမျှ ပေးဆောင်ကြရသည်။ အချို့နေရာတွင်လည်း ကာယကံရှင် အမျိုးသမီး၏ ယောကျ်ားဖြစ်သူက အဆိုပါ အမျိုးသမီးကို မင်္ဂလာဆောင်စဉ်က တင်တောင်းခဲ့သော ဖဂါ နှစ်ဆကို လျော်ကြေးအဖြစ် တောင်းလေ့ရှိသည်။

ယောကျ်ားတစ်ယောက်သည် လင် မရှိသော မိန်းမတစ်ဦးကို အလိုမတူဘဲ ကာမကျူးလွန်ခဲ့သည်ရှိသော် လင်ရှိမယားကို ကျူးလွန်သလောက် အပြစ်မကြီးချေ။ အမျိုးသမီး၏ ဆွေမျိုး မိဘများအား လျော်ကြေးအဖြစ် ဆယ်ထွာရှိ မောင်းတစ်လုံး၊ ကျွဲတစ်ကောင်၊ တောင်ရှည်ပုဆိုးတစ်အုပ်၊ ငွေလက်ကောက်တစ်ရံ၊ ဓားကြီးတစ်လက်၊ လှံကြီးတစ်ချောင်း စသော ဖဂါများကိုပေး၍ ကျေအေးနိုင်သည်။

နှစ်ဦးသဘောတူ ကျူးလွန်မိပါကလည်း မိန်းကလေး၏ မိဘ ရိုးရာနတ်ကို ပူဇော်ရန်အတွက် ဝက်၊ ကြက် စသည့်ပစ္စည်းများဖြင့် လျော်ကြေးပေးရသည်။ လင်မရှိသေးစေကာမူ စေ့စပ်ကြောင်းလမ်းထားပြီးဖြစ်နေသည့် မိန်းကလေးတစ်ဦးဦးကို အလိုတူ၊ သဘောတူ ကျူးလွန်မိပါကလည်း စေ့စပ်ထားသည့် ယောကျ်ားက အရေးဆိုလျှင် ကျူးလွန်သူ ယောကျ်ားက လျော်ကြေးပေးရသည်။ စေ့စပ်ကြောင်းလမ်းပြီးသား အမျိုးသမီးတစ်ဦးသည် လက်ထပ်ထိမ်းမြားပြီးသား အမျိုးသမီးတစ်ဦးနှင့် မခြားသဖြင့် ယင်းအမျိုးသမီးအား ကျူးလွန်မိပါက မောင်းတစ်လုံး၊ ကျွဲတစ်ကောင်၊ ပိုးပုဆိုး တောင်ရှည် တစ်အုပ်၊ ကော်ဇောတစ်ချပ်၊ ဓားရှည် တစ်လက်တို့ကို ဖဂါအဖြစ် ပေးဆောင်ရသည်။

ကတိပျက်ကွက်မှုများမှာ ထိမ်းမြားလက်ထပ်ရေးတွင် ခန်းဝင်ပစ္စည်း သတ်မှတ်ထားသောနေ့၌ ကတိပျက်သည့်အခါမျိုးတွင်ဖြစ်စေ ကတိပျက်သော အမျိုးတစ်မျိုးလုံးမှာ ဝင့်ကြွေးတင်လေသည်။

နှုတ်မှုကျူးလွန်မှုနှင့် ကိုယ်ထိလက်ရောက် ကျူးလွန်မှုတို့တွင် သာမန်လူတစ်ဦးကို အခြားပုဂ္ဂိုလ်တစ်ဦးက နှုတ်ဖြင့်လည်း ကောင်း၊ ကိုယ်ထိလက်ရောက်သော်လည်းကောင်း ကျူးလွန်မိသော် ဓားတစ်ချောင်း သို့မဟုတ် လှံတစ်ချောင်း သို့မဟုတ် ဖိုခနောက်တစ်ခုဖြင့် ကျေအေးနိုင်သည်။ ဒူဝါတစ်ဦးကို ကိုယ်ထိလက်ရောက် ကျူးလွန်ပါက ဖဂါအမျိုး ၅၀ ပေးမှသာ ဝင့်ကြွေးငြိမ်းနိုင်ဖွယ်ရှိသည်။

ကျေးရွာအချင်းချင်း ဖြစ်ပွားသော မြေယာအမှုတွင် လက်ရှိပိုင်ရှင်များက ကျေးရွာတည်ထောင်ရန် ဘိုးဘေးမိဘတို့ မြေယာဝယ်ယူစဉ်အခါက အဖိုးတန်ပစ္စည်းများဖြင့် ရယူခဲ့ခြင်းဖြစ်ရာ မြေယာလက်လွှဲ လက်ပြောင်းပြုရာတွင် ဘိုးဘေး မိဘမှ ဆင်းသက်လာခဲ့သော အိမ်ထောင်စုများအားလုံး ကျေနပ်မှသာ ပြဿနာ ပြေလည်နိုင်သည်။

ယောက္ခမမျိုး၊ သမက်မျိုး ဆက်ဆံရေးဆိုင်ရာ ထုံးတမ်းစဉ်လာဥပဒေများ၏ ရည်ရွယ်ချက်မှာ တစ်နွယ်နှင့်တစ်နွယ်၊ တစ်မျိုးနှင့်တစ်မျိုး အိမ်ထောင်ရေးဆက်ထုံးများကို တစ်ထုံးပြီးတစ်ထုံး ဆက်ထားခြင်းဖြင့် သွေးသားတော်စပ်မှုလည်း ခိုင်မြဲလာ၍ အဓွန့်ရှည်စေရန်ပင်ဖြစ်သည်။ တစ်ဖက်ဖက်က အဆက်တစ်ခုကို ဖြတ်လိုက်လျှင်၊ ဆက်ရမည့်အဆက်ကို မဆက်ဘဲထားခဲ့လျှင် သို့မဟုတ် ဆက်ရန်ဝန်လေးခဲ့လျှင် ပျက်ကွက်သူက လျော်ကြေးပေးရန် ဝင့်ကြွေးတင်ရှိလာသည်။ ဤသဘောမှာ မယု-ဓာမ ဆက်ဆံရေးတွင် အဓိကအကျဆုံး လူမှုဆက်ဆံရေး စည်းမျဉ်းဥပဒေများပင်ဖြစ်သည်။



မယုမျိုးတွင် အရွယ်ရောက်နေပြီဖြစ်သော သမီးပျိုတစ်ယောက်ရှိ၍ ဆွေမျိုးမတော်စပ်သော အခြားအနွယ်တစ်ခုက အမျိုးဆက်လိုကြောင်း လာရောက်ကြောင်းလမ်းခဲ့လျှင် ထိုအခြင်းအရာကို ဓာမမျိုးထံသို့ အကြောင်းကြားရသည်။ ထို့အတူ ဓာမမျိုးကလည်း မယုမျိုးအသစ် ရှာလိုက မယုဟောင်းထံသို့ ဖဂါတစ်ခုခုပေးပို့၍ အခြေအနေကို ပြောပြရသည်။ မယုဟောင်းက သဘောတူ ခွင့်ပြုလျှင် အထိမ်းအမှတ်အဖြစ်ဖြင့် မောင်းတစ်လုံးနှင့် ပုဆိုးတစ်ထည်ကို ပေးလေ့ ရှိသည်။ ထိုပစ္စည်းကို သက်သေထူ၍ ဓာမမျိုးတို့သည် မယုသစ်နှင့် စကားကမ်းလှမ်းနိုင်သည်။ ထိုသို့ မယုဟောင်းနှင့် ဓာမဟောင်းတို့ အပြန်အလှန် အကြောင်းကြားခြင်းမပြုဘဲ မယုသစ်၊ ဓာမသစ် ရှာကြမည်ဆိုပါက လျော်ကြေးတောင်းသည်အထိ ဖြစ်လာနိုင်သည်။

မယုမျိုးနှင့် ဓာမမျိုးတို့ တစ်ဖက်နှင့်တစ်ဖက် သားသမီး ဖလှယ်ရန်အတွက် စေ့စပ်ကြောင်းလမ်းပြီးပါက စေ့စပ်ကြောင်းလမ်းခြင်းကို လွယ်လွယ်ကူကူနှင့် ဖျက်၍ရနိုင်သည် မဟုတ်ချေ။ နှစ်ဖက်သဘောတူကျေနပ်ခဲ့ကြ၍ မယုမျိုးက ဓာမမျိုးအား လှံနှင့်ဓားကိုလည်းကောင်း၊ ဓာမမျိုးက မယုမျိုးအား ကညာကြေး ခေါ် ခန်းဝင်ပစ္စည်းများအပြင် ကွန်ဘာသောဖဂါ ခေါ် စေ့စပ်ရေး ဖျက်သိမ်းခြင်းအတွက် လျော်ကြေးတောင်း၍ ပေးရသည်။ ထိုသို့ တောင်း၍ ပေးရသော ဖဂါများမှာ ငွေကျပ် ၁၀၀ နှင့် ပိုးပုဆိုး တစ်ထည်တို့ဖြစ်သည်။

ယောကျ်ားဘက်မှ ပျက်ကွက်လျှင်လည်း မိမိတင်ထားသော ဖဂါများကို အဆုံးခံရသည့်အပြင် မိန်းကလေးမိဘများ ကျေနပ်စေရန်အတွက် ကျွဲတစ်ကောင်၊ တောင်ရှည်တစ်ထည်နှင့် ငွေကျပ် ၁၀၀ တို့ကို လျော်ကြေးအဖြစ် ထပ်မံပေးရလေသည်။

ထိမ်းမြားလက်ထပ်ပြီးနောက်တွင် မိန်းမဖြစ်သူက ဖောက်ပြန်ပါက မယူမျိုးတို့ကပင် တာဝန်ယူရပြန်သည်။ လင်ရှိမိန်းမတစ်ဦးတွင် နောက်ယောကျ်ားနောက်သို့ လိုက်သွားသည်ဖြစ်စေ၊ မိဘအိမ်သို့ ပြန်လာခဲ့သည်ဖြစ်စေ၊ လင်ယောကျ်ားနှင့် ဆက်လက်ပေါင်းသင်းနေထိုင်ရန် ငြင်းဆန်သည်ဖြစ်စေ မိန်းမ၏ မိဘများက ပြဿနာကို ပြေလည်အောင် ဖြေရှင်းကြရသည်။ သမက်မျိုးတို့ ကျေနပ်မှုရှိစေရန်အတွက် သမီးကို ဖျောင်းဖျ၍ သမက်ထံ ပြန်ပို့ရသည်။ သမီးမှာ နောက်ယောကျ်ားနှင့် အရပ်တစ်ပါးသို့ ထွက်ခွာသွားသည်ဆိုပါက သမီးအစား သမီးငယ်များ ရှိလျှင် သို့မဟုတ် တူမများနှင့် သမက်ကို လက်ဆက်ပေးရသည်။ အစားမရနိုင်သည့်အဆုံးတွင် သမက်ထံမှ ယူထားသော ခန်းဝင်ပစ္စည်းအားလုံး ပြန်ပေးရသည့်ပြင် မင်္ဂလာစရိတ်ကုန်ကျသမျှကိုပါ လျော်ကြေးပေးရသည်။

သမီး သေလျှင်လည်း ယောက္ခမမျိုးတို့မှာ သမက်အတွက် နောက်မိန်းမ ပေးစားရန် တာဝန်ရှိသည်။ သမက်အရွယ်ကောင်းစဉ် သမီးသေဆုံးသွားပြီး သားငယ်၊ သမီးငယ်များနှင့် ကသီလင်တဖြစ်နေပါက ယောက္ခမမျိုးတို့က အိမ်တွင် ရှိနေသေးသည့် သမီးတစ်ဦးနှင့် သော်လည်းကောင်း သို့မဟုတ် မိမိတို့အမျိုးထဲမှ အရွယ်ရောက်ပြီးဖြစ်သည့် လွတ်လပ်သော သမီးပျိုတစ်ဦးဦးနှင့်သော်လည်းကောင်း နောက်ထပ် လက်ဆက်နိုင်ရန် စီစဉ်ပေးရသည်။ ထိုအစီအစဉ်မျိုးတွင် သမက်ဖြစ်သူက ငြင်းဆန်ရိုးမရှိ၊ ယောက္ခမမျိုးထဲမှ စီစဉ်သည့် အမျိုးသမီးကိုသာ ထိမ်းမြားလက်ထပ်ရသည်။

အိမ်ထောင်ရှင် မိန်းမတစ်ဦးအဖို့ လင်ယောကျ်ား သေဆုံးသွားခဲ့သော် မယူ-ဓာမ ဆက်ဆံရေးအရ လင်ယောကျ်ား၏ ညီအစ်ကိုမျိုးများက ခွေမျိုးရင်းချာကဲ့သို့ပင် စောင့်ရှောက်ရမည့် ဝတ္တရား ရှိသည်။ ကျန်ရစ်သူ မိန်းမက သဘောတူပါက လင်ယောကျ်ား၏ ညီနှင့်ဖြစ်စေ၊ အစ်ကိုနှင့်ဖြစ်စေ လက်ထပ်ထိမ်းမြားခြင်း ပြုနိုင်သည်။ သို့မဟုတ် မိမိ၏ မိဘများ အသက်ထင်ရှား ရှိနေသေး၍ မိဘများထံ ပြန်လိုကလည်း ပြန်နိုင်သည်။ သို့သော် ထိုမုဆိုးမအား စောင့်ရှောက်ရမည့်သူများမှာ ကွယ်လွန်သူ လင်ယောကျ်ား၏ ညီအစ်ကိုမျိုးများသာဖြစ်ပေသည်။ လင်ယောကျ်ား၏ ခွေမျိုးများက စောင့်ရှောက်ခြင်း မပြု၍ မုဆိုးမမှာ မိဘထံသို့ ပြန်ရသည်ဆိုပါက သမက်မျိုးတို့မှာ ဝင့်ကြွေးတင်လေသည်။ ထိုဝင့်ကြွေးကို ကျေလည်စေရန် ယောက္ခမမျိုးတို့အား ပေးဆပ်ရလေသည်။

မိမိလင်ယောကျ်ား သေဆုံးသွားသော မုဆိုးမတစ်ဦးမှာ မိမိလင်ယောကျ်ား မရှိသော်လည်း သမက်မျိုးနှင့် အဆက်အသွယ် ပြတ်သွားသည် မဟုတ်ချေ။ မိမိလင်ယောကျ်ား သေဆုံးသောအခါ သမက်မျိုး၏ အစောင့်အရှောက်ကို မခံလို၍ မိမိသဘောအလျောက် မိဘထံ ပြန်လိုက သားသမီးများကို သမက်မျိုးတို့ထံ ထားခဲ့၍ ပြန်လာနိုင်သည်။ အရွယ်ရှိသေး၍ နောက်အိမ်ထောင် ပြုလိုက သမက်မျိုးထဲမှ ယောကျ်ား တစ်ဦးဦးနှင့် အိမ်ထောင်ပြုနိုင်သည်။ ထိုအကြောင်းကို ဖဂါပေး၍ သမက်မျိုးထံတွင် ခွင့်ပန်ရသည်။ ထိုသို့ သမက်မျိုးထံမှ ယောကျ်ား တစ်ဦးဦးနှင့် လက်ဆက်သည့်အခါတွင် ယောကျ်ားက အပျိုစင်တစ်ဦးကို လက်ထပ်သည့်နည်းအတိုင်း လက်ထပ်ယူရသည်။

စိုက်ပျိုးခြင်း၊ ငါးဖမ်းခြင်း၊ အမဲလိုက်ခြင်းတို့တွင် လိုက်နာကျင့်သုံးရသော ရိုးရာစည်းမျဉ်း ဥပဒေများမှာ တစ်ဦးတစ်ယောက်အကျိုးထက် အများအကျိုးကို ဦးစားပေးလေ့ရှိသည်။ တောင်ယာခုတ်

ရာတွင် ကျေးရွာသားတစ်ဦးသည် မိမိကြိုက်နှစ်သက်သော အချိန်တွင် မိမိသဘောအတိုင်း ခုတ်ထွင်ခြင်း၊ မီးရှို့ခြင်း မပြုနိုင်ပေ။ နယ်မြေဆိုင်ရာ ဒူဝါများ ခွင့်ပြုမှသာ ခွင့်ပြုသည့် နယ်များတွင် ဆောင်ရွက်နိုင်သည်။ သူတစ်ပါး၏ တောင်ယာကို ကျူးကျော်ခုတ်မိလျှင်ဖြစ်စေ၊ ကျူးကျော်စိုက်ပျိုးမိလျှင်ဖြစ်စေ၊ အသီးအနှံများကို ပိုင်ရှင်မခူးမီ ခူးမိလျှင်ဖြစ်စေ၊ ကျွဲနွားများ ကျူးကျော်သွားလျှင်ဖြစ်စေ ကျူးလွန်သူမှ ရွာသူကြီးများ ဆုံးဖြတ်သည့်အတိုင်း လျော်ကြေးများပေးရသည်။ အမဲလိုက်ရာတွင် သူတစ်ပါး ထောင်ထားသော ထောင်ချောက်များတွင် မိနေသော သားကောင်များကို ထုတ်ယူမိလျှင် ကျူးလွန်သူက လျော်ကြေးပေးရသည်။ အမဲပေါင် တစ်ပေါင် ပေးရသည်။

ကြွေးမြီမှုသည် မကြာခဏ ပေါ်ပေါက်တတ်သော အမှုဖြစ်၍ ကြီးလေးသော ပြစ်မှုဟူ၍ မရှိချေ။ ငွေ သို့မဟုတ် ကောက်ပဲသီးနှံကို ချေးငှားရာမှ ပြန်လည်ရရှိလိုမှုကြောင့် ချေးယူသူက ပေးဆပ်နိုင်မည့် အခြေအနေကို အကဲခတ်၍ စိတ်ရှည်လက်ရှည် တောင်းယူရသည်။ ကြွေးမြီကိစ္စနှင့် ပတ်သက်၍ တစ်ဦးနှင့် တစ်ဦး တစ်နွယ်နှင့်တစ်နွယ် ဆက်ဆံရေး ပျက်ပြားသွားမည့် အခြေအနေမျိုး မရှိပေ။

ဂျိန်ဖော့တို့၏ ရိုးရာ ဥပဒေများသည် အမှုဖြစ်သူ အချင်းချင်း အမျက်ဒေါသလည်းပြေစေ၊ ရန်ငြိုးလည်းကျေစေ၊ ရပ်ရွာပြည်နယ်ပြည်ထောင်စု စည်းလုံးညီညွတ်ရေးကိုလည်း အထောက်အကူပြုစေပါသည်။ အမှုပြီးဆုံးသည်နှင့် တရားလို၊ တရားခံ နှစ်ဦးတို့က စီရင်ဆုံးဖြတ်ပေးသော လူကြီးကို ဖဂါ ခေါ် ကွမ်းဖိုးများ လက်ဆောင်ပေးလေ့ ရှိသည်။ အမှုပြီးပြတ်သည့်အခါတွင်လည်း အမှုပြီးပြတ်သည့် အထိမ်းအမှတ်အဖြစ် ထိန်ရမ်းဂျာခေါ် ကျေအေးပစ္စည်းများကို တရား



သူကြီးများရှေ့တွင် အပြန်အလှန် ပေးကြလေသည်။ ဂျိန်ဖော့တိုင်းရင်းသား အပါအဝင် ကချင်တိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်း ဥပဒေများကို လေ့လာ သုံးသပ်ပါက စိတ်ဝင်စားဖွယ်ကောင်း၍ ယနေ့ခေတ်၏ စနစ်နှင့် မဆန့်ကျင်သည့်အချက်များကို တွေ့ရသည်။ ပြဿနာများ ပေါ်ပေါက်လာပါက ရပ်ရွာလူကြီးများက တရားမျှတစွာ ကျေအေး၍ ရန်မီးအေးအောင် ဆုံးဖြတ်ပေးခြင်း၊ မိသားစုချင်း ပြေလည်အောင် ညှိနှိုင်းပေးခြင်း စသည့် ကောင်းမြတ်သော အချက်များမှာ ဂျိန်ဖော့တိုင်းရင်းသားတို့ လက်ခံကျင့်သုံးသည့် ဓလေ့ရိုးရာ ဥပဒေများဖြစ်သည်ကို တွေ့ရှိရသည်။

## အကြီးလေးဆုံးသော ပြစ်မှု

ရိုးရာဓလေ့ဥပဒေများတွင် လူသတ်မှုသည် အကြီးလေးဆုံးသော ပြစ်မှု ဖြစ်သည်ဟု ဂျိန်ဖော့သွေးချင်းများ ခံယူထားသည်။ သို့ဖြစ်၍ ဂျိန်ဖော့တို့သည် လူသတ်မှုဟူ၍ မရှိသလောက် ရှားလှသည်။

### လူသေမှုအတွက်လျော်ကြေး

ကချင် ဓလေ့ထုံးတမ်းအရ မည်သူမဆို လူသတ်မှု ကျူးလွန်လျှင် အောက်ပါလျော်ကြေးပစ္စည်းများ သို့မဟုတ် ၎င်းပစ္စည်းတို့၏ တန်ဖိုးငွေကို လျော်ကြေးအဖြစ် ပေးဆောင်ရလေသည်။

*(ကိုယ်အင်္ဂါ အစိတ်အပိုင်းအတွက် လျော်ကြေးများ)*

| | |
|---|---|
| ၁။ ဆယ်ထွာမောင်း | ၁ လုံး |
| ၂။ ပိုးချည် | ၁ လိမ် |
| ၃။ ရွဲစေ့ | ၂ လုံး |
| ၄။ မောင်း (ခြောက်ထွာ) | ၂ လုံး |
| ၅။ ရွှေ | ၁ မတ်သား |



| | |
|---|---|
| ၆။ တောင်ရှည်ပုဆိုး | ၁ အုပ် |
| ၇။ ငွေဆေးတံ | ၁ ချောင်း |
| ၈။ လင်းကွင်း | ၁ ခု |
| ၉။ ချိူ | ၁ စုံ |
| ၁၀။ ကြွေစေ့ | ၃၂ လုံး |
| ၁၁။ ဓားကြီး | ၁ လက် |
| ၁၂။ ကျောက်အိုး | ၁ လုံး |
| ၁၃။ မထိုးလှံရှည် | ၁ ချောင်း |
| ၁၄။ တူမီးသေနတ် | ၄ လက် |
| ၁၅။ သင်းခွေချပ်အကြေး | ၂၀ ခု |
| ၁၆။ ဓားကြီး | ၁၀ လက် |
| ၁၇။ ရှေးဟောင်းမောင်း | ၁ လုံး |
| ၁၈။ မောင်းကြီး (ရှစ်ထွာ) | ၁ လုံး |
| ၁၉။ သဘာဝ ကျောက်ပုတီး | ၁ ကုံး |
| ၂၀။ စဥ့်အိုး | ၁ လုံး |
| ၂၁။ တူမီးသေနတ် (ကျောရိုးအတွက်) | ၁ လက် |
| ၂၂။ ဆန် | ၁၀ တင်း |
| ၂၃။ မောင်းကြီး (ဆယ်ထွာ) | ၁ လုံး |
| ၂၄။ ဆင်စွယ်၊ ရှေးဟောင်းမောင်း (ကျား-မ အင်္ဂါဇာတ်အတွက်) | ၁ ချောင်း၊ လုံး |
| ၂၅။ ဝတ်ရုံ | ၁ ထည် |
| ၂၆။ ရိုးရိုးလွယ်အိတ်၊ ရှစ်ထွာမောင်းကြီး | ၂ လုံး (ကျား) |
| ၂၇။ ရှစ်ထွာမောင်းကြီးနှစ်လုံး၊မိုးကြိုးသွား | ၁ လုံး (မ) |

၂၈။ မောင်းငယ် သုံးထွာ ၁ လုံး

*(အဝတ်တန်ဆာနှင့် အဆောင်အယောင်ပစ္စည်းများအတွက်)*

၂၉။ သိုးမွေးချည် ၁ လိမ်
၃၀။ ခေါင်းပေါင်း ၁ ထည်
၃၁။ အင်္ကျီ ၃ ထည်
၃၂။ ဘောင်းဘီ၊ ထဘီ ၂ ထည်
၃၃။ ခါးပတ် ၁ ထည်
၃၄။ လွယ်အိတ် ၁ လုံး
၃၅။ ပါးလွယ်၊ နောက်လွယ် (ကျား၊ မ) ၁ လုံး
၃၆။ တူမီးသေနတ်နှင့် အဆင်တန်ဆာများ (ကျား၊ မ)
၃၇။ ခြေသလုံးစွပ် ၁ စုံ
၃၈။ ခင်းဖျာ ၁ ချပ်

*(သင်္ကြိုဟ်ကြေးအတွက်)*

၃၉။ ကျွဲ ၃ ကောင်
၄၀။ မောင်းကြီး(၆ထွာ၊ ၈ထွာ၊ ၁၀ထွာ) ၃ လုံး
၄၁။ ပိုးတောင်ရှည်ပုဆိုး ၃ ထည်
၄၂။ ပိုးတောင်ရှည်ပုဆိုး(ခေါင်းအတွက်) ၁ ထည်
၄၃။ တူမီးသေနတ် ၁ လက်
၄၄။ ဓားကြီး ၁ လက်၊ လှံကြီး ၁ ချောင်း
၄၅။ ဆန် ၁၀ တင်း
၄၆။ ဒယ်အိုး ၁ လုံး
၄၇။ ဖိုခုံလောက် ၁ လုံး



၄၈။ ခေါင်ရည်အိုးကြီး ၁ လုံး
၄၉။ အထွေထွေအသုံးစရိတ်အတွက် ၁၀၀ ကျပ်

*(ဘာသာအလိုက် သင်္ကြိုဟ်ကြေး)*

၅၀။ (က) တောင်ရှည်ပုဆိုး ၂ အုပ်
(ခ) မောင်းကြီး (ဆယ်ထွာ) ၁ လုံး
(ဂ) ဓားကြီး ၁ လက်

*(လျော်ကြေး ဖဂါပစ္စည်းများ သယ်ဆောင်ရန်အတွက်)*

၅၁။ မြင်း ၁ ကောင်

*[ရုပ်ရှာပြင်ခ (ဝါ) ရှာဆေးကြောခအတွက်]*

၅၂။ ကျွဲ ၁ ကောင်
၅၃။ မောင်းကြီး (ဆယ်ထွာ) ၁ လုံး
၅၄။ ခေါင်ရည်အိုး ၁ လုံး

၅၅။ ကျေအေးရာ ကျေအေးကြောင်းအတွက် ဖဂါပစ္စည်းများကို အမှုစီရင် ဆုံးဖြတ်ပေးသော လူကြီးများမှ ဆုံးဖြတ်ပေးသည့်အတိုင်း အပြန်အလှန် ပေးကြရသည်။

၅၆။ အမှုစီရင်ဆုံးဖြတ်နိုင်ရေးအတွက် ဆောင်ရွက်ပေးကြသော အောင်သွယ်နှစ်ဦးအား တစ်ဦးလျှင် ကျပ် ၁၀၀ ကျစီကို တရားလိုနှင့် တရားခံ နှစ်ဦးလုံးမှ အညီအမျှပေးရန်။

၅၇။ အမှု စီရင် ဆုံးဖြတ်ပေးသော လူကြီးများက နွားကို ဆေးကြောခအဖြစ် တရားလိုနှင့် တရားခံ နှစ်ဦးနှစ်ဖက်မှ ၁၀၀ ကျပ်ကျစီ ပေးရန်။

၅၈။ မှုခင်းပြီးပြတ်ကြောင်း နိဂုံးချုပ်သော အထိမ်းအမှတ်အဖြစ် တရားခံက တရားလိုအား ဖဂါပစ္စည်းတစ်ခု သို့မဟုတ် ကျပ် ၃၀ ထက် မများသောငွေကို ပေးလျော်ရန်။

အကယ်၍ အထက်ပါ လျော်ကြေးပစ္စည်းများကို ချက်ချင်းမပေးဆောင်နိုင်ပါက လျော်ကြေးပစ္စည်းများကို မပေးဆောင်မချင်း ငါးနှစ်မှ ၁၀ နှစ်အထိ ခြေချင်းခတ် ချုပ်ချယ်ထားလေ့ရှိသည်။

**ရှင်းလင်းချက်** (က) ကချင်ဓလေ့ထုံးတမ်းအရ အထက်ပါ လျော်ကြေး ပစ္စည်းများ သို့မဟုတ် ဒဏ်ငွေပေးဆောင်ရာ၌ တရားခံအပြင် ၎င်း၏ ဆွေမျိုးများကပါ ဝိုင်းဝန်းကူညီပေးဆောင်လေ့ရှိသည်။

(ခ) လင်နှင့်မယား သို့မဟုတ် သားနှင့်အဖ သို့မဟုတ် အစ်ကိုမောင်နှမ သို့မဟုတ် ကချင်ဓလေ့အရ အမွေဆက်ခံပိုင်ခွင့်ရှိသော အိမ်သားများ၊ အိမ်သားချင်းဟု အကြီးအကဲများက ဆုံးဖြတ်ပေးထားသောသူအချင်းချင်း ဖြစ်ပွားသော လူသတ်မှုတွင် သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသော တရားသူကြီးများသည် လျော်ကြေးနှင့် ပတ်သက်၍ လိုအပ်သလို စီရင်ဆုံးဖြတ်ချက် ပေးနိုင်သည့်အပြင် ကျေအေးစေရန်လည်း လုပ်ဆောင်ပေးနိုင်လေသည်။



**လူသတ်မှုမမြောက်သည့် ရာဇဝတ်မှုပြစ်ဒဏ်ထိုက်သောလူသေမှု**

မည်သူမဆို လူသတ်မှုမမြောက်သည့် ရာဇဝတ် ပြစ်ဒဏ်ထိုက်သော လူသေမှုကို ကျူးလွန်လျှင် လူသတ်မှုတွင် ဖော်ပြထားသော လျော်ကြေးပစ္စည်း သို့မဟုတ် ယင်းပစ္စည်းတို့၏ တန်ဖိုးငွေ၏ သုံးပုံတစ်ပုံထက် မနည်းသော လျော်ကြေးကို ပေးဆောင်ပါက ကချင်ဓလေ့ထုံးတမ်းအရ ပြစ်မှုကျေအေးမှု ပြုလုပ်နိုင်လေသည်။

အိမ်သားအချင်းချင်းဖြစ်သော လူသေမှုတွင် သက်ဆိုင်ရာ အကြီးအကဲ ဒူဝါ၊ ဆလန်ဝါတို့က နှစ်ဦးနှစ်ဖက် ကျေအေးစေရန် ပြုလုပ်ပေးနိုင်သည်။

**အိမ်စေသူရင်းငှား သေဆုံးမှု**

အိမ်စေသူရင်းငှား တစ်ဦးတစ်ယောက်သည် ဘေးမကင်းသောလုပ်ငန်းတစ်စုံတစ်ခုကို မိမိအလိုအလျောက် သဘောတူလုပ်ကိုင်နေစဉ် သေဆုံးသွားပါက အောက်ပါ လျော်ကြေးများကို အလုပ်ရှင်က ပေးလျော်ရမည်။

(က) ကတိပြုထားသော လုပ်ခ၊
(ခ) သင်္ဂြိုဟ်ရန် ကျွဲတစ်ကောင်၊
(ဂ) ခြုံစောင်အတွက် တောင်ရှည်ပုဆိုးတစ်အုပ်၊
(ဃ) မောင်းတစ်လုံး (ရှစ်ထွာ)၊
(င) ဓားတစ်လက်၊
(စ) လှံတစ်ချောင်း၊
(ဆ) အထွေထွေအသုံးစရိတ်အတွက် ၁၀၀ ကျပ်ထက်မများ။

သေဆုံးသူသည် နတ်ကိုးကွယ်သူဖြစ်ပါက နတ်ပဟောဆရာအား ပေးဆောင်ရမည့် နတ်ပူဇော် ပသခကို ပေးဆောင်ရမည်။

## မိမိကိုယ်ကို မိမိသတ်ရန် ကြံစည်အားထုတ်ခြင်း

မည်သူမဆို မိမိကိုယ်ကို မိမိသတ်သေလျှင် ကျန်ရစ်သော ညီအစ်ကို တစ်ဦးဦးက သင်္ဂြိုဟ်ပေးရ၍ ဒေသဆိုင်ရာ ဒူဝါ၊ လဆန်ဝါတို့ကို ရှာပြင်ခအဖြစ် အောက်ပါဖဂါများကို ပေးဆောင်ရမည်။

(က) ကျွဲတစ်ကောင်၊

(ခ) မောင်းရှစ်ထွာ တစ်လုံး၊

(ဂ) ခေါင်ရည်အိုး တစ်လုံး။

## အဆိပ်ခတ်၍ သူတစ်ပါးအသက်ကိုသတ်ရန် ကြံစည်မှု

လုပ်ကြံခံရသူ အသက်သေဆုံးလျှင် ပိုဒ် (၁) လူသတ်မှုတွင် ဖော်ပြထားသော လျော်ကြေးတို့ကို အပြစ်ကျူးလွန်သူက ပေးဆောင်ရမည်။

လုပ်ကြံခံရသူ အသက်သေဆုံးခြင်း မရှိလျှင် အပိုဒ် (၁) လူသတ်မှုတွင် ဖော်ပြထားသော လျော်ကြေး၏ ထက်ဝက်ကို အပြစ်ကျူးလွန်သူက ပေးဆောင်ရမည်။

## လူသတ်ရန် စေခိုင်းမှု

လူသတ်ရန် စေခိုင်းမှုတွင် မည်သူမဆို စေခိုင်းချက်အရ လူတစ်ဦး တစ်ယောက်အား သတ်ဖြတ်လျှင် ပိုဒ် (၁) တွင် ဖော်ပြထားသော လျော်ကြေးကို ပေးဆောင်ရမည်။



လျော်ကြေးပေးဆောင်ရာတွင် စေခိုင်းသူနှင့် သတ်ဖြတ်သူတို့ ထက်ဝက်စီ ပေးလျော်ရမည်။

## ခြောက်လှန့်၍ လူသေစေမှု

မည်သူမဆို တစ်ဦးတစ်ယောက်အား ခြောက်လှန့်၍ ၄င်းအပြုအမူကြောင့် ထိုသူသည် သေဆုံးသွားပါက ခြောက်လှန့်သောသူသည် အသက်လျော်ကြေး သုံးပုံတစ်ပုံကို ပေးလျော်ရမည်။

ခြောက်လှန့်၍ နာကျင်စေပါက ဓားလုံ့နှင့် အမှုဆုံးဖြတ်ပေးသော လူကြီးတို့မှ စီရင်ဆုံးဖြတ်သော ဆေးဖိုးဝါးခ ပေးလျော်ရမည်။

## ဧည့်သည်သေဆုံးမှု

ဧည့်သည်တစ်ဦးတစ်ယောက် သေဆုံးသွားပါက သေဆုံးသူ၏ မိဘဆွေမျိုးများက အိမ်ရှင်သို့ အိမ်ပြင်ခအဖြစ် ကျွဲတစ်ကောင် ပေးဆောင်ရမည်။

အိမ်ရှင်ကလည်း သေဆုံးသွားသူ၏ ကြွင်းကျန်ရစ်သော ပစ္စည်း ပစ္စယများကို အပ်နှံသော သဘောဖြင့် တောင်ရှည်ပုဆိုး တစ်အုပ်ကို သေဆုံးသူ၏ မိဘဆွေမျိုးများအား ပေးလိုက်ရသည်။

ဂျိန်ဖော့ခေါ် ကချင်တိုင်းရင်းသား မိသားစုများ၏ ရိုးရာဓလေ့ အရ လူသတ်မှုသည် အကြီးလေးဆုံး ပြစ်မှုဖြစ်သည်ဟု မှတ်ယူထား ကြသည့်အတွက် ကချင်မျိုးနွယ်စုဝင်များတွင် လူသတ်မှုကို မဖြစ်ပေါ် စေရန် လိုက်နာကြသည်မှာ နှစ်သက်ဖွယ် အမူအကျင့်ကောင်းများ၊ စိတ်ဓာတ်များပင်ဖြစ်သည်။

## အမှုတိုင်ကြားပုံ

ရိုးရာအစဉ်အလာအရ အမှုဖြစ်ပွားသောအခါ အမှုတိုင်ကြားလိုသူသည် နှုတ်စကားဖြင့်သာ သက်ဆိုင်ရာ ကျေးရွာရှိ ဒူဝါ၊ ဆလန်ဝါတို့ထံ တိုင်ကြားရသည်။ ဒွမ်ဆာမြေရှင်စနစ် ကျင့်သုံးသော ဒေသများတွင်ကား အုပ်ချုပ်သူ အကြီးအကဲ၊ ဒွမ်ဆာလူကြီး၏ အတိုင်ပင်ခံ 'ခရိန်မန်' လူကြီးမှတစ်ဆင့် တိုင်ကြားရသည်။ အမှုတိုင်ကြားသည့်အခါ အမှုကြီး အမှုငယ်ကို လိုက်ပြီး အရက်ခေါင်ရည် (ဝါ) ပစ္စည်းတစ်ခုခု သို့မဟုတ် ငါးကျပ်ထက် မပိုသောငွေကိုပေး၍ တိုင်ချက်ဖွင့်ကြရသည်။

ထို့နောက်တွင် အမှုလက်ခံသော လူကြီးသည် ဖြစ်ပွားသော မှုခင်းနှင့် ပတ်သက်၍ စုံစမ်းမေးမြန်းမှုပြုကာ စီရင်စစ်ဆေးမည့် နေ့ရက်ကို ချိန်းဆိုလိုက်သည်။ အစဉ်အလာအရ တရားခံတို့သည် မိမိတို့အတွက် လိုက်ပါဆောင်ရွက်ပေးမည့် အကျိုးဆောင် ပုဂ္ဂိုလ်များအား တရားစီရင်မည့်နေရာသို့ ဖိတ်ခေါ်လာနိုင်ကြသည်။

အစဉ်အလာအရ တရားသူကြီးနှင့် ရှေ့နေရှေ့ရပ်ဟူ၍ သီးခြား မရှိပေ။ ဤကဲ့သို့ မရှိခြင်း၏ အကြောင်းရင်းမှာ အမှုလက်ခံသော



ကျေးရွာလူကြီး ဒူဝါ ဆလန်ဝါတို့သည် အမှုကို တစ်ဦးတည်း တာဝန်ယူ၍ စစ်ဆေးလေ့မရှိဘဲ အခြားထုံးတမ်း ဥပဒေများ နားလည်ကျွမ်းဝင်သော ပုဂ္ဂိုလ်များကို ဖိတ်ခေါ်ကာ တိုင်ပင်ဆွေးနွေးလျက် စုပေါင်းစီရင်ဆုံးဖြတ်ခြင်းကြောင့်တစ်ကြောင်း၊ တရားလိုနှင့် တရားခံတို့ ဖိတ်ခေါ်လာသော အကျိုးဆောင်ပုဂ္ဂိုလ်များမှလည်း တရားစီရင်ရေးအဖွဲ့တွင် အညီအမျှ ပါဝင်နိုင်ကြသည်ကတစ်ကြောင်းတို့ကြောင့် ဖြစ်လေသည်။

အမှုကို စီရင်ဆုံးဖြတ်ခြင်း မပြုမီ အမှုလက်ခံ စစ်ဆေးသော တရားစီရင်ရေး လူကြီးတို့သည် အမှုသွား အမှုလာကို စစ်ဆေးမေးမြန်းကြသည်။ အမှုသဘောကို သိပြီးသောအခါ တရားလိုနှင့် တရားခံတို့အား တရားစီရင်ရေးအဖွဲ့၏ စီရင် ဆုံးဖြတ်ချက်ကို လက်ခံမည်၊ လက်မခံမည်ကို ခံဝန်ချုပ်ပြုစေသည်။ ဤခံဝန်ချုပ် ပဋိညာဉ်ပြုရာတွင် တရားလိုနှင့် တရားခံတို့သည် တရားစီရင်ရေးအဖွဲ့အား ဖဂါပစ္စည်း တစ်ခုစီ သို့မဟုတ် ဖြစ်ပျက်သော အမှုကို မူတည်၍ ညီမျှသောငွေကို ထုတ်ပေးခြင်းပြုရလေသည်။ အမှုစီရင်ဆုံးဖြတ်ပြီးသောအခါ ဆုံးဖြတ်ချက်ကို လက်မခံဘဲ ငြင်းပယ်သူအား ပဋိညာဉ်ပြုစဉ်က ပေးထားသော ပစ္စည်း (ဝါ) ငွေကို ပြန်ပေးလေ့ရှိသည်။

အမှုလက်ခံသော အကြီးအကဲကသော်လည်းကောင်း၊ တရားလိုနှင့် တရားခံတို့က ဖိတ်ခေါ်ထားသော ဓလေ့ထုံးတမ်း နားလည်ကျွမ်းကျင်သူ ပုဂ္ဂိုလ်တစ်ဦးဦးကသော်လည်းကောင်း ဖြစ်ပွားသောအမှုသည် မှန်ကန်ထင်ရှားကြောင်းကို မေးခွန်းများထုတ်ကာ အမှုသဘောကို ထင်ရှားအောင် ဦးစွာတင်ပြရလေသည်။

ဤကဲ့သို့ အမှုထင်ရှားအောင် တင်ပြပြီးသည့်နောက် အမှုလက်ခံသူ လူကြီးက ဥပမာ သာဓကများဖြင့် ထောက်ပြကာ စီရင်စစ်ဆေးနေ

သော အမှုသည် လွန်ခဲ့သောကာလက ဖြစ်ပွားခဲ့သော အမှုနှင့် အခြင်းအရာများ မည်သို့မည်ပုံ တူညီကြောင်း နှိုင်းယှဉ်၍ ရှင်းလင်းပြောပြပေးရသည်။

အမှုလက်ခံသူ တရားသူကြီး၏ တင်ပြချက်ကို စေ့ငု သေချာစွာ စစ်ဆေးပြီးသည့်နောက် တရားလိုနှင့် တရားခံတို့ဘက်မှ ဓလေ့ထုံးတမ်း နားလည်သူ ပုဂ္ဂိုလ်ငါးဦးထက် မပိုသော ပုဂ္ဂိုလ်များနှင့် ကြားလူ တစ်ဦးထက်မနည်း ပါဝင်သော တရားစီရင်ရေး ခုံသမာဓိအဖွဲ့ ဖွဲ့စည်းရသည်။ ထိုအဖွဲ့သည် သီးခြားနေရာ တစ်နေရာတွင် ဖြစ်ပျက်သော အမှု၏ သဘောအခြေအနေ၊ တရားလို၊ တရားခံတို့၏ လူမှုရေးနှင့် စီးပွားရေး အခြေအနေတို့ကို လေ့လာကာ သဘောတူညီမှု ရယူပြီး အမှု၏ လျော်ကြေးတန်ဖိုးကို စီရင်ချက်ချမှတ်ကြသည်။ ယင်းစီရင်ချက်ကို ပင်မအဖွဲ့သို့ ပြန်လည်တင်ပြရသည်။

ပင်မအဖွဲ့များဖြစ်ကြသော အမှုလက်ခံသူ လူကြီးနှင့် ဓလေ့ထုံးတမ်း နားလည်သော ကျွမ်းကျင်သူ ပုဂ္ဂိုလ်တို့က စီရင်ချက်ကို လက်ခံအတည်ပြုပြီး အမိန့်ချမှတ်ကာ အမှုကို ပြီးဆုံးစေသည်။ ထိုဆုံးဖြတ်ချက်ကို မကျေနပ်လျှင် တောင်အုပ်ရုံး၊ တောင်တန်းဝန်ထောက်ရုံးများသို့ အယူခံနိုင်လေသည်။

မည်သည့်မှုခင်းမဆို ကချင်ဓလေ့ထုံးတမ်းအရ စီရင် ဆုံးဖြတ်ပြီးသည့်နောက် တရားလိုနှင့် တရားခံ နှစ်ဦးနှစ်ဖက်မှ အမှုပြီးပြတ်ကြောင်း အထိမ်းအမှတ်အဖြစ် 'ထိန်ရမ်းဂျာ'ခေါ် ကျေအေးစေသော ပစ္စည်းတစ်စုံတစ်ခုကို တရားစီရင်ပေးသူ ပုဂ္ဂိုလ်များ၏ ရှေ့မှောက်၌ အပြန်အလှန်ပေးခြင်းကို ပြုလုပ်လေ့ရှိသည်။



သို့သော် ငယ်သော အမှုများတွင်ကား အရက်ခေါင်ရည် အပြန်အလှန် သောက်ခြင်းဖြင့်လည်း ပြီးပြတ် ကျေအေးစေသည်။ အလွန်ကြီးကျယ်သောအမှုကို စီရင်ဆုံးဖြတ်ရာတွင်ကား စီရင် ဆုံးဖြတ်ပြီးသောအခါတွင် တရားလိုနှင့် တရားခံတို့ တစ်ဦးနှင့်တစ်ဦး စီရင်စစ်ဆေးပြီးပြတ်သွားသော အမှုနှင့် စပ်လျဉ်း၍ နောက်နောင်တွင် ပြန်လည်ပေါ်ပေါက်လာပါက စီရင်စစ်ဆေးပေးကြသော တရားသူကြီးတို့အနေဖြင့် တာဝန်ယူပေးကြရန် တရားလိုနှင့် တရားခံတို့က အမှုစစ်ဆေးပေးသော တရားလူကြီးများအား ဖဂါပစ္စည်းများကို ပေးကြသည်။

ကချင်အမျိုးသားတို့၏ အစဉ်အလာအရ မဖြစ်လောက်သော အမှုငယ်များဖြစ်ပါက ဖျန်ဖြေပေးခြင်းအားဖြင့် အမှုကို ပြီးပြတ်စေကာ နှစ်ဦးနှစ်ဖက်လုံးကိုကျေအေးစေလေသည်။ သို့သော် မျက်မြင်သက်သေသာခေက မရှိခြင်းကြောင့် မည်သို့မျှ စီရင်ဆုံးဖြတ်၍ မပြီးနိုင်သော အမှုကိုကား ကျမ်းကျိန်ခြင်းဖြင့် အမှန်တရားကို ဖော်ထုတ်ကြလေသည်။ ဖန်ဆင်းသခင်အား တိုင်တည်လျက် ကျိန်ဆိုခြင်းလည်း ပြုကြလေသည်။ ထိုပြင် လက်ထိပ်ခြေချင်းများခတ်လျက် ညှပ်ထားသော အစဉ်အလာလည်း ရှိသည်။

ရှေးအခါက အမှုတစ်ခု ပြီးမြောက်သွားတိုင်း နတ်ကို ပူဇော်ရသည်။ ထို့နောက်တွင် တရားလို၊ တရားခံ နှစ်ဖက်စလုံး ကျေအေးကြောင်း သစ္စာဆိုရသည်။ ပြီးသည်နှင့် အရက်များ၊ ထမင်း ဟင်းလျာများကို စားသောက်ကြရသည်။ အမှုရှုံးသောဘက်မှ ကုန်ကျစရိတ်ကို ကျခံရသည်။ အမှုနိုင်သည့်ဘက်မှလည်း နိုင်သည့်အထိမ်းအမှတ်အဖြစ် ကျွဲတစ်ကောင် သို့မဟုတ် နွားတစ်ကောင်ကိုသတ်၍ ကျွေးမွေးခြင်း ပြုရလေသည်။

## အမွေဆက်ခံခြင်း

ကချင်တိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းအရ အမွေ ဆက်ခံရေးတွင် အမျိုးသမီးများကို ဦးစားပေးလေ့ မရှိချေ။ အိမ်ထောင်ဦးစီးတစ်ယောက် ကွယ်လွန်သောအခါ သူ၏ ဥစ္စာ ပစ္စည်းများကို သားအငယ်ဆုံးက ဆက်ခံ၍ ကျန်ရစ်ခဲ့သော မိခင်နှင့်တကွ အိမ်သားစုများ အားလုံးကို သားငယ်ကပင် ဆက်လက်တာဝန်ယူကာ ဆက်လက်ရှာဖွေ လုပ်ကိုင်ကျွေးမွေးရသည်။ သားအငယ်ဆုံး မရှိလျှင် သားအကြီးဆုံးက မိဘအမွေအနှစ်ကို ဆက်ခံရသည်။ ကျန်သားသမီးများအဖို့ အမွေဆက်ခံသူတို့၏ ဆန္ဒအရ ဝေငှပေးသော ဝေစုကိုသာ ရသည်။

သေဆုံးသူ တွင် သားတစ်ယောက်မျှ မထွန်းကားခဲ့လျှင် သူ၏ ညီအစ်ကိုများထဲမှ ညီအငယ်ဆုံးက အမွေဆက်ခံရသည်။ သို့မဟုတ် အစ်ကိုအကြီးဆုံးက အမွေဆက်ခံရသည်။ အမွေဆက်ခံသူ အစ်ကိုများက ကွယ်လွန်သူ၏ ဇနီးကို သိမ်းပိုက်၍ အိမ်ထောင်တစ်ခုလုံးကို တာဝန်ယူ စောင့်ရှောက်ရသည်။



အချို့သော အိမ်ထောင်ဦးစီး ဖခင်တို့သည် မိမိတို့ မသေမီကပင် မိမိတို့၏ သားများကို ရသင့်ရထိုက်သော အမွေအနှစ်များကို ခွဲဝေပေးလေ့ရှိသည်။ အငယ်ဆုံးသားမှလွဲ၍ သားကြီးတို့သည် အိမ်ထောင်ပြုပြီး မကြာမီတွင် တစ်အိုးတစ်အိမ် ထူထောင်ရန် မိဘအိမ်မှ ခွဲထွက်ကြသည်။ ဤသို့ခွဲထွက်သော သားကြီးများကို ဖခင်တို့က မိမိတို့စွမ်းအားရှိသမျှ ဥစ္စာပစ္စည်းများ ဝေခြမ်းပေးလေ့ရှိသည်။

ကြွယ်ဝချမ်းသာသူများသည် ရပ်ရွာထဲမှလူကြီးများနှင့် ညီအစ်ကိုမျိုးထဲမှ အကြီးအကဲများအား မိမိတို့ ကွယ်လွန်ချိန်တွင် ကျန်ရစ်သော ဥစ္စာပစ္စည်းများကို သားများအား မည်ရွေ့မည်မျှ ခွဲဝေပေးရန် မှာထားခဲ့သည်။ တောင်ယာမြေများကိုလည်း သားစဉ်မြေးဆက် ပိုင်ဆိုင်ခွင့်ရရှိစေရန် စီစဉ်ထားခဲ့ကြသည်။ ထိုအစီအစဉ်များအတိုင်း ကျေးရွာလူကြီးများက ဆောင်ရွက်ပေးလေ့ရှိသည်။ များသောအားဖြင့် အမွေဆက်ခံရသော သားအငယ်ဆုံးက အိမ်သားများကို ကျွေးမွေးရန် တာဝန်ယူရသည့်အပြင် လောလောဆယ် အသုဘပွဲ ကျင်းပရန်အတွက် ကုန်ကျမည့် စရိတ်ကို စိုက်ထုတ်ရသည်။ အသုဘပွဲတွင် သေဆုံးသူ၏ မယူမျိုး၊ ဓာမမျိုး၊ ညီအစ်ကိုမျိုးတို့က လာရောက်ကူညီကြသည်။ ထိုသို့ လာရောက်ကူညီကြသော ဆွေမျိုးများကို သေသူပိုင်ပစ္စည်းများကို အမှတ်တရအဖြစ် အမွေဆက်ခံသူက ပေးလိုက်ရသည်။

ဖခင်၏ အမွေအနှစ်များကို သားအငယ်ဆုံးက ဆက်ခံရမည်ဆိုသော်လည်း ထိုသားငယ်သည် တရားဝင်သားဖြစ်ရမည်။ သို့မှသာ အမွေဆက်ခံခွင့်ရှိသည်။ ထိမ်းမြားလက်ထပ်ခြင်း မပြုဘဲ အလိုတူပေါင်းသင်း နေထိုင်မှုကြောင့် သား ရလာသော်လည်း မိန်းမနှင့်ယောကျ်ား အတူနေထိုင်သည့်တိုင် "နွမ်ရှလိုင်"ခေါ် မင်္ဂလာ မဆောင်

သမျှ ကာလပတ်လုံး ကလေးမှာ တရားဝင် မဟုတ်ပေ။ ထို့ကြောင့် ယင်းကလေးမှာ အမွေဆက်ခံခွင့် မရှိချေ။

အကယ်၍ ဂျိန်ဖော့ အမျိုးသားတစ်ဦးသည် ကချင်အနွယ်ဝင် မဟုတ်သော အမျိုးသမီးတစ်ဦးနှင့် လက်မထပ်ဘဲ သားသမီး ရလာပြီးမှ ဂျိန်ဖော့အမျိုးသမီးနှင့် လက်ထပ်ပြီး နောက်သားသမီး ထွန်းကားလာပါက နောက်ထပ်လက်ထပ်ယူခဲ့သော မိန်းမမှ မွေးဖွားလာသော သားအငယ်ဆုံးကသာလျှင် အမွေဆက်ခံခွင့်ရှိသည်။ ပထမမိန်းမကြီး၏ သားအငယ်ဆုံးမှာ အမွေဆက်ခံခွင့် မရပေ။ အကယ်၍ ယောကျ်ား တစ်ဦးတွင် လက်ထပ်ယူသော မိန်းမ တစ်ယောက်ထက် ပိုနေပါက ပထမဆုံး လက်ထပ်သောဇနီးမှ မွေးဖွားသော သားငယ်ကသာ အမွေဆက်ခံခွင့် ရှိသည်။ ပထမဇနီးတွင် သားမထွန်းကားပါက ဒုတိယဇနီး၏ အငယ်ဆုံးသားက အမွေဆက်ခံရသည်။ ဒုတိယ ဇနီးတွင် သားမထွန်းကားပါက တတိယဇနီး၏ သားငယ်က အမွေဆက်ခံရသည်။

ဇနီးမောင်နှံတွင် သားသမီး မထွန်းကားပါက သို့မဟုတ် တရားဝင် သားမရှိပါက မွေးစားသားကို အမွေခံသားဟု သတ်မှတ်နိုင်သည်။ ထိုအမွေခံသားမှာ မိမိဖခင်အရင်း၏ အမည်ကို စွန့်လွှတ်၍ မွေးစားဖခင်၏ အမည်ကို ခံယူရသည်။ သို့မှသာ မွေးစားဖခင်၏အမွေကို ဆက်ခံနိုင်သည်။

မြန်မာနိုင်ငံ တရားရေးရာဌာန၏ ပြဋ္ဌာန်းချက်အရ အမွေဆက်ခံရေးနှင့် ပတ်သက်၍ သမီးမိန်းကလေးများအား အမွေဆက်ခံခွင့်မပေးထားသော်လည်း ကွယ်လွန်သူ ယောကျ်ား၏ ဇနီးအား အမွေဆက်ခံခွင့် ပေးထားသည်။ ဤသို့ အမွေဆက်ခံရာတွင် လင်ယောကျ်ား၏ ညီအစ်ကိုမျိုးထဲမှ တစ်ယောက်ယောက်ဖြင့် အိမ်ထောင်ပြုမှသာလျှင်



အမွေဆက်ခံရသည်။ တစ်စိမ်းယောကျ်ားတစ်ဦးဦးကို အိမ်ထောင်ပြုပါက အမွေခံခွင့် ဆုံးရှုံးသည်။ အမွေဆက်ခံသူများကို သတ်မှတ်ရာတွင်-

(က) သေဆုံးသူ၏ ဇနီး၊
(ခ) သေဆုံးသူ၏ သားကြီး၊
(ဂ) သေဆုံးသူ၏ သားထွေး သို့မဟုတ် ကျန်ရစ်သောသား ထဲမှ တစ်ဦး၊
(ဃ) မြေးယောကျ်ားများ၊
(င) မြစ်ယောကျ်ားများ၊
(စ) ဖခင်၊
(ဆ) အဘိုး၊
(ဇ) ဘကြီး၊ ဘထွေးများ၊
(ဈ) အစ်ကို (သို့မဟုတ်) ညီထွေး၊
(ည) တူများ စသည်ဖြင့် ဦးစားပေးအစီအစဉ်အတိုင်းဖြစ်သည်။

လင်ပါ၊ မယားပါ သားသမီးများ၏ အမွေဆက်ခံရေးနှင့် ပတ်သက်၍လည်း သားကြီးကို အမွေဆက်ခံခွင့် သတ်မှတ်ပေးရာတွင် ဇနီးပါ သားအကြီးသည် လက်ထပ်ထိမ်းမြားသော နောက်ခင်ပွန်း၏ အမျိုးအမည်ကို မှည့်ယူခြင်းမပြုဘဲ ဖခင်အရင်း၏ အမျိုးအမည်ကို မှည့်ရသည်။ လင်ပါ၊ မယားပါ သားသမီးများကိုလည်း နှစ်ပါးစုံ သားသမီးများနှင့်ယှဉ်၍ အမွေဆက်ခံခွင့် ပေးထားသည်။

# အသုဘ အခမ်းအနား၊

ကချင်တိုင်းရင်းသားတို့သည် တမလွန်ဘ၀ကို ယုံကြည်ကြသူများဖြစ်သည်။ တစ်စုံတစ်ယောက်သည် အသက်ရှင်လျက် ရှိနေရာမှ သေလွန်ခြင်းသို့ ရောက်သောအခါ မူလ ခန္ဓာကိုယ်မှ ခွဲထွက်သွားသည်ဟု အယူအဆရှိကြသည်။ ထိုဝိညာဉ်သည် ခန္ဓာကိုယ်ထဲမှ ခွဲထွက်၍ တွယ်ရာမဲ့ ဖြစ်နေသဖြင့် ဘိုးဘေးတို့၏ ဝိညာဉ်များ စုဝေးရာဒေသသို့ ရောက်အောင် ကျန်ရစ်သူ ဆွေမျိုးသားချင်းတို့က ပို့ဆောင်ပေးရမည့် တာဝန်ရှိသည် ဟူ၍လည်း ယုံကြည်ကြသည်။ ထိုဒေသကို ဝိညာဉ်တို့ တိုင်းပြည် (ဆူးဂါး) ဟု ခေါ်သည်။

သေသူ၏ ဝိညာဉ်ကို ထိုဝိညာဉ်တိုင်းပြည်သို့ မပို့မိလျှင် ထိုဝိညာဉ်က လူများအား မကြာခဏ လာရောက်နှောင့်ယှက်နေလိမ့်မည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် သေသူ၏ ဝိညာဉ်အား ဝိညာဉ်တို့ စုဝေးရာသို့ ပို့ဆောင်ပေးရခြင်းသည် လုပ်ငန်းတစ်ရပ်ဖြစ်သည်။

လူတစ်ယောက် သေဆုံးသည်နှင့်တစ်ပြိုင်နက် အိမ်နီးချင်းများ သိရှိစေရန် သေနတ်သုံးချက် ဖောက်ရသည်။ အသုဘမောင်းထုနည်းဖြင့် မောင်းကို ထုရသည်။ သေနတ်သံ၊ မောင်းသံ မကြားနိုင်သော အရပ်တွင် နေထိုင်ကြသည့် ဆွေမျိုးများထံသို့မူ လူလွှတ်၍ အကြောင်းကြားရသည်။ သတင်းကြားသော ဆွေမျိုးမိတ်သင်္ဂဟများက မိမိတို့ တတ်နိုင်သော ကျွဲ၊ နွားနှင့် အခြားပစ္စည်းများကို သေသူ၏ မိတ်ဆွေများအား အမှတ်တရဖြစ်စေခြင်းငှာ ဝေငှပေးရသည်။ အစိမ်းသေသေသူ ဆိုပါက ချက်ချင်းမီးသင်္ဂြိုဟ်ရသော ထုံးစံရှိသည်။



ထို့နောက် သေသူကို မိတ်ဆွေ သင်္ဂဟများကပင် ရေချိုးပေးရသည်။ အသုဘရှင်တို့မှာ ပူပန်သောက ရောက်နေကြ၍ ဘာမျှမလုပ်ကိုင်နိုင်ကြချေ။ သေသူကို ရေချိုးပေးရန်အတွက် အထူးတလည် ရေခပ်လာရသည်။ အိမ်တစ်အိမ်တွင် တစ်စုံတစ်ယောက် သေဆုံးသည်နှင့်တစ်ပြိုင်နက် အိမ်တွင်းတွင် ကိုးကွယ်ထားသော နတ်များကို ခေတ္တခဏ သွားလိုရာသို့ သွားရောက်စံမြန်းရန် မေတ္တာရပ်ခံရသည်။

ထိုသို့ မေတ္တာရပ်ခံပြီးသည့်နောက် နတ်နှင့်ဆိုင်သော အသုံးအဆောင် ပစ္စည်းများကို ဖက်များဖြင့်ထုပ်ကာ တောင်းတွင် ထည့်၍ အိမ်ပြင်ထုတ် ချိတ်ဆွဲထားရသည်။ အသုဘကိစ္စမပြီးမီ နတ်ပူဇော်ရန် အကြောင်းပေါ်လာပါက အိမ်ပြင်မှာပင် ပူဇော်ပသရသည်။

အိမ်တွင်းနတ်များကို အိမ်ပြင်ထုတ်ပြီးနောက် နတ်ဆရာသည် အသုဘကိစ္စကို သေသူ၏ ဘိုးဘေးထံ အကြောင်းကြား၍ သေသူ၏ ဝိညာဉ်ကို လာရောက်ထိန်းသိမ်းရန် မောင်းထု၍ ပန်ကြားရသည်။ အဘေးဖြစ်သူအား ပန်ကြားပြီးနောက် သေသူ၏ အဘိုးဖြစ်သူအားလည်းကောင်း၊ သေသူ၏ ကွယ်လွန်ပြီးဖြစ်သော ဖခင်အားလည်းကောင်း တစ်ဦးပြီးတစ်ဦး ပန်ကြားရပြန်သည်။

အသုဘနှင့်ဆိုင်သော လုပ်ငန်းရပ်များတွင် လိင်ကိုလိုက်၍လည်း ကောင်း၊ အသက်ရွယ်ကိုလိုက်၍လည်းကောင်း ကွဲပြားခြားနားမှုများ ရှိသည်။ ကွယ်လွန်သူသည် အမျိုးသမီးဖြစ်ပါက ယင်း၏ ဘိုးဘေးတို့ကို ပန်ကြားခြင်းမပြု၊ ယင်း၏ လင်ယောကျ်ားနှင့် လင်ယောကျ်ား၏ ဘိုးဘေးတို့ထံသာ ပန်ကြားရသည်။ သေဆုံးသူသည် အသက်အရွယ်ကြီးရင့်ပြီး သေဆုံးမှသာလျှင် မောင်းကိုသုံးပြီး လူငယ်လူရွယ်များ သေဆုံးလျှင်မူ မောင်းကို မသုံးချေ။

ထိုသို့ နတ်ဆရာက သေဆုံးသူအား ပန်ကြားပြီးနောက် အသက်ပျောက်သော နေရာမှ နတ်စင်ရှိရာ အခန်းဝသို့ ရွှေ့ပြောင်းရသည်။ ထိုနေရာတွင် နတ်ဆရာက သေဆုံးသူအား သူ၏ ဘိုးဘွားများရှိရာသို့ ခရီးထွက်ခွာရန် အဝတ်အစားများ ဝတ်ဆင်ပေးမည်ဖြစ်၍ လဲလျောင်းနေရာမှ ထရန်အမိန့်ပေးသည်။ ထိုအခါ အနီးအနားရှိလူများက သေသူအား မ၍ ခုံငယ်ပေါ်တွင် ထိုင်သည့် အနေအထားဖြင့် တည်စေ၍ သာမန်လူတန်းစားဖြစ်ပါက ဝါးကျည်တောက်ဖြင့်လည်းကောင်း၊ ဒူဝါများအတွက် မောင်းတွင်လည်းကောင်း ထည့်လာသောရေကို လက်ဝဲလက်ဖြင့် ယူ၍ ရေချိုးပေးရသည်။ ထို့နောက် လက်ဝဲလက်ဖြင့်ပင် ခေါင်းဖြီးပေးရသည်။ ထိုသို့ ဆေးကြောသုတ်သင်ပေးခြင်းမှာ လူနှံ့ပျောက်အောင်ဖြစ်သည်။ ထို့နောက် သစ်လွင်သော အဝတ်အစားများကို ဝတ်ဆင်ပေးရသည်။ သူ၏ အသုံးအဆောင်များကိုလည်း သေသူ၏ ကိုယ်တွင် တပ်ဆင်ပေးရသည်။

ဤသို့ တပ်ဆင်ပေးရာတွင် အသက်ရှင်သူတို့ နည်းအတိုင်း မဟုတ်ဘဲ ပြောင်းပြန် တပ်ဆင်ပေးရသည်။ ဓား၊ လှံ၊ လွယ်အိတ်၊ လေး၊ မြား၊ သေနတ်တို့ကို သေသူ၏ လက်ဝဲလက်တွင် ချိတ်ဆွဲ



ပေးကြသည်။ အမျိုးသမီးဖြစ်ပါက ပုတီး၊ နားတောင်း၊ လက်ကောက် စသော လက်ဝတ်တန်ဆာများကို ဆင်ယင်ပေးရသည်။ ကွမ်းခွက်၊ အပ်၊ အပ်ချည်၊ ဘီး စသော သေသူ၏ ပစ္စည်းများကို နောက်လွယ်တောင်းတွင် ထည့်၍ သေသူအမျိုးသမီး၏ ဘေးတွင် ချထားရသည်။ ကလေးများဖြစ်ပါက သူတို့၏ ကစားစရာများကို ချထားပေးရသည်။ ထို့နောက် သေသူ၏ ပါးစပ်ထဲသို့ဖြစ်စေ၊ လက်မောင်းအောက်သို့ဖြစ်စေ ငွေမတ်စေ့၊ ငွေမူးစေ့ တစ်ခုခုကို ကူးတို့ခသဘောဖြင့် ထည့်ပေးလိုက်ရသည်။ နတ်ဆရာကြီးက လူသားအားလုံး ကိုယ်စား ကျန်းမာရေး၊ ရပ်ရွာစည်ပင်သာယာရေးနှင့် ကွယ်လွန်သူ ကောင်းရာ ရောက်ရှိရေး ဆုမွန်ကောင်းများ တောင်းပေးရသည်။ ၎င်းနတ်ဆရာကြီးအား မခုတ်ဓား တစ်လက်၊ မထိုးလှံတစ်ချောင်း၊ ဆယ်ထွာ မောင်းကြီးတစ်လုံးနှင့် ကျွဲတစ်ကောင်ကို ပူဇော်ရလေသည်။

သေသူအား ထိုအနေအထားအတိုင်းထားရန် သေသူ့ဘိုးဘေးများ၏ ဝိညာဉ်များကို ပင့်ဖိတ်ကာ ပြရသည်။ ထိုသို့ပြပြီးနောက် သေသူ၏ ဘေးတွင် ချထားသော ပစ္စည်းများကို နတ်စင်ရှေ့သို့ သယ်ဆောင်သွား၍ အိမ်တွင်းသို့ ဝင်လာသော ဧည့်သည်များ၏မျက်နှာကို မြင်နိုင်သော အနေအထားဖြင့် ချထားရသည်။ ထို့နောက် သေသူ၏ ဒူးနှစ်ဖက်၊ ခြေမနှစ်ချောင်းနှင့် လက်မနှစ်ချောင်းတို့ကို ပူး၍ ချည်ပေးရသည်။ သေသူသည် အိမ်တွင် အကြီးအကဲဖြစ်ပါက ရပ်အလောင်းအနီးတွင် သေသူ၏ ပစ္စည်းများကို ချိတ်ဆွဲထားရသည်။ ထို့နောက် သေသူ၏ ဝိညာဉ်သည် ဘိုးဘေးများ၏ ဝိညာဉ်ရှိရာသို့ မရောက်မချင်း အိမ်တွင်းစောင့်နတ် ဖြစ်လာသည်။ ယင်းနတ်အား ငရုတ်ကောင်း ဆားနှင့်ငရုတ်ကောင်း မပါသော စားဖွယ်များ တင်ဆက်ရသည်။

ထိုအချိန်မှာပင် အသုဘအိမ်သို့ ရောက်လာသော မိတ်သင်္ဂဟ ဆွေမျိုးများက အသုဘအတွက် ခေါင်းလုပ်ရန် တာဝန်၊ အိမ်ရှေ့တွင် ကရွယ် ခေါ် ဝါးရုံဆောက်လုပ်ရန် တာဝန်များကို ခွဲဝေကြသည်။ ကရွယ် ခေါ် ဝါးရုံကို အိမ်ရှေ့တွင် ကျင်းတူး၍ ဝါးခက်များကို မဖြတ်ဘဲ ပကတိ ဝါးရုံများကဲ့သို့ပင် အောက်ခြေခွဲစု၍ အခက်အလက်များ ဝေဆာစွာ ပြုလုပ်ထားသည်။ ထိုဝါးရုံတွင်သုံးသော ဝါးများကို လူသေမြှုပ်ရာတွင် ဆောက်လုပ်သည့် အဆောက်အအုံအတွက် အသုံးချရသည်။ ထိုဝါးများကို အခြားအကြောင်းကြောင်းတွင် အသုံးမပြုရချေ။ ထိုဝါးရုံ ခြောက်သွေ့သွားသောအခါ ကျွဲ သို့မဟုတ် နွားကို သတ်၍ ပူဇော်ရသည်။ ထိုဝါးရုံတွင် အဝတ်အစား အသုံးအဆောင် ပစ္စည်းများကို ချိတ်ဆွဲရသည်။

ဈာပန ကျင်းပပွဲအိမ်နှင့် မလှမ်းမကမ်းတွင် နတ်ကွန်းဆောက်လေ့ရှိသည်။ များသောအားဖြင့် အိမ်ဦးတိုင်နှင့် တည့်တည့်နေရာကို ဆောက်လုပ်သည်။ ထို့နောက် ဝါးပင်များကို နတ်ကွန်းဆောက်သည့် နေရာ တွင်းထဲတွင် ထိုးစိုက်ရသည်။ ဝါးရုံတစ်ရုံနှင့်မခြား မြင်ရသည်။ ထိုဝါးရုံခြေရင်းတွင် ယဇ်ပူဇော်မည့် ကျွဲ၊ နွား၊ ဝက်၊ ကြက်များကို ချည်နှောင်ထားလေ့ရှိသည်။ ဝါးရုံအလယ် ဝါးတိုင်ထိပ်ဖျားတွင် အလျား နှစ်တောင်ခန့်ရှိ အနီရောင် ဖျင်စတစ်စ ချိတ်ဆွဲထားသည်။ အချို့ဒေသများတွင် ဈာပနပွဲပြုလုပ်ရာအိမ်၏ ဘေးတစ်ဖက်တစ်ချက်တွင် ဝါးလုံးတိုင်များကို စိုက်ထူပြီး တံခွန်တိုင်သဖွယ် တောင်ရှည်ပုဆိုးကို အလျားလိုက်ချိတ်ကာ တိုင်ထိပ်တွင် အောက်ချင်းငှက်ပုံများကို တပ်ဆင်ထားလေသည်။ သေသူ၏ဆွေမျိုးများက လာရောက်ပူဇော်မည့် ယဇ်ကောင် ကျွဲနွားများကို ချည်နှောင်ထားလေ့ရှိသည်။ သေဆုံးသူသည် နောင်ဘဝတွင် ထိုသတ္တဝါများနှင့် ပျော်ရွှင်စွာ နေထိုင်စေခြင်းကို ရည်ရွယ်၍ တပ်ဆင်ခြင်းဖြစ်သည်။



ထို့ပြင် သေဆုံးသူအတွက် သီးခြားသတ်မှတ်ကာ အမိုင်စားပေးသည့် နယ်မြေ သို့မဟုတ် ဝိညာဉ်ရိပ်မြုံဟုခေါ်သော 'ခွန်ကျုန်'ကိုလည်း ဆောက်လုပ်ထားလေသည်။ ခေါ်တိုင်ခေါ် အလယ်တိုင်ကို ဦးစွာစိုက်ထူရသည်။ ခေါ်တိုင်သည် အမြင့် ၁၂ တောင်၊ အချင်းအတောင် ၂၀ ခန့်ရှိသည်။ ဝါးလုံးများကို ခပ်စိပ်စိပ် ပတ်ပတ်လည်ထောင်ကာချည်နှောင်၍ ဆောက်လုပ်ရသည့် ပုံသဏ္ဌာန်မှာ အောက်ခြေအဝိုင်းဖြစ်ပြီး အပေါ်ခေါင်ဆီသို့ တဖြည်းဖြည်း တက်သွားသည်။ ခွန်ကျုန် ဆောက်လုပ်ရာတွင် မြေနေရာ ရွေးခြင်း၊ ပန္နက်ရိုက်ခြင်းတို့ကို နတ်ဆရာကြီးက တာဝန်ယူ ဆောင်ရွက်ရသည်။

ခွန်ကျုန်နှင့် ပတ်သက်၍ အဘိုးအဘွားများ၏ ပါးစပ်ရာဇဝင်အရ ကြားသိရသည်မှာ ရှေးအခါက ကချင်တို့သည် ဘုရားသခင်အား မဖူးတွေ့လိုက်ရသဖြင့် ဘုရားသခင်ကိုယ်စား "ခွန်ကျုန်" ကို စေတီပုံသဏ္ဌာန် ဆောက်လုပ်ခြင်းဖြစ်သည်ဟု ဆိုပါသည်။

သေသူကို ခေါင်းသွင်းရန်အတွက် ခေါင်းလုပ်ရန် ပထမဦးစွာ သစ်ပင်ကို ရှာဖွေရသည်။ ပစ္စည်းရှိသူများက တောင်တမာသားကို ခေါင်းလုပ်ရာတွင် အသုံးပြုကြသည်။ သစ်ပင်ကို လှဲရာတွင် သစ်ပင်လဲခါနီး၌ ကြက်တစ်ကောင်ကို ရိုက်သတ်၍ သစ်ပင်စောင့်နတ်အား ပူဇော်ရသည်။ သစ်ပင်လုံးကို ထွင်း၍ ခေါင်းပြုလုပ်ရသည်။ ခေါင်းကို ဖုံးရန်အတွက် သစ်ကို ခြောက်လက်မခန့် လွှာယူ၍ အဖုံးလုပ်ရသည်။ ခေါင်းကို လှပစေရန် အနီရောင် ဆေးသုတ်ရသည်။ ရုပ်အလောင်းကို ရေချိုးထားသောအခါတွင် ခေါင်း၏ ခြေရင်းဘက်နား၌ အပေါက်ငယ်

တစ်ခု ဖောက်၍ ထိုအပေါက်ဝတွင် ဝါးလုံးဖြင့် အိမ်အောက်သို့ ဆက်ထားခြင်းဖြင့် ရုပ်အလောင်းမှ အပုပ်ရည် အပြင်သို့ ထွက်သွားနိုင်သည်။ မြေမြှုပ်သင်္ဂြိုဟ်ခြင်းကို သေဆုံးသည့်နေ့မှစ၍ ရက်စုံများတွင် ပြုလုပ်လေ့ရှိသည်။ မြီထွယ်ခေါ် နတ်ဝင်သည်များ သေဆုံးမှသာလျှင် ခုနစ်ရက်မြောက်နေ့တွင် အသုဘချလေ့ရှိသည်။ ခေါင်း၏ ဘေးတစ်လျှောက်တွင် ပစောက်ပုံဏ္ဍာန်များ ရေးဆွဲထားလေ့ရှိသည်။ ထိုသို့ ပြုလုပ်ခြင်းမှာ သေသူနှင့်အတူ ပါသွားလိုသော ဝိညာဉ်များ ကြောက်ရွံ့စေရန် ဖြစ်သည်။ ထို့နောက် ခေါင်းကို လူသေ မထည့်မချင်း ကရွှယ်နားတွင် ထားရသည်။

လူသေသော ညဘက်တွင်ဖြစ်စေ၊ နောက်တစ်နေ့တွင်ဖြစ်စေ ကွယ်လွန်သူနှင့်တကွ ကွယ်လွန်သူ၏ ဝိညာဉ်အား လာရောက်ခေါ်ယူရန် ပင့်ဆောင်ထားသော ကွယ်လွန်သူ၏ အဘိုး၊ အဘေး၊ အဖေတို့သည် ဝိညာဉ်များအား ပူဇော်ရသည်။ ဤသို့ပူဇော်ရာတွင် ကြက်တစ်ကောင်ကို သတ်၍ လေးပိုင်းပိုင်းကာ ခေါင်းပိုင်းကို လောလောဆယ် သေသူ၏ ဝိညာဉ်အား ပူဇော်၍ ကျန်သုံးပိုင်းကို သေသူ၏ အဘိုး၊ အဘေး၊ အဖေတို့၏ ဝိညာဉ်များအား တစ်ပိုင်းစီ ပူဇော်ရသည်။ ထိုကြက်နှင့်အတူ ခေါင်ရည်၊ ကောက်ညှင်းပေါင်းတို့နှင့်လည်း ပူဇော်ရသည်။ ထိုဝိညာဉ်များအား ပူဇော်သော အစားအစာများကို လူငယ်များ မစားကောင်းချေ။ စားမိပါက မေ့လျော့တတ်သည်ဟု ယုံကြည်ကြသည်။ ဤသို့ပူဇော်သော အစားအစာများထဲတွင် ဆားနှင့်ငရုတ်ကောင်း မထည့်ရချေ။

ပွဲစသည့်နေ့မှ စ၍ ဧည့်သည်များ တဖွဲဖွဲရောက်လာပြီး ဝါးရုံများ စိုက်ထားသော နတ်ကွန်းတွင် ကကြရသည်။ ဂျိန်ဖော့ ဘာသာဖြင့်



"ကဘုံဒွမ်"အကခေါ် အသုဘအကကို ကကြသည်။ ၎င်းအကကို အိမ်တွင်းမှာသာ ကလေ့ရှိသည်။ ထို့နောက် နတ်ကွန်းသို့ရွှေ့၍ ဝိုင်းကာ ပတ်ကာ ကကြရသည်။ ထို့နောက် ကပွဲကို ညစာစားပြီးသည့်အချိန်မှ မိုးလင်းသည်အထိ ဆက်လက်၍ကကြရသည်။ ကခုန်ရာတွင် သေဆုံးသူ အသက်ထင်ရှားရှိစဉ်က နေထိုင်စားသောက်ဟန်၊ သစ်ခုတ်ဟန်၊ တောင်ယာလုပ်ဟန်၊ တောလိုက်ဟန်၊ ဆန်ဖွပ်၊ မောင်းထောင်းဟန်များ အပါအဝင် ဝမ်းသာရွှင်လန်းပုံ၊ ဝမ်းနည်းကြေကွဲပုံနှင့် ဘဝအတွေ့အကြုံများ ပါအောင် သရုပ်သကန် ပေါ်လွင်စေအောင် ကကြရသည်။

ထိုသို့ သေသူ၏ ဝိညာဉ်အား ပူဇော်သောနေ့ ညနေပိုင်းတွင် အသုဘပွဲကို ကျင်းပလေ့ရှိကြသည်။ ထိုသို့ အသုဘပွဲ ကျင်းပမည့် အကြောင်းကို သေသူ၏ ဝိညာဉ်အား နတ်ဆရာက ပထမအကြောင်းကြားပြီးနောက် ချိတ်ဆွဲထားသော မောင်းနှင့် ဗုံရှည်ကိုတီးကာ ကပွဲကို အိမ်တွင်းမှစ၍ ကကြသည်။ ကပွဲခေါင်းဆောင်နှစ်ဦး လှံတစ်ချောင်းစီကို ကိုင်ကာ ကပွဲကို ဖွင့်လှစ်လေသည်။ ထိုခေါင်းဆောင် နှစ်ဦးအနက် တစ်ဦးက သေသူကို ကိုယ်စားပြု၍ တစ်ဦးက ကျန်ရစ်သူများကို ကိုယ်စားပြု၏။

လှံများတွင် ပန်းပွားများ တန်ဆာဆင်ထားသည်။ ကျန်ရစ်သူများကို ကိုယ်စားပြု၍ လှံမှာ လှပသေသပ်စွာ ပန်းစည်းကြီးများ၊ ပန်းဖွားများဖြင့် တန်ဆာဆင်ထားသော်လည်း သေသူကို ကိုယ်စားပြုသူ၏ လှံကိုမူ မသပ်မရပ်ပင်ထား၍ ကိုင်ဆောင်ရာတွင်လည်း ပြောင်းပြန်ကိုင်ဆောင်ရသည်။ ထိုသူနှစ်ဦးတို့၏ နောက်မှ ယောကျ်ားများနှင့် ကလေးများက လိုက်ကကြသည်။ အက ခေါင်းဆောင်နှစ်ဦးသည် နောက်ပါများနှင့် ပထမဦးစွာ ဧည့်ခန်း မီးဖိုနားမှ အသုဘအနားသို့

သွားရောက်လိုက် ပြန်လိုက်နှင့် သုံးကြိမ်မျှ ပြုလုပ်ပြီးသော် အိမ်ပြင်သို့ ထွက်ကာ ကရွယ်ကို ပတ်၍ ကကြပြန်သည်။ ကပွဲပြီးခါနီးတွင် ကရွယ်စိုက်ခြင်းကို သရုပ်ဖော်၍ ကသည်။ ကပွဲ၏ ရည်ရွယ်ချက်မှာ သေသူအား၊ ဖြေဖျော်ခြင်း၊ ဂုဏ်ပြုခြင်း၊ အမှတ်တရဖြစ်စေခြင်း၊ ကျန်ရစ်သူများ စိတ်ပြေလက်ပျောက် ဖြစ်စေခြင်းတို့အတွက် ဖြစ်သည်။

ထိုကပွဲကို လေး၊ငါးခြောက်ရက် ကျင်းပရာတွင် ရွာတွင်းမှသာ မက မိတ်သင်္ဂဟများပါ လာရောက်ကကြသဖြင့် ခေါင်ရည်ဖြင့် ဧည့်ခံရသည်။ သေဆုံးပြီး လေးရက်၊ ခြောက်ရက်၊ ရှစ်ရက် စသည်ဖြင့် စုံဂဏန်းရက်များတွင် အသုဘချလေ့ရှိသည်။ မြေမြှုပ်သင်္ဂြိုဟ်ခြင်းဖြင့် အသုဘ အခမ်းအနားကို အဆုံးသတ်သည်။ ဂျိန်ဖော့တို့သည် အသုဘ အခမ်းအနားကို ငွေကြေးဥစ္စာ ကြွယ်ဝ ချမ်းသာမှုအပေါ် မူတည်၍ ကျင်းပကြသည်။

ဂျိန်ဖော့တို့သည် ခရစ်ယာန် ဘာသာဝင်များ အများစုဖြစ်ကြသဖြင့် အသုဘ အခမ်းအနား ကျင်းပရာ၌ အချို့နေရာများတွင် ရှေးကနှင့် တူညီမှုရှိပြီး အချို့နေရာများ၌ ပြောင်းလဲမှု ရှိကြသည်။ သေသူကို သင်္ချိုင်းသို့ မပို့ဆောင်မီ အသုဘအိမ်၌ သင်းအုပ်ဆရာများက ဦးဆောင်ပြီး ဘုရားသခင်ထံ ဆုတောင်းအပ်နှံခြင်းကိုပြုလေသည်။ ဧည့်ပရိသတ်များမှလည်း အသုဘအိမ်၌ ဓမ္မတေးများ သီဆိုခြင်း၊ ကျေးဇူးတော်ချီးမွမ်းသည့်တေးများ သီကျူးခြင်းတို့ကို ပြုကြသည်။ ဘုရားသခင်သည် မြေကြီးနှင့် လူသားကို ဖန်ဆင်း၍ လူသည် သေလျှင် မြေကြီးပြန်ဖြစ်ရမည်ဟု ယုံကြည်သောကြောင့် မြေမြှုပ်သင်္ဂြိုဟ်ကြခြင်းဖြစ်သည်။ ငွေကြေးတတ်နိုင်သူများက ဂူသွင်း သင်္ဂြိုဟ်ကာ စနစ်တကျ အုတ်ဂူကို မွမ်းမံ တည်ဆောက်ကြခြင်းများ ရှိသည်။



# အမိဧရာဝတီကို မွေးဖွားရာ မြစ်ဆုံအလှ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို ကျေးဇူးပြုရာ မြစ်ကြီးဧရာဝတီသည်နိုင်ငံ၏ မြောက်ဘက်မှသည် တောင်ဘက်သို့ ဖြတ်သန်းစီးဆင်းပြီး နိုင်ငံသူ နိုင်ငံသားတို့ကို အကျိုးပြုနေပေသည်။ မြစ်ကြီးဧရာဝတီကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြောက်ဘက် နှစ်ဖာလုံအကွာ တန်ဖဲရွာအနီးမှ စတင်ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်။ ဧရာဝတီသည် လွန်ခဲ့သည့် နှစ်ပေါင်း ၁၆၀၀ ကျော်ကပင် ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်။

တရုတ်ပြည် ထန်မင်းဆက်များလက်ထက်တွင် တရုတ်ခရီးသည်များက ဧရာဝတီမြစ်ကြီးကို ဖြတ်သန်းသွားလာရင်း ဧရာဝတီ၏လှပခန့်ညားမှုကို တွေ့မြင်ကြလေသည်။ ထို့ကြောင့် တရုတ်တို့က ဧရာဝတီမြစ်ကို "လီရှွေ"ဟု ခေါ်ခဲ့ကြသည်။ လီရှွေ၏ အဓိပ္ပာယ်မှာ လှပသော မြစ်ကြီးဟုဆိုပါသည်။ ထို့ပြင် ရွှေသဲရွှေမှုန်များ တလက်လက် တဝင်းဝင်း ရှိသဖြင့် ရွှေသဲမြစ်ကြီးဟုလည်း အမြတ်တနိုး တင်စားကြ၏။

ဟိန္ဒီစကားတွင် ဣရဝတီဟု ဆို၏။ ဆင်မြစ်ကြီးဟု အဓိပ္ပာယ်ရသည်။ အစာအာဟာရ ပြည့်စုံလုံလောက်ခြင်း၊ နို့နှစ်ရည်နှင့် သောက်သုံးဖွယ်ရာများ၊ ချစ်စေတမန်၊ သာယာရွှင်လန်းမှုကို အလျှံပယ်ပေးခြင်းဟူသော အဓိပ္ပာယ်လည်းဆောင်သည်။

သသ်ကရိုက်စကားဖြင့် ပရုမဏီဟုလည်း ဧရာဝတီကို ခေါ်၏။ အဓိပ္ပာယ်မှာ အားသစ်ဖြည့်သူဟူ၍ဖြစ်သည်။ မြန်မာသက္ကရာဇ် ၈၄၇ ခုနှစ်၊ အင်းဝခေတ် မဟာသီဟသူရနှင့် ရွှေနန်းကြော့ရှင်လက်ထက်တွင် ရေးထိုးသည့် စစ်ကိုင်း ရတနာစေတီကျောက်စာ (ခရစ်နှစ် ၁၄၈၅) တွင် -

*အရိမဒ္ဒန၊ မြင်စိုင် ပင်ယ၊ စစ်ကိုင်၊ အဝဟူသည့် မင်းနေရာပြည် ရတ္တနာ ရွှေကြမ်စဥ်စီမ်ခံလျက် ဧရာပန်ရောင်၊ ပေါင်လောင်၊ ချင်တွင်၊ လမစ်(မြစ်)၊ လေစင်အခံ ကံညွတ်မျှနေသော ကြည်တောင်ဖွင် (ဖြင်)မျှ၊ မြန်မာပြည်* (စာရင်း ၁၀၁၄/၁၄-၁၅) ဟု ဖော်ပြထားသည်ကို တွေ့ရှိရသည်။

အဓိပ္ပာယ်မှာ မြန်မာပြည်၏ ထင်ရှား တန်ခိုးကြီးခဲ့သည့် (အရိမဒ္ဒန) အရိမဒ္ဒနခေတ် ပုဂံပြည်၊ မြင်စိုင်းခေတ် မြင်စိုင်းရွှေပြည်၊ ပင်းယခေတ် ပင်းယရွှေပြည်၊ စစ်ကိုင်းခေတ် စစ်ကိုင်းနေပြည်၊ အင်းဝခေတ် အင်းဝနေပြည်တို့သည် ဧရာဝတီမြစ်၊ မြစ်ငယ်မြစ်၊ မူးမြစ်နှင့် ချင်းတွင်းမြစ်ဆုံသည့် နေရာဟု ဖော်ညွှန်းထားပြီး မြန်မာပြည်ဟူသော နိုင်ငံတော်၏ အမည်ကို ဧရာဝတီမြစ်နှင့်တွဲ၍ ဖော်ပြထားသည်။

ထို့အပြင် လွန်ခဲ့သည့်နှစ်ပေါင်း ၄၇၀ ကျော်ခန့် မြန်မာသက္ကရာဇ် ၈၇၁ ခုနှစ် အင်းဝခေတ် အုန်းဘောင်ခုန်မှိုင်းငယ်လက်ထက်က ရေးထိုးသည့် ရတနာဗိမာန် ကျောက်စာ (ခရစ်နှစ် ၁၅၀၉) တွင် -



*ဧရာဝတီ နဒီမည်သော ရေကြည်မြလာ မြစ်အခြာဖြင့် မြောက်လလှာက သုနာပရန္တ၊ တောင်ဘက်ကာ တမ္ဗဒီပမည်သော တိုင်နှစ်တိုင်တို့ ကြပ်ထိုင်ဖုံအုပ် အာဏာချုပ်လျက် ပိုက်ထုပ်ရိုက်ကာ သာသနာလတည် မြံမာပြည်* (စာရင်း ၁၀၄၃/၁၇-၁၈) ဟူ၍ တွေ့ရှိပြန်၏။

ထိုအဓိပ္ပာယ်မှာလည်း ဧရာဝတီမြစ်ကြီးသည် သုနာပရန္တတိုင်း၊ တမ္ဗဒီပတိုင်း နှစ်တိုင်းတို့၏ အထက်အောက် အပိုင်းအခြား မြစ်ကြီးဖြစ်သောကြောင့် ဧရာဝတီကို မြန်မာနိုင်ငံနှင့် တွဲ၍ သုံးခဲ့သည်မှာ ကျောက်ထက်အက္ခရာတို့၌ အထင်အရှား ရှိခဲ့ပါသည်။

ထို့ပြင် နန်ချောင်ရှမ်းတို့က ဧရာဝတီမြစ်ကို 'လူပေ'ဟု လည်းကောင်း၊ မောရှမ်းတို့က 'နင်ကျိ' ဟုလည်းကောင်း ခေါ်ကြသည်။ နင် = ရေ၊ ကျိ = ကျောက်မျက်ရတနာဖြစ်၍ နင်ကျိ ဟူသည် ကျောက်မျက်ရတနာမြစ်ဟု အဓိပ္ပာယ်ရသည်။ ကချင်တို့၏ ရိုးရာယုံကြည်ချက်အရ ရှေးကမ္ဘာ ပေါ်ပေါက်ချိန်တွင် ဘုရားသခင်သည် သက်ရှိသတ္တဝါတို့ကို ဖန်ဆင်းခဲ့၏။ လူမျိုးအဆက်ဆက် ဆင်းသက်လာရာ၌ 'နင်ဂေါန်ဝါမဂမ်' အမည်ရှိ လူတစ်ပိုင်း နတ်တစ်ပိုင်း မွေးလာသူမှာ အထင်ရှားဆုံးဖြစ်၏။ ၎င်းမှဆင်းသက်လာသော လူမျိုး (၁၀) ဆက်မြောက်ဖြစ်သည့် ကင်းဆိုင်းရှာရန်ဆိုသူ၌ သားယောက်ျား သုံးယောက် ထွန်းကားခဲ့၏။

၎င်းတို့မှာ ရှန်ထဲဂွမ် (သားကြီး)၊ ရှန်ကျန်နော် (သားလတ်) နှင့် ရှန်ခင်လ (သားငယ်) တို့ ဖြစ်ကြရာ ရှန်ထဲဂွမ်မှ အာရှတိုက်ရှိ လူမျိုးများသည်လည်းကောင်း၊ ရှန်ကျန်နော်မှ အာဖရိကတိုက်ရှိ လူမျိုးများသည်လည်းကောင်း၊ ရှန်ခင်လမှ ဥရောပတိုက်ရှိ လူမျိုးများသည်လည်းကောင်း အသီးသီး ဆင်းသက်ကြသည်ဟု ဆိုပါသည်။

ကချင်အနွယ်ဝင်များအား ‘ရှဝါဖုံကွမ်မောင်’ ဆိုသူက ဦးဆောင်ပြီး မလိခူးတောင်မှ ဆင်းသက်လာသောအခါ အလွန်နက်ရှိုင်းသော ချောင်းငယ်တစ်ခုသို့ ဆိုက်ရောက်ကြသည်ဆို၏။ ထိုအခါ ရှဝါဖုံကွမ်မောင်သည် သစ်ပင်တစ်ပင်ကို ခုတ်ယူပြီး တံတားခင်းလေ၏။ သို့ရာတွင် အဆိုပါ တံတားခင်းသော ‘နွမ်တိန်ဖွန်း’ ဟုခေါ်သော အပင်မှာ နတ်ပူဇော်သောအခါ နတ်စင်အဖြစ် အသုံးပြုသော အပင်ဖြစ်သည်။ ၎င်းအပင်၏ ပင်စည်မှာ အလွန်ချောသဖြင့် လူတို့ဖြတ်ကူးရာ၌ ခက်ခဲမှုရှိသည်ဟု ဆို၏။

ထို့ကြောင့် ရှဝါဖုံကွမ်မောင်သည် လူတစ်ဦးပြီးတစ်ဦး၏ အမည်များကို ခေါ်ကာ သတိနှင့် ဖြတ်ကူးရန် ညွှန်ကြားလေသည်။ ဦးစွာ ပထမ မရစ်ဝါကွမ်ဂျား ဆိုသူအား သစ်တုံးပေါ်မှာ ဖြတ်သွားစေ၏။ ထို့နောက် ‘လထော်ငေါ့ဝါ’ ဆိုသူအား ဖြတ်သွားစေသည်။ ဆက်လက်၍ ‘မဂေါင်ကာဘန်’ ဆိုသူနှင့် ‘အင်ခွမ်မထုမ်ခွမ်’ ဆိုသူအား ဖြတ်သွားစေ၏။ ဤသို့ဖြင့် အသီးသီးတို့အား ဖြတ်သွားစေလေ၏။ လူလေးယောက်တို့သည် တံတားပေါ်မှ ဦးစွာဖြတ်သွားသည်ကို အစွဲပြု၍ ၎င်းတို့ကူးဖြတ်သောချောင်းကိုလည်း ‘လူလေးယောက် ဖြတ်ကူးသော ချောင်း’ ဟု အမည်ပေးလိုက်၏။ ၎င်းကို အတိုချုပ်၍ ‘လေးမြစ်’ သို့မဟုတ် ‘မလိခ’ ဟု ခေါ်ဆိုသည်ကို မြန်မာစကားဖြင့် မေလိခမြစ်ဟု ခေါ်ခြင်းဖြစ်သည်။

မြစ်နှင့် ချောင်းများကို လူအမည်နှင့် ထပ်တူပေးသည် ဆိုရာ၌ များသောအားဖြင့် မိန်းမအမည်များကို အသုံးပြုကာ မှည့်တတ်ကြ၏။ အကြောင်းမှာ ရေသည် သတ္တဝါများ နေ့စဉ်သောက်သုံးသော အရာဖြစ်၏။ ရေမရှိပါက လူသတ္တဝါများ၊ သစ်ပင်များသည် သေကျေပျက်စီးကြမည်ဖြစ်၏။ သို့ဖြစ်၍ ရေကို ကျေးဇူးရှင် မွေးမိခင် (အမျိုးသမီး) သဖွယ် သဘောထားခြင်းဖြစ်သည်ဟုလည်း ဂျိန်ဖော့သွေးချင်းတို့က ယူဆပေသည်။



မေလိခမြစ်သည် ‘မခိခူးဖုံနော်’ ခေါ် ပူတာအို အရှေ့မြောက်ဘက်မှ မြစ်ဖျားခံ၍ မြန်မာပြည်တောင်ပိုင်း ပင်လယ်ထဲသို့ စီးဝင်လာရာ လမ်းခရီးတစ်လျှောက်လုံးတွင် မြစ်ကြီး၊ မြစ်ငယ်၊ ချောင်းကြီး၊ ချောင်းငယ် အမြောက်အမြား မေလိခမြစ်ထဲသို့ စီးဝင်ကြ၏။ ထို့ကြောင့် မေလိခမြစ်သည် မြစ်ကြီးမြစ်ငယ် အသွယ်သွယ် ပေါင်းဆုံရာ မြစ်မဖြစ်သည်ဟုအဆိုရှိကြ၏။ ကချင်များသာမက ရှေးအခါ ရှမ်း၊ မြန်မာနှင့် ကုလားလူမျိုးတို့ကလည်း မေလိခမြစ်အား မြစ်အားလုံးတို့ဆုံရာ မြစ်မအဖြစ် အသိအမှတ်ပြုကြ၏။ (ဥပမာ ဧရာမ = ကြီးသော၊ နဒီ = မြစ်၊ ဧရာနဒီ = ကြီးမားသောမြစ်) ဟု ခေါ်ဆိုရာမှ ကာလကြာသောအခါ နဒီစာလုံး ပျောက်ကွယ်ပြီး ‘နဒီ’ နေရာတွင် ‘ဝတီ’ ကို ထည့်သုံးခြင်းကြောင့် ဧရာဝတီ ဖြစ်လာ၏။

ဆိုခဲ့သည့်အတိုင်း ဧရာဝတီမြစ်ထဲသို့ မြစ်များစွာ ပေါင်းစီးကြသည့် မြစ်ဆုံများအနက် တန့်ဖဲရွာ အထက်နားတွင် အရှေ့ဘက်မှ ပေါင်းစီးလာသော မြစ်မှာ မေခမြစ်ဖြစ်သည်။ (ယခင်က ဖုံမိုင်ခဟု ခေါ်ကြ၏။) သို့ရာတွင် အဆိုပါမြစ်သည် အလွန်ရေစီးသန်ပြီး နက်ရှိုင်းသော ချိုင့်ဝှမ်း၊ ကမ်းပါးချောက်များကို ကျော်ဖြတ်ပြီး စီးဆင်းလာ၏။ ထို့ကြောင့် နုန်းမြေများ၊ မြေသြဇာများ အလွန်နည်းပါးသဖြင့် သီးနှံများ မအောင်မြင်ချေ။ ထို့ပြင် အလွန်နက်ရှိုင်းသော ချောင်းဖြစ်သည့်အား လျော်စွာ ဖြတ်သန်းသွားရာ၌ မလွယ်ကူချေ။ ရံဖန်ရံခါ လူသတ္တဝါများ ဖြတ်ကူးရာ၌ မျောပါသေဆုံးတတ်၏။ ထို့ကြောင့် အစစအရာရာတွင်

အလွန်အဆင်မပြေသော မြစ်အဖြစ် စွဲမှတ်ကြ၏။ သို့ဖြစ်၍ ဂျိန်ဖော့ဘာသာဖြင့် "အင်မိုင်ခ" သို့မဟုတ် မကောင်းသောမြစ်ဟု ခေါ်ဆိုသည်။ မြန်မာစကားဖြင့် မေခဟု ခေါ်ခြင်းဖြစ်၏။ ၎င်းမြစ်သည် "ခါဟာဘင်ဇာရီ" တောင်တန်း (တရုတ်-မြန်မာ နယ်စပ်ကျောက်တိုင်အမှတ် ၄၇ ရှိ "ဒီဖူးလဂါး") မှ မြစ်ဖျားခံသည် ဆို၏။ ထိုဒေသမှ အနောက်ဘက်စောင်းပြီး စီးလာ၍ ပူတာအိုအရှေ့ဘက် မချမ်းဘောမြို့အနီးတွင် မေလိမြစ်ထဲသို့စီးဝင်လုနီးပါးမျှဖြစ်ပြီး မပေါင်းဆုံဘဲ တစ်ဖန်တောင်ဘက်သို့လှည့်ပြီး စီးဆင်းလာ၏။ တောင်ဘက်သို့ မိုင် ၂၀၀ ကျော်ခန့် စီးဆင်းသွားပြီးနောက် မြောက်ဘက်သို့ တစ်ဖန်ကွေ့ကာ တန်ဖဲရွာ အထက်နားတွင် မေလိခမြစ်နှင့် ပေါင်းဆုံမိခြင်းဖြစ်၏။

**မေခ-မေလိခ ပေါင်းဆုံရာ မြစ်ဆုံအလှ**





မေလိခမြစ်နှင့် မေခမြစ်တို့ ပေါင်းဆုံခြင်းကား ဆန်းကြယ်လှ၏။ ဂျိန်ဖော့ခေါ် ကချင်ပုံပြင်အရဆိုလျှင် အဆိုပါ မြစ်နှစ်သွယ်တို့သည် မြန်မာပြည် အရှေ့မြောက်ဘက်မှ တောင်ဘက် ပင်လယ်ထဲသို့ အပြိုင်စီးဆင်းလာကြရာ လမ်းခရီး၌ အချင်းချင်း ပေါင်းဆုံကြရန် ဖြစ်သော်လည်း အထက်တွင် ဖော်ပြသည့်အတိုင်း အရှေ့ဘက်မှ စီးဆင်းသော မေခမြစ်သည် ရေစီးလျင်မြန်မှုကြောင့် ရှေ့သို့ရောက်သွား၏။ မေလိခမြစ်မှု ဖြည်းညင်းစွာ စီးဆင်းသဖြင့် နောက်ကျကျန်ရစ်လေ၏။ သို့ဖြစ်၍ ရှေ့သို့ရောက်သွားသော မေခမြစ်သည် မြောက်ဘက်သို့ ပြန်လှည့်စီးပြီး တန်ဖဲရွာအနီးတွင် ပေါင်းဆုံခြင်းဖြစ်၏။ ဂျိန်ဖော့တို့က မေလိခမြစ်ကို အစ်မနှင့်လည်းကောင်း၊ မေခမြစ်ကို ညီမနှင့်လည်းကောင်း နှိုင်းယှဉ်ယူဆကြသည်။

မြစ်ဆုံနေရာကို သာမန်အားဖြင့်ဖြစ်စေ၊ ရှေးပုံပြင်အရဖြစ်စေ ကျွန်းကြီးသဖွယ် တွေ့မြင်ရ၏။ ရှေးအခါ သားအမိနှစ်ယောက်တို့သည်လည်း ဤမြစ်ဆုံကို ကျွန်းသဖွယ် ထင်မှတ်ခဲ့ကြောင်းသိရ၏။ မြစ်ဆုံမှ အမေဖြစ်သူက မေလိမြစ်ကို လိုက်၍သော်လည်းကောင်း၊ သားဖြစ်သူက မေလိခမြစ်ကို လိုက်၍သော်လည်းကောင်း အထက် မြစ်ဆုံမည်ထင်သော နေရာတွင် ဆုံရန် တက်သွားကြသည် ဆို၏။ သို့ရာတွင် ၎င်းမြစ်တို့သည် အထက်တွင် မပေါင်းဆုံဘဲ သီးခြား မြစ်ဖျားခံကြခြင်းကြောင့် သားသမီးနှစ်ယောက်စလုံး သေဆုံးပြီး ပုစဉ်းကောင်ဖြစ်သွားကြကုန်သည်ဆို၏။ ယခုတိုင် မေလိခမြစ်ဘက်မှ ပုစဉ်းသည် "သားရယ်-သားရယ်" ဟုအော်ပြီး မေခမြစ်ဘက်မှ ပုစဉ်းသည် "အမေရယ်-အမေရယ်" ဟု အော်ကြရကြောင်းဖြင့်လည်း ဆိုကြ၏။

အထက်ပါ ကချင်ပုံပြင်အရ မေလိခမြစ်နှင့် မေခမြစ်နှစ်သွယ်တို့သည် မြန်မာပြည်မြောက်ဘက်မှ တောင်ဘက်သို့ ပြိုင်တူစီးဆင်းကြစေကာမူ မေခမြစ်သည် ရေစီးလျှင်သောကြောင့် ဂေါင်၊ အင်ခွန်၊ လဖိုင်၊ မရန်၊ ခခူး အစရှိသော ကချင်အနွယ်ဝင်များသည် ရှဝါဖုံကွမ်မောင် ခေါင်းဆောင်၍ မလိခူးတောင်မှ မြေပြန့်ဒေသသို့ ရောက်သွားကြကုန်သည်။ တစ်ဖန် ရှမ်း၊ ဗမာ၊ ကချင်၊ ကရင်၊ ကယား၊ ချင်း၊ ရခိုင် အစရှိသော တိုင်းရင်းသားအားလုံးတို့သည်လည်း 'ကင်ဆိုင်းရှဘရန်' မှ ခွဲထွက်လာသော ဆွေမျိုးရင်းချာများသာဖြစ်ပေသည်။ သို့ရာတွင် ကာလဒေသကိုလိုက်၍ လူနေမှု အဆင့်အတန်းနှင့် ယဉ်ကျေးမှုချင်း ကွာခြားခြင်းသာ ဖြစ်ပေသည်။

မေခမြစ်သည် ကချင်ပြည်နယ် မြောက်ဘက် ရေခဲတောင်ကြီးများမှ ချောင်းဖျားခံ၍ တောင်ကျချောင်းအဖြစ် မိုင်ပေါင်း ၂၂၀ ကျော်ကို ဖြတ်သန်း စီးဆင်းခဲ့သည်။ ရေစီး အလွန်ကြမ်းတမ်း၏။ မေလိခမြစ်သည် ကချင်ပြည်နယ် မြောက်ဘက်စွန်းဒေသ အနောက်မြောက်ဘက်စွန်းရှိ ရေခဲတောင်ကြီးများကို ချောင်းဖျားခံ၍ တောင်ကျချောင်းအဖြစ် မိုင်ပေါင်း ၁၅၀ ကျော် ဖြတ်သန်း စီးဆင်းခဲ့သည်။ ၎င်းမြစ်နှစ်မြွာ ဆုံသည့်နေရာမှာ ရေပြင်ကျဉ်းသော ဒေသဖြစ်သည်။ ရေစီးအလွန်ကြမ်းလျက် အေးမြသည်။ ရေသည် အလွန်ကြည်လင်နေပြီး မြစ်ကြမ်းပြင်မှ ကျောက်တုံး ကျောက်သားများကို မြင်တွေ့ရသည်။

ဂျိန်ဖော့တို့က မေခမြစ်ကို မြစ်ဆိုးဟုလည်းကောင်း၊ မေလိခမြစ်ကို မြစ်ကြီးဟုလည်းကောင်း၊ မေခနှင့် မေလိခမြစ်ပေါင်းဆုံရာ မြစ်ဆုံကို သူတို့ဘာသာဖြင့် 'မလိဇွပ်' ဟုလည်းကောင်း၊ ဧရာဝတီကို 'မလိ' ဟုလည်းကောင်း ခေါ်ဆိုကြသည်။



မြစ်ကြီးနားမှ မြစ်ဆုံရှိရာ တန်ဖဲရွာသို့ သွားရာလမ်းတစ်လျှောက်တွင် မန်ခိန်၊ နောင်နန်း၊ လမုန်ဇွမ်း၊ ဦးချစ်ကထောင်၊ ရွှေစက်၊ အာလမ်၊ ဒိန်ကမိကလောင်၊ ကျိုန်ခရန်နှင့် တန်ဖဲ ဟူသော ကျေးရွာများအားလုံးတွင် ဂျိန်ဖော့တိုင်းရင်းသားများ အများစု နေထိုင်ကြသည်ကို တွေ့ရှိရသည်။

မြစ်ဆုံအနီးရှိ အင်ခိုင်ဘွန်တောင်ကြီးကမူ အနောက်ဘက်မှ အရှေ့ဘက်သို့ လက်ချောင်းသဖွယ် ဖြန့်ကြက်ဆန့်ထုတ် အုပ်မိုးထားသည့်ကဲ့သို့ တွေ့ရှိရသည်။ မြန်မာနိုင်ငံ တစ်နံတစ်လျားမှ တိုင်းရင်းသားညီအစ်ကို မောင်နှမများသည် အမိဧရာဝတီမြစ်ကြီးကို မွေးဖွားခဲ့ရာ၊ ဖန်တီးဖြစ်ပေါ်ခဲ့ရာ မေခ၊ မေလိခ မြစ်ဆုံသို့ လာရောက်လည်ပတ်လေ့လာကြသူများဖြင့် စည်ကားလှသည်။ လှပသော၊ ပို၍လှပသော အမိဧရာဝတီကို ဖန်တီးပေးခဲ့ရာ၊ မွေးဖွားပေးခဲ့ရာ မြစ်ဆုံ၏ အလှများဖြစ်ပါသည်။

# ကရိန်နော်

ရှုခင်းသာယာလှသည့် ကရိန်နော် အပန်းဖြေနေရာသည် မြစ်ကြီးနားမြို့မှ ငါးမိုင် နှစ်ဖာလုံခန့်ဝေးသော ရွှေစက်ရွာအနီး ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိသည်။ ဤကရိန်နော် အပန်းဖြေရိပ်သာမြေတွင် 'ပွမ်လွတ်' ခေါ် ရွှေစက်အရပ်၌ ယခင် ဂျာမန်လူမျိုး မစ္စတာပွမ်နီနှင့် ညီအစ်ကိုများ၏ ရွှေထိုးစက် တည်နေရာ ဖြစ်သည်။

ကရိန်နော်ကို ဂျိန်ဖော့စကားဖြင့် 'ကရိန်ဆော့ရာ' ဟု ခေါ်သည်။ ကရိန်သည် မြေပိုင်ရှင်ဟု အမည်ရပြီး ဆော့ရာမှာ အပန်းဖြေနေရာဖြစ်သောကြောင့် ကရိန်ဆော့ရာသည် ကရိန်နော် အပန်းဖြေနေရာဟုအဓိပ္ပာယ်ရသည်။ တစ်နည်းအားဖြင့် ကရိန်နော် အပန်းဖြေရိပ်သာဟုလည်း ခေါ်သည်။

တြိဂံဒေသ လူမျိုးစု ပါလီမန်အမတ် ဒူဝါကရိန်နော်သည် ၁၉၅၂ ခုနှစ်တွင် ရိပ်သာတစ်ခု တည်ထောင်ခဲ့သည်။ ရိပ်သာနှင့်အတူ အပန်းဖြေအိမ်များ၊ တဲများ၊ ထိုင်ခုံများ၊ ကစားရန်နေရာများ၊ မျှော်စင်ကြီးများနှင့် ဆိုင်ခန်းများ၊ လမ်းတံတားများကို တည်ဆောက်ခဲ့ပါသည်။ သစ်ပင်ပန်းပင်များဖြင့် သာယာ လှပအောင် မွမ်းမံပြင်ဆင်ထားသောနေရာတစ်ခုဖြစ်သည်။ အရိပ်အာဝါသ ကောင်းသည်။ သဘာဝရှုခင်းများရှိသော ဧရာဝတီမြစ်ကမ်းနဖူးရှိ မြစ်၏အလှအပကိုလည်း ငေးမောရှုစားနိုင်သည်။ သဘာဝ ကျောက်တုံးများ၊ ကျောက်ဆောင်များ၊ ရေကန်၊ ရေအိုင်၊ တောင်ကမူများဖြင့် ကြည်နူးစရာ အပန်းဖြေရိပ်သာတစ်ခုဖြစ်သည်။



ယင်းနေရာတွင် ကျောက်ဆောင်များ၊ တစ်ချိန်က ရွှေတူးဖော်ခဲ့၍ဖြစ်ပေါ်နေသော ချိုင့်ဝှမ်းများ၊ သဘာဝ ရေကြောင်းများ တည်ရှိနေသည်။ သဲသောင်ပြင်နှင့် ကြည်လင်လျက်ရှိသောရေလျှဉ်များ၊ နောက်ခံကားချပ်သဖွယ် ဖြစ်နေသော အုံ့ဆိုင်းညိုမှိုင်းနေသည့် တောင်တန်းများ

**ကရိန်နော် အပန်းဖြေရှုခင်းတစ်နေရာ**



တို့ကြောင့် ရှုမငြီးဖွယ်ရာ ကြည်နူးစရာ သဘာဝအပန်းဖြေစခန်းတစ်ခု ဖြစ်နေပါသည်။ ခေတ်အဆက်ဆက်ကပင် သဘာဝအလှကို ခံစားနိုင်ရန်အတွက် နိုင်ငံခြားဧည့်သည်နှင့် အထက်တန်းစား လူကြီးများပင် သွားရောက်အပန်းဖြေကြပါသည်။ ရိပ်သာနှင့်အတူ စားသောက်ဆိုင်များ တည်ထောင်ပြီး စိတ်ပျော်ရွှင်မှု ရရှိနိုင်အောင် ဖန်တီးပြုလုပ်ထားပါသည်။

ကရိန်နော် အပန်းဖြေရိပ်သာကို ၁၉၆၀ ပြည့်နှစ်တွင် ကချင်ပြည်နယ် အတွင်းဝန်ဟောင်း ဒူဝါရှန်လုံးအား လွှဲပြောင်းပေးထားခဲ့ပါသည်။ ဒူဝါရှန်လုံး ရန်ကုန်ပြောင်းသွားသည့်အချိန်တွင် ရွှေစက်သမဝါယမအသင်းကို ထိရောက်စွာ မထိန်းသိမ်းနိုင်သဖြင့် ၁၉၉၀ ပြည့်နှစ်တွင် ကချင်ပြည်နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ကျပ်ငွေ ရှစ်သိန်းကျော် အကုန်ကျခံ၍ ပြုပြင်ထိန်းသိမ်းထားပါသည်။ ရိပ်သာကို အုတ်တံတိုင်းဖြင့် ကာရံထားပြီး အလွန်လှပ တင့်တယ် ရှုမငြီးစဖွယ်ဖြစ်အောင် ပြုပြင်ထားသည်။ ယင်းမွမ်းမံထားသော ကရိန်နော် ရိပ်သာကို ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၁၀ ရက် ကချင်ပြည်နယ်နေ့တွင် ထိုစဉ်က ပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့ပါသည်။ ပြည်တွင်းပြည်ပ ခရီးသွားများ၊ လူကြီးလူငယ် ကျောင်းသူကျောင်းသားတို့ဖြင့် အလွန်စည်ကားလျက်ရှိသည်။

တောင်တန်းများဆီမှ မြစ်ဖျားခံ၍ တသွင်သွင် စီးဆင်းလာသော ဧရာဝတီမြစ်ကြီးသည် ကချင်ပြည်နယ်၏မြို့တော် မြစ်ကြီးနားမြို့အား စတင်နှုတ်ဆက်သည့် နေရာဟုလည်း တင်စားခေါ်နိုင်ပါသည်။



# မနော်မြေက ဗလမင်းထင်

ယနေ့ခေတ်သည် မြန်မာနိုင်ငံ တစ်နံတစ်လျား၌ ဖွံ့ဖြိုး တိုးတက်မှု အရှိန်အဟုန်များ မြင့်မားလျက်ရှိသည်။ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ပေါ်ထွန်းရေးသည် နိုင်ငံတွင်းရှိ ပြည်နယ်၊ တိုင်းဒေသကြီးများ၊ မြို့ရွာဒေသများ ဖွံ့ဖြိုး တိုးတက်ခြင်းနှင့် လမ်းပန်းဆက်သွယ်မှု လွယ်ကူကောင်းမွန်ခြင်းတို့မှာ အခြေခံလိုအပ်ချက်များ ဖြစ်သည်။

သို့ဖြစ်ရာ လမ်းပန်း ဆက်သွယ်မှုသည် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် သက်ဆိုင်နေပေသည်။ လမ်းပန်းဆက်သွယ်မှု လွယ်ကူကောင်းမွန်သည်နှင့်အမျှ တိုင်းရင်းသားများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာသနာရေးတို့သည်လည်း ဖွံ့ဖြိုးတိုးတက်မှု ရှိလာမည်သာ ဖြစ်သည်။

ယခင်က တိုးတက်မှု နှေးကွေးခဲ့သော ကချင်ပြည်နယ် နယ်စပ်ဒေသများသည်လည်း ယခုအခါ နိုင်ငံတော် အကြီးအကဲများ၏ စစ်မှန်

သော စေတနာ အလှတရားတို့ကြောင့် သိသိသာသာကြီး ပြောင်းလဲ တိုးတက်လျက် ရှိပေသည်။ ဤသည်ကို ကချင်ပြည်နယ်၏ လမ်းပန်း ဆက်သွယ်မှုကို အထောက်အကူပြုနေသော ဗလမင်းထင်တံတားကြီး က သက်သေခံလျက်ရှိသည်။ ၎င်းတံတားကြီးသည် မြစ်ကြီးနားမြို့ မှ သုံးမိုင် လေးဖာလုံဝေးသော စီတာပူရွာနှင့် ဝိုင်းမော်မြို့မှ ငါးမိုင် လေးဖာလုံဝေးသော မိုင်းနားရွာတို့ကို ဧရာဝတီမြစ်ကြီးအား ဖြတ်၍ ဆက်သွယ် ဆောက်လုပ်ထားခြင်းဖြစ်သည်။

ဗလမင်းထင်တံတားကြီး၏ အရှည်မှာ ၂၆၈၇.၆၃ ပေရှိသည်။ တံတားကြီးသည် ၂၇၅.၅၂ ပေရှိသော ခန်းဖွင့် နှစ်ခန်းနှင့် ၃၅၄.၂၄ ပေ ရှိသော ခန်းဖွင့် ခြောက်ခန်းရှိသည်။ ယာဉ်သွားလမ်းမှာ ၂၈ ပေ ကျယ်ဝန်း၍ လူသွားလမ်းမှာ ခြောက်ပေကျယ်ဝန်းသည်။ တံတား






ကြီးသည် အပေါ်ထည် သံပေါင်တံတားကြီးဖြစ်၍ အောက်ထည်မှာ သံကူ ကွန်ကရစ်တိုင် အမျိုးအစားဖြစ်သည်။ ရေလည်တိုင် ခုနစ်တိုင် ရှိပြီး တစ်တိုင်နှင့်တစ်တိုင် အကွာအဝေးမှာ ၃၅၄ ပေ ဖြစ်သည်။

တံတားကြီးသည် ဗန်းမော်၊ မိုးမောက်-ဝိုင်းမော်-မြစ်ကြီးနား- ဆွမ်ပရာဘွမ် လမ်းပေါ်တွင် တည်ရှိသည်။ ဧရာဝတီမြစ် အရှေ့ဘက် ကမ်းနှင့် အနောက်ဘက်လမ်းဒေသများကို ဆက်သွယ် သွားလာနိုင်ပြီး ဒေသခံတိုင်းရင်းသားများ၏ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေး တို့ကို အထောက်အကူပြုနိုင်ခဲ့သည်။ တံတားကြီး တည်ဆောက်ရာတွင် မြန်မာငွေကျပ် ၁၀၇၇.၃ သန်းနှင့် အမေရိကန်ဒေါ်လာ ၅.၉ သန်း ကုန်ကျခဲ့သည်။

ဗလမင်းထင်တံတားကြီးကို ၂၀-၇-၁၉၉၅ ရက်နေ့တွင် အုတ်မြစ်ချခြင်း ပြုလုပ်ခဲ့သည်။ ၁၉၉၅ ခုနှစ် ဩဂုတ်လ ပထမပတ်မှ စ၍ ဆောက်လုပ်ရာ ၁၉၉၈ ခုနှစ် နိုဝင်ဘာလ ပထမပတ်တွင် ပြီးစီးခဲ့သည်။ ထို့ကြောင့် တံတားဖွင့်ပွဲကို ၁၄-၁၁-၁၉၉၈ ရက်နေ့ နံနက် ၇း၃၀ နာရီတွင် ကျင်းပခဲ့သည်။ တံတားကြီး ဖွင့်ပွဲအခမ်းနားသို့ ထိုစဉ်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ဖွင့်လှစ်ပြီး မိန့်ခွန်းပြောကြား ခဲ့သည်။ တံတားကြီးဖွင့်ပွဲ အခမ်းအနားသို့ ကချင်ပြည်နယ်ရှိ တိုင်းရင်း သား လူမျိုးများ စုပေါင်း အင်အား ၂၅၀၀၀ ကျော် တက်ရောက် ခဲ့ကြသည်။ ဤတံတားကြီးမှာ ကချင်ပြည်နယ်၏ ငြိမ်းချမ်းသာယာမှု၊ တိုးတက်ဖွံ့ဖြိုးမှု ပြယုဂ်တစ်ခု ဖြစ်သည်။

၎င်းတံတားကြီး ဖွင့်ပွဲတွင်လည်း ဂျိန်ဖော့တိုင်းရင်းသားများသည် အခြားတိုင်းရင်းသားများနည်းတူ တက်ကြွစွာ ပါဝင်ခဲ့ကြသည်။ စုစု

ပေါင်း ဂျိန်ဖော့ တိုင်းရင်းသား ၅၀၀၀ ကျော် အားတက်သရော တက်ရောက်ခဲ့ကြသည်။ ဂျိန်ဖော့တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ ကလည်း ဂျိန်ဖော့ရိုးရာ အတီးအမှုတ်၊ အဆိုအကများဖြင့် နိုင်ငံတော် အကြီးအကဲများကို ကြိုဆိုကြခြင်း၊ တံတားကြီး ဖွင့်လှစ်ပွဲ၌ တက်တက်ကြွကြွ ပါဝင်ခြင်း ရှိခဲ့ကြသည်။ ထို့အပြင် ဂျိန်ဖော့တို့သည် နိုင်ငံတော်က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာ လှေသဘင်ပွဲတော်များ၊ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများနှင့် ပြည်ထောင်စုနေ့ အခမ်းအနားများတွင် ကိုယ်စားလှယ်များအဖြစ်လည်းကောင်း၊ ဂျိန်ဖော့ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့အဖြစ်လည်းကောင်း တက်ရောက် ခဲ့ကြသည့် သာဓကများလည်း ရှိခဲ့သည်။

ဂျိန်ဖော့သွေးချင်းတို့သည် မြန်မာ့သမိုင်းတွင် တိုင်းပြည်နှင့်လူမျိုး အကျိုးကို ထာဝစဉ် စောင့်သိ ရိုသေသော၊ တိုင်းပြည်အပေါ် သစ္စာရှိရှိ၊ တာဝန်သိသိဖြင့် ရိုးသားကြိုးစားစွာ နေထိုင်ခဲ့ကြသော တိုင်းရင်းသား လူမျိုးတစ်မျိုးဖြစ်သည်။ ယခုကဲ့သို့ နိုင်ငံတော်အစိုးရမှ ကြီးမားသော စေတနာ၊ မေတ္တာနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ တစ်နေရာနှင့် တစ်နေရာ ကူးလူးဆက်သွယ် သွားလာမှု လွယ်ကူစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဗလမင်းထင် တံတားကြီးကို ဖွင့်လှစ်ပေးမှုကြောင့် ဒေသခံ ဂျိန်ဖော့တိုင်းရင်းသားများသည် နိုင်ငံတော် အပေါ်နှင့် နိုင်ငံတော် အကြီးအကဲများအပေါ် ကျေးဇူးတင် ဝမ်းသာ အားရမဆုံး ရှိနေကြပေသည်။



# ထူးချွန်ထင်ရှား ဂျိန်ဖော့တိုင်းရင်းသားများ

## ဒူဝါဒိုင်ဖာကမ်

၁၈၂၁ ခုနှစ်တွင် အာသံနယ်စား စန္ဒရကန္တရိုက်သည် အိန္ဒိယနိုင်ငံရှိ ဗြိတိသျှနယ်ချဲ့သမား၏ ကြေးစားစစ်တပ်များ အကူအညီဖြင့် မြန်မာ ဘုရင် ဘကြီးတော်ဘုရားအား ထောင်ထား ခြားနားရာ စစ်သူကြီး မဟာဗန္ဓုလ ဦးစီးကွပ်ကဲ၍ မြန်မာစစ်သည်အင်အား ၇၀၀၀ ဖြင့် အာသံသို့ သွားရောက်တိုက်ခိုက် နှိမ်နင်းခဲ့ရသည်။

မဟာဗန္ဓုလ၏တပ်များ အာသံသို့ချီတက်၍ မိုးကောင်းအရောက်တွင် မိုးကောင်းအထက်ဘက် တောင်သားစော်ဘွားတို့က အမှုတော်ကို ကောင်းစွာ ထမ်းရွက်လိုကြောင်း ဗိုလ်မှူး မင်းကြီး မဟာဗန္ဓုလထံ လျှောက်ထားခွင့်တောင်းကြရာ မဟာဗန္ဓုလ၏ ဝမ်းပန်းတသာ ခွင့်ပြုချက်အရ တောင်စားဗိုလ် နေမျိုးသိန်ပရာဇာနှင့် ဂျိန်ဖော့ စစ်သည် ၁၀၀၀ ခန့်ပါဝင် ချီတက်တိုက်ခိုက်ခဲ့သည်။ ဗိုလ်နေမျိုးသိန်ပရာဇာသည် ဂျိန်ဖော့စစ်သည်များ၏ တပ်မှူးအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

စစ်သူကြီး မဟာဗန္ဓုလသည် သူနှင့်အတူလိုက်ပါ အမှုထမ်းခဲ့ကြသော ကချင်တိုင်းရင်းသား စစ်သည်များကို ဗိုလ်နေမျိုးသိန်ပရာဇာနှင့်အတူ ရာရော့လ၊ ဘက်ဘန်တန်၊ လဝမ်ထော်လီ၊ လော့ဒွမ်ဇော်ရီ၊ အင်ဒိန်လော့အွမ်ဒူ၊ ဇော်ဂျာမဇော်ဖြိုးနှင့် လော့ခွပ်ဇော်တောင်တို့က ဦးဆောင်ခဲ့သည်။

ဗိုလ်နေမျိုးသိန်ပရာဇာ ဆိုသူကား တနိုင်းမြို့နယ်သား ဂျိန်ဖော့အမျိုးသား ဒူဝါဒိုင်ဖာကမ်ပင် ဖြစ်သည်။ ၎င်းအား အာသံနယ်စား စန္ဒရကန္တရှိန်၏ ထောက်ထား ခြားနားမှုကို နှိမ်နင်းရာတွင် ပါဝင်တိုက်ခိုက်ခဲ့သဖြင့် စစ်သူကြီး အဆောင်အယောင် ဘွဲ့တံဆိပ် ရွှေဓားနှင့် ဝတ်စုံများ ချီးမြှင့်ခဲ့သည်။

ချီးမြှင့်ခံရသော အဆောင်အယောင်များမှာ (၁) စစ်ခမောက်၊ (၂) တောင်ရှည်အင်္ကျီ၊ (၃) ခြေနင်း၊ (၄) ရွှေဓားလွယ်၊ (၅) ရွှေစလွယ်တစ်စုံ၊ (၆) ပိုးကန့်လန့်ကာ၊ (၇) ရွှေထီး၊ (၈) ရွှေတုတ်နှင့် (၉) ရွှေပြားဘွဲ့တံဆိပ်တို့ဖြစ်သည်။

## ဆမားဒူဝါ ခွန်ဆိုင်းလီ

မြစ်ကြီးနားခရိုင်အတွင်း ဆမားဒူဝါသည် အင်္ဂလိပ်တို့ကို တော်လှန်လျက်ရှိရာ ဗိုလ်ဘိုးစောနှင့် ကချင်တော်လှန်ရေး တပ်သားများသည် ဗန်းမော်ခရိုင်မှ ဆုတ်ခွာကာ ဆမားဒူဝါနှင့် ပူးပေါင်းသည်။ ထို့နောက် နယ်ချဲ့အင်္ဂလိပ်တို့အား ဆန့်ကျင်တိုက်ခိုက်ကြသည်။

အင်္ဂလိပ်တို့က ဆမားဒူဝါအား မြန်မာခေါင်းဆောင်များ၊ မြန်မာတပ်သားများနှင့် ပူးပေါင်းခြင်းမပြုရန် ရာထူးပြ မက်လုံးပေး၍ စကားကမ်းလှမ်းခဲ့သော်လည်း ဆမားဒူဝါက ခါးခါးသီးသီးငြင်းပယ်ခဲ့သည်။



၁၈၈၉ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် နယ်ချဲ့အင်္ဂလိပ်တို့သည် ကချင်တော်လှန်ရေးနယ်မြေကို ထိုးစစ်ဆင်ကြသည်။ အိုဒွမ်နယ်ခေါင်းဆောင်သော ဗြိတိသျှစစ်သည်များသည် ကာမိုင်းသို့ စစ်ချီလာခဲ့ရာ ဇန်နဝါရီလ ၁၁ ရက်တွင် တော်လှန်ရေးတပ်သားများနှင့်တွေ့ဆုံတိုက်ပွဲဖြစ်ပွားသည်။ ကာမိုင်းအနီးရွာများ၊ လမ်းတစ်လျှောက်တွေ့သမျှရွာများ၊ ဆမားရွာများကိုပါ တိုက်ကြသည်။

ဆမားရွာတွင် ဗြိတိသျှတို့နှင့် တော်လှန်ရေးတပ်သားများ တိုက်ပွဲဖြစ်သည်။ ဆမားရွာတွင် ဗြိတိသျှတို့နှင့် ကချင်တော်လှန်ရေးတပ်သားများ ရင်ဆိုင်တိုက်ပွဲဖြစ်ရာတွင် ဗြိတိသျှတို့ဘက်မှ ဗိုလ်ကြီး အိုဒွမ်နယ်၊ မက္ကာဒိုနယ်နှင့် တပ်သားအများ ဒဏ်ရာရကြသည်။ ဗိုလ်ကြီးလော်ကားနှင့် တပ်သားများ ကျဆုံးသွားကြသည်။

ဗြိတိသျှတို့သည် ဇန်နဝါရီလမှ မတ်လအထိ ဆမားဒူဝါခေါင်းဆောင်သော ကချင်တော်လှန်ရေး နယ်မြေများသို့ စစ်ဆင်ရေးများ ပြုလုပ်၍ ကချင်ကျေးရွာများ၊ အိုးအိမ်စည်းစိမ်များ၊ ကြက်၊ ဝက် ပစ္စည်းမကျန် မီးရှို့ဖျက်ဆီးကြသည်။ ဆမားဒူဝါ ခေါင်းဆောင်သော တော်လှန်ရေးတပ်များက အညံ့မခံလက်နက်မချဘဲ ဆက်လက်ဆင်နွှဲတိုက်ခိုက်လျက်ရှိကြသည်။

၁၈၉၂ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် တော်လှန်ရေးတပ်များသည် အင်္ဂလိပ်တို့ စခန်းချနေသော ဆမားတပ်ကို အပြင်းအထန်တိုက်ခိုက်ကြသည်။ ဗြိတိသျှတို့ဘက်မှ တပ်မှူး ဗိုလ်ကြီးမော်တွန်နှင့် တပ်သားငါးဦး ကျဆုံးသည်။ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ဖြစ်ပွားသော ဆမားရွာတောင်ဘက် တိုက်ပွဲတွင် စစ်ပုလိပ်တစ်ဦးနှင့် တပ်သားခုနစ်ဦး ကျဆုံးသည်။

ကချင်တော်လှန်ရေးတပ်များသည် ဆမားတပ်မှ ပြန်လည်ထွက်ခွာလာသော အင်္ဂလိပ်တပ်များအား ခြုံခိုတိုက်ခိုက်ရာ အင်္ဂလိပ်တို့တပ်မှ လေးဦး ကျဆုံးသည်။ ဗိုလ်ကွတ်ကားနှင့် တပ်သား ၂၂ ဦး အပြင်းအထန် ဒဏ်ရာရခဲ့သည်။ ဇွန်လ ၃၀ ရက်နေ့တွင် ဆမားရွာသို့ တပ်ကူပို့သော အင်္ဂလိပ်တပ်များနှင့် ကချင်တော်လှန်ရေးတပ်များ ကန့်ဂျာရွာ၌ ထပ်မံ တိုက်ပွဲဖြစ်ပွားပြန်သည်။ ဗြိတိသျှတို့ဘက်မှ တပ်သား ခြောက်ဦး သေဆုံး၍ ငါးဦး ဒဏ်ရာရခဲ့သည်။

ဗြိတိသျှတို့သည် အခဲမကျေဘဲ ဆမားနယ်မြေအတွင်း တပ်ချ၍ တပ်သား ၁၂၀၀ ကျော်ဖြင့် ကချင်တော်လှန်ရေးတပ်များကိုဆက်လက်တိုက်ခိုက်သည်။ ဇန်နဝါရီလ ၈ ရက်နေ့တွင် ပါလပ်ရွာအနီး တော်လှန်ရေး တပ်များနှင့် ဗိုလ်ကြီးအက်ကင်ဆန် ခေါင်းဆောင်သော အင်အား ၃၀၀ ပါဝင်သည့် ဗြိတိသျှတပ်တို့ တိုက်ပွဲဖြစ်ပွားရာ ဗြိတိသျှတို့ဘက်မှ တပ်သားနှစ်ဦး ကျဆုံးခဲ့သည်။ ကချင်တပ်မှ ၁၃ ဦး ကျဆုံးသည်။

ထို့ပြင် မိုးကောင်းတိုက်ပွဲ ဖြစ်ပွားပြီးနောက် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် လက်ဖတင်နင် အိုဒွမ်နယ်၏ ဗြိတိသျှတပ်များသည် ဆမားဒူဝါ၏ နယ်ချဲ့ဆန့်ကျင်ရေးနယ်မြေအား ဆမားရွာ ကချင်တော်လှန်ရေး အင်အားစုများနှင့် တွေ့ဆုံတိုက်ပွဲ ဖြစ်ပွားပြန်ရာ ဗြိတိသျှတပ်သား တစ်ယောက်နှင့်အရာရှိနှစ်ဦး ဒဏ်ရာရရှိပြီး တပ်ဆုတ်သွားရပြန်သည်။

ဆမားဒူဝါခွန်ဆိုင်းလီသည် ဗြိတိသျှတို့အား သူရဲကောင်းပီသစွာ တိုက်ခိုက်ခဲ့သည်။ ၁၉၁၀ ပြည့်နှစ်တွင် ဗြိတိသျှတို့က တောင်တြိဂံနယ်မြေတွင် ရွှေ့ပြောင်းနေထိုင်သည့် ဆမားဒူဝါ ခွန်ဆိုင်းလီအား ဥပါယ်တံမျဉ်ဖြင့် ဆက်သွယ်ခေါ်ယူကာ ပထမစစ်ပြေငြိမ်းရေး သဘောတူ လက်မှတ်ရေးထိုးစေသည်။ ၁၉၁၄ ခုနှစ်တွင် ဗြိတိသျှတို့သည်



ဗမာနှင့်ကချင်တိုင်းရင်းသားခေါင်းဆောင်များ မပါဘဲ မိမိတို့သဘောအတိုင်း မြေပုံသတ်မှတ်သည်ကို မကျေနပ်၍ အချင်းများပြီး ကချင်အမျိုးသားတို့က နယ်ချဲ့ဗြိတိသျှတို့ကို ဆန့်ကျင်တိုက်ခိုက်ကြသည်။ ဗြိတိသျှတို့ကို သူ့ကျွန်မခံ တော်လှန်တိုက်ခိုက်ခဲ့သော ဆမားဒူဝါခွန်ဆိုင်းလီသည် ထိုနှစ်မှာပင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။

## ဖုံကန်ဒူဝါ

ဖုံကန်ဒူဝါသည် ဗန်းမော်ခရိုင် မံစီမြို့နယ် ဖုံကန်ရွာသား ဖြစ်သည်။ ကချင်၊ ရှမ်း၊ ဗမာတို့ ပါဝင်သော တပ်များကိုခေါင်းဆောင်၍ ၁၈၈၆ ခုနှစ်မှစ၍ အင်္ဂလိပ်တို့အား တော်လှန်ခဲ့သူဖြစ်သည်။ ၁၈၈၆ ခုနှစ် ဖေဖော်ဝါရီလတွင် မေဂျာမိန်းဝါးရင်းနှင့် ကပ္ပတိတန်ဇွေစ်တို့ ဦးဆောင်သော တပ်များသည် မိုးကောင်းသို့ တပ်ဖြန့်ထားလေသည်။ စာဝတီးတွင် တပ်စွဲနေသော ဗြိတိသျှတို့ တိုက်ခိုက်ရန် ဖုံကန်ဒူဝါ ခေါင်းဆောင်သော ကချင်အမျိုးသားများသည် ဗန်းမော်ဘက်၌တပ်စွဲထားကြသည်။

၁၈၈၆ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကပ္ပတိတန် ဇွေ့စ်နှင့် ဗိုလ်ကြီးလိုင်းတို့သည် အမြောက်တပ်၊ ခြေလျင်တပ်၊ မြင်းတပ်များဖြင့် ဖုံကန်နယ်သို့ ချီတက်လာသည်။ ကချင်တောင်တန်းများဆီသို့ တပ်ဖြန့်လာသော ဗြိတိသျှတို့ကို ပြန်လည်တိုက်ခိုက်ရန် ဖုံကန်ဒူဝါ ဦးဆောင်သော ကချင်တော်လှန်ရေးတပ်သားများသည် ဗြိတိသျှတို့၏ အန္တရာယ်ကို ဖြိုခွင်းရန်အတွက် ၁၈၈၆ ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် တပ်များစေလွှတ်ရာ တိုက်ပွဲဖြစ်ပွားသည်။ ဒဏ်ရာရသူများပြား၍ ဗန်းမော်မှ ပြန်လည်ဆုတ်ခွာလာခဲ့သည်။ ထိုနှစ် မေလ ၂၂ ရက်နေ့တွင် ဗြိတိသျှတပ်များ ချောင်းဒေါက်ရွာမှအထွက် ဖုံကန်ဒူဝါ ဦးဆောင်သော ကချင်

အမျိုးသားများက ဝိုင်းဝန်းတိုက်ခိုက်ရာ ကပ္ပတိန်ဝေ့စ်နှင့် ဆာဂျင်တစ်ဦး ဒဏ်ရာရရှိသည်။ ဂရားရွာမှ အထွက်တွင်လည်း တိုက်ပွဲဖြစ်ပွားရာ ကပ္ပတိန်လိုင်းစ် အပါအဝင် တပ်သား ငါးဦး ဒဏ်ရာရရှိ၍ ဗြိတိသျှတို့ ပြန်လည်ဆုတ်ခွာသွားခဲ့လေသည်။

၁၈၈၉ ခုနှစ် မေလတွင် ကချင်၊ ရှမ်း၊ ဗမာ တော်လှန်ရေး တပ်များသည် မံစီမြို့ကို တိုက်ခိုက်သည်။ ဗိုလ်မှူးချုပ် ဝေါစလီ ခေါင်းဆောင်သော တပ်သားများသည် ဗန်းမော်သို့ သွားရောက်ပြီး ပူးပေါင်းစစ်ဆင်မှုများကို အထူးပြုလုပ်ရလေသည်။

ထိုအချိန်တွင် မြန်မာတစ်နိုင်ငံလုံး နယ်ချဲ့တို့ကို တွန်းလှန်နေချိန် ဖြစ်၍ ရှမ်းအမျိုးသားများကလည်း ကချင်အမျိုးသားများနှင့် ပူးပေါင်း မိကာ ၁၈၈၆ ခုနှစ် နိုဝင်ဘာလတွင် ကချင်၊ ရှမ်းအင်အားစုများသည် ဗန်းမော်သို့ ည ၁၂ နာရီတွင် ဝင်ရောက်တိုက်ခိုက်သည်။ သို့သော် လူအင်အား၊ လက်နက်အင်အား မမျှ၍ ဗန်းမော်ကို လက်လွှတ်လိုက် ရသည်။ ထိုအချိန်မှစ၍ ဗြိတိသျှ အရာရှိတို့သည် တော်လှန်ရေး ခေါင်းဆောင် ဖုံကန်ဒူဝါအား မျက်ခြည်မပြတ် စောင့်ကြည့်နေသည်။

## ဆမားဒူဝါ ဆင်ဝါးနော်

ဆမားဒူဝါဆင်ဝါးနော်ကို ၁၉၁၄ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဖခင်မှာ အင်္ဂလိပ် နယ်ချဲ့တို့ကို ခုခံတိုက်ခိုက်ခဲ့သော ကချင် တိုင်းရင်းသား ခေါင်းဆောင် ဆမားဒူဝါ ခွန်ဆိုင်းလီဖြစ်ပြီး ဘုန်းကြီးကျောင်း၌ တစ်နှစ်ခန့်သာ ပညာသင်ကြားခဲ့ရသော်လည်း ကိုယ့်ဒူးကိုယ်ချွန် မဖြစ်မနေ ကြိုးစားမှုကြောင့် ထိပ်တန်းခေါင်းဆောင် ဖြစ်လာသူဖြစ်ပါသည်။ ကချင်သွေးချင်းတို့အား နိုင်ငံရေး၊ စီးပွားရေး၊





လူမှုရေး ပြုစုပျိုးထောင်ပေးပြီး ပြည်မ နှင့်အတူ လွတ်လပ်ရေး မပေးဘဲ အင်္ဂလိပ် လက်အောက်တွင် ငါးနှစ်ခန့် ဆက်နေပြီးမှ လွတ်လပ်ရေး ပေးမည် ဆိုသော အင်္ဂလိပ်တို့၏ ကျွန်သက်ရှည် အကြံယုတ်ကိုဆန့်ကျင်၍ ပင်လုံစာချုပ် ချုပ်ဆိုရာတွင် အဓိက ပါဝင်လက်မှတ် ရေးထိုးခဲ့သည့် ကချင်တိုင်းရင်းသား ခေါင်းဆောင် ကိုယ်စားလှယ်တစ်ဦးဖြစ်သည်။

ဆမားဒူဝါဆင်ဝါးနော်သည် ဘုရင်ခံ၏ အတိုင်ပင်ခံ ဝန်ကြီး၊ ကချင်ပြည်နယ် ဥက္ကဋ္ဌ၊ ကာယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးဌာန ဝန်ကြီး၊ သမ္မတလောင်း၊ သံအမတ် ကြီး စသည်ဖြင့် နိုင်ငံတော်တာဝန်များ ထမ်းဆောင်ခဲ့သည်။

## ဒူဝါဇော်ရစ်

ဒူဝါဇော်ရစ်ကို ၁၉၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့၌ မြစ်ကြီးနားမြို့ မန်ခိန်ရွာတွင် အဖ ဦးဝဘော်ဇော်လနှင့် အမိ ဒေါ်မရန်ဒေါ့ရာတို့မှ မွေးဖွားခဲ့သည်။ အင်္ဂလိပ်-မြန်မာ ၁၀ တန်း အောင်မြင်သည်အထိ ပညာသင်ကြားခဲ့သည်။ ဂျပန်များ မြန်မာနိုင်ငံကို ဝင်ရောက်ကျူးကျော် လာသောအခါ စကားပြန်အဖြစ် ဆောင်ရွက်ခဲ့၍ ဒူဝါဇော်ရစ်သည် ဂျပန်တို့၏ အရေးပါသော နေရာဌာနများသို့ ရောက်ရှိခဲ့သည်။

သို့သော် ဂျပန်များက ဒူဝါဇော်ရစ်အား ဖမ်းဆီးရန် ကြံလာသဖြင့် ထွက်ပြေးခဲ့ပြီး ဗြိတိသျှ ထောက်လှမ်းရေးတပ်တွင် ထောက်လှမ်းရေး

အဖြစ် ဆောင်ရွက်ခဲ့သည်။ အင်္ဂလိပ်တို့က ကချင်ပြည်နယ်အား ပြည်မနှင့်အတူ လွတ်လပ်ရေး မပေးဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများကို ပြုစုပျိုးထောင် ဆောင်ရွက်ပေးပြီး ငါးနှစ်ကြာမှ လွတ်လပ်ရေးပေးမည်ဟု ဆိုသောအခါ အင်္ဂလိပ်တို့၏ အကြံယုတ်ကို ဆန့်ကျင်ကာ ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းရေးအတွက် ပင်လုံစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးသော ကချင်ပြည်နယ် ကိုယ်စားလှယ် ကချင်တိုင်းရင်းသားတစ်ဦး ဖြစ်သည်။

ဒူဝါဇော်ရစ်သည် ကချင်အမျိုးသား ကွန်ဂရက် ခေါင်းဆောင်၊ ဘဏ္ဍာရေးနှင့် အခွန်တော်ဌာန ဝန်ကြီး၊ ကချင်ပြည်နယ် ဥက္ကဋ္ဌ၊ တော်လှန်ရေးကောင်စီ၏ ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့ဝင်စသည်ဖြင့် အဆင့်ဆင့် တာဝန်များ ဆောင်ရွက်ခဲ့သူဖြစ်သည်။

## ဒူဝါဇော်လွန်း



ဒူဝါဇော်လွန်းသည် ဗန်းမော်ခရိုင် စိန်လုံမြို့နယ် ပန်ဟုတ်ရွာသား ဒူဝါ၏သား ဖြစ်သည်။ မြန်မာ ၁၀ တန်းနှင့် ဆရာဖြစ်သင် စာမေးပွဲအောင်မြင်ခဲ့ပြီး ဗန်းမော်မြို့ အေတီအမ် ကျောင်းတွင် ကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။ ကချင် နိုင်ငံရေးလောကတွင် နိုင်ငံရေးအသိ ဦးစွာ နိုးကြားခဲ့သော ကချင်အမျိုးသားခေါင်းဆောင်တစ်ဦးလည်း ဖြစ်သည်။ ဖက်ဆစ်ဂျပန် တော်လှန်ရေးတွင် ကချင် ပြောက်ကျားတပ်အတွက် လူသူ



လက်နက်ရိက္ခာ စုဆောင်းပေးခြင်းဖြင့် ပါဝင်ဆင်နွှဲခဲ့သည်။ ကချင်အမျိုးသားများ ဗမာပြည်နှင့် ပြည်ထောင်စုနိုင်ငံ တည်ဆောက်နိုင်ရန်အတွက် ပင်လုံစာချုပ်၌ လက်မှတ်ရေးထိုးသော ကချင်ကိုယ်စားလှယ်တစ်ဦး ဖြစ်သည်။ ဘဏ္ဍာရေးဝန်ကြီးအဖြစ်လည်းကောင်း၊ အိမ်စောင့်အစိုးရလက်ထက်တွင် ကချင်ပြည်နယ် ဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးချယ်တင်မြှောက်ခံခဲ့ရသူဖြစ်သည်။

## ဦးလဘန်ဂရောင်

ဦးလဘန်ဂရောင်သည် အင်္ဂလိပ်-မြန်မာ (၁၀) တန်း အောင်မြင်သူဖြစ်ပြီး ဖခင်မှာ နိုင်ငံရေး လှုပ်ရှားမှုကြောင့် နယ်နှင်ခံရသဖြင့် ပညာကို ဆက်လက်သင်ကြားနိုင်ခြင်း မရှိဘဲ ၁၉၄၆ ခုနှစ် ဇွန်လတွင် ကချင်အမျိုးသား ညီညွတ်ရေး (နိုင်ငံရေး) အဖွဲ့တွင် အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၆ ခုနှစ် နိုဝင်ဘာလတွင် ဗိုလ်ချုပ်အောင်ဆန်းမှ တောင်တန်း-ပြည်မ လွတ်လပ်ရေး ပူးတွဲရယူရန် ညှိနှိုင်းသောအခါ တောင်တန်းသားများ ပြည်မနှင့်အတူ လွတ်လပ်ရေးရယူရေးအတွက် ပင်လုံစာချုပ်တွင် ကချင်တိုင်းရင်းသား ကိုယ်စားလှယ်အဖြစ် လက်မှတ်ရေးထိုးခဲ့သူတစ်ဦးဖြစ်သည်။

ဦးလဘန်ဂရောင်သည် တောင်တန်းဒေသ စုံစမ်းရေးကော်မရှင် အကြံပေးပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ နု-အက်တလီစာချုပ် လက်မှတ်ရေးထိုးရေး အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ကချင်တပ် တိုးချဲ့ဖွဲ့စည်းရေးအတွက် ကချင်စစ်သား စုဆောင်းခြင်းနှင့် တရုတ်-မြန်မာ နယ်နိမိတ်သတ်မှတ်ရေး 'ဘဘစစ်ဆင်ရေး'တွင်လည်းကောင်း၊ တတိယအကြိမ်ပြည်သူ့လွှတ်တော် သက်တမ်းကာလ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်များ ထမ်းဆောင်ခဲ့သည်။

# နယ်ချဲ့ကို တော်လှန်ခဲ့ကြသော ဂျိန်ဖော့တိုင်းရင်းသားများ

၁၈၈၆ ခုနှစ်မှစ၍ ဖုံကန်ဒူဝါ ခေါင်းဆောင်သော ကချင်၊ ဗမာ၊ ရှမ်းတို့ ပါဝင်သည့် နယ်ချဲ့တော်လှန်ရေးကြီးသည် ကချင်ပြည်နယ် အတွင်း အရှိန်အဟုန်မြင့်မားစွာ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။

ဗန်းမော်ခရိုင်နှင့် မိုးကောင်းမြို့နယ်အတွင်းတွင် ဗိုလ်ဘိုးစော ခေါင်းဆောင်သော ကချင်-ဗမာ တော်လှန်ရေး တပ်သားများသည် အခြားဒေသများရှိ မြန်မာတိုင်းရင်းသားများနည်းတူ နယ်ချဲ့တော်လှန် ရေး စစ်ပွဲကို တစ်ခဲနက် တိုက်ခိုက် ဆင်နွှဲလျက်ရှိသည်။ ၁၈၈၇ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် ဗိုလ်ကြီးထရီစကော့နှင့် ဗိုလ်မှူး အဒမ်ဆင်တို့ ဦးစီး ကွပ်ကဲသော စစ်ကြောင်းသည် ဗိုလ်ဘိုးစောနှင့် ကချင်တော်လှန်ရေးတပ်များ တပ်စွဲရာ မိုးကောင်းမြို့သို့ ချီတက်ခဲ့ကြ သည်။ ဗိုလ်ဘိုးစောနှင့် ကချင်တော်လှန်ရေးတပ်များသည် မိုးကောင်းမြို့ အနီး ညောင်ခြေထောက်ရွာမှ ဝိုင်းဝန်းတိုက်ခိုက်ကြသည်။ မိုးကောင်း



မှတစ်ဆင့် မိုးညှင်းသို့ ဆက်လက်ချီတက်ရာတွင် အင်္ဂလိပ်စစ်ကြောင်း ကို ကချင်တော်လှန်ရေးတပ်များက ချုံခိုတိုက်ခိုက်ခဲ့ကြသည်။

ဗိုလ်ဘိုးစော၏ လက်ရုံး ဗိုလ်ထီး ခေါင်းဆောင်သော အင်အား ၅၀၀ ကျော်ရှိသည့် ကချင်၊ ရှမ်း တော်လှန်ရေးတပ်များသည် အင်္ဂလိပ် တို့ တပ်စွဲထားရာ မိုးကောင်းမြို့ကို ဝင်ရောက်စစ်ထိုးဆင်ကြပြန်သည်။ မြို့တွင်းတိုက်ပွဲများ တစ်ရက်ကျော်မျှ ပြင်းထန်စွာဖြစ်ပွားပြီး အင်္ဂလိပ် တို့ဘက်မှ တပ်သား ၂၃ ယောက် ကျဆုံးကာ အများအပြား ဒဏ်ရာ ရရှိကြသည်။ ကချင်တော်လှန်ရေး တပ်သားများဘက်မှ တပ်သား ၄၀ ကျော် ကျဆုံးခဲ့သည်။

မြစ်ကြီးနားခရိုင်တွင် ဆမားဒူဝါသည် အင်္ဂလိပ်တို့ကို တော်လှန် တိုက်ခိုက်လျက်ရှိရာ ဗိုလ်ဘိုးစောနှင့် မြန်မာတော်လှန်ရေး တပ်သား များသည် ဗန်းမော်ခရိုင်မှ ဆုတ်ခွာ၍ ဆမားဒူဝါနှင့် ပူးပေါင်းသည်။ ထို့နောက် နယ်ချဲ့အင်္ဂလိပ်တို့အား ဆက်လက်ဆန့်ကျင်တိုက်ခိုက်ကြ သည်။ အင်္ဂလိပ်တို့သည် ဆမားဒူဝါအား မြန်မာခေါင်းဆောင်များ၊ မြန်မာ့တော်လှန်ရေး တပ်များနှင့် ပူးပေါင်းခြင်းမပြုဘဲ ၎င်းတို့လက် အောက်သို့ လက်နက်ချ ဝင်ရောက်ရန် ရာထူးပြစကား ကမ်းလှမ်းခဲ့ သော်လည်း ဆမားဒူဝါက ခါးသီးစွာ ငြင်းပယ်ခဲ့သည်။

ထိုလထဲမှာပင် ကချင်တောင်တန်းဒေသ၌ ကချင်အမျိုးသားများ နှင့် ဗြိတိသျှအဖွဲ့တို့သည် မိုးလဲရွာ အထက်တွင် တွေ့ဆုံတိုက်ခိုက်ရာ ဗြိတိသျှတပ်သား ၅၀ ခန့် ကျဆုံးသည်။ စောခမ်းလှိုင် ဦးဆောင်သော ကချင်အမျိုးသားများသည် လွယ်ဆိုင်နယ်နှင့် တွန်ဟုန်းနယ်မှ ကချင် အမျိုးသားများနှင့် ပူးပေါင်းကာ စီအူရွာကို တိုက်ခိုက်ခဲ့သည်။

၁၈၈၉ ခု ဇန်နဝါရီလ ၈ ရက်နေ့တွင် နယ်ချဲ့အင်္ဂလိပ်တို့သည် ကချင်တော်လှန်ရေး နယ်မြေသို့ ထိုးစစ်ဆင်ကြပြန်သည်။ ဗိုလ်ကြီး အိုဒွမ်နယ် ခေါင်းဆောင်သော အင်္ဂလိပ်စစ်ကြောင်းသည် အမြောက် နှစ်လက်၊ ခြေလျင်တပ်သား ၅၀၊ စစ်ပုလိပ်တပ်သား ၂၄၀ ပါဝင်ပြီး ကာမိုင်းသို့ ချီတက်လာရာ ကချင်တော်လှန်ရေးတပ်များနှင့် ဇန်နဝါရီလ ၁၁ ရက်နေ့၌ တွေ့ဆုံတိုက်ပွဲဖြစ်ပွားသည်။ အင်္ဂလိပ်တို့သည် ကာမိုင်း နှင့် အနီးအနားရွာများ၊ လမ်းတစ်လျှောက် တွေ့သမျှရွာများကို မီးရှို့ ဖျက်ဆီးကြသည်။ ဆမားရွာတွင် ကချင် တော်လှန်ရေး တပ်များနှင့် တိုက်ပွဲဖြစ်ပွားပြီး ရွာကို မီးရှို့ဖျက်ဆီးကြပြန်သည်။ ယင်းသို့ ဆမား ဒေသတွင်း နေရာအနှံ့ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားရာတွင် အင်္ဂလိပ် တို့ဘက်မှ ဗိုလ်ကြီးအိုဒွမ်နယ်၊ မက္ကဒိုနယ်နှင့် တပ်သားများ ဒဏ်ရာ ရရှိကြသည်။ ဗိုလ်ကြီးဟော်ကာနှင့် တပ်သားများမှာလည်း ကချင် တော်လှန်ရေးတပ်များ၏ လက်ချက်ဖြင့် ကျဆုံးသွားကြသည်။ ကချင် တို့ဘက်မှ ၁၂ ဦး ကျဆုံးခဲ့သည်။ ထိုနှစ် ဇန်နဝါရီလတွင် ဆင်ကန် ဒေသ အထက်ပိုင်းရှိ ကချင်အမျိုးသားများသည် စောခမ်းလှိုင်နှင့် ပူးပေါင်းပြီး ကချင်ပြည်နယ် တောင်ပိုင်းဒေသများရှိ ဗြိတိသျှတပ် စခန်းများကို တစ်ခုပြီးတစ်ခု ဝင်ရောက်တိုက်ခိုက်သည်။

မိုးမိတ်နယ်တွင် ကချင်နှင့် ရှမ်းအမျိုးသားများက ဝင်ရောက် တိုက်ခိုက်ရာ လက်ဖ်တင်နင်နူးဂန်နှင့် နောက်လိုက်တစ်ယောက် ကျဆုံး ကာ ခြောက်ယောက် ဒဏ်ရာရသွားသည်။ ထိုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ကချင်များနှင့် ဗြိတိသျှတို့ ဒုတိယအကြိမ် တိုက်ပွဲ ဖြစ်ပွားရာ မျိုးချစ်ကချင် ၂၀ ခန့် ကျဆုံးခဲ့ရသည်။ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ကချင်နယ်ချဲ့ဆန့်ကျင်ရေး အင်အားစုများနှင့် ဗြိတိသျှတို့



မလင်းရွာတွင် တိုက်ပွဲဖြစ်ပွားရာ ဗြိတိသျှလေးဦး ကျဆုံး၍ လေးဦး ဒဏ်ရာရကာ လက်နက်ရိက္ခာများကို စွန့်ပစ်ထွက်ပြေးကြသည်။

အင်္ဂလိပ်တို့သည် ဇန်နဝါရီလမှ မတ်လကုန်အထိ ဆမားဒူဝါ ခေါင်းဆောင်သော ကချင်တော်လှန်ရေး နယ်မြေသို့ စစ်ဆင်ရေးများ ဆက်လက်ပြုလုပ်ပြီး ကျေးရွာများနှင့် ကချင်ပြည်သူများ၏ အိုးအိမ် ပစ္စည်း ကြက်ဝက်မကျန် မီးရှို့ဖျက်ဆီးကြသည်။ ယင်းသို့ အင်္ဂလိပ် တို့က ပြင်းထန်စွာ ထိုးစစ်ဆင်၍ နှိပ်ကွပ်မှုများပြုသော်လည်း ဆမား ဒူဝါ ဦးဆောင်သော ကချင်တော်လှန်ရေးတပ်များသည် လက်နက်ချ အရှုံးမပေးဘဲ တော်လှန်ရေးတိုက်ပွဲများ ဆက်လက်ဆင်နွှဲကြလေသည်။

ဆမားဒူဝါနည်းတူ ဆနားနယ်မှ ဆနာဒူဝါ ခေါင်းဆောင်သော ကချင်တော်လှန်ရေးတပ်များသည် နယ်ချဲ့အင်္ဂလိပ်တို့အား မိုးကောင်းမြို့ နယ်အတွင်းမှ တော်လှန်တိုက်ခိုက်လျက်ရှိကြသည်။ ၁၈၈၉ ခု ဧပြီလ တွင် ဗိုလ်ကြီး အိုဒွမ်နယ် ခေါင်းဆောင်သော အင်အား ၃၀၀ ခန့်ရှိ စစ်ကြောင်းသည် ဆနာဒူဝါ ခေါင်းဆောင်သော တော်လှန်ရေးတပ်များ ရှိသည့် လောလောင်နယ်မြေသို့ ချီတက်၍ လောလောင်ရွာကို မီးရှို့ ဖျက်ဆီးပစ်ကြသည်။

၁၈၈၉ ခု ဇန်နဝါရီလမှ မေလအတွင်း ပြုလုပ်ခဲ့သော စစ်ဆင် ရေးများတွင် ကချင်တော်လှန်ရေး တပ်သားများ၏ နယ်မြေရှိ ခံတပ် ၄၆ ခုကို အင်္ဂလိပ်တို့ သိမ်းပိုက်ရရှိသွားပြီး ကချင်တော်လှန်ရေးတပ်များ နှင့် ရင်ဆိုင်တိုက်ပွဲပေါင်း ၃၂ ကြိမ် ဖြစ်ပွားခဲ့သည်။ အင်္ဂလိပ်တို့ဘက်မှ ဗိုလ်ကြီးတစ်ဦး၊ တပ်သားသုံးဦး ကျဆုံးကာ အရာရှိငါးဦးနှင့် တပ်သား ၃၀ ကျော်ခန့် ပြင်းထန်စွာ ဒဏ်ရာရရှိသွားသည်။

တုံးဟုံဒူဝါ စောရန်ပိုင်နှင့် မိုးလိုင်စော်ဘွား စောခမ်းလှိုင်တို့ ခေါင်းဆောင်သော ကချင်၊ ရှမ်း၊ ဗမာတို့ ပါဝင်သည့် တော်လှန်ရေး တပ်များသည် ဗန်းမော်ခရိုင်မှ အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ကြသည်။ ၁၈၈၉ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် မလင်းရွာ၌ ကချင်တော်လှန်ရေး အင်အားစုနှင့် အင်္ဂလိပ်တို့ တိုက်ပွဲဖြစ်ရာ အင်္ဂလိပ်တို့ဘက်မှ တပ်သားနှစ်ယောက် ကျဆုံးပြီး ၁၀ ယောက် ပြင်းထန်စွာ ဒဏ်ရာရရှိသွားကြသည်။ အင်္ဂလိပ်တပ်များ ဆုတ်ခွာသွားရာတွင် ယင်းတို့ထံမှ လက်နက်ရိက္ခာ အမြောက်အမြားကို တော်လှန်ရေးတပ်များက ရရှိလိုက်ကြသည်။

ဖေဖော်ဝါရီလ ၇ ရက်နေ့၌ ဗိုလ်ကြီးစမစ် ဦးစီးသော အမြောက်တပ်၊ ခြေလျင်တပ် အင်အား ၂၀၀ ကျော်ပါသည့် စစ်ကြောင်းသည် မလင်းရွာကို ထပ်မံတိုက်ခိုက်ပြန်သည်။ ယင်းတိုက်ပွဲတွင် ဗိုလ်စတော့ဒတ်နှင့် တပ်သားလေးဦး ကျဆုံးပြီး တပ်သား ၁၇ ဦး ဒဏ်ရာရရှိကာ ဆုတ်ခွာသွားကြသည်။

ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် အင်္ဂလိပ်တို့သည် တုံးဟုံဒူဝါ စောရန်ပိုင်နှင့် စောခမ်းလှိုင်တို့ ခေါင်းဆောင်တိုက်ခိုက်လျက်ရှိသော ကချင်နယ်မြေသို့ စစ်ကြောင်းနှစ်ကြောင်းဖြင့် ထိုးစစ်ဆင်ကြပြန်သည်။ ယင်းစစ်ကြောင်းများတွင် ဗိုလ်မှူးဘာလန်ဒယ် ဦးဆောင်သော ဗန်းမော်စစ်ကြောင်း၌ အမြောက်တပ်၊ ခြေလျင်တပ် အင်အား ၅၀၀ ပါဝင်၍ ဗိုလ်မှူး ဂရင်းဝေး ဦးစီးသည့် မိုးမိတ်စစ်ကြောင်း၌ အင်အား ၃၀၀ ပါဝင်သည်။

လွယ်ဆိုင်းသို့မရောက်မီ တစ်မိုင်ခန့်တွင် အင်္ဂလိပ်တို့၏ မိုးမိတ်စစ်ကြောင်းကို ကချင်မျိုးချစ်တော်လှန်ရေး တပ်များက ချုံခိုတိုက်ခိုက်ရာ အင်္ဂလိပ်တို့ဘက်မှ အရာရှိတစ်ဦး ကျဆုံးပြီး တပ်သား ခုနစ်ဦး ဒဏ်ရာရရှိသွားသည်။ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် တုံဟုံး နယ်မြေအတွင်း တိုက်ပွဲဆက်လက်ဖြစ်ပွားပြီး နှစ်ဖက်စလုံး အများအပြား ထိခိုက်ဒဏ်ရာရရှိကြသည်။ ထိုအချိန်က တော်လှန်ရေး တပ်များသည် အင်အား ၂၀၀၀ ကျော်ဖြင့် တစ်ကြိမ်တည်း စုစည်း တိုက်ခိုက်ကြသဖြင့် အင်္ဂလိပ်တို့ အလွယ်တကူ နှိမ်နင်းနိုင်စွမ်း မရှိခဲ့ကြချေ။

၁၈၉၀-၉၁ ခုနှစ်များတွင် နန်းခမ်းမြို့နယ်တွင် ကချင်တော်လှန်ရေး တပ်များနှင့် အင်္ဂလိပ်တို့ ရင်ဆိုင်တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့သည်။ ဆဒုံးနှင့် ဆမားဒူဝါများ ခေါင်းဆောင်သော ကချင်တော်လှန်ရေး တပ်များသည် အင်္ဂလိပ်တို့ တပ်ချထားသော ဆဒုံး ခံတပ်ကို ၁၈၉၁ ခု ဖေဖော်ဝါရီလတွင် တိုက်ခိုက်ရာ တိုက်ပွဲမှာ ၁၃ ရက်ခန့်ကြာပြီး အင်္ဂလိပ်တို့ဘက်မှ တပ်ကူများဖြင့် အပြင်းအထန် ပြန်လည်ခုခံကြရသည်။

ထိုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ကချင်တော်လှန်ရေးတပ်များသည် မြစ်ကြီးနားမြို့ကို ဝင်ရောက် စီးနင်တိုက်ခိုက်ရာ မြို့စောင့်တပ်များအား ချေမှုန်း၍ နယ်ပိုင်ရုံး၊ တရားရုံးများကို မီးရှို့ ဖျက်ဆီးလိုက်ကြသည်။

၁၈၉၂ ခု ဇန်နဝါရီလ ၉ ရက်နေ့တွင် ကချင်တော်လှန်ရေးတပ်များသည် အင်္ဂလိပ်တို့၏ ဌာနချုပ်ဖြစ်သော ဆမားခံတပ်ကို အပြင်းအထန် ဆက်လက်တိုက်ခိုက်ပြန်သည်။ အင်္ဂလိပ်တို့ဘက်မှ တပ်မှူး ဗိုလ်ကြီးဘွိုက်မော်တွန်နှင့် တပ်သားငါးဦး ကျဆုံးသည်။ ထို့ကြောင့် ဆမားခံတပ်အား ဘွိုက်မော်တွန်ခံတပ်ဟု အမည်တွင်ခဲ့သည်။ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ဆမားရွာ တောင်ဘက်၌ ဖြစ်ပွားသော တိုက်ပွဲ၌

စစ်ပုလိပ်တစ်ဦးနှင့် တပ်သားခုနစ်ဦး ကျဆုံးသည်။ ကချင်တော်လှန်ရေးတပ်များသည် ဆမားခံတပ်မှ ပြန်လည်ဆုတ်ခွာသွားသော အင်္ဂလိပ်တပ်များအား ချုံခိုတိုက်ခိုက်ပြန်ရာ အင်္ဂလိပ်တို့ဘက်မှ တပ်သားလေးဦး ကျဆုံး၍ ဗိုလ်ကွတ်အား အပါအဝင် တပ်သား ၂၂ ဦး ပြင်းထန်စွာ ဒဏ်ရာရရှိသွားသည်။ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဆမားသို့တပ်ကူ ပို့သော အင်္ဂလိပ်တပ်များနှင့် ကချင်တော်လှန်ရေးတပ်များ ကန်ဂျာရွာ၌ တိုက်ပွဲထပ်မံဖြစ်ပွားသည်။ အင်္ဂလိပ်တို့ဘက်မှ ဗိုလ်မာစတာ အပါ အဝင် တပ်သားခြောက်ဦး ကျဆုံး၍ ခြောက်ဦး ဒဏ်ရာရရှိသွားသည်။

အင်္ဂလိပ်တို့သည် ဆမားနယ်မြေအတွင်း တပ်ချ၍ တပ်အင်အား ၁၂၀၀ ကျော်ဖြင့် ကချင်တော်လှန်ရေးတပ်များကို ဆက်လက်တိုက်ခိုက်သည်။ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ပါလပ်ရွာအနီး တော်လှန်ရေး တပ်များနှင့် ဗိုလ်ကြီးအင်ကင်းဆန် ခေါင်းဆောင်သော အင်အား ၃၀၀ ပါဝင်သည့် အင်္ဂလိပ်တပ်တို့ တိုက်ပွဲဖြစ်ပွားသည်။ အင်္ဂလိပ်တို့ ဘက်မှ တပ်သားနှစ်ဦး ကျဆုံး၍ ခြောက်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိ သွားသည်။ ကချင်တော်လှန်ရေးတပ်မှ တပ်သား ၁၃ ဦး ကျဆုံးသည်။

ဆဒုံးနှင့် ဆမားနယ်မြေများ၌ ရက်သတ္တပတ်အတွင်း ဖြစ်ပွား ခဲ့သော တိုက်ပွဲများတွင် အင်္ဂလိပ်တို့သည် ကချင်တော်လှန်ရေးတပ် များ၏ ထိုးနှက်တိုက်ခိုက်မှုကို အပြင်းအထန် ခုခံကြရသည်။ ယင်း တို့ဘက်မှ အရာရှိ သုံးဦးနှင့် တပ်သား ၁၀၂ ယောက် ကျဆုံး၍ အရာရှိ သုံးဦးနှင့် တပ်သား အမြောက်အမြား ပြင်းထန်စွာ ဒဏ်ရာ ရရှိသွားကြသည်။

၁၉၉၀ ပြည့်နှစ်တွင် ဆဒုံးသို့ ဗြိတိသျှတို့ စစ်အင်အား ၄၀၀ ကျော်ဖြင့် ချီတက်လာရာ ဒေသခံ တိုင်းရင်းသားတို့က ဗိုင်းမော်မှ



၂၆ မိုင် အကွာရှိ မလိချောင်းကမ်းပါးမှ စောင့်ဆိုင်း၍ တိုက်ခိုက် ခဲ့ခြင်းကြောင့် ဗြိတိသျှတို့ဘက်မှ ကပ္ပတိန် ဖို့ဟာရီဆင်နှင့် စစ်သား ၇၀ ကျော် ကျဆုံးခဲ့သည်။ ဗြိတိသျှတို့သည် ထပ်မံအင်အားဖြည့်တင်း ပြီး ထိုးစစ်ဆင်ခဲ့ရာ ဆဒုံးနယ်သားများသည် ဆနာရွာ မြောက်ဘက်ရှိ ဆမ်မဒါတောင်နှင့် ဒိန်ဂရိုး အရပ်များသို့ ဆုတ်ခွာ၍ တိုက်ခိုက်ကြ သည်။ ထိုတိုက်ပွဲတွင် ဒေသခံ ဇိုင်ဝါးနှင့် ဂျိန်ဖော့ တိုင်းရင်းသားတို့က ကတုတ်ကျင်းများမှ ပစ်ခတ်၍လည်းကောင်း၊ တောင်ပေါ်မှ ကျောက် တုံးများ လှိမ့်ချ၍လည်းကောင်း ရှစ်လကြာမျှ တိုက်ခိုက်ခဲ့ရာ မျိုးချစ် ကချင် ၁၀၀ ကျော် ကျဆုံးခဲ့ရသည်။

ဗြိတိသျှတို့သည် အဇီး ခေါ် ဇိုင်ဝါးနှင့် ဂျိန်ဖော့တိုင်းရင်းသား တို့ကို ဖမ်းဆီးရန် ကြိုးစားခဲ့ရာ တိုင်းရင်းသားတို့က အညံ့မခံဘဲ ဆဂါပါ၊ ဘွမ်ဝါ၊ ဇော်ကရုံ မွန်တာယင်ဖြူ၊ ယင်းနော့ရွာများသို့ ဆုတ်ခွာပြီး လှူ၊ လက်နက်၊ ခဲယမ်းများ စုဆောင်းကာ အဆိပ်လူးမြား၊ လေး၊ လှံ၊ ဓားရှည်၊ ဒိုင်း၊ မတ်စကတ်သေနတ်၊ တူမီးသေနတ်တို့ဖြင့် ဗြိတိသျှတို့အား ပြန်လည် တိုက်ခိုက်ခဲ့သည်။ နောက်ဆုံးတွင် လူ၊ လက်နက်အင်အား ကွာခြားမှု၊ ရာသီဥတု ကြမ်းတမ်းမှုတို့ကြောင့် ဗြိတိသျှတို့၏ စေ့စပ်ရေးကို လက်ခံခဲ့ကြရသည်။

၁၉၁၅ ခုနှစ်တွင် ဗြိတိသျှတို့သည် ကြီးမားသော ဆဒုံးခံတပ် ကြီးကို ဇိုင်ဝါးနှင့် ဂျိန်ဖော့တိုင်းရင်းသားများအား ဆောက်လုပ်စေ ခဲ့ပြီး အခိုင်အမာ တပ်စွဲထားခဲ့ကြသည်။ ဆဒုံးခံတပ်သည် လက်နက်၊ ခဲယမ်းတိုက်၊ ငွေတိုက်၊ ဗားတိုက်၊ တပ်မှူးဆောင်၊ ကင်းဆောင်၊ အချုပ်ဆောင်၊ စားဖိုဆောင်၊ မြင်းနှင့် လားများ ထားရှိရာ အဆောင် စသည်ဖြင့် အဆောင် ၁၇ ဆောင် ရှိသည်။ အဆောင်များမှာ အလျား

ပေ ၆၀၊ အနံပေ ၃၀ ရှိသည်။ သဘာဝ ကျောက်တုံးကျောက်ခဲများနှင့် အင်္ဂတေ သရိုးကိုင် တည်ဆောက်ထားခြင်းဖြစ်သည်။ အုတ်တံတိုင်းလည်း ကာရံထားသည်။ ခံကတုတ်၊ ကင်းရုံ၊ မြေပုံညွှန်းများကိုမူ ပြန်လည်ပြုပြင် ထိန်းသိမ်းထားကြောင်း တွေ့ရသည်။ ဗြိတိသျှကပွတ်ဖိုဟာရီဆင် ကျဆုံးသည့် အထိမ်းအမှတ်ဖြင့် ဆဒုံးခံတပ်ကို ဖို့ဟာရီဆင် ခံတပ်ဟု ခေါ်ဝေါ်ကြသည်။

နယ်ချဲ့တို့သည် ကချင်တောင်တန်းဒေသအား စစ်ဆင်ရေးလေးခုဖြင့် ဆင်နွှဲခဲ့ရာ အိမ်ခြေ ၆၃၉ လုံး ပါဝင်သော ရွာပေါင်း ၄၆ ရွာကို မီးရှို့ပြီး စပါးပေါင်းချိန် ၂၂၇ တန်ခွဲခန့်ကို ဖျက်ဆီးခဲ့သည်။ ကျွဲ ၆၃ ကောင်၊ နွားလေးကောင်တို့ကို သတ်ဖြတ်ခဲ့သည်။ ဗြိတိသျှတို့၏ ဆုံးရှုံးမှုကို အတိအကျ ခန့်မှန်းရန် မလွယ်ကူချေ။ သို့သော် ဗြိတိသျှအရာရှိအချို့ အပါအဝင် စုစုပေါင်း ကျဆုံးသူ လေးဦးနှင့် ဒဏ်ရာရသူ ၃၅ ဦးဖြစ်ကြောင်း ခန့်မှန်းသိရှိရသည်။

သို့ဖြစ်ရာ မျိုးချစ်ကချင်တော်လှန်ရေး တပ်များတွင် ဂျိန်ဖော့တို့သည် အခြားကချင်မျိုးနွယ်စုဝင်များဖြစ်သည့် ဖိုင်ဝါးတိုင်းရင်းသားများ၊ ဗမာ၊ ရှမ်း စသည့်တိုင်းရင်းသားများနှင့်အတူ ပူးပေါင်းကာ နယ်ချဲ့ဗြိတိသျှတို့အား သူ့ကျွန်မခံ တော်လှန်တိုက်ခိုက်ခဲ့ကြသည်ကို သမိုင်းက သက်သေခံလျက် ရှိပေသည်။



# ဂျိန်ဖော့တို့၏ ပြည်ထောင်စုစိတ်ဓာတ်

မြန်မာနိုင်ငံအား ဗြိတိသျှတို့က သူတို့၏ အင်ပါယာအတွင်း သွတ်သွင်းလိုက်ကြောင်း ကြေညာသည်မှစ၍ မြန်မာနိုင်ငံသည် အင်္ဂလိပ် လက်အောက်သို့ ကျရောက်ခဲ့ရသည်။ မြန်မာတို့သည် ကိုယ့်ထီးကိုယ်နန်း ကိုယ်ကြငှာန်းဖြင့် နေလာခဲ့ကြသူများဖြစ်သည်။ တိုင်းတစ်ပါးသားတို့၏ အုပ်ချုပ်မှုကို ငုံ့မခံလိုကြ။ သို့ဖြစ်၍ နိုင်ငံသားများသည် ဆုံးရှုံးခဲ့သော လွတ်လပ်ရေးကို ပြန်လည်ရယူရန် တိုင်းရင်းသားတို့၏ အသက်သွေးချွေးများဖြင့် တိုက်ခိုက် တော်လှန်ခဲ့ကြရသည်။ ၁၉၄၃ ခုနှစ်တွင် ဂျပန်တို့နှင့် ပူးပေါင်းကာ အင်္ဂလိပ်တို့အား တိုက်ခိုက်ခဲ့ကြရသည်။

ဖက်ဆစ်ဂျပန်များ၏ မတရား ဖိနှိပ်မှုကိုလည်း တော်လှန်ခဲ့ကြရပြန်သည်။ ဖက်ဆစ်တို့ ထွက်ခွာသွားသည်နောက်တွင် အင်္ဂလိပ်များက တစ်ကျော့ပြန် ဝင်လာခဲ့ကြသည်။ ဗြိတိသျှတို့သည် နိုင်ငံကို စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ရန် ကြိုးပမ်းခဲ့ကြသည်။ အင်္ဂလိပ်တို့သည် တိုင်းရင်းသားများအား အမျိုးမျိုး သွေးခွဲလာခဲ့ကြသည်။

မျိုးချစ်တိုင်းရင်းသားများအား ဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်း သတ်ဖြတ်ခြင်းတို့ ပြုလာကြသည်။ ရခိုင်တွင် နယ်ချဲ့ဆန့်ကျင်ရေး တပ်သားများ ဖြစ်ကြသည့် ကိုထွန်းစိန်ကို၊ ကိုလုံးဖြူနှင့် ဘုန်းတော်ကြီး ဦးနာရဒတို့အား ဖမ်းဆီး လက်ထိပ်ခတ်၍ စစ်ဆေးခြင်းများပြုလေသည်။

ထိုအချိန်တွင် တိုင်းရင်းသားတို့မှ ဗြိတိသျှတို့အပေါ် မကျေနပ်မှုများ ပိုမိုများပြားလာပြီး ပိုမိုဆန့်ကျင်လာခဲ့ကြသည်။ မျိုးချစ် ကရင်လူငယ်များ ဖွဲ့၍လည်းကောင်း၊ ချင်းအမျိုးသားများက ချင်းတောင် ဖဆပလအဖွဲ့ကို ဖွဲ့၍လည်းကောင်း နယ်ချဲ့ကို ဆန့်ကျင်ကြ၏။

ဗြိတိသျှတို့သည် တောင်တန်းဒေသများကို မြေပြန့်နှင့် မပူးပေါင်းမိစေရန်၊ အကယ်၍ မြန်မာနိုင်ငံကို လွတ်လပ်ရေး ပေးရသည့်တိုင် တောင်တန်းဒေသများကို ချန်ထားကာ ခြေကုပ်စခန်းယူ၍ ဆက်လက်တိုက်ခိုက်ရန်ဖြစ်သည်။ သို့ဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်းသည် ထိုဒေသများဆီသို့ ကွင်းဆင်းခဲ့ရလေသည်။ ဗြိတိသျှတို့သည် ၁၉၄၆ ခုနှစ် ဇန်နဝါရီလတွင် ဘုရင်ခံ ဒေါမန်စမစ်ကိုယ်တိုင် ကချင် အမျိုးသားတို့၏ ဒေသဖြစ်သော မြစ်ကြီးနားသို့ သွားရောက်ကာ စက္ကူဖြူစီမံကိန်းအရ မြန်မာနိုင်ငံထဲ မပါဝင်ဘဲ တစ်သီးတခြား နေလိုက နေနိုင်ကြောင်း၊ ကချင်အမျိုးသားများ အဆင့်အတန်းမီအောင် နေနိုင်ရန်အတွက် မိမိထောက်ပံ့ကူညီမည်ဖြစ်ကြောင်း၊ ဆေးရုံ၊ ကျောင်းများကို တည်ဆောက်ပေးမည်ဖြစ်ကြောင်း ပြောကြားကာ ကချင်အမျိုးသားများကို စည်းရုံးခဲ့လေသည်။

ထို့ပြင် ဖေဖော်ဝါရီလတွင် တောင်တန်းဒေသဆိုင်ရာ မင်းကြီးမစ္စတာစတီဗင်သည် လှိုင်ကော်သို့ သွားရောက်ကာ ကယားအမျိုးသားတို့ကို စည်းရုံးပြန်၏။ ကယားတို့က လက်မခံဘဲ စည်းလုံးညီညွတ်စွာ



ကာကွယ်ရန်အတွက် ကရင်နီ ပဒေါင်ကောင်စီကို ဖွဲ့စည်းခဲ့ကြသည်။ ဤသို့ဖြင့် တိုင်းရင်းသားတို့၏ နိုင်ငံရေး လှုပ်ရှားမှုများမှာ တစ်စထက်တစ်စ တစ်နေ့ထက်တစ်နေ့ ပြင်းထန်လာခဲ့သည်။ ထို့ပြင် ချင်းအမျိုးသားတို့ကလည်း ချင်းတောင် ဖဆပလအဖွဲ့ကို ဖွဲ့စည်းကာ ချင်းအမျိုးသား စည်းလုံးညီညွတ်မှုကို ဖော်ပြခဲ့သည်။

ထိုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ကာကွယ်ရေး ဝန်ကြီးအဖြစ် မြစ်ကြီးနားမြို့ရှိ တိုင်းရင်းသား ကချင်စစ်တပ်အား စစ်ဆေးရန် ရောက်ရှိလာပြီး ကချင်ခေါင်းဆောင်များ၊ ဒူဝါများ၊ စစ်ဗိုလ်ဟောင်းများနှင့်တွေ့ဆုံကာ မြန်မာ့လွတ်လပ်ရေး ရယူရန် ဆွေးနွေးခဲ့သည်။ ထိုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးကို ပြည်မနှင့်အတူ ပူးပေါင်းရယူရန် ဆန္ဒပြင်းပြနေသော ကချင်တို့၏ စည်းလုံးညီညွတ်မှုအားကို အပြည့်အဝ ရရှိခဲ့လေသည်။ ထိုသို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကချင်ခေါင်းဆောင်များ တွေ့ဆုံသည့် နေရာကို အထိမ်းအမှတ်အဖြစ် ကျောက်တိုင်စိုက်ထူခဲ့လေသည်။

ထိုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် မြစ်ကြီးနားနှင့် ငါးမိုင်ဝေးသော မန်ခိန်ရွာ စာသင်ကျောင်းတွင် ဗိုလ်ချုပ်က -

*"ဒူဝါကြီးများနှင့်တကွ ဂျိန်ဖော့အမျိုးသား အမျိုးသမီးအပေါင်းတို့၊ ကျွန်တော်သည် ဂျိန်ဖော့အမျိုးသားများအား မေတ္တာရှိ၍ သွေးသားရင်းချာ ရှိသကဲ့သို့ သဘောထားပါတယ်။ တိုင်းရင်းသားအချင်းချင်းကို ရင်းချာသော ညီအစ်ကိုကဲ့သို့ သဘောထားကြောင်းမှာ အပြောအားဖြင့် မဟုတ်၊ အလုပ်အားဖြင့်လည်း ပြခဲ့ပါသည်။ ယခုအခါ ကမ္ဘာပေါ်တွင် အရေးပါ အရာရောက်နေတဲ့ နိုင်ငံကြီးများပင်လျှင် တစ်ဦး*

*တည်း အပေါင်းအသင်းမရှိဘဲ မနေနိုင်၊ မတည်တံ့နိုင်။ နီးစပ်ရာနိုင်ငံများနှင့် ပူးပေါင်းရေးအတွက် ဆောင်ရွက်ကြိုးစားနေကြရတယ်။ ဗမာတိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရန်လည်း အထူးအရေးကြီးပါတယ်။ ဂျိန်ဖော့ကတခြား၊ ချင်းကတစ်ဖုံ၊ ရှမ်းက တစ်မျိုး အကွဲကွဲအပြားပြားဖြစ်နေလျှင် ဘယ်သူမှ အားရှိမှာ မဟုတ်ဘူး*"

ဟု မိန့်ကြားခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းသည် ကချင် တိုင်းရင်းသားခေါင်းဆောင်များနှင့် အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့သည်။

ထို့ပြင် ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်နယ် တောင်ပိုင်းတောင်ကြီးမြို့သို့ ရောက်ရှိကာ စော်ဘွားကြီးများနှင့် တွေ့ဆုံလေသည်။ ထို့နောက် ဗိုလ်ချုပ်သည် အင်္ဂလန်နိုင်ငံသို့ သွား၍ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအတွက် ရှမ်းပြည်နယ် အပါအဝင် တိုင်းရင်းသားများ၏

**ဗိုလ်ချုပ်အောင်ဆန်းနှင့် ဂျိန်ဖော့တိုင်းရင်းသားများ အမှတ်တရ**





ဒေသများကိုပါ မြန်မာနိုင်ငံနှင့်အတူ လွတ်လပ်ရေးပေးစေလိုကြောင်း ဗြိတိသျှအစိုးရအား ပြောကြားလေသည်။ ထိုအချိန်တွင် ရှမ်းစော်ဘွားအချို့က ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်နယ်၏ ကိုယ်စားလှယ် မဟုတ်ကြောင်း ဗြိတိသျှအစိုးရထံ ကြေးနန်းတစ်စောင်ရိုက်လိုက်သည်။

သို့သော် မြန်မာနိုင်ငံရှိ ဖဆပလအဖွဲ့ ခေါင်းဆောင်များက ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းဒေသများသည် ပြည်မနှင့်ပူးပေါင်း၍ လွတ်လပ်ရေး ရယူလိုကြောင်း ဗြိတိသျှတို့ထံ သံကြိုးရိုက်သည်။ ထိုကြေးနန်းစာရရှိသောအခါ ဗြိတိသျှအစိုးရက ရှမ်းပြည်နယ်ကို မြန်မာပြည်မနှင့်အတူ လွတ်လပ်ရေးပေးရမည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံခေါင်းဆောင်များ မျက်နှာစုံညီ ဆွေးနွေး ဆုံးဖြတ်ရန် သဘောတူလိုက်သည်။

မြန်မာနိုင်ငံသည် လူမျိုးတစ်မျိုးတည်းက ပိုင်ဆိုင်သော နိုင်ငံမဟုတ်။ ထို့အတူ လွတ်လပ်ရေး ကြိုးပမ်းမှုတွင်လည်း တိုင်းရင်းသားတစ်မျိုးတည်းက ကြိုးပမ်းရုံဖြင့် အောင်မြင်ခဲ့ခြင်းမဟုတ်။ တိုင်းရင်းသား အားလုံး သွေးစည်းညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုကြောင့်သာ လွတ်လပ်ရေး ရရှိခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်၍ ကချင်တိုင်းရင်းသားများသည် ပင်လုံစာချုပ် လက်မှတ်ရေးထိုးရာတွင်လည်း ပြည်ထောင်စုစိတ်ဓာတ် ခိုင်ကျည်စွာဖြင့် ကချင်တောင်တန်းဒေသ၊ ကချင်ပြည်နယ်၊ ကချင်တိုင်းရင်းသားများအားလုံးပြည်မနှင့်အတူ လွတ်လပ်ရေး ရယူလိုကြောင်း တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို သက်သေပြသည့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ပင်လုံစာချုပ် လက်မှတ်ရေးထိုးခဲ့သူများမှာ –

၁။ ဆရာမားဒူဝါဆင်ဝါးနော် (မြစ်ကြီးနား၊ ဂျိန်ဖော့တိုင်းရင်းသား ခေါင်းဆောင်)၊
၂။ ဒူဝါဇော်ရစ် (မြစ်ကြီးနား၊ ဂျိန်ဖော့ တိုင်းရင်းသား ခေါင်းဆောင်)၊
၃။ ဦးဒိန်ရတန် (မြစ်ကြီးနား၊ ရဝမ်တိုင်းရင်းသားခေါင်းဆောင်)၊
၄။ ဒူဝါဇော်လွန်း(ဗန်းမော်၊ ဂျိန်ဖော့တိုင်းရင်းသားခေါင်းဆောင်)၊
၅။ ဦးလဘန်ဂရောင် (ဗန်းမော်၊ ဂျိန်ဖော့ တိုင်းရင်းသား ခေါင်းဆောင်) တို့ဖြစ်သည်။

ထို့အတူ ယနေ့ခေတ်တွင်လည်း ဂျိန်ဖော့တိုင်းရင်းသားများသည် နိုင်ငံတော်က ကြီးမှူးကျင်းပသော အခမ်းအနားများ၊ ပွဲတော်များ၊ ပြည်ထောင်စုနေ့ အပါအဝင် နေ့ကြီးရက်ကြီးများတွင် တိုင်းရင်းသား ကိုယ်စားလှယ်များအဖြစ်လည်းကောင်း၊ ဂျိန်ဖော့ရိုးရာ ယဉ်ကျေးမှုအဖွဲ့ အဖြစ်လည်းကောင်း တက်ရောက်ခဲ့ကြသည့် သာဓကများစွာ ရှိခဲ့ပါသည်။

ကချင်တိုင်းရင်းသားခေါင်းဆောင်ကြီးများ စောင့်ထိန်းခဲ့သော ဝံသာနု ရက္ခိတစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များကို လေးစားလိုက်နာကာ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် ဂျိန်ဖော့မျိုးဆက်သစ် လူငယ်တို့သည် ဘိုးဘွားအမွေအနှစ် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို ထားရှိကြရန်၊ လက်ဆင့်ကမ်း စောင့်ထိန်းကြရန် တာဝန်ရှိလေသည်။

**မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)**



## ကိုးကားသောစာအုပ်များ

၁။ ဦးဖေမောင်တင်၊ *ဘာသာလောကကျမ်း*
၂။ ဦးဖေမောင်တင်၊ *ဘာသာစကားယဉ်ကျေးမှုဆောင်းပါး*၊ ငွေတာရီမဂ္ဂဇင်း။
၃။ ဗိုလ်မှူးဘရှင်၊ *မြန်မာအစုဝင်စကားများ* ဆောင်းပါး၊ မြန်မာ့ဂုဏ်ရည်ဂျာနယ် အမှတ် (၃)။
၄။ ဗိုလ်မှူးဘရှင်၊ *အနော်ရထာအရင်က မြန်မာနိုင်ငံ*
၅။ ဗိုလ်မှူးဘရှင်၊ *မြန်မာနိုင်ငံတော်သမိုင်း*
၆။ ဒေါက်တာသန်းထွန်း၊ *အသစ်မြင် ဗမာ့သမိုင်း*
၇။ ဒေါက်တာသန်းထွန်း၊ *ခေတ်ဟောင်းမြန်မာရာဇဝင်*
၈။ ဒေါက်တာသန်းထွန်း၊ *လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း*
၉။ ဦးမင်းနိုင်၊ *ပြည်ထောင်စုအကာပဒေသာ*
၁၀။ ဦးမင်းနိုင်၊ *တို့သွေး တို့သား တိုင်းရင်းဘွား*
၁၁။ ဦးမင်းနိုင်၊ *သွေးချင်းတို့ ပျော်သည့်မြေ*
၁၂။ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)၊ *မြန်ပြည်မြောက်ဖျားက လော်ဝေါ် သွေးချင်းများ*
၁၃။ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)၊ *ကချင်ရိုးရာအကာပဒေသာ*
၁၄။ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)၊ *ကချင်တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ*

၁၅။ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)၊ *လီရှုတိုင်းရင်းသားတို့၏ ဘဝဓလေ့*
၁၆။ ဗန်းမော်တင်အောင်၊ *မြန်မာနိုင်ငံတော်သမိုင်း*
၁၇။ သိန်းဖေမြင့်၊ *မြစ်ဖျားဧရာ ရောင်စုံဖြာ*
၁၈။ ယုဝတီကျင်းဖောမယ်၊ *မြောက်စွန်းဒေသမှ မြန်မာပြည်သားများ*
၁၉။ မဲဇာ၊ *ကချင်ရိုးရာ သုတပဒေသာ*
၂၀။ ယိမ်းနွဲ့ပါး၊ *ခါကာဘိုခရီးသည်*
၂၁။ မင်းခေါင်ဦး၊ *သိင်္ဂါနဒီ မြန်ပြည်မြောက်ဖျားသို့*
၂၂။ ဂျေပီတူးလွမ်၊ မနောပွဲ
၂၃။ မင်းယုဆွေ၊ *ဥတ္တရဒေသ ခရီးသွားလမ်းညွှန်*
၂၄။ တောင်တွင်ဘိုသိန်း၊ *ငြိမ်းချမ်းရေးသည် ပြည်သူတို့အတွက် ထာဝရ လက်ဆောင်*
၂၅။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၁) (၁၁) (၁၂) (၁၅)
၂၆။ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန၊ *ကချင်ဓလေ့ဖြတ်ထုံး*
၂၇။ မြန်မာနိုင်ငံရှေ့နေချုပ်ဌာနခွဲ၊ *ကချင်တောင်တန်းဥပဒေ*
၂၈။ ကချင်ပြည်နယ် ကချင်တောင်တန်းဒေသတွင် ကျင့်သုံးနေသော ဥပဒေ များ
၂၉။ ဦးကျော်ငြိမ်း၊ *သိမှတ်ဖွယ်ရာ ဥပဒေပညာ*
၃၀။ သမိုင်းဌာန၊ *မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း (၁၈၈၅-၁၉၈၅)*
၃၁။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ *တိုင်းရင်းသားလူမျိုးများ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း*
၃၂။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ *ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသား ယဉ်ကျေးမှု ဓလေ့ထုံးစံများ (ကချင်)*
၃၃။ ကချင်ပြည်နယ်၊ *ကချင်ပြည်နယ် ယဉ်ကျေးမှု စာစောင် အမှတ် (၁)*
၃၄။ ပညာရေးဝန်ကြီးဌာန၊ *အထက်တန်းကျောင်းသုံး ကဗျာလက်ရွေးစင် (၁၉၇၂ ခုနှစ်)*



၃၅။ ကာကွယ်ရေးဝန်ကြီးဌာန၊ *တပ်မတော်သမိုင်း ပထမတွဲ*
၃၆။ ကချင်ပြည်နယ်၊ *ကချင်ပြည်နယ် ဒသမနှစ်လည်စာစောင်*
၃၇။ ဦးရှန်လုံး၊ *ဆဒုံးမြို့ကို အင်္ဂလိပ်များဝင်စဉ်က* ဆောင်းပါး (ကချင်ပြည်နယ် အဋ္ဌမ နှစ်လည်စာစောင်)
၃၈။ ဒူဝါလဝမ်လီ၊ *မြစ်ကြီးနားမြို့သမိုင်း*
၃၉။ ပူတာအို၊ ဗန်းမော်၊ ဝိုင်းမော်၊ ချီဖွေ၊ ဆော့လော်၊ တနိုင်း၊ မိုးညှင်း၊ မိုးကောင်း မြို့နယ်များ၏ သမိုင်းမှတ်တမ်းများ
၄၀။ HERTZ.W. A, *Burma Gazetter Myitkyina District*. 1960
၄၁။ DAWSON.G.W, *Burma Gazetter Bhamo District*. 1960
၄၂။ Sir Charles Crosthwaite, *The Pacification of Burma*
၄၃။ CARRAPIETTI.W.J.S, *The Kachin Tribes of Burma (Rangon)*1929
၄၄။ GILHODES.C, *The Kachin : Religion and Mythology* (Calcutta) 1922.

## တွေ့ဆုံမေးမြန်းသူများ

၁။ ဦးဘွမ်ဝေါန်ဂျာယော်၊ ဥက္ကဋ္ဌ၊ ဂျိန်ဖော့ရီးရာ ယဉ်ကျေးမှုနှင့် စာပေ အဖွဲ့ချုပ် မြစ်ကြီးနားမြို့။
၂။ ဦးအင်ခွန်ဘွန်ဂျာ၊ အတွင်းရေးမှူး၊ ဂျိန်ဖော့ရီးရာ ယဉ်ကျေးမှုနှင့် စာပေ အဖွဲ့ချုပ်၊ မြစ်ကြီးနားမြို့။
၃။ ဦးတန်ဝွန်း၊ အဖွဲ့ဝင်၊ ဂျိန်ဖော့ရီးရာ ယဉ်ကျေးမှုနှင့် စာပေ အဖွဲ့ချုပ် မြစ်ကြီးနားမြို့။
၄။ ဦးဒါရှီဂမ်၊ ကျောင်းအုပ်ကြီး၊ အ⋅မ⋅က၊ ကန်တော်ယန်၊ ဝိုင်းမော်မြို့။
၅။ ဦးအင်ဆောလ၊ ကျောင်းအုပ်ကြီး၊ အ⋅မ⋅က၊ ဂါးရာယန်၊ ဝိုင်းမော်မြို့။
၆။ ဦးဆွမ်လွတ်လ၊ ကချင်စုတောင်ရပ်၊ ဝိုင်းမော်မြို့။
၇။ ဒေါ်ကော့နန်၊ မြို့မရပ်၊ နမ်းခမ်းမြို့၊ ရှမ်းပြည်နယ်။
၈။ ဦးယိမ်းယော်၊ ဆဒုံးရွာ၊ ဝိုင်းမော်မြို့နယ်၊
၉။ ဦးဒီဂျာမော်နော်၊ နန့်ဖက်ကာရွာ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်၊
၁၀။ ဦးမြိတုံနော်၊ မြို့မဈေးအနီး၊ ဗန်းမော်မြို့။
၁၁။ ဦးဘရန်ဆိုင်း၊ ကချင်စုမြောက်ရပ်၊ ဝိုင်းမော်မြို့။
၁၂။ ဦးဒါရှီနော်၊ ဒူကတောင်ရပ်၊ မြစ်ကြီးနားမြို့။
၁၃။ ဦးဂျီခေါယိမ်း၊ အတွင်းရေးမှူး၊ မြို့နယ်ပြည်ခိုင်ဖြိုး၊ ချီဖွေမြို့။
၁၄။ ဒေါ်မဂျီထု၊ မြို့မရပ်ကွက်၊ မံစီမြို့။



၁၅။ ခေတ္တရာသပြေညို၊ စာရေးဆရာ ဆဒုံးရပ်ကွက်၊ ဝိုင်းမော်မြို့။
၁၆။ ဒေါ်ချိုချိုမာ၊ ကျောင်းအုပ်ကြီး အ⋅မ⋅က ရွှေညောင်ပင်၊ ဝိုင်းမော်မြို့။
၁၇။ သိက္ခာတော်ရဆရာ ဒေါက်တာ ဆဘွဲ့ဂျွန်၊ မြစ်ကြီးနားမြို့။
၁၈။ ဦးဘောက်နော်၊ ဒုလဝကမှူး၊ ချီဖွေမြို့။
၁၉။ ဦးဇော်တောင်၊ စီတာပူရပ်၊ မြစ်ကြီးနားမြို့။
၂၀။ ဒေါ်ရွယ်နန်၊ စီတာပူရပ်၊ မြစ်ကြီးနားမြို့။
၂၁။ ဦးခေါ်မိုင်ဂမ်၊ ကဇူးရွာ၊ ဝိုင်းမော်မြို့။
၂၂။ ဦးဘရန်ရှောင်၊ နန့်ဝါရွာ၊ ဝိုင်းမော်မြို့။
၂၃။ ဒေါ်ဘန်မွမ်း၊ ဝါရှောင်ရွာ၊ ဝိုင်းမော်မြို့။
၂၄။ ဒေါ်ခေါနန်၊ ဝါရှောင်ရွာ၊ ဝိုင်းမော်မြို့။
၂၅။ ဒေါ်ဂျမော်ကော့၊ ဒိန်ဂျန်ယန်ရွာ၊ ဝိုင်းမော်မြို့။
၂၆။ ကချင်မြေသန်းဆောင်၊ စာရေးဆရာ၊ ဖားကန့်မြို့။
၂၇။ ဥက္ကံမြတ်မင်း၊ စာရေးဆရာ၊ ဖားကန့်မြို့။
၂၈။ ထက်သူအောင်၊ စာရေးဆရာ၊ မိုးကောင်းမြို့။
၂၉။ မျိုးအောင် (မိုးညှင်း)၊ စာရေးဆရာ၊ မိုးညှင်းမြို့။
၃၀။ ဦးဆလိုင်းမာန်ငိုင်း၊ မြို့နယ် ပြန်/ဆက် ဦးစီးမှူး၊ မိုးညှင်းမြို့။
၃၁။ ဦးဝင်းသိန်း၊ ဝင်းစာပေ၊ မြစ်ကြီးနားမြို့။
၃၂။ ရွှေမြာလှဝင်းဆွေ၊ စာရေးဆရာ၊ မြစ်ကြီးနားမြို့။
၃၃။ တင်နွမ်းလွင်၊ စာရေးဆရာ၊ မြစ်ကြီးနားမြို့။
၃၄။ ဦးဘဌေး၊ ဓာတ်ပုံကျွမ်းကျင် (မြို့နယ်ပြန်/ဆက်)၊ မြစ်ကြီးနားမြို့။
၃၅။ ဦးစိန်ဝင်း၊ အလယ်တန်းပြဆရာ (အ⋅လ⋅က ဘော်ပဒန်း)၊ မိုးကုတ်မြို့။
၃၆။ ဦးစိုးမင်းထက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပန်နန်းဒင်မြို့၊ နောင်မွန်မြို့နယ်။
၃၇။ ဦးသက်လွင်ထွန်း၊မြို့နယ်အုပ်ချုပ်ရေးမှူး၊ဒေါ့ဖုန်းယန်မြို့၊ မိုးမောက်မြို့နယ်။
၃၈။ ဒူဝါခေါင်ဂျယ်၊ လားရှိုးမြို့။
၃၉။ ဦးစောဒနီ၊ အောင်မြေတစ်ကျေးရွာ၊ ဝိုင်းမော်မြို့နယ်။

၄၀။ ဒေါ်ခေါင်ရွယ်၊ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ၊ သာကေတမြို့။
၄၁။ ဒေါ်ငွားမဆာ၊ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ၊ သာကေတမြို့။
၄၂။ ဒေါ်ထန်လွမ်း၊ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ၊ သာကေတမြို့။
၄၃။ ဦးတန်ဂျိုး၊ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ၊ သာကေတမြို့။
၄၄။ ဦးတန်ဥွန်း၊ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ၊ သာကေတမြို့။



၂၀၀၉ ခုနှစ် စာပေဗိမာန်စာမူဆု
မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေ
ပထမဆုရ

## ဂျိန်ဖော့သွေးချင်းတို့၏ ဘဝအလှ

ရေးသူ - မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)

အဖ ဦးတင်အေး၊ အမိ ဒေါ်အုန်းကြည်တို့မှ ရောဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ကြာကန်ရွာ၌ မွေးဖွားခဲ့သည်။

၁၉ဂ၁ ခုနှစ်တွင် အခြေခံပညာအထက်တန်း အောင်မြင်ပြီး ၁၉ဂ၅ ခုနှစ်တွင် ပုသိမ်ဒီဂရီကောလိပ်မှ ဝိဇ္ဇာဘွဲ့ (မြန်မာစာ)၊ ၁၉၉၂ ခုနှစ်တွင် ပညာရေး တက္ကသိုလ်မှ ဘီအီးဒီ (ပညာရေး) ဘွဲ့တို့ ရရှိသည်။

စာပေဗိမာန်စာမူဆုပြိုင်ပွဲများတွင် ၂၀၀၆ ခုနှစ်၌ "လီဆူတိုင်းရင်းသားတို့၏ဘဝခရေ" စာမူဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ပထမဆုနှင့် ၂၀၀၇ ခုနှစ်၌ "ယဉ်ကျေးလိမ္မာ အနာဂတ်ရတနာ" စာမူဖြင့် ကလေးစာပေ တတိယဆု ရရှိခဲ့သည်။

၂၀၀ဂ ခုနှစ်တွင် "လီဆူတိုင်းရင်းသားတို့၏ ဘဝခရေ" စာအုပ်ဖြင့် အမျိုးသားစာပေဆု ချီးမြှင့်ခံရသည်။

ယခုအခါ တွံတေးမြို့နယ် အလယ်ချောင်းရွာ အထက်တန်းကျောင်း (ခွဲ) ကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး လှိုင်သာယာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် လှိုင်သာယာမြို့နယ် ဂီတအစည်းအရုံး အတွင်းရေးမှူးအဖြစ် ဆောင်ရွက်လျက်ရှိသည်။

အမည်ရင်း ဦးမြတ်ဝေတိုး ဖြစ်သည်။

နေရပ်လိပ်စာ -အမှတ် ၂ဂ၀ (ခ)၊ ရွှေကိုးကြာလမ်း၊
၁၃ ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

